www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## [illegible]

■ စာမူခွင့်ပြုချက်အမှတ်

၅၀၁၁၆၈၀၀၈၀၉

■ မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၁၅၇၅၁၂၀၉

■ မျက်နှာဖုံးဒီဇိုင်း

ဇော်မင်းဆဝ

■ ထုတ်ဝေသူ

ဦးသစ်လွင်(ကံ့ကော်မြိုင်စာပေ)

အမှတ်(၁၁၃)၊ ရွှေပြည်သာလမ်း၊ သာကေတ၊ ရန်ကုန်မြို့၊

■ ပုံနှိပ်သူ

ဒေါ်မြမြကြွေ(၀၃၃၇၉)၊ ပင်မြင့်မာလာပုံနှိပ်တိုက်၊

အမှတ် ၂၄၊ တာဝတီံသာလမ်း၊ ပုဇွန်တောင်မြို့နယ်၊

ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ပထမအကြိမ်

ထုတ်ဝေခြင်း - ဖေဖော်ဝါရီလ၊ ၂၀၁၀

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၃၀၀

၈၉၅.၈၃

ညီနောင်

အပျိုရုံသတို့သမီး / ညီနောင်။ ရန်ကုန် ၊

ကော်မြိုင်စာပေ၊ ဖေဖော်ဝါရီ၊ ၂၀၁၀။

စာ၊ ၁၃ x ၂၀ စင်တီ။

(၁) အပျိုရုံသတို့သမီး

စာရေးဆရာ ညီနောင်

၏ ထွက်ရှိပြီး အချစ်ဟာသ လုံးချင်းဝတ္ထုသစ်များ

၁။ မဟူရာရွှေခြေနင်းတစ်ရံ၏ ရင်ခုန်သံ

၂။ အားနာပါးနာချစ်သတဲ့လား

၃။ ဆောင်သွယ်တော် ၀၀၀တီ

၄။ ကျွန်တော်လည်း သတို့သား

၅။ ပါးကွက်ကျား

၆။ အိပ်မက်အကြွေကောက်သူ

၇။ ကြောင်ကလေးကြွက်ဖမ်း လက်ကလေးမောင်နမ်း

၈။ ရင်ငွေ့လှုံ့ဖွန်ပန်းရုံ

၉။ လရောင်ကို ညကမိုးတယ်

၁၀။ ဒန်းမှုင်းယတြာ

၁၁။ ညီညီကလေး ညာ

၁၂။ ဆိတ်ကုလားယိဂ်

ယခု.....

၁၃။ အပျိုရုံသတို့သမီး

ဆက်လက်၍.....

၁၄။ ချစ်ခြင်းနံ့ရှိကိုဖောက်ထွင်းတဲ့ ရယ်သံ

၁၅။ မီးခြစ်

၁၆။ အပျိုကြီး လာချေပြီ

၁၇။ အရှုပ်ထုပ်

၁၈။ မှောင်ထဲကကြိုသော မှန်ထဲကကြောင်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ၁

ဗြဟ္မာ့ပြည်ကကျလာသော အပ်တစ်စင်းနှင့် လူ့ပြည်က ထောင်ထားသော အပ်တစ်စင်းတို့ အသွားချင်းထိကာ တည့်တည့်ကြီး ရင်ဆိုင်ပြီး ထိပ်တိုက်တိုးကြတာကို မြင်လိုက်ရလေသလားဟုပင် အောက်မေ့မိသည်။

သည်လိုမှမဟုတ်လျှင်လည်း အင်မတန်ပုပ်စော်နံသော ကျီးအာသီးကို သီးတတ်သည့် ကျီးအာပင်ထိပ်ဖျားကနေပြီး မွှေးပျံ့ချိုမြိန်လှသည့် ပန်းသီးတွေသီးနေတာကို ကိုယ်တိုင် မြင်တွေ့ရုံသာမက ခူးဆွတ်စားသုံးလိုက်ရသလိုပင် ပါးစပ်ကြီးအဟောင်းသားဖြင့် အံ့အားသင့်ရတော့မလိုလိုပင် ဖြစ်ချေသေး၏။

ကြားလိုက်ရသည့်စကားက ကိုယ့်နားကိုယ်ပင် မယုံမိ။ ထို့ကြောင့် ပြောလာလေသော မေနိုင်၏မျက်နှာကိုသာ ကြက်သေသေလျက် ပြူးကြောင်မှင်တက်စွာ ငေးကြည့်နေမိရတော့သည်။

ကိုယ်တိုင် နားဆတ်ဆတ်ကြားဖြစ်ပါလျက်နှင့် အိပ်မက်မက်နေလေသလားဟုလည်း သံသယဝင်လိုက်မိသေးသည်။ ထို့ကြောင့် သူ့လက်ဖျံကိုသူ လက်သည်းနှင့် ပြန်ဆိတ်ကြည့်လိုက်မိသေး၏။

'အား… နာသဟ…'

သည်လိုတော့လည်း သူ့လက်ဖျံက ဆစ်ခနဲ နာဖော်ရသား။

မေနိုင်က သူ့လုပ်ပုံကိုကြည့်ကာ မျက်လုံးပြူးသွားသည်။

www.burmeseclassic.com

'အဲဒါက ဘာလုပ်တာလဲ ရန်နိုင်'

တစ်ဆက်တည်း မေး၏။

သူက ဆစ်ခဲနာသွားသော လက်ဖျံကို ကျန်လက်တစ်ဖက်ဖြင့် ပွတ်ကာ ပြန်ဖြေသည်။

'ဘာမှမလုပ်ပါဘူး၊ ငါ အိပ်မက်မက်နေသလားလို့ ကိုယ့်ဟာကိုယ် ပြန်ဆွဲဆိတ်ကြည့်တာ၊ နာတော့ နာသားဟ'

'နာရင် သေလိုက်ပါလား၊ လူစင်စစ်ကြီးရောက်လာပြီး နင့်ရှေ့တည့်တည့်ထိုင်ပြောနေတာ မြင်ပါရက်နဲ့ အိပ်မက်ထင်ရတယ်လို့'

မေနိုင်က သို့ကလို ချစ်ခင်ဖော်ရွေစွာ သြဘာပေးလေသည်။

'အေး… နင်လာပြောတဲ့ အကြောင်းအရာက အဲဒီ အိပ်မက်ထက်တောင် ဆန်းကြယ်နေသေးတယ်ဟ၊ ဒါ့ကြောင့် အိပ်မက်ထင်မိတာ ငါ့အလွန် မဟုတ်ပါဘူး'

သူက ပြေရာပြေကြောင်း ပြန်ပြောရသည်။ မေနိုင်က ထိုင်ရာက ထသည်။

'ကဲ… ငါ ပြန်မယ်၊ ဟိုက အပြောခိုင်းတဲ့စကားကို အချိန်မီအခါမီ ငါ လာပြောပြီးသွားပြီနော်၊ ဒီတော့ ငါ့တာဝန်ကျေပြီ၊ ကျန်တာက နင့်အပိုင်း'

မေနိုင်က စကားလက်စဖြတ်ကာ တစ်ဖက်သို့လှည့်၏။ သူမ စကားအတိုင်း အခုပဲ လှည့်ပြန်တော့မည့်ပုံစံ ဖြစ်၏။ ဒါမျိုးတော့ ဘယ်ရမလဲ။ သူက လျှင်လျှင်မြန်မြန်ပင် မေနိုင်၏လက်ကို ပြန်ဆွဲကာ ဖွတ်အထိုင်ခိုင်းလိုက်သည်။

'နေစမ်းပါဦးဟ… ဘယ့်နှယ့်ကြောင့် ဖွတ်လောနေရတာတုံး၊ ငါ့ကို သေချာအောင် ထပ်ပြောဦးလေ'

မေနိုင်က နှုတ်ခမ်းကိုကိုက်ကာ သူ့ကို ဘုကြည့်ကြည့်၏။ မျက်စောင်းတစ်ချက် ပစ်ထိုး၏။

'ထပ်ပြောလည်း အဲဒီစကားပဲပေါ့ဟ၊ ဘာထူးမှာလဲ'

'ထူးတာပေါ့၊ စောစောတုန်းက နင်ပြောပေမယ့် ငါ့မှာ အံ့သြလွန်းလို့ နားဝေတိမ်တောင်ဖြစ်သွားပြီး အဲဒီစကားဟာ အဟုတ်ဟုတ်ပါ့မလားလို့ သံသယတွေ ဝင်နေတယ်လေ၊ ဟုတ်မှလည်းလုပ်ပါ မေနိုင်ရယ်၊ နင့်မျက်နှာ



ကြည့်ရတာက အတည်ပေါက်ကြီး၊ ငါ့ကို ခပ်တည်တည်နဲ့ လာနောက်နေတာတော့ မဟုတ်ပါဘူးနော်၊ အချွန်နဲ့ လာမ,နေတာတော့လည်း မဟုတ်နိုင်ပါဘူးနော် မေနိုင်'

သူ့ဆီက တရစပ်မေးခွန်းတွေအဆုံးမှာတော့ မေနိုင် မျက်နှာတစ်ပြင်လုံး မင်နီအိုးမှောက်ကျကာ လိမ်းခြယ်လိုက်သလို ရဲခနဲဖြစ်သွားသည်။ ရှူးခနဲသော အသက်ရှူသံပြင်းပြင်းကိုလည်း ကြားလိုက်ရ၏။ ဒါက မေနိုင်ကျွဲမြီးတို ဒေါပွသွားသော အထိမ်းအမှတ်ဟု သူသိလိုက်သည်။

'နင်က ငါ့ကို အရူးအောက်မေ့လို့ အဲဒီမေးခွန်းတွေ မေးနေရတာလား ရန်နိုင်၊ ဒါက နောက်စရာ ပြောင်စရာကိစ္စမျိုးမှ မဟုတ်တာ၊ နင့်ကို သက်သက်မဲ့ အချွန်နဲ့လာမ,ရလောက်အောင်၊ ချောက်ချရလောက်အောင်လည်း ငါ အောက်တန်းမကျသေးဘူး၊ နင်က ငါ့စကားကို မယုံသင်္ကာဖြစ်နေရအောင် ငါ နင့်ကို ဘယ်တုန်းကများ မဟုတ်တာတွေ လာပြောဖူးလို့လဲ၊ တော်ပြီဟာ နင့်ဟာနင် ယုံချင်ယုံ၊ မယုံချင်နေ၊ ငါကတော့ ဟိုကမှာတဲ့အတိုင်း တစ်လုံးမှမလွဲစတမ်း ပြောပြီးပြီ၊ ထပ်ပြောလည်း ဒီစကားပဲ၊ တကတည်း ငါ့ကို အဲလိုမယုံသင်္ကာလုပ်တာမျိုးကို အားကြီး စိတ်တိုတယ် သေနာကျရဲ့'

မေနိုင်၏လေသံက ပိသာလေးကြီးလက်ထဲကိုင်ကာ ကြိမ်းမောင်းအိန်ခေါ်လိုက်သော ငါးစိမ်းသည်၏လေသံနှင့် နင်လားငါလား ဖြစ်သည်။ မျက်လုံးကြီးတွေပြူးပြီး ကြည့်နေလိုက်ပုံကလည်း ခုပဲ သူ့တစ်ကိုယ်လုံးကို အစိမ်းလိုက် ဝါးစားတော့မလား ထင်ရ၏။

မေနိုင် တကယ်ဒေါပွသွားတာဖြစ်ကြောင်း သူ သိလိုက်သည်။

သို့သော် သူကပြုံးပြီး ဒေါပွနေလို့မဖြစ်။ အခြေအနေက ဟိုကဘယ်လောက်ပင် မာရင်(လျှင်)သံချောင်းလုပ်နေပေမည့် သူ့ဘက်ကတော့ ပျော့လျှင်ဖယောင်း လုပ်ကိုလုပ်ရမည့်သဘောမှာ ရှိသည်။ ပျော့ရုံနှင့်မလုံလောက်ပါက မြှော့တန်မြှော့ပေးရပေလိမ့်ဦးမည်။

'နင်ကလည်းဟာ၊ ကိုယ့်အချင်းချင်းတွေအပေါ် အဲသလောက် ဒေါသကြီးမနေစမ်းပါနဲ့၊ ကဲပါ… မယ်မင်းကြီးမရဲ့၊ ရှေ့စိတ်ဆော်ဆိုးခဲ့ရင်လည်း တောင်းပန်ပါတယ်၊ နင့်စကားက ငါမှ မဟုတ်ဘူး၊ တို့အကြောင်း

www.burmeseclassic.com

ကိစ္စကို သိထားတဲ့ ဘယ်သူပဲကြားကြား ငါ့လိုပဲ မယုံနိုင်ပါဘူးရှင့် ယုံနိုင်ပါဘူးဆိုတဲ့ကိန်းချည်း ဆိုက်သွားကြမှာပါပဲ၊ ဟုတ်တယ် မဟုတ်လား၊ ဒါဆို နင့်စကားက သေချာတယ်ပေါ့နော်'

သူက ဖျာဖျာသလဲ အပြေးအလွှား တောင်းပန်စကားကိုပြောရ၏။

မေခိုင်သည် သူ့ကို စိတ်ရှည်လက်ရှည် လျှော့ပေးထားရသော အကြည့်မျိုးနှင့် ကြည့်ရာက သက်ပြင်းရှည်ကြီးတစ်ရှိုက်ကို ဟင်းခနဲမြည်အောင် တမင်ချပြ၏။

'သေချာတယ်ဟေ့… သေချာတယ်ဟ၊ အေးလေ ယုံနိုင်စရာတော့ ဘယ်ရှိမလဲ၊ နေ့စဉ်နဲ့အမျှ အမဲရိုးမှအနိုင်နိုင် မသဒ္ဒါရစာ ပစ်ကျွေးတာလေးကို တမော့မော့ စောင့်ဝါးရတဲ့ ခွေးကို ဘာမပြောညာမပြောနဲ့ ရွှေပုဇွန်ကိတ်မုန့် အကောင်းစားကြီးတစ်တုံး ပစ်ကျွေးလိုက်သလို ဖြစ်နေတာကိုး'

သေဟ၊ သင်းပြောကာမှ ငါတော့ ခွေးလုံးလုံးဖြစ်ပြီဟု အောက်မေ့လိုက်ပ်သော်လည်း စိတ်မဆိုးရဲပေ။ မျက်နှာကို ဖွင့်ပြုံးထားရသည်။ သည်မျက်နှာပေါ်က အပြုံးကလေးပျက်သွားလို့ မဖြစ်။ ခုအချိန်မှာ သူက မေခိုင့်ကို အချော့တော်ရုံးအောင် ချော့မော့ဆက်ဆံပေးရမည့်သဘောရှိနေ၏။

'အေးပါလေ… ပြောအားရှိသူဆိုတော့ ပြောပေမပေါ့၊ ပြောပါပြောပါ၊ ငါ့ကို ခွေးနဲ့မကဘူး၊ နင်ကြိုက်ရာ သတ္တဝါနဲ့နှိုင်း၊ အပြုံးမပျက်ခံဝံ့မယ်၊ လောလောဆယ်တော့ အင်မတန်အရေးကြီးတဲ့ သတင်းကြီးကို ငါ့ဆီအရောက် သယ်လာပေးသူဆိုတဲ့ ကျေးဇူးရှင်မကြီး စာရင်းဝင်နေပေတာကိုး၊ ဒါနဲ့ ငါက ဘယ်ကိုလာခဲ့ရမှာတဲ့လဲ'

'ဘယ်နှခါပြောရမလဲ၊ ငါတို့ တိုက်ခန်းကိုပေါ့ဟဲ့၊ ငါတို့ တိုက်ခန်းကို၊ အဲဒီကနေ ငါနဲ့သူနဲ့ စောင့်နေမှာ၊ ဟုတ်ပလား၊ လာတာ မလာတာက နင့်အပိုင်းနော်၊ ငါကတော့ မဖြစ်မနေလာကိုလာရမယ်လို့ ဖွတ်ဖိတ်ရွတ် တိုက်တွန်းဘူး၊ မစည်းရုံးဘူး၊ သွေးမဆောင်ဘူး၊ မဖြားယောင်းဘူး'

'အောင်မယ်… ဒီအမိပ္ပာယ်ကလေးတစ်ခုတည်းကိုပဲ စကားလုံးခေါင်းစုံနဲ့ ဖွင့်ဆိုနေလိုက်တာ၊ စာရေးဆရာမများ လုပ်စားဦးမလား မသိဘူး၊ နင်ကဖြင့်လေ'



အူထဲက ယားလာသဖြင့် မနေနိုင်မထိုင်နိုင် ထဩဘာပေးလိုက်မိတော့ မေခိုင့်၏မျက်စောင်းကို လိမ့်ခံလိုက်ရ၏။

'တကယ်ပြောတာဟဲ့၊ ရှေ့တိုးဖို့ နောက်ဆုတ်ဖို့ စသဖြင့်က နင့်ခေါင်းစားရမယ့်အပိုင်း၊ ရှေ့လျှောက်ပြီး ဖြစ်လာမယ့် အဲဖြစ်(သို့မဟုတ်)အပျက်တွေဟာ နင့်တစ်ယောက်တည်းရဲ့ ဆုံးဖြတ်ချက်နဲ့သာ သက်ဆိုင်တယ်။ ကျန်တဲ့လူတွေနဲ့ လုံးဝမပတ်သက်ဘူး'

ဒါကတော့ဟုတ်သည်ဟု မေခိုင့်စကားကို သူ ထောက်ခံလိုက်မိသည်။ အနာဂတ်ဖြစ်ရပ်အားလုံး၏ အကောင်းအဆိုးဟူသမျှတို့သည် သူ့ခေါင်းပေါ်မှာသာ လုံးလုံးမှုတည်ကျရောက်ခဲ့ပြီဟု သူ သဘောပေါက်လိုက်သည်။

'နေပါဦး၊ နင့်သူငယ်ချင်းက ဘယ်လိုကနေ ဘယ်လို စိတ်ဖောက်ပြန်သွားရတာတဲ့တုံး'

သူ နားမလည်နိုင်စွာ ထပ်မေးမိသည်။

'ဒါကတော့ ငါလည်းဘယ်သိပါ့မလဲ၊ နင်တို့ချင်းတွေမှ ကာယကံရှင်ကို မေးကြည့်ပေါ့၊ လောလောဆယ်တော့ နင့်ကိုပဲ ငါ မေးစမ်းပါရစေဦး နင် 'ဝတီ'ကို ချစ်တယ်ဆို၊ ချစ်လှချည်ရဲ့ဆို…'

'အေးလေ… အဲဒါ အမှန်ပဲ ဥစ္စာ'

'ဒါဆိုရင် ဇာတ်လမ်းက ပြီးသွားပြီပဲဟ၊ နင်က ဝတီကိုချစ်တယ်၊ နင်ချစ်တဲ့ဝတီက နင့်နောက်ခိုးရာလိုက်ပါ့မယ်ဆိုတဲ့နောက်တော့ ပြီးသွားပြီပဲပေါ့၊ ရှေ့ဆက်ကြရမယ့် ဇာတ်လမ်းက ဘာကျန်သေးလို့လဲ၊ အတွဲဘွဲ့ ဆေါင်းသင်းပျော်ရွှင်ကြလေသတည်းပဲ မဟုတ်ဘူးလား၊ ဒါကို နင်က ဘာပြူးတူးပြဲတဲလုပ်နေရတာလဲ၊ ဟင်း… အရစ်ကိုရှည်တယ်'

မေခိုင်တော့ သူ့ကိုချည်း လှိုင်လှိုင်အပြစ်ဖို့နေတော့၏။

'အရစ်ရှည်တယ်တော့ ဘယ်ဟုတ်ပါ့မလဲ၊ အဲဒီ ငါ့နောက် ခိုးရာလိုက်ပါ့မယ်ဆိုတာကြီးကိုက အံ့ဩစရာ မယုံနိုင်စရာ ဖြစ်နေတာပေါ့ဟာကြာ အဲဒီကိစ္စက တကယ်မဟုတ်ခဲ့ရင် ငါ့မှာ ဖောကြီးလုံးအရှုံးကြီးရှုံးလောက်ရဲ့ဆိုသလို ဖြစ်ကျန်ခဲ့ရမှာကို နင် နည်းနည်းကလေးမှ ခေါင်းစားမိဘူးလား မေခိုင်'

သူစကားဆုံးတော့ မေနိုင်က သူ့လက်ထဲမှာကိုင်လာသော ပိုက်ဆံအိတ်ကလေးကို ဖွင့်သည်။ မျက်နှာက ပြုံးစိစိ။ မေနိုင်က သက်သေအထောက်အထားတစ်ခုခုပြတော့မည့်ပုံ ဖြစ်သည်။

'ဟင်း… ဟင်း… ငါကလည်း အဲသလို နင်လျှာရှည်လိမ့်ဦးမယ်ဆိုတာကို ကြိုသိနေပြီးသားဟဲ့၊ ဒါ့ကြောင့် ဒီစကားသွားပြောပေးဖို့ ငါ့ကို ဝတီကလာပြောကတည်းက မဟုတ်သေးဘူး၊ ငါပြောလည်း အဲဒီကောင်က ယုံမှာမဟုတ်ဘူး၊ ဒီတော့ နင်က အထောက်အထားခိုင်လုံအောင် စာကလေးတစ်စောင်လောက်တော့ ရေးထည့်ပေးလိုက်၊ ငါပြောလို့ မယုံဘူးဖြစ်နေရင် အဲဒီစာကို ထုတ်ပေးလိုက်မယ်လို့ တိုက်တွန်းပြီး စာတစ်စောင်အရေးခိုင်းပြီး တစ်ခါတည်း သယ်ဆောင်လာခဲ့ပါတယ် သခင်ကြီးဘုရား၊ အင့်… အဲဒီမှာ ဖတ်တော်မူ၊ ဒါ့ထက်တော့ ဘာမှ မနိုင်လုံနိုင်တော့ဘူး၊ ကဲ… ငါလည်း သွားပြီ'

မေနိုင်က ပိုက်ဆံအိတ်ကလေးထဲမှ ဆွဲထုတ်လိုက်သော စာကလေးတစ်စောင်ကို သူ့ရင်ခွင်ထဲ ပစ်ထည့်လိုက်ပြီးနောက် သူ့အနားကလှည့်ထွက်သွားတော့၏။

သည်တစ်ခါတော့ မေနိုင့်ကို ရန်နိုင် မဘားလိုက်မိတော့။ တားလို့လည်းရတော့မည် မထင်တော့။ မေနိုင်ဘက်က အစွမ်းကုန်ဆောင်ကြဉ်းပေးခဲ့ပြီးပြီပဲ မဟုတ်လား။ သူ့ဘက်က ဝတ္တရားကကုန်နေပြီ ဖြစ်သည်။

ဟိုကပြောခိုင်းသည့်အတိုင်း စကားလက်ဆောင် လာပြောသည်။ သတင်းလာပို့သည်။ သူက မယုံနိုင်သဖြင့် ကဂျီကကြောင်ကျနေလေတော့ နောက်ဆုံး အခိုင်လုံဆုံးသက်သေအဖြစ် ကာယကံရှင် ဝတီကိုယ်တိုင်က ရေးပေးလိုက်သော စာကို ထုတ်ပေးပြီးပြီ။

တာဝန်ကျေနေပြီ။ ဝတ္တရားကျေနိုင်သမျှ ဂိတ်ဆုံးကျေခဲ့ပြီ။ ဒါဆိုလျှင် သုံ့ထင်သလို မဟုတ်ကဟုတ်က လာနောက်နေခြင်း မဟုတ်နိုင်တော့။ အဲဒီတော့ သူ့ရင်ခုန်လာသည်။

ပြီးတော့ လက်ထဲမှာကျန်ခဲ့သည့် ကြည်ပြာရောင် စာရွက်ခေါက်ကလေးကို ဖြေ၍ဖတ်လိုက်သည်။ သူ တစ်ခါမှမမြင်ခဲ့ဖူးသော မြင်ကွင်းသစ်တစ်ခု၊ ရှုခင်းသစ်တစ်ခုကို လက်တွေ့မြင်တွေ့ကြည့်ရှုနေရသည့်အလား





ထူးခြားစွာ အံ့အားတသင့် ဖတ်ရှုခံစားရသည့်စာဟု ဆိုရပေတော့မည် ဝင်း။

သူ

တို့ စာရေးလိုက်ပါတယ်။

[illegible] ရေးပြမနေတော့ဘူးနော်။ [illegible]

တို့ ရေးလိုက်တယ်။

သူက တို့ကို သိပ်ချစ်တယ်လို့ ပြောခဲ့၊ ရေးခဲ့ဖူးတယ်နော်။

ပြီးတော့ တို့ကိုသိပ်ချစ်ရသလို [illegible] တို့ရဲ့ဘဝကို [illegible]

[illegible] သူ့ရဲ့ [illegible] သူရေးခဲ့ပြောခဲ့တယ် မဟုတ်လား။

[illegible] တို့ ယုံသလားဟင်။

[illegible] သူ သက်သေပြနိုင်ပါ့မလား၊ [illegible]

တို့မှာ [illegible] ရင်ဆိုင်နေရတယ်။

[illegible] ဘာလဲ သိလား၊ [illegible] လက်ထဲ [illegible]

[illegible]။

ကိုသင်းမောင်အကြောင်း သူ ကောင်းကောင်းသိပါတယ်နော်။

[illegible] ကိုသင်းမောင်နဲ့ တို့ကို [illegible]

လာမယ် [illegible] လက်ထပ်ပေးဖို့ [illegible]

နေကြပြီ။ ကိုသင်းမောင်ကတော့လည်း တို့ကိုချစ်နေပါသတဲ့လေ။

သူ့ဘက်က [illegible] ပိုဆိုးနေပါတယ်။ [illegible] ကိုသင်းမောင်

နဲ့ လက်ထပ်ဖို့ကိစ္စကို [illegible] ပြီ။ ဒါပေမဲ့ တို့ကလည်း တို့သဘောကို [illegible]

[illegible] တို့ကို [illegible]

[illegible] ဘယ်လိုလုပ်ရမလဲ [illegible]

[illegible]။

ဒီတော့ တို့ရဲ့ နှလုံးကို သူ ကယ်တင်ပေးပါနော်။

တို့ [illegible] ရင်ခွင်ထဲကို တို့ မဝင်ပါရစေနဲ့။

[illegible] တို့ကို တကယ်ချစ်တယ်၊ တကယ်မှတ်နိုင်တယ်ဆိုရင် [illegible]

[illegible] လက်ပိုက် ကြည့်နေနိုင်မယ် မထင်ဘူး။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ လိုရင်းကိုပြောရမယ်ဆိုရင် ကျနော်လာမယ့်လကုန် တနင်္ဂနွေနေ့မှာ
ဒီလတုန်းကလို ရှောင်လို့ ကုသိုလ်မဖြစ်ဘူး၊ မေခိုင်တို့တိုက်ခန်းကို ကို မပျက်စေဘဲ
ရောက်အောင် လာခဲ့မယ်။
မေခိုင်တို့တိုက်ခန်းမှာ ကို ရှိနေမယ်။
ကိုကို သူ လာခဲ့နိုင်ပါ့မလား။ လာခဲ့ပေးနိုင်မလားဟင်။
တစ်ဘဝလုံးစာအတွက် ကတိပြုခဲ့သွားရမှာနော်။ မနက် ၉ နာရီကို ကျရောက်လာခဲ့ပါ။
ရှင်းရှင်းပြောရရင် အဲဒီနေ့မှာ ကို သူနဲ့ နှီးနှောလိုက်ခဲ့တော့မယ်။
မြင်းကမယ့်လှေ ခုံကလှပါသိုသလို၊ ကောက်ကျင်ကမနေး ဆန်ကြမ်းကမေးဆိုသလို
မိန်းကလေးတစ်ယောက် ဒီလို 'ခ ပြောရကောင်းလား'လို့ ကျတင်းသွားမယ်ဆိုရင်လည်း
ကိုကို တွေးလိုက်ပါပေါ့။
ကိုမှာကတော့ သိပ်ကို ကျကျနနဲ့ ကျွန်မပါတဲ့ဘက်တိုက် ရင်ဆိုင်နေရတာမို့
ဒီလို ကိုယ့်ဘက်ကနေ ကျမကတိစကားကို မငဲ့ကွက်နိုင်တော့ဘဲ ကျွန်မလို ပြောလိုက်ရတာပါ။
ကိုကို နားလည်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါရစေ။
ပြီးတော့ သူလာခဲ့မှာပဲလို့လည်း မျှော်လင့်နေပါရစေ။
ကို မေခိုင်တို့တိုက်ခန်းက စောင့်နေမယ်နော်။
ချစ်စွာ။

ကြာသာဝတီ

'ဟူး…'

စာအဆုံးမှာပင် လေဝှက်တွေကို မှုတ်ထုတ်ပစ်လိုက်မိရ၏။

သေချာပေပြီ။ မေခိုင်က သူ့ကို တမင်သက်သက် လာနောက်ခြင်း မဟုတ်တော့တာ သေချာသွားပြီ။

ရန်နိုင်သည် စာကို ဒုတိယအကြိမ်တစ်ခေါက် ပြန်ဖတ်သည်။

ဒုတိယအကြိမ်ထပ်ဖတ်လိုက်မိတော့မှ စာကို နမ်းပစ်ချင်သလို လို ဖြစ်လာမိသည်။

ကြည့်စမ်း၊ ယခုလအကုန်တစ်နေ့တွင် သူ့နောက် သို့ နိုးရာလိုက်တော့မည်ဆိုသောသူက နိုးရာလိုက်မည့်အကြောင်း၊ စောင့်နေမည်ဆိုသည့် အကြောင်းတွေပဲ ရေးသည်။





သူ့ကို ပြန်ချစ်ပါတယ်ဆိုသော အဖြေပေးသည့်စကားလုံး တစ်လုံး မှ မပါ။ ယုတ်စွအဆုံး 'ကိုကလည်း သူ့ကို မိဘကပေးစားမယ့် ထိုင်ခေါင်ဖော်ဆိုတဲ့လူနဲ့စာရင် စိတ်ဝင်စားမှုကလေး ရှိနေပါသေးတယ်ကွယ်' ဆိုသော ရိုးတိုးရိပ်တိပ် ဝန်ခံချက်ကလေးပင် မပါ။

ကိုယ့်ကိုချစ်လို့ ကိုယ့်နောက်လိုက်မှာထက် မိဘပေးစားသည့်သူက သူမ ခါးခါးသီးသီးမုန်းတီးနေမိသောသူမို့ ဟိုလူနှင့်လွတ်ရင်ပြီးရောဆိုသည့် သဘောမျိုး ဖြစ်နေသည်။

အဲဒါကတော့ အတော်ရင်ခံစရာကောင်းနေတာပဲဟု သူ နှာခေါင်း ရှုံ့သွားသည်။ သို့သော် တစ်ဖက်ကပြန်တွေးကြည့်တော့လည်း ကြုံလာရသည့်အနေအထားက လက်လွှတ်ခံနိုင်စရာ အကြောင်းမမြင်။

ဘယ်နှယ်…။

ကိုယ်က အသည်းအသန်ချစ်နေမိရသူမို့ သူမ၏ အချစ်တုံ့ပြန်မှု လေးရဖို့ပင် မနည်းကြိုးစားနေရသည့်အချိန်ကြီးမှာ သူမကို နိုးပါတော့ဟု လမ်းကြောင်းဖွင့်ပေးလာသော ကိစ္စ။

ဒါမျိုးက လူတစ်ရာမှာတစ်ယောက် ကြုံရဖို့မလွယ်ဘူးဟု တွေးမိ ၏။ သူမက ဘယ်လိုသဘောနှင့်ပဲ သူ့နောက် နိုးရာလိုက်သည်ဖြစ်စေ၊ သူကတော့ ကောင်မလေးကို သေချာပေါက် ပိုင်ဆိုင်ခွင့်ရသွားပြီ။ လက်တွဲ ခွင့်ရသွားပြီ ဖြစ်သည်။

ထိုကောင်မလေးသည်လည်း တခြား သူစိမ်းမိန်းကလေး မဟုတ်။

ချစ်သူဘဝဆိုသောတစ်ဆင့်ကို ဖျတ်ခနဲခုန်ကျော်ကာ ဘဝတစ် သက်တာ အဖော်အဖြစ် လက်တွဲခွင့်ရမည်ဆိုတော့ သူတို့လုပ်ငန်းခွင်သဘော နှင့်ပြောရလျှင် ဒါက 'ဂျမ့်ပ်ပရိုမိုးရှင်း' ရခြင်း ဖြစ်သည်။ ရာထူး တစ်ဆင့် ကျော်တက်သွားခြင်း ဖြစ်သည်။

ဖူးစားရေစက်တို့ကတော့ လုပ်ချပေးလိုက်ပြီ။

လောကမှာ ဒါ့ထက် အဆင်ချောစရာလမ်းကတော့ မရှိနိုင်ပြီဟု တွေးမိတော့လည်း ရန်နိုင် ပီတိတွေဖြာသွားသည်။

ဆွတ်ချူဖို့ တံချူတောင်ရှာ နေစရာ မလို။ သူ့အလိုလို ကြွေတ်လာ သည့်ပန်းကို အသာအယာ ခူးလိုက်ရတော့မည့် အနေအထား။



www.burmeseclassic.com

www.burmeseclassic.com



ညော်... ကံကြမ္မာမျက်နှာသာပေးချင်လာတော့လည်း ဓာတ်လမ်း
စကာတည်းက နုနုယဉ်ယဉ်မဟုတ်ရဘဲ ဗိန်းဗောင်းသံတညံညံနှင့် အလန့်
ကြား စရတော့မလိုလိုပါတကားဟု ဘဝင်မြင့်ချင်စရာပင် ကောင်းနေပေ
သေးတော့ မဟုတ်လား။

* * *

## ၂

'အင်း... ရည်းစားရယ်လို့မှ မဖြစ်ကြရသေးဘူး၊ နီးဖို့ချိန်းရတယ်
လို့၊ ကံကြီးစည်ရာပဲပေါ့၊ ကြားကြားဖူးပေါင်ကွာ၊ မင်းဟာကတော့ ထူးရင်
ထူး၊ မထူးရင် ရူးရမယ်ဆိုတဲ့ကိန်းပဲ ရန်နိုင်'

စန်းကိုက အတော်ဖြေရှင်းရခက်သည့် မအိမလည် ပုစ္ဆာကြီးတစ်ခု
နှင့် ရင်ဆိုင်တိုးနေရသလို လေသံဖြင့် ညည်းချင်းရှည်ကြီးတစ်ခု စတင်လွှင့်
ထုတ်၏။ သူ့စကားက မျှော်လင့်ချက်ကြီးတစ်ခုနှင့် တက်ကြွစွာငံ့လင့်နေမိ
သော ရန်နိုင်ကို ဇက်ပုသွားစေသည်။

'အမှန်ကတော့ ထူးဖို့ထက် ရူးဖို့က ရာနှုန်းပိုများပေသပေါ့ မောင်
ရာ၊ အဲဒီလို ပြောချင်တာ၊ ဒါပေမဲ့ မင်း ဒကာခံတိုက်တဲ့ လက်ဖက်ရည်နဲ့
စီးကရက်ကို သောက်လိုက်ဖွာလိုက်တာရယ်၊ မင်းပြုစုတဲ့ ဆိတ်သားမုန့်ကို
မျိုလိုက်ဆို့လိုက်မိတာတွေရယ်၊ အဲဒီအချက်နှစ်ချက်ကြောင့် တိုက်ရိုက်
မပြောဘဲ နည်းနည်းလျှော့ပြောလိုက်ရတာနေမှာပေါ့'

ထပ်မံထွက်ရှိလာသောဝင်းနိုင်ဦး၏စကားက မီးလောင်ရာ ခါတ်ဆီ
လောင်းလိုက်သည့်နှယ် ရှိ၏။ စောစောက စန်းကို၏ညည်းချင်းကြောင့်
ရုတ်ခနဲ အားငယ်သွားမိရသည့်အထဲ ဝင်းနိုင်ဦး၏ ထပ်ဆင့် ဖနှောင့်ပေါ်ထိ
ချက်ကြောင့် ငယ်စရာအားကလေးပင် ရုတ်ခြည်း ပျောက်သွားရလေမလိုပင်
ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါက သူတို့အဖွဲ့၏ထုံးစံလို ဖြစ်သည်။ တတ်နိုင်သမျှ စိတ်ရှည်သည်းခံကာ မသိချင်ယောင်ဆောင်နေနိုင်မှ တန်ကာကျ၏။ အဲဒီမှာ စိတ်တိုဒေါ်မှုပြီး ရှုံးရှုံးရွဲရွဲထလုပ်လျှင် ချက်ချင်းအဟားခံရဖို့ သေချာ၏။ သိန်းတန်က ဟိုနှစ်ကောင်ကို သူနှင့် လုံးဝမသိကျွမ်းဖူးသော သူစိမ်းတွေအလားဖုတ်လေသည့်ငါးပိ ရှိလေတယ်မမှတ်သည့်ဟန်ဖြင့် လျစ်လျူရှု၍ ပြောလေသည်။

'အဲဒါ မင်း နှစ်ထပ်ကွမ်းမြတ်တာပဲ၊ ဘယ်လိုကြောင့် နှစ်ထပ်ကွမ်းမြတ်ရသလဲဆိုတော့ နံပါတ်တစ် အချက်က မင်းအနေနဲ့ အဲဒီ အာသာရမ္မက်ကို…'

'အာသာဝတီပါကွ'

ရန်နိုင်က အလောသုံးဆယ် ဝင်ပြင်ပေးရ၏။

'အေး… အေး… မှားသွားလို့၊ တောက်… ဒီနှာမည်ကလည်းကွာ၊ ငါက အာသာရမ္မက်တို့၊ အာသာဆန္ဒတို့ပဲ စာထဲ ဖတ်ဖူးမှတ်ဖူးခဲ့လေတော့ ပြောလိုက်ရင် အဲဒီဝေါဟာရတွေက ရှေ့က ထွက်ထွက်လာတယ်၊ ဆောရီး… ဆောရီး…'

'ဆောရီးမလုပ်နဲ့ ငါ့လူ၊ နောက်တစ်ခါမှားခေါ်ရင် ငါက ထပြောဘီးပစ်လိုက်ပြီ အောက်မေ့ပေတော့၊ သူများသားသမီး အပျိုစင်နုနုထွတ်ထွတ်ကလေးကို နှာမည်မှားခေါ်စရာစကားလုံး ဒီလောက်ရှားရသလားကွ'

'ဟုတ်ပါပြီလေ၊ မင်းက ဒီလောက်အကဲပို အဖြစ်သည်းမနေပါနဲ့ဦး၊ မင်းရည်းစားလည်း မဟုတ်သေးပါဘူး၊ ထားပါတော့၊ အဲဒီ အာသာဝတီကို မင်းက တန်းလန်းစွဲ'

'တန်းတန်းစွဲပြောပါကွ၊ တန်းလန်းဆွဲရအောင်ကတော့ ကောင်မလေးမှာ တန်းလန်းကျစရာက သူလွယ်တဲ့စလင်းဘက်ပဲရှိမယ်'

သိန်းတန်က မျက်နှာထားနှင့် တစ်ချက်ဝေ့ကြည့်ပြန်၏။ ဟိုနှစ်ကောင်က ပြုံးစိစိ။

'အေး… ထားတော့ တန်းတန်းစွဲ၊ မင်းက အဲလောက် သေလုမြောပါး အသက်ငင်နေတဲ့ကြက်ဖကြီး လေငန်းဆွဲနေသလို ဖွတ်ရော၊ အစမ္မရော၊ နသားပါယားမကျန် ချစ်လှကြိုက်လှချည်ရဲ့ ဆိုနေပေမယ့် ကောင်မ





လေးဘက်ကတော့ မင်းကို အဖြေပေးဖို့နေနေသာသာ မင်းရှိရာဘက်ကိုတောင် လှည့်ပြီး တစ်ခါမှ လေမလည်ခဲ့သေးဘူးနော်'

'တိကျလှချည်လား သူငယ်ချင်းရယ်၊ ဘယ်လိုလုပ်သိနိုင်ပါလိမ့်နော်'

'နှာခေါင်းနဲ့ အနံ့ခံကြည့်ရင် သိနိုင်တာပေါ့ကွ၊ အဲလေ… ဒီတော့ အဖြေမပေးသေးလို့ ရည်းစားဘဝရောက်ဖို့တောင် မိုင်တစ်ထောင်မျှော်မျှော်လိုနေသေးတဲ့အချိန်မှာ သူ့ကို လာခိုးလှည့်ပါတော့၊ နောက်ကနေ ခိုးရာလိုက်ခဲ့ပါရစေလို့ စာတစ်တန် ပေတစ်တန်နဲ့ အကြောင်းကြားလာတယ်ဆိုတာနည်းတဲ့အကုသိုလ်လား၊ ဘာပဲဖြစ်ဖြစ် ကိုယ်အင်မတန်ချစ်သော မိန်းကလေးကို ရယူပိုင်ဆိုင်ခွင့်၊ လက်တွဲခွင့်ကို ရရှိသွားပြီ၊ ဒါက နံပါတ်တစ် အမြတ်ဆိုဖို့သာပြင်၊ အဲဒါက အလုံးလိုက် ပထမဆုံးဝင်ဆောင့်လာတဲ့ ဖတ်စ်အကုသိုလ်'

'ဒီလိုဖြင့် စက္ကင်းအကုသိုလ်ကရောကွာ'

'နောက်က လာမလေ၊ သူက ကနစိုးသီးများလိုပဲ၊ အတွဲလိုက် အပြုံလိုက် အပြွတ်လိုက် လာမယ့်သဘော ရှိတာကိုး၊ အဲသလို လက်တွဲခွင့်ရသွားပြီဆိုတဲ့အတွက် တစ်နေ့နေ့တစ်ချိန်ချိန်မှာ သူကလေးရဲ့ တုံ့ပြန်အချစ်ကိုရဖို့က အတော့်ကိုသေချာပြီလို့ ဆိုရတော့မယ်၊ လက်ရှိပေါင်းနေတဲ့ လင်ယောကျ်ားကိုကျော်ပြီး တခြားသူကို အဖြေပေးလို့မှ မဖြစ်နိုင်တော့တာကိုး။ အဲဒါက နံပါတ်နှစ်အမြတ်၊ တစ်နည်း စက္ကင်းအကုသိုလ်၊ ဝါ၊ ဒုတိယမြောက်ကျခြင်း၊ ဟုတ်ပြီလား'

'အားတက်စရာပါပဲ'

'ဒီတော့ ဘာမှပြောမနေနဲ့၊ ဒီကိစ္စဟာ ရန်နိုင့်အနေနဲ့က အိုးစည်ဘစ်ဝိုင်းငှားပြီးတော့ ကျွက်ကျွက်ညံအောင် တီးကြစမ်းလို့ ရီကွက်စ်လုပ်ပြီးသကာလ ကွေးနေအောင်ကသင့်တဲ့ကိစ္စပဲ၊ ဒါ့ထက် တစ်ခုတော့ လိုရမယ်ရ မေးထားဦးမှဖြစ်မယ် ရန်နိုင်၊ မောင်ရင်က နဂိုထက်ထူးခြားတဲ့ ဆေးစာသဝဏ်လွှာကို လက်ခံရရှိထားတာဖြစ်လေတော့ အဲဒီစာကိုရေးတဲ့ အချိန်တုန်းက မင်းကောင်မလေးဟာ သူလိုငါလိုပါပဲနော်'

'ဘာလဲကွ… သူလိုငါလိုဆိုတာ'

'သြော်… သာမန်အခြေအနေမှာရှိရဲ့လားလို့ မေးတာ၊ ဆေးသော



www.burmeseclassic.com

www.burmeseclassic.com



ချောက်ချားပြီး စိတ်ကျန်းမာရေးဆေးရုံက ပြန်ဆင်းလာကာစ အခြေအနေတို့ ဘာတို့တော့ မဟုတ်ပါဘူးနော်'

'ထပ်တရီ... တော်ကွာ... တော်၊ ငါ တစ်လျှောက်လုံး ကြိတ်မှိတ်သည်းခံလာခဲ့တာ ဒီတင်ဂိတ်ဆုံးသွားပြီ၊ ခွေးကောင်တွေ...'

နောက်ဆုံးတော့ ရန်နိုင်က နေရာကထကာ ကလော်တုတ်လိုက်တော့မှ သကောင့်သားသုံးယောက် ဝါးခနဲရယ်ကာ ပွဲသိမ်းသွားသည်။ နို့မို့လျှင် ဘယ်လောက်ပေရှည်နေကြဦးမည် မသိ။

နောက်ဆုံးပိတ် စာရင်းချုပ်လိုက်တော့ ဘယ်စကားမှ မရေရာ။ ဘယ်သူ့အကြံဉာဏ်ရယ်လို့မျှ အပီအပြင် ထွက်မလာသေး။

သူတို့လုပ်ပုံက ငိုချင်လျက် လက်တို့ဆိုသလိုပင် ဖြစ်နေချေသေးသည်ဟု ရန်နိုင် သဘောရမိ၏။ ပူပါတယ်ဆိုသည့်ကြားက အနီးကပ်ပြီး ဓွတ်မီးမွေးကာ မီးဖိုကြီးဖိုပေးနေသလိုလို။

စားပွဲပေါ်က ပူဖော်ပသထားရသော 'ဗလိနတ်စာ' ခေါ်ခေါ် 'ခေါစာ' ဟုပြောပြော မမှားနိုင်သည့် စားသောက်ဖွယ်တို့ကတော့ တက်တက်ပြောင်သွားချေလေပြီ။ သည်လိုတော့လည်း ဖြစ်သေး။ အလိုက်သိသိ ဖြည့်ဆည်းပေးဖို့က ကိုယ့်တာဝန်။ သည်တော့ စားပွဲထိုးကလေးကို ရန်နိုင် လှမ်းအော်လိုက်ရ၏။

'ဟေ့... ညီလေး၊ စီးကရက် နှစ်ပွဲလောက်ကွာ'

ဟုတ်သည်။ ဒီလောက်တော့ ထပ်ဖြည့်ထားမှဖြစ်မည်။

'အင်း... မဆိုးလှပါဘူးလေ၊ ဒီသူငယ်ဟာ ရှေ့လျှောက် ကြီးပွားဦးမယ့်လက္ခဏာ ရှိပါပေတယ်'

'ကဲ... ကဲ... စတာတွေနောက်တာတွေကို တစ်ခန်းရပ်ကြပါစို့၊ ကိစ္စကဖြစ်လာပြီဆိုတော့ကာ ဉာဏ်ရှိသလောက် အတည်ပေါက် ဝိုင်းစဉ်းစားကြမှတော်မယ် သူငယ်ချင်းတို့'

သိန်းတန်က စကားဝိုင်းကို ပြန်ထိန်းလိုက်၏။

ဟိုသုံးကောင်လည်း ကိုယ်စီကိုယ်င ခေါင်းစားသွားကြပုံရသည်။ မျက်မှောင်ကြီးတွေကြုတ်ကာ ငြိမ်သက်သွားကြ၏။ ရန်နိုင်က ဆိုင်အပြင်ဘက်လမ်းမပေါ်သို့ ငေးရီကြည့်နေမိသည်။



'ဒီနေ့ ဘယ်နှရက်ရှိသွားပလဲကွ'

စန်းကိုထံမှ မဆီမဆိုင်အမေးစကားသံထွက်လာ၏။

သိန်းတန်က စိတ်မရှည်နိုင်သလို လှမ်းကြည့်သည်။

ပြီးမှ...

'လဆန်း ဆယ့်ငါးရက်၊ နေပါဦး၊ အဲဒီရက်က ဘာကိစ္စ ထမေးရတာတုန်း၊ အပေါင်လက်မှတ်လဲရမယ့်နေ့မို့ကြောင့်လား'

'နင့်အဘကလွှားတဲ့မှ၊ လိုအပ်လို့မေးတာပေါ့ကွ၊ ဟိုကစာထဲမှာ ဒီလကုန်နောက်ဆုံးရက် တနင်္ဂနွေနေ့မှာ လာခိုးပါလို့ပါတယ် မဟုတ်လား၊ သူ့ကောင်မလေးရဲ့ ရာဇသံက ရက်ချိန်းနဲ့လာတဲ့ရာဇသံ၊ သူပေးတဲ့ရက်ချိန်းကိုကျော်လို့ဖြစ်မှာမှ မဟုတ်ပဲ၊ ဒါကြောင့် ဒီလထဲမှာ ဘယ်နှရက်များပြင်ချိန်ဆင်ချိန်ကြံချိန်ရသေးသလဲဆိုတာ တွက်ကြည့်ရအောင်လို့ မေးတာပေါ့၊ မဖြစ်ဘူးဟေ့၊ ခုတောင် လတစ်ဝက်ကျိုးနေပြီဆိုတော့...'

စန်းကိုက စကားကိုတစ်ဝက်တစ်ပျက် ရပ်လိုက်ကာ စားပွဲကိုလက်ချောင်းကလေးတွေနှင့် တဒေါက်ဒေါက်ခေါက်၏။ သူက ကြားထဲမှာကျန်သည့်ရက်နှင့်တွက်ကာ သည်ကြားထဲမှာ မည်သို့အဆင်ပြေအောင်လုပ်မည်နည်းဆိုသော အကြံဉာဏ်မျိုးထုတ်ချင်ပုံရ၏။

'အဲဒီရက်ကတော့ တွက်မနေနဲ့တော့လေ၊ ရှင်းနေပြီပဲ၊ လကုန်ဖို့ကြားထဲမှာ ၁၄ ရက်ပဲ ကျန်တယ်၊ ရက်သတ္တနှစ်ပတ်ပဲ အချိန်ရတယ်၊ ဒီတော့ ဒီနှစ်ပတ်အတွင်းမှာပဲ မင်းက ဆုံးဖြတ်ပေါ့၊ ပေါင်းမလား ကျောင်းလား၊ သွားခိုးရင် ပေါင်းရမယ်၊ သွားမခိုးရင် မပေါင်းရဘူး၊ ဒါပဲ ရှိတယ်၊ ငါတွေးတာက ဒီကောင်ခိုးပြေးရင် ဘယ်ကိုခိုးပြေးမလဲ၊ သူတို့နှစ်ယောက်ကို ဘယ်မြို့ဘယ်ရွာပို့ရရင် ကောင်းမလဲ၊ ခိုးပြေးသွားပြီးတဲ့ နောက်ပိုင်း သူတို့ပြန်မလာသေးခင်မှာ ငါတို့က ဒီမှာ ဘယ်လိုလုပ်ရမလဲ၊ ဆောင်မသောက်က သတင်းပုလင်းကို ဘယ်လိုစနည်းနာရမလဲ၊ ပြီးတော့ သူတို့အောင် ဘယ်လိုသတင်းပို့ရမလဲ၊ ဒါတွေပဲ တွေးကြည့်နေတာ'

ဝင်းနိုင်၏ အကြံအစည်က တစ်ဘာသာဖြစ်သည်။

သူက ခိုးပြေးဖို့ကိစ္စကို ချောချောမောမောဖြစ်ဖို့၊ လုံခြုံသေချာသော ဘဲနေရာရာကိုရောက်အောင် ပို့ထားဖို့၊ ထိုသို့သော ကျောင်တိမ်းနေရာညှိ

www.burmeseclassic.com

www.burmeseclassic.com



ကာလအတွင်း သည်ကအဖွဲ့တွေနှင့် အဆက်အသွယ်မပြတ် ရှိနေဖို့ဆိုတာတွေကို အဓိကထား စဉ်းစားနေခြင်းဖြစ်၏။

မှန်သည်။ ဒါလည်း စဉ်းစားရမည့်ကိစ္စပင်။

စန်းကိုက မခိုးရသေးခင်ရှေ့ပိုင်းကိုတွေးပြီး ဝင်းနိုင်ဦးက ခိုးပြေးပြီးသည့်နောက်ပိုင်းကိစ္စတွေကို စဉ်းစားနေကြခြင်းသာ ကွာသည်။ နှစ်ယောက်စလုံး ကိုယ့်အတွေးနှင့်ကိုယ်တော့ မှန်နေကြတာ ချည်းဖြစ်သည်။

သိန်းတန်ကတော့ ဘာမှဝင်မပြောသေးဘဲ မျက်မှောင်ကြီးကြုတ်ကာ အသည်းအသန်စဉ်းစားနေ၏။ အထော်ကလေးကြာတော့မှ ဘာမပြောညာမပြောနှင့် စားပွဲကို ဖြန်းခနဲလက်ဝါးနှင့် ပုတ်လိုက်၏။

'ဟ… ဘာတုံးဟ၊ လန့်လိုက်တာ'

စန်းကိုက အလန့်တကြားထအော်၏။

'ဟော့ကောင်တွေ၊ နေစမ်းဦးကွ၊ ခုမှသေသေချာချာ တွေးကြည့်ရင်း ငါ့ခေါင်းထဲမှာ သံသယတွေဝင်လာတယ်၊ တို့တော့ ကောင်းကောင်းပညာပေးခံရတော့မယ်နဲ့တူတယ်'

'ဘာလဲ… ဘယ်လို ပညာပေးမှာလဲ'

'ပြောဦးလေ… သံသယက ဘာအတွက်ဝင်လာတဲ့ သံသယတုံး'

ဟိုနှစ်ကောင်က ပြိုင်တူမေးကြ၏။ သိန်းတန်က ခေါင်းတညိတ်ညိတ်နှင့် တွေးတွေးဆဆ ပြော၏။

'ဘာကိုသံသယဝင်ရမှာတုံး၊ ကောင်မလေးရဲ့စာကိုပေါ့ကွ၊ မင်းတို့ စဉ်းစားကြည့်စမ်း၊ ဒီကောင်က အသည်းအသန်လိုက်နေတာတောင်မှ ကောင်မလေးက အဖြေပြန်ပေးခဲ့သေးတာ မဟုတ်ဘူးနော်၊ ဒါကို ခုမှ ကောက်ကာငင်ကာ ရုတ်တရက်ကြီး သူ့ကိုလာခိုးလှည့်ပါတော့ ဆိုလာလေတော့ အဆင့်တွေကျော်လှချည်လား၊ နည်းနည်းမှ ယုတ္တိမရှိဘူး၊ သဘာဝမကျဘူး၊ တော်ကြာ အဲဒီကိစ္စက လုပ်ဇာတ်ကြီးဖြစ်နေရင် မခက်ပေဘူးလား'

'အဲဒီတော့ မင်းပြောချင်တာက'

'ပြောချင်တာက သူ့စာထဲက အကြောင်းအရာတွေဟာ ဟုတ်မဟုတ် အရင်သိထားရဖို့ လိုတာပေါ့ကွ၊ တော်ကြာ အဟုတ်မှတ်ပြီး သွားခိုးကာမှ သူကမလာဘဲ တစ်နေရာရာက စောင့်ကြည့်ပြီး ဟားကြေဖွင့်





နေရင် သေရောပေါ့၊ အရှက်ကြီးဟက်တက်ကွဲပြီး တပ်လန့် [illegible]ပေါ့၊ ကိုယ်က အတည်ပေါက် တလေးတနက်ကြီးနဲ့ ရင်တဖိုဖိုသွား[illegible] သူက တချောင်ချောင်က ထိုင်ဟားလွှတ်ရင် ရေရေလည်လည် [illegible] ပြုပြီပေါ့၊ အဲဒါမှ လက်နက်ပုန်းနဲ့ အထုခံရသလို အချိုးကြီးကွဲရော၊ ကိုယ့်မျက်နှာကိုယ်တောင် မှန်ထဲပြန်မကြည့်ဝံ့အောင် ဖြစ်သွားမယ်၊ မင်းတို့ 'အဖြစ်' ချည်းပဲ တွက်မနေနဲ့၊ 'အပျက်' ကိုလည်း ထည့်တွေးကြဦးလေ'

သိန်းတန်က သူ့စကားအဆုံးမှာ တစ်ယောက်ချင်းစီကို မေးဆတ်ပြလိုက်သေး၏။

'သောက်ကျိုးနည်း… မင်းတွေးလိုက်ကာမှ မရှုနိုင်မကယ်နိုင်ကြီးပါကလား'

စန်းကိုက ကြက်သီးထသွားသလို ပခုံးတွန့်ပြရင်း ဝင်ပြော၏။

'ဒါလည်း ဟုတ်တာပဲ၊ တို့က အဖြစ်ချည်း ဖွတ်တွေးနေမိတာကိုး'

ဝင်းနိုင်ဦးက ဝင်ထောက်ခံ၏။

သိန်းတန်က ရန်နိုင်ဘက်သို့လှည့်ကြည့်ကာ မေး၏။

'ဒါနဲ့ အဲဒီစာထဲမှာပါတဲ့ ကိုခင်မောင်ဖော်ဆိုတာကရော တကယ်ရှိသလား'

'ရှိတယ် သိန်းတန်၊ ငါ သိတယ်၊ အဲဒီ ကိုခင်မောင်ဖော်ဆိုတာက သူတို့အိမ်ကို အဝင်အထွက်ရှိတာလည်း ငါ သိတယ်'

'ဒီလူကရော ဘယ်လိုလဲ၊ မင်း သူ့ကို ဘယ်လိုမြင်သလဲ'

'လူကတော့ ရည်ရည်မွန်မွန်ထဲကပါ၊ ကြည့်ရတာတော့ ဟိုက်ဘော့စ် ဖြစ်ပုံရတယ်၊ လာလိုက်မှဖြင့် ခြေနင်းစကြာနဲ့ချည်းပဲကွ'

ရန်နိုင် ပြန်ဖြေရင်း စိတ်မာတ်တွေ တအိအိပြိုကျနေရသည်။ ဘယ့်နှယ့် မသိဘဲရှိရမည်နည်း။ ဆိုရလျှင် ထို ကိုခင်မောင်ဖော်နှင့် သူ့ကို 'ဝတီ' ကိုယ်တိုင်က မိတ်ဆက်ပေးခဲ့ခြင်းမဟုတ်လား။

ဝင်းနိုင်ဦးက ဝင်ကောက်ချက်ချသည်။

'ကောင်မလေးအိမ်ကိုလည်း အဝင်အထွက်ရှိတယ်၊ လူကလည်း ဟိုက်ဘော့စ်ပုံစံဆိုရင်တော့ သမီးရှင်များ မျက်စိကျဖွယ်ထဲကပေါ့လေ'

သိန်းတန်က ဖွတ်တရှုံ့ရှုံ့ပင် ခေါင်းခါ၏။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ သူ့အတွေးကို သူပင် အတည်ပြုချင်ဟန်ရသည်။

'ကဲကွာ… နောက်ဆုံးပြောမယ်၊ အဲဒီ ကိုခင်မောင်ဇော်ဟာ တကယ်ပဲရှိနေတယ် ဆိုပါဦးတော့၊ ကောင်မလေး စာထဲမှာရေးတဲ့အတိုင်း အမှန်ဖြစ်ပါတယ်လို့ ဘယ်သူ အပိုင်ပြောနိုင်လို့လဲ၊ ကဲ…'

'ဘာလဲကွ… မင်းစကားက မရှင်းမရှင်းနဲ့'

သိန်းတန်၏ စကားအဆုံးတွင် ဝင်းနိုင်ဦးက ဝင်မေး၏။ သိန်းတန် ဘာမှပြန်မဖြေရသေးခင်မှာပင် စန်းကို၏အသံက ဖြတ်ထွက်လာသည်။

'ဟကောင်ရ…အဲဒီ ကိုခင်မောင်ဇော်နဲ့ ကောင်မလေးကို နှစ်ဖက် လူကြီးတွေက သဘောတူပြီး လာမယ့်ရွှေ့လထဲမှာ အာဝါဟဝိဝါဟ လုပ် ပေးတော့မယ်ဆိုတဲ့အကြောင်းအရာပေါ့ကွ၊ အဲဒီအချက်ဟာ တကယ် အမှန် အကန်လား၊ လုပ်ဇာတ်ခင်းတာလားဆိုတာ ရေရေရာရာသိရဖို့ လိုတာပေါ့'

'အေး… ငါပြောချင်တာကတော့ ဒါပါပဲ၊ ဘယ်လိုသဘောရ သလဲ ရန်နိုင်၊ မင်းကောင်မလေးရဲ့စာက ဟုတ်တိုင်းမှန်ရာတွေချည်းပါလို့ မင်းပြောနိုင်သလား'

သိန်းတန်၏စကားက ရန်နိုင့်ဘက်သို့ မြားဦးလှည့်လာသည်။

တစ်ဖက်က အမေးရှိလာပေမယ့် ရန်နိုင့်ဘက်က အဖြေမရှိပါ။ သူ့အနေနှင့် အတိအကျ ပြန်ဖြေနိုင်ဖို့ အလွန်ခဲယဉ်းသော မေးခွန်းသာဖြစ်ပါ သည်။ ပင့်သက်ရှည်ကိုသာ ချလိုက်မိ၏။

အတော်ကလေးကြာတော့မှ နွမ်းလျစွာ ပြန်ဖြေလိုက်ရသည်။

'ဒါတော့ ငါလည်း အပိုင်ကြီး ဘယ်ပြောနိုင်ပါ့မလဲကွာ၊ သေချာ ပါတယ်လို့ဆိုရအောင် သူက ငါ့ရည်းစားဖြစ်သေးတာမှ မဟုတ်ဘဲ၊ ဒါပေမဲ့ အခြောက်တိုက်ကြီးတော့ ဘယ်ကောင်မလေးက သူ့ဂုဏ်သိက္ခာ အကျအဆင်း အညှိုးနွမ်းခံပြီး ဒီလိုစကားမျိုး ပြောမှာတဲ့လဲ၊ ပြီးတော့ သူကိုယ်တိုင်ရေး လိုက်တဲ့ စာတစ်စောင်လုံး သက်သေခံအဖြစ် ရောက်နေပြီ၊ ဒါဟာ နောက် စရာပြောင်စရာကိစ္စမှ မဟုတ်တာ၊ နောက်ပြီးတော့ စာတင်မကသေးဘူး ကြားထဲက မေနိုင့်ကို ပါးစပ်နဲ့လည်း စကားလှူကြုံပါးသေးတာ၊ ဒီတော့ သေချာတယ်လို့ပဲ ငါ ယူဆမှာပဲကွ'

'တော်ပါကွာ… ဒါကလည်း မင်းအတွေးနဲ့မင်း ထင်မြင်ယူ





ချက်ပါ၊ တကယ့်ကို အမှန်အကန်ပါလို့ မင်း အာမခံရဲရဲခံနိုင်တာမှ မဟုတ်တာပဲ၊ ဒီတော့ ဒီလိုပဲ ကောက်ချက်ဆွဲကြစို့၊ သူ့စာထဲက အကြောင်း အရာဟာ အမှန်ဟုတ်မဟုတ်ဆိုတာကို ငါတို့နည်း ငါတို့ဟန်နဲ့ အနိုင်မာဆုံး သိရအောင် စုံစမ်းပေးမယ်၊ မင်းစဉ်းစားရမယ့်အပိုင်းက သူပြောတဲ့အတိုင်း အမှန်အကန်ဖြစ်ခဲ့ရင် ချိန်းထားတဲ့နေ့မှာ မင်း သူ့ကို သွားခိုးမယ်၊ မခိုးဘူး ဆိုတာပဲ၊ ဒါကိုပဲ မင်းက အပြီးအပိုင်အဖြေထုတ်ထား၊ ဟုတ်ပလား၊ ဒီနေ့ ဆွေးနွေးပွဲရဲ့ နောက်ဆုံးအဖြေကတော့ အဲဒါပဲ'

သိန်းတန်က စကားဝိုင်းကို လက်စဖြတ်လိုက်၏။ သည်တော့မှ ရန်နိုင့်မှာ ပင့်သက်ရှည်ကြီးတစ်ရှိုက် ချလိုက်နိုင်၏။ အစာကြေ ရင်ချောင် ဆေးသောက်လိုက်ရသလိုပင် စောစောကထက်တော့ နေရထိုင်ရ နည်းနည်း သက်သာသွားသလိုလိုရှိ၏။

ပြန်စဉ်းစားတော့လည်း ပညာရှိသုံးကောင်၏စကားတွေက ဆေးဒက ဘက်စရာ လမ်းမမြင်။

သို့ပေမဲ့ လာမည့်လကုန်ရက် တနင်္ဂနွေနေ့ဆိုတာကြီးကတော့ ရန်နိုင့် ကို ခြောက်လှန့်လျက်ရှိ၏။ ကြားထဲမှာ ရက်သတ္တနှစ်ပတ်ပဲ ကျန်တော့သည် လေ၊ အဖြေမှန်ကို အမြန်ဆုံးသိရမှ ဖြစ်မည်။

ချိန်းထားသည့်နေ့မှာ တကယ်သွားခိုးဖို့၊ မခိုးဖို့ဆိုတာက အဲဒီ အဖြေ မြန်မြန်ရ၊ မရအပေါ်မှာ လုံးဝမူတည်နေသည် မဟုတ်လား။

'အေး… ဟုတ်ပြီ၊ အမြန်စုံစမ်းကြမှဖြစ်မှာနော် ငါ့လူတို့၊ အိရော အိရောလုပ်နေရင်တော့ မရေမရာနဲ့ ငါ မောကျန်ရစ်ခဲ့ရမှာ'

ရန်နိုင်က စိုးရိမ်သံဖြင့် ထပ်'လော'သည်။

'ဒီအတွက်တော့ မပူနဲ့၊ မင်းသာ မင်း ဘယ်လို ဆုံးဖြတ်မလဲဆို တာ နိုင်နိုင်မာမာ စဉ်းစားထား၊ ငါတို့ဘက်ကတော့ သေချာရစေမယ်၊ အနေနဲ့သရုပ်လား၊ လံကြုပ်လားဆိုတာကို တစ်ပတ်ကြိုပြီး သိရစေမယ်ကွာ'

စန်းကိုက အာမခံရဲနေသည်။

ဗြဟ္မာကြီးဦးခေါင်း ဝှက်ထားရသလို သူတစ်ယောက်တည်း ခေါင်းပေါ်သို့ ပိကျလာခဲ့သော ပြဿနာကြီးကို အပေါင်းအသင်းတွေနှင့် ဆောဒေးကာ တိုင်ပင်ပြီးနောက် သူ့ထောင့်နှင့်သူ တာဝန်ခွဲဝေခြမ်းရေးကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ငြီးမြောက်သွားသဖြင့် ရန်နိုင်လည်း ရင်ပေါ့သွားသည်။ လက်ဖက်ရည်ဆိုင်မှ လူစုခွဲပြီး ပြန်လာကြချိန်တွင် စန်းကိုက ထပ်ပြောသည်။

'ဟေ့ကောင်… တို့သုံးယောက်လုပ်ရမယ့်ကိစ္စကို မင်းခေါင်းထဲ လုံးဝမထည့်ထားနဲ့နော်၊ အစီကက တကယ်သွားခိုးရမယ်ဆိုရင် မင်း ဘယ်လိုဆက်လုပ်မယ်၊ ဘာအကူအညီမျိုးတွေ ထပ်လိုအပ်တယ်ဆိုတာကိုပဲ အစ၊ အလယ်၊ အဆုံး ထောင့်စေ့အောင် စဉ်းစားထား၊ ဟုတ်ပလား'

အဲဒီစကားက အိမ်ပြန်ရောက်၍ အိပ်ရာပေါ် လှဲပစ်လိုက်သည့် အချိန်အထိ ရန်နိုင်နှင့်အတူ ကပ်၍ပါလာသည်။ စဉ်းစားရမှာပေါ့။ ဘဝတစ်ခုကို မျက်လှည့်ပြလိုက်သလို အမှတ်မထင် ပြောင်းလဲသွားစေနိုင်မယ့်ကိစ္စ။

ပင့်သက်အလီလီနှင့်အတူ ဝတီ၏စာကို အကြိမ်ကြိမ်ပြန်ဖတ်ရင်း ရန်နိုင်ရင်မောနေမိ၏။ ခုအချိန်ရောက်မှတော့ အစက မဆုံခဲ့ကြရရင်လည်း အကောင်းသားဆိုသော အတွေးမျိုးတွေလည်း တွေးမနေချင်တော့။ မဆုံဖြစ်ခဲ့ကြလျှင်တော့ သူ ခုလိုရင်မောစရာ တွေ့ကြုံလာဖို့ လမ်းမမြင်။

သို့သော် ဘာတတ်နိုင်မှာမို့လဲ။

သည်အချိန်မှာ သည်လိုရင်မောနေရဖို့ ကံဇာတာကိုကပါ လာခဲ့၍သာ ဝတီနှင့်သူ ဆုံတွေ့ခဲ့ကြရခြင်းဖြစ်မည်ဟု တွေးမိ၏။သည်လိုတွေးမိပြန်တော့ သူ့အကြည့်တွေက ညာဘက်ခြေဖမိုးကလေးဆီသို့ ရောက်သွား၏။

အဲဒီခြေဖမိုးပေါ်မှာ ဒဏ်ရာကလေးတစ်ခု။ အမာရွတ်သေးသေး ကလေးတစ်စကို မြင်ရသည်။

အောင်မယ်… အမာရွတ်ကလေးက အသည်းပုံကလေးပင်ပေါက် နေသေးသလား မသိ။

မြန်မာစကားမှာ 'တွေ့တွေ့ချင်း ဆောက်နှင့်ထွင်း' ဆိုသော စကား အသုံးအနှုန်းရှိ၏။ သူ၏အတွေးလိပ်ပြာသည် ရိပ်ခနဲ လှစ်ခနဲထပျံပြေး၏။ အဲဒီလိပ်ပြာကလေး၏ လမ်းဆုံးတစ်နေရာမှာ ချစ်သောဝတီ ရှိနေမှာ သေချာ ပါသည်။

* * *

# ၃

အမှန်ကတော့ ရန်နိုင့်တွင် လူတစ်ဖက်သားကို သူ့အတွက် စိတ် သေ့စ်စေရဘဲ တတ်နိုင်သမျှ လိုက်လျော ကူညီလိုက်ချင်သော စိတ်ကောင်း ကလေး ရှိ၏။

ထိုစိတ်ကောင်းကလေးကို ချီးမြှောက်သည့်အနေဖြင့် သမ္မာဒေဝ တာကောင်းနတ်မြတ်တွေက နတ်သမီးကလေး တစ်ပါးလိုလှသည့် အာသာ ဝတီဆိုသော ကောင်မလေးနှင့် တည့်တည့်ဆုံစေဖို့ အကွက်ရိုက်ဖော်ဆောင် ခဲ့လေသလား မသိ။

သူတို့ဆုံတွေ့ပုံက ဘယ်လိုမှမျှော်လင့်မထားခဲ့မိသော တွေ့ဆုံပုံမျိုး ဖြစ်သည်။ အဲဒီနေ့က တနင်္ဂနွေနေ့ ဖြစ်သည်။

တစ်နည်းအားဖြင့် ထိုနေ့သည် ရန်နိုင်အတွက် အားလပ်ရက် ကလေးမို့ နပ်မနေနိုင်သောကိစ္စတစ်ခု ပေါ်လာ၏။ အခြားမဟုတ်။ ရန်ကုန် သို့ ဘုရားဖူးလာကြသော နယ်က ဧည့်သည်တွေကို ဘူတာလိုက်ပို့ရခြင်း ဖြစ်သည်။ နယ်သို့ပြန်မည့် ဧည့်သည်တွေကလည်း အမှန်ပြောရလျှင် ရန်နိုင် တို့ မိသားစု၏ ဧည့်သည်များမဟုတ်ကြပါ။

သူတို့နှင့် အိမ်နီးချင်းဖြစ်သော ကြီးကြီးတင်၏ ဧည့်သည်များ ဖြစ်ကြသည်။ ထိုဧည့်သည်တွေက ရထားလက်မှတ်ကြိုတင်ဖြတ်ပြီးနေကြ ပြီဆိုတော့ ဘူတာကို မဆင်းလို့မဖြစ်။ ကြီးကြီးတင်မှာလည်း သူ့အမေကိစ္စ

www.burmeseclassic.com



က အလောသုံးဆယ်ပေါ်လာသဖြင့် ဘူတာကို လိုက်မပို့နိုင်။ ညွှသည် အဘိုးအဘွားတို့မှာ တကယ့်လူရိုးကြီးတွေ ဖြစ်ကြသည်။ အဘိုးအဘွားတို့နှင့် အတူပါလာသော မြေးမငယ်ကလေးက ၁၀ နှစ်သမီးကလေး။ အဘိုးအဘွားတို့ လက်တို့လက်တောင်းခိုင်းသမျှ ကူညီပေးရှာသော တတ်နိုင်ရှာသည့် ကလေးမကလေး ဖြစ်၏။

သူကလေးမှာလည်း မဆေခင် ဘုရားလေးဆူ၏ဓာတ်တော်မွေတော်တွေ ကိန်းဝပ်တော်မူသည့် ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးရမှဖြစ်မည်၊ ဖူးရလျှင် သေပျော်ပြီဟု ဆုံးဖြတ်ထားကြသော အဘိုးအဘွားတို့၏ ဆန္ဒအရသာ လိုက်လာရခြင်းဖြစ်သည်။ ဘယ်ကိုမှ သွားတတ်လာတတ်သည် မဟုတ်။ ရန်ကုန်ကို အခုတစ်ခေါက်မှ ရောက်ဖူးသူတွေချည်း။

သည်တော့ ထိုအခက်အခဲအတွက် အကူအညီပေးဖို့ ကြီးကြီးတင်က ရန်နိုင်ကို လာချော့ဆွဲရ၏။ ရန်နိုင်တို့မောင်နှမတစ်တွေဆိုတာက ကြီးကြီးတင်တို့ ဆိုဆုံးမမှုဖြင့် သူတို့မျက်စိအောက်မှာ လူဖြစ်လာကြရသူများဟု ဆိုနိုင်သူတွေ ဖြစ်၏။

'ကဲ… မင်းပဲ လိုက်ပို့လိုက်ပေတော့ သားရေ၊ ရထားတွဲပေါ်အထိ ရောက်အောင်လိုက်တင်ပေးပြီးမှ ပြန်လာခဲ့ပေတော့၊ ရော့… ဒီမှာ ကားငှားဖို့ပိုက်ဆံ'

ကြီးကြီးတင်က သူ့အခက်အခဲကိုပြောပြကာ အငှားကားခအတွက် ငွေထုတ်ပေးပြီး ဆေးရုံသို့ ကတိုက်ကရိုက်ပြန်ပြေး၏။ လိုက်ပို့ဖို့ကိစ္စကို ရန်နိုင်နှင့် လွှဲထားခဲ့တော့၏။

အဲဒီမှာပင် ထိုတာဝန်က ရန်နိုင့်အပေါ် လုံးလုံးပုံကျလာခဲ့ခြင်းဖြစ်၏။ သည်လိုနှင့် အဲဒီနေ့က ရန်နိုင် ဘူတာကြီးသို့ ရောက်လာခဲ့ရခြင်းပင်။

ဧည့်သည်အဘိုးအဘွားနှင့် မြေးမလေးတို့ လိုက်ပါမည့်ရထားထွက်သွားတော့မှ ရန်နိုင် ဘူတာကြီးထဲက ပြန်ထွက်လာခဲ့သည်။ အလာတုန်းက သက်ကြီးရွယ်အိုစုံတွဲနှင့် ကလေးငယ်အပြင် တိုလီမိုလီခြင်းတွေ၊ ခရီးဆောင်အိတ်တွေပါသောကြောင့်သာ ကားငှားလာခဲ့ရခြင်း ဖြစ်သည်။

အခု အပြန်မှာတော့ ရန်နိုင် တစ်ယောက်တည်းဆိုတော့ ဘတ်စ်ကားနှင့်ပဲပြန်မည်ဟု သူ ဆုံးဖြတ်လိုက်သည်။



ထို့ကြောင့် ဘူတာကြီးတန်ဆာအပေါက်မှ ပြန်ဖြတ်ထွက်ကာ သမ္မတရုပ်ရှင်ရုံဘက် လမ်းကျယ်သို့ကူးသည်။ သူ့စိတ်ကူးက ဗိုလ်ချုပ်လမ်းကိုဖြတ်ကူးကာ ဆူးလေပွိုင့်အထိ ဆက်လျှောက်၊ ဆူးလေပွိုင့်ကျမှ ဘတ်စ်ကားတိုးစီးဖို့ ဖြစ်၏။

သို့သော် ရန်နိုင်ခမျာ သူ့မူလစိတ်ကူးအတိုင်း ဖြောင့်ဖြောင့်တန်းတန်း မသွားလိုက်ရရှာချေ။ အဘယ်ကြောင့်ဆိုသော် သမ္မတမီးရထားခုံးကျော်တံတား ပလက်ဖောင်းဘက် ချိုးကွေ့လိုက်ရုံရှိသေး၊ ရှေ့တည့်တည့် မျက်နှာချင်းဆိုင်မှ လျှောက်လာသော အမျိုးသမီးနှင့် ရင်ဆိုင်တိုးရလေသောကြောင့်ဖြစ်သည်။

'ဟဲ့… ရန်နိုင်ပါလား၊ နင် ဘယ်ကလာသလဲ'

ကိုယ့်ဘာသာကိုယ် ခေါင်းငုံ့၍လျှောက်လာမိရာ မျက်နှာချင်းဆိုင်မှ နှုတ်ဆက်သံကို ကြားတော့မှ ခေါင်းမော့ကြည့်မိသည်။

'ဟာ… အမေ၊ အဲ… အစ်မ'

ရန်နိုင့်နှုတ်ဖျားမှ ပြေးထွက်သွားသောအသံကြောင့် အမျိုးသမီးမှာ ရွံ့ခနဲ ခေါ်ပွသွား၏။ မျက်နှာပြင်တစ်ပြင်လုံး ရဲတက်သွားကာ သူ့ကို မျက်လုံးပြူး၍ကြည့်သည်။

'အလိုလို တစ်ယောက်တည်း စိတ်တိုလာရတဲ့အထဲ၊ ဘာအမေလဲဟဲ့၊ နင်က ဘေးလူတွေကြားရင် ဝိုင်းရယ်တော့မှာပဲ'

သူ့ကို ပြန်အော်လိုက်သူမှာ 'မရှုမေ'ဖြစ်သည်။

မရှုမေက တရုတ်သွေး ငါးမူးဖိုးပါသည့် တရုတ်–မြန်မာ ကပြားအမျိုးသမီး ဖြစ်၏။ ရန်နိုင်ထက် ၅ နှစ်လောက် အသက်ပိုကြီးသည်ဆိုတော့ အသက် (၃၀)နားကပ်နေသည့် အပျိုကြီးဖြစ်သည်။

ပြီးတော့ ရန်နိုင်နှင့် ရုံးမှာတွဲဖော်တွဲဖက်ဖြစ်သည့် ကိုတင်မြင့်၏ ရည်းစားလည်း ဖြစ်သေး၏။ ရန်နိုင်၏အထက်က အထက်တန်းစာရေးအဆင့်(၁)က ကိုတင်မြင့်ဖြစ်၏။ ကိုတင်မြင့်ကလည်း ဘာထူးသေးသနည်း (၃၀)ကျော် လူပျိုဟိုင်းကြီးပင်။

လူပျိုကြီးကိုတင်မြင့်နှင့် အပျိုကြီးမရှုမေတို့မှာ ကြိုက် ဝက်သက် ပေါက်ကာ ရည်းစားဖြစ်ကြသည်မှာ လပိုင်းလောက်ပဲ ရှိသေးသည်၊ ဒါ

www.burmeseclassic.com



ကိုတင်မြင့်နှင့် စားပွဲချင်းကပ်နေရသော ရန်နိုင်က အသိဆုံးဖြစ်သည်။

'စိတ်မဆိုးပါနဲ့ အစ်မရယ်၊ ကျွန်တော်က ကျွန်တော့်အမေ ဈေးမှာ လိုက်တဲ့ကိစ္စကို တွေးလာမိတုန်း ဖြုန်းဆို အစ်မက လှမ်းခေါ်လိုက်တော့ ယောင်ပြီး အသံထွက်သွားတာပါ'

အမြန်ဆုံး လေပြေထိုးလိုက်တော့မှ မရှုမေမျက်နှာက မူလအတိုင်း ပြန်ဖြစ်သွားသည်။ တကယ်ကတော့ လေပြေသာထိုးလိုက်ရခြင်း ဖြစ်သည်။

ထို 'အမေ' ဆိုတာက မရှုမေ၏ကွယ်ရာမှာ ကိုတင်မြင့်ကို စရင်း နောက်ရင်း တကယ်ခေါ်ဖြစ်နေသော မရှုမေအတွက် နာမည်ပြောင် ဖြစ်၏။ ဒါကို မရှုမေ မသိ။

ကံကဆိုးချင်တော့ မရှုမေနှင့် ရည်းစားဖြစ်ပြီး လေးငါးရက်မှာ ဝင် ကိုတင်မြင့်က လုပ်လာ၏။ လုပ်လာပုံက သူ့သေတွင်းကို သူ ကျကျနန ပြန်တူးသည့်နှယ်ရှိ၏။ အခြားမဟုတ်။

ရန်နိုင်နှင့် ကိုကျော်ဝင်းတို့ကို ရင်ဖွင့်လာခြင်းဖြစ်သည်။

ကိုကျော်ဝင်းက ကိုတင်မြင့်နှင့် အဆင့်တူစာရေးကြီး ဖြစ်၏။ တစ်ရက်သားမှာတော့ ရုံးအောက်ထပ် လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်းက ကိုတင်မြင့်က ညည်းသည်။

'တောက်… ငါ့နှယ်ကွာ၊ သူများတွေလိုမှ ရည်းစားကို ကဗျာ ဆန်ဆန်လေး ခေါ်ခွင့်မရတဲ့ဘဝပဲ၊ မရှုမေကိုချစ်မိတာ အဲဒီတစ်ချက်တော့ နာသဟေ့'

'ဘာဖြစ်လို့လဲဗျ၊ ခင်ဗျားက ဘယ်လိုများခေါ်ချင်နေလို့တုံး'

ကိုကျော်ဝင်းက မေး၏။

'တစ်ခုခုပေါ့ကွာ၊ 'ရှု' လို့ခေါ်ရအောင်ကလည်း အဆင်မပြေဘူး၊ 'မေ' လို့ တစ်လုံးတည်းခေါ်မယ်ဆိုတော့လည်း သူက 'မေ' တို့ 'မောင်' တို့ ဆိုတာတွေက တစ်သက်လုံးက သမီးရည်းစားတွေ ခေါ်ဝေါ်သုံးစွဲလာတဲ့ စကားလုံးတွေ၊ သူများတွေက ကြားရုံနဲ့ သမီးရည်းစားမှန်းသိပြီး ရှက်စရာ ကြီးမို့ မခေါ်ရဘူးတဲ့ကွာ၊ တို့က နည်းနည်းအသက်ကလေးတွေရလာမှ ရည်းစားဖြစ်ကြရတဲ့ လူပျိုကြီး အပျိုကြီးစုံတွဲဆိုတော့ သူက ရည်းစားဖြစ် တဲ့ကိစ္စကို လူသိမခံချင်ဘူးတဲ့၊ အသက်ကြီးမှ ဝက်သက်ပေါက်ရကောင်း





လားလို့ လူကဲ့ရဲ့စရာဖြစ်မယ်၊ ယူကာမှ ယူကြရော၊ ရည်းစားဖြစ်ကြတာ လေးကိုတော့ တတ်နိုင်သမျှ လျှို့ဝှက်ထားချင်တယ်တဲ့၊ ကိစ္စကို ပြတ်ရော'

ကိုတင်မြင့်က အတော်ဖီလင်အောက်နေသော လေသံမျိုးဖြင့် အပီ အပြင် ညည်းချင်းချ၏။ ကြီးမှဝက်သက်ပေါက်ကြရသူများပီပီ ကိုတင်မြင့် က လူငယ်ဘဝက အထီးကျန်နေခဲ့ရသမျှကို အတိုးချကာ နှုန့်ချင်နေပုံရ၏။ သူက နှုန့်ချင်ပေမယ့် ဟိုကနာမည်က 'မရှုမေ' ဆိုတော့ အကြီးအကျယ် ခုကျနေသည်။ 'ရှု' ဆိုတာကြီးကတော့ ဘယ်နည်းနှင့်မျှ မဟုတ်သေး ခေါ်လို့အဆင်ပြေမည့် 'မေ' ကျတော့လည်း ဇီဇာကြောင်အပျိုကြီးက ရှေးရိုး သမီးရည်းစား အခေါ်အဝေါ်နှင့် တစ်ထပ်တည်းကျနေ၍ မခေါ်ပါနှင့်၊ ရှက်သည်ဟုတားထားတော့ ရှေ့မဆက်သာ။ သမီးရည်းစားဖြစ်နေပါလျက်နှင့် သူများတွေခေါ်သလိုပဲ 'မရှုမေ' ဟု ရိုးရိုးတန်းတန်းခေါ်ရမှာလည်း သူ့အဖို့ အတော်နစ်နာသည်ဟု အယူရှိပုံရ၏။

'ဟုတ်တော့ဟုတ်သားဗျ၊ 'ရှု' ဆိုတာကတော့ ကလေးသူငယ်တွေ နှပ်တွဲလောင်းကို ပြန်ရှုံ့သွင်းလိုက်ရင်တောင် မြည်တဲ့အသံမျိုးပဲ၊ မယုံရင် ကိုယ့်ဟာကိုယ် နှပ်ပြန်ရှုံ့ကြည့်ပါလား၊ ရှု… ရှူးနဲ့ အသံထွက်လိမ့်မယ်၊ ဒီတော့ ဘေးလူက ဒီလူ့နှယ် အသက်ပဲကြီးလှပြီ၊ ခုထိ နှပ်တရှုံ့ရှုံ့နဲ့ ကာန္တ သူငယ်နာမစင်ခဲ့ဘူးနဲ့တူတယ်လို့ ထင်စရာကြီး၊ မနိုပ်သေးပါဘူးဗျာ'

ကိုကျော်ဝင်းက ခပ်တည်တည်ဖြင့် အဆင်းဘီးတပ်ပေးရင်း ရန်နိုင် ကို မျက်စိတစ်ဖက်မှိတ်ပြသည်။ ကိုကျော်ဝင်းက လူပြောင်လူနောက် ဖြစ် သည်။ ထိုအချက်ကို ကိုတင်မြင့်ကလည်း မသိတာ မဟုတ်။

သို့သော် သူ့မကျေနပ်ချက်ကို ရင်ဖွင့်ချင်ဇောကြီးနေ၍ အမှတ်တမဲ့ သတိမေ့သွားပုံရ၏။ ခုတော့ ကျားရှေ့ မှောက်လျက်လဲချေပြီ။

'အေးပေါ့… အဲဒါ ပြောတာပေါ့၊ မောင်ရင်တို့ ကိုယ့်ကို အကြံ ကြံစမ်း၊ ဘယ်လိုခေါ်ရင် ကောင်းမလဲဆိုတာ'

ကိုကျော်ဝင်းက စီးကရက်ဖွာရင်းက ခေတ္တငြိမ်၍ စဉ်းစားသည်။

'ခင်ဗျားအမျိုးသမီးနဲ့ ပတ်သက်လို့ကတော့ နာမည်ကလေး ခုန နှစ်လုံးတည်းရှိတဲ့ကိစ္စကို ရှေ့ဘက်က တစ်လုံးကတော့ လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



ရှုံ့လွှတ်လိုက်ပါတော့ဗျာ၊ တော်ကြာ စောစောက ကျုပ်ပြောသလို သူငယ်နာမစင်တဲ့ နှပ်ချေးတရွှဲရွှဲနဲ့လူလို့ အထင်ခံနေရဦးမယ်၊ ဒီတော့ နောက်ဘက်ကျန်တဲ့ မေတစ်လုံးပဲ သုံးရတော့မှာပေါ့'

'ဟာ... အဲဒါခက်တာပေါ့ကွ၊ သူက 'မေ'လို့ခေါ်ရင် မကြားယောင်ဆောင်နေမှာပါတဲ့ဆို၊ စကားပြောလို့ကို ဖြစ်မှာမဟုတ်ဘူး၊ တောက် သူ့မိဘများကလည်းကွာ၊ ကိုယ့်သမီးကို မှည့်စရာနာမည်ရှားရှား'

အရေးထဲ ကိုတင်မြင့်က သူ့ယောက္ခမလောင်းကြီးတွေကို အပြစ်ဖို့နေချေသေး၏။

ကိုကျော်ဝင်းက စီးကရက်ဖွာရင်း ဆက်စဉ်းစားဟန်ပြုသည်။ အတော်ကလေးကြာတော့မှ-

'လွယ်ပါတယ်ဗျ၊ မေတစ်လုံးတည်းခေါ်တာမကြိုက်ဘူးဆို လည်း ချစ်စနိုးနဲ့ခေါ်ပေါ့၊ ကျွန်တော်ဆို ကျွန်တော့်အမျိုးသမီးနာမည်က စောစောတဲ့၊ ဒီတော့ ချစ်စနိုးနဲ့ ရှေ့က 'အ'တစ်လုံးထည့်ပြီး 'အစော'လို့ခေါ်တယ်၊ ကဲ... ဘယ်လောက်ဟန်ကျသလဲ၊ ကြားရတဲ့သူကလည်း သူ့ကို ချစ်စနိုးနဲ့ ခေါ်မှန်းသိတော့ ကြည်နူးလို့၊ ထူးပါ့ဗျာ၊ တစ်ရှင်တည်း ရှင်နေတာပဲ'

ရန်နိုင်ကတော့ ကိုကျော်ဝင်း ချောက်ချပြီဆိုတာကို သိလိုက်ပြီဖြစ်၍ ပြုံးဖြီးဖြီးဖြစ်သွား၍ မနည်း မျက်နှာပိုးသတ်ထားလိုက်ရ၏။ အရှိန်တက်နေသော ကိုတင်မြင့်ကတော့ သည်အထိ မသိသေး။

'အေး... မဆိုးဘူးကွ၊ တို့အိမ်နားမှာလည်း အချိုတို့၊ အနွဲ့တို့ ခေါ်ကြတာပဲ၊ ဒီလိုဆိုတော့ ငါလည်း သူ့ကို ချစ်စနိုးနဲ့ 'အ'တစ်လုံး ရှေ့ကတိုးပြီး ခေါ်လိုက်ရရင်'

'ကိုင်း... ခေါ်လိုက်စမ်းပါဗျာ'

'အမေ... အမေ... ဟာကွာ... မဟုတ်သေးပါဘူး၊ အမေရယ်လို့'

သည်တော့မှ ကိုယ့်ဟာကိုယ် အသံထွက်ပြီး အားပါးတရခေါ်ကြည့်ပြီးတော့ ကိုတင်မြင့် မျက်လုံးပြူးသွားသည်။

'ဟုတ်သဗျ၊ ခေါ်ပြီးတာနဲ့ နောက်ကဆက်ပြီး သားသားဆာပြီလို့သာ ဆက်ပြောလိုက်ပေတော့၊ ဟား... ဟား... ဟား...'





ကိုကျော်ဝင်းက တစ်ချိုးတည်း ထပြေးလေ၏။ လူပျိုကြီး ကိုတင်မြင့်ကား ဒေါပွ၍မဆုံးပြီ။

'အမေ'ဟု သူ့ဟာသူခေါ်ကြည့်ပြီးတော့မှပဲ ကိုကျော်ဝင်း ခပ်တည်တည်နှင့် ချောက်ချပုံကို ပြန်သတိပြုမိသွားခြင်း ဖြစ်သည်။

ကိုတင်မြင့်ဖြစ်ရပုံကိုကြည့်ကာ ရန်နိုင်လည်း ဆက်မအောင့်နိုင်တော့။ ခွီးခနဲ ရယ်မိ၏။ သည်တော့ ကိုတင်မြင့်က ကြွက်မနိုင် ကျီမီးနှင့်ရှို့ဆိုသလို သူ ဘာမှမတုံ့ပြန်လိုက်ရသော ကိုကျော်ဝင်းကိုယ်စား ရန်နိုင်ဘက်သို့ မြားဦးလှည့်လာ၏။ ရှုသိုးသိုးနှင့်လှမ်းကြည့်ကာ-

'အောင်မယ်... မင်းကလည်း အလိုတူအလိုပါပေါ့လေ၊ အတော်သဘောကျနေတာနဲ့တူတယ်၊ တောက်... ဟော့ကောင် ရန်နိုင်'

'ဗျာ... ကိုကြီးတင်မြင့်'

'မင်း ဒီကိစ္စကို လျှို့ဝှက်ထားပါ၊ မရှုမေကို ငါက 'အမေ'လို့ ခေါ်ကြည့်မိကြောင်း ရုံးထဲကလူတွေသိသွားလို့ ဝိုင်းဟားကြရင်တော့ တရားခံနှစ်ကောင်ဟာ မင်းနဲ့ ကျော်ဝင်းပဲ၊ ဟိုခွေးကောင် ကျော်ဝင်းလည်း နေပဦး၊ ငါ့မှာတော့ အဟုတ်မှတ်လို့ သူ ညွှန်းဆိုတဲ့အတိုင်း လိုက်ရွတ်ကြည့်မိပါတယ်၊ ကိုယ့်ရည်းစားကိုယ် ချစ်စနိုးခေါ်ရမှာက အမေတဲ့၊ သေရော ငါ့ငယ်ထိပ်ကို မိုးကြိုးတည့်တည့်ပစ်ချခံရအောင် လမ်းညွှန်တဲ့သတ္တဝါပဲ'

ကိုတင်မြင့်မှာ တရှူးရှူးဒေါပွနေသလို တစ်ဖက်ကလည်း ထိုကိစ္စကို မရှုမေ သိသွား ကြားသွားမှာ အတော်စိုးရိမ်သွားပုံရ၏။ ရုံးထဲကလူတွေ သိကုန်လျှင်ရော။ ဘာထူးသေးသလဲ။

အားလုံးက ဝိုင်းဟားမည့်သူတွေချည်း ဖြစ်သည်။ အားလုံးက ဝိုင်းဟားလျှင် မရှုမေ၏နားသို့တိုင် ဤကိစ္စက ပေါက်ကြားသွားမည်သာဖြစ်၏။ သည်လိုပေါက်ကြားသွားလျှင်တော့ ကိုတင်မြင့် မချောင်။

သူ့ကို 'အမေ'ဟု ခေါ်ရကောင်းလားဟု မရှုမေက ကောင်းကောင်းနပ်ပစ်မှာ သေချာ၏။

အလိုလိုမှ အပျိုကြီးဖြစ်နေရသည့်အထဲ 'အမေ'ဟုသာ အခေါ်ခံလိုက်ရပါက မရှုမေလည်း ကြားရသည့်နေရာမှာပင် ခွီးခွီးချိပြီး 'တယ်'သွားနိုင်သည်ဟု ကိုတင်မြင့်က ကောက်ချက်ချ၏။



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ချပါ ကိုကြီးတင်မြင့်၊ ကျွန်တော် ဘယ်သူ့ကိုမှ မပြောပါဘူး၊ ပြောချင်းပြောရင်လည်း ခင်ဗျား ကြင်ရာတော်လောင်းကြီးကိုပဲ တိုက်ရိုက် ပြောလိုက်မှာပါ'

'ဟေ့ကောင်… တော်… တော်… ဒီစကား ဒီတင်ရပ်၊ မင်းကို နှုတ်ပိတ်တဲ့အနေနဲ့ ဒီနေ့ လက်ဖက်ရည်ဖိုး၊ ဆေးလိပ်ဖိုး ငါ ဒကာခံမယ်၊ ဟုတ်ပလား'

'အပေးအယူလုပ်တယ်ဆိုတာ နှစ်ဦးနှစ်ဖက်ကျေနပ်အောင် လုပ်မှ ပေါ့ဗျ'

'အလို… မင်းက လက်ဖက်ရည်လောက်နဲ့တင် မရဘူးဆိုတဲ့ သဘောပေါ့လေ'

ကိုတင်မြင့်က မျက်လုံးပြူးနှင့်ကြည့်ကာ ပြန်မေး၏။

'ရာသီက စားတော်ပဲအသစ်တွေ လှိုင်လှိုင်ပေါ်ပြီဗျ၊ ပဲအသစ်ဆို တော့ လတ်လတ်ဆတ်ဆတ်နဲ့ အတော်ချိုမှာပဲ၊ ဒီရက်ပိုင်းထဲမှာ ပဲပလာတာ တွေဟာ အတော်စားလို့အရသာ ရှိနေတယ်ကြားတယ်'

'တော်ပြီ… ငါ သဘောပေါက်ပြီ၊ ဟေ့… ငတိုးရေ၊ ဒီကို ဝဲပလာတာတစ်ပွဲယူခဲ့စမ်းဟေ့၊ ပဲများများ၊ ကြက်သွန်နီကြော်များများ၊ ဆီချက်ရွှဲရွှဲနဲ့ ခုတ်ပြီးထစ်ပြီး အသင့်စားရုံ ရယ်ဒီမိတ်ဖြစ်အောင်လုပ်လာခဲ့၊ မင်းတို့ဆိုင်က စားတော်ပဲကရော အခု အသစ်ပေါ်တဲ့ စားတော်ပဲဟုတ်ပါ တယ်နော်'

ကိုတင်မြင့်က စားပွဲထိုးမောင်တိုးကိုခေါ်ပြီး အကျအန စစ်မေးနေ သည်။

'ဟုတ်ပါတယ်ဗျ၊ ရှယ်မှ ထူးရှယ်ပါ၊ ဘာဖြစ်လို့တုံး'

'ဟောဒီ ပြိတ္တာအငယ်စားကလေးက အခုပေါ်တဲ့ စားတော်ပဲ အသစ်မှ မျိုတော်ဆို့တော်မူချင်သတဲ့လေ၊ ဒါ့ကြောင့် မေးရတာ၊ ကဲ… ကဲ… မြန်မြန်လေးလုပ်ခဲ့'

'ခင်ဗျားဗျာ… လူကိုများ ပြိတ္တာလေးဘာလေးနဲ့ စားရမှာနဲ့ အခေါ်ခံရတာနဲ့ မကာဘူး၊ ဒီလောက်မှ စေတနာတုံးနေရင်လည်း မကျွေးနဲ့ တော့ဗျာ၊ ခင်ဗျားဟာ ခင်ဗျား စား၊ မဝသေးရင်လည်း မရှုမေလာတော့





သားသား ချိုချိုဆာပြီလို့ ဆီးပြော၊ လက်ဖက်ရည်ဖိုးပါ သက်သာသွား အောင်'

ကိုတင်မြင့် တွန့်ခနဲဖြစ်သွားသည်။

အထူးသဖြင့် 'သားသားချိုချိုဆာပြီ' ဆိုသော စကားလုံးက ကိုတင်မြင့် ဘယ်လိုမှ မခံနိုင်သော လက်နက်ကြီး ဖြစ်သွားပုံရ၏။

'ကိုင်း… ကျေးဇူးရှင်… ကိုယ့်ဟာကိုယ် ဖြောင့်ဖြောင့်တန်းတန်း စားတော် ဝါးတော်မူ၊ အင်မတန် သဒ္ဒါရက်ရောစွာ ကျွေးမွေးပြုစုတယ်လို့ သဘောမှာထား၊ ဟုတ်ပလား'

ကိုတင်မြင့်က နှုတ်ပိတ်သည်ဆိုသော်ငြားလည်း သည်လူနှင့် သည်လူကတော့ အလကားပင်။ မရှုမေရှေ့မှာ ဘာမှမပြောကြသော်လည်း ကွယ်ရာကျလျှင်တော့ ကိုတင်မြင့်နှင့်တွေ့တိုင်း ထိုနာမ်စား နာမည်ပြောင် ကိုပဲ သုံးစွဲကြသည်ချည်း။ ကိုကျော်ဝင်းကိုလည်း သူ ဟန့်တားနိုင်သည် မဟုတ်။

'လာနိုင်ခဲလိုက်တာနော်၊ ဒီမှာ သားသားက ဆာလှပြီ' ဆိုတာမျိုး။

ဒါက မရှုမေ ရုံးအလာနောက်ကျသော အချိန်နေ့ရက်ကြုံတိုင်း ကိုတင်မြင့်ကြားအောင် ညည်းလေ့ရှိသည့်စကား။ ကြာတော့ ကိုတင်မြင့် သည်း လက်လျှော့သွားသည်။ မရှုမေရှေ့မှာ မခေါ်လျှင်ပြီးရောဟု သဘော သားလိုက်ရတော့၏။

ခုလည်း အကျင့်ပါနေသော ရန်နိုင့်ပါးစပ်က မရှုမေနှင့် တည့် တည့်တိုးသည်နှင့် ယောင်မှားကာ 'အမေ' ဟု ထွက်သွားခြင်း ဖြစ်သည်။ သို့သော် တော်ပါသေး၏။ အချိန်မီ လေပြေထိုးလိုက်နိုင်၍-

'ကျွန်တော်က မည့်သည်တွေကို ဘူတာလိုက်ပို့တာ အစ်မရဲ့၊ အခုပဲ ဘူတာကြီးထဲက ထွက်လာတာ၊ ဒါနဲ့ အစ်မ ဘယ်ကလာတာတုံး၊ မျက်နှာလည်း မကောင်းပါလား၊ ဘယ်သူနဲ့ ဘာဖြစ်လာတာတုံး'

ရန်နိုင်က တစ်ဆက်တည်း လေပြေထိုးရင်း မေးလိုက်၏။ မှန် သည်။ မရှုမေက နဂိုကမှ တရုတ်မြန်မာကပြားမို့ အသားက အတော်ဖြူ သည်။ နဂိုဖြူသောမျက်နှာမှာ ယခု နီရဲနေ၏။ နေပူမိလို့ နီနေတာမျိုး မဟုတ်။ နေပူမိတယ်ဆိုရအောင် မရှုမေက ထီးဆောင်းလာတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ခုဟာက တစ်ခုခု စိတ်အနှောင့်အယှက်ဖြစ်လာ၍ ဒေါပွနေပုံ မျက်နှာထား ဖြစ်၏။

'ဘယ်သူနဲ့ဖြစ်ရမလဲ၊ နင်တို့ ကိုတင်မြင့်ပေါ့'

'အလိုဗျာ… ခင်ဗျားတို့စုံတွဲက တယ်ပွဲကြမ်းနေပါလား၊ ရုံးပိတ်ရက် တနင်္ဂနွေနေ့ကလေးကို အပြင်မှာ ချိန်းတွေ့လာကြတယ်ပေါ့လေ'

သည်လိုပြောပြန်တော့ မရှူမေက ရှက်လိုက်သေး၏။ အနားမှာ ဘယ်သူမှလည်း မရှိပါဘဲနှင့် အလောတကြီး ဟန့်တားလေသည်။

'ဟဲ့… တိုးတိုးပြောပါ၊ နင့်အသံပြဲကြီးနဲ့'

'ဘာဖြစ်လဲဗျ၊ အနားမှာ ဘယ်သူရှိတာမှတ်လို့၊ ကဲ… ပြောစမ်းပါဦး၊ ဘယ်လိုဖြစ်လာကြတယ်ဆိုတာ'

'လာဟယ်… ဟိုဘက်က လက်ဖက်ရည်ဆိုင်သွားရအောင်'

မရှူမေက သမ္မတရုံအဆင်းလမ်းသွယ်ထဲမှ လက်ဖက်ရည်ဆိုင်ကို ပြောပြောဆိုဆိုနှင့် ရှေ့ကနေ စွတ်ကူးသွားသည်။ ရန်နိုင်လည်း မနေသာ။ ကားအရှင်းကို ခဏကြည့်ပြီး နောက်ကနေ ပြေးကူးရ၏။

မရှူမေကလည်း အပျိုကြီးပဲ။ ကိုတင်မြင့်နှင့် ခံစားချက်ချင်းက အတူတူပဲဖြစ်မည်။

ဧကန္တတော့ ကိုတင်မြင့်နှင့် မည်သို့တွေ့၍ မည်သို့ပြဿနာ ဖြစ်ခဲ့ရပုံကို ရင်ဖွင့်လို၍ ဖြစ်ရမည်ဟု တွက်လိုက်သည်။ ရန်နိုင့်ကို ရင်ဖွင့်ခြင်းအားဖြင့် ထိုရင်ဖွင့်ချက်သည် နေ့မကူးခင်မှာပင် ကိုတင်မြင့် နားဝသို့ ပြန်ရောက်သွားနိုင်သည် မဟုတ်လား။

နှစ်ယောက်သား လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်ခဲ့ကြသည်။

'ထိုင်ဟယ်… လက်ဖက်ရည်ပဲ မဟုတ်လား'

ရန်နိုင် ခေါင်းညိတ်ပြလိုက်ပြီး စားပွဲထိုးကလေးကို 'ပုံမှန်ဟေ့'ဟု ပြောလိုက်သည်။

'အစ်မ… ကျွန်တော်တော့ ဒီမှာ ကြာကြာမနေနိုင်ဘူးနော်၊ တခြားသွားစရာလေးတွေ ရှိသေးတယ်'

အမှန်ကတော့ ဘာကိစ္စမှရှိတာမဟုတ်။ သူ့ကို ပုဏ္ဏားတိုင်ကြီးလုပ်ကာ မရှူမေက မပြီးနိုင်မစီးနိုင် အရစ်ရှည်ပြီး ကိုတင်မြင့်အကြောင်းတွေ





ဆရှည်နေမှာစိုးသဖြင့် ကြိုတင်ပိတ်ထားလိုက်ခြင်း ဖြစ်၏။ လူပျိုကြီး အပျိုကြီးနှစ်ယောက်၏ သမီးရည်းစား ပူပူနွေးနွေးကာလဆိုတော့ နားထောင်သည့်သူကသာ ခေါင်းတညိတ်ညိတ်ထိုင်နေပေးလို့ကတော့ သူတို့မှာ 'ပြောသက်စရာမှ မကုန်နိုင်တယ်'ဖြစ်နေမှာ သေချာ၏။

သို့သော် ဒါကိုပဲ မရှူမေကလည်း အကြိုက်ကျလေသည်။

'အောင်မယ်… ငါကလည်း ကြာကြာမနေပါဘူး၊ ဟောဒီ လက်ဖက်ရည်ခွက်ကုန်တာနဲ့ ပြန်မှာ၊ မပြန်ခင် နင်တို့လူကြီးရဲ့ အသုံးမကျပုံကို ပြောချင်လို့'

မရှူမေက လက်ဖက်ရည်တစ်ငုံငုံ၏။

'လုပ်စမ်းပါဦး၊ အစ်မတို့က ဘယ်မှာဘယ်လိုဆုံလာကြပြီး ရန်ဖြစ်လာကြတာလဲ'

'ဘယ်မှာ ဆုံရမလဲ၊ သင်းက သူများစုံတွဲတွေလို တစ်ခါတလေ ရုံးအားရက်ကလေးမှာ ရုပ်ရှင်လေး ဘာလေး အတူတူကြည့်ချင်တယ်လို့ တဂျီဂျီပူတာနဲ့ ငါက လိုက်လျောမိတယ်'

'သနားလို့ပေါ့လေ'

'အလကားပါဟယ်၊ ဒီလူက သနားရကျိုးမနပ်ဘူး'

မရှူမေက ပြောရင်း ဒေါပွလာပုံရသည်။ မျက်နှာက သိသိသာသာ နီလာပြန်သည်။

'ဘယ်လိုကြောင့်တုံး'

'ဘယ်လိုကြောင့်ရမတုံးဟဲ့၊ အခု သင်း နေပြည်တော်ရုံအောက်မှာ ထွန်နေခဲ့လေရဲ့၊ ငါ စိတ်ဆိုးပြီးထွက်လာခဲ့တာ'

'ဘာဖြစ်လို့တုံး'

'သမီးရည်းစားကြည့်ဖို့ပါဆိုမှ မသကာ အချစ်ဇာတ်လမ်းကလေး ဘာလေး ပြတဲ့ရုံမှာ ကြည့်ပါမှပေါ့ဟဲ့၊ အခု သူ ရွေးထားတဲ့ ဇာတ်ကားက ဇာတ်ကြမ်းကားကြီး၊ ဇာတ်ကားတောင်မှ ပွန်းစားခန်း အက်ရှင်ကားတောင် မဟုတ်ဘူး၊ ရောမစစ်ပွဲကြီးအကြောင်း ရိုက်ထားတဲ့ စစ်ကားကြီး'

ရန်နိုင် ရယ်ချင်သွားသည်။ မရှူမေကလည်း ကိုတင်မြင့်နှင့်အပြိုင် နကာခွဲကာ ကဗျာဆန်ချင်ပုံရလေသည်။ အချစ်ဇာတ်ကားနကာလေး အတူ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ ရုပ်ရှင်ထဲကနှင့် အပြိုင်နေဖို့ စိတ်ကူးထားပုံရ၏။

'စစ်ကားဆော့ ဘာဖြစ်သေးတုံး၊ ခင်ဗျားတို့က ရုပ်ရှင်ကို အဓိက ထားကြည့်ကြမှာမှ မဟုတ်ဘဲ'

မရွှေမေမျက်နှာ ရဲခနဲဖြစ်သွားပြန်သည်။

'ဟင်း… နင်နော်၊ တို့က ရုပ်ရှင်မကြည့်လို့ ဘာလုပ်ကြရမှာလဲဟဲ့'

မျက်လုံးပြူးနှင့် ထဟောက်၏။

'ဩော်… စကားလေးဘာလေး ပြောကြမှာလေ၊ ဒါကိုပြောတာ'

'အေး… သူရွေးတဲ့ကားက နိုင်ငံခြားစစ်ပွဲကားကြီး၊ နင် စဉ်းစား ကြည့်စမ်း၊ ဒီလောက် တဒုန်းဒုန်း တဒိုင်းဒိုင်း ဆူဆူညံညံ ပစ်ကြခတ်ကြ သေကြကျေကြတာတွေကို 'ရှေ့တည့်တည့်ထားပြီး တို့က ဘယ်လိုလုပ် စကားပြောလို့ဖြစ်မှာတဲ့တုံး၊ ငါက သွေးရဲရဲ သံရဲရဲတွေဆို ကြည့်ရဲတာ မဟုတ်ဘူး၊ အနိဋ္ဌာရုံတွေလည်း မမြင်ချင်ဘူး'

'ဒါဆိုလည်း တခြားရုံသွားကြပေါ့ဗျ'

'အချိန်က မမီတော့ဘူးဟဲ့၊ သူက လက်မှတ်တွေ ဝယ်ပြီးနေပြီ၊ ပြန်ရောင်းလို့လည်း မရတော့ဘူးလား မသိပါဘူး၊ သူကလည်း အဲဒီဇာတ် ကားမှ ကြည့်ချင်သတဲ့၊ အဲဒီမှာတင် ငါနဲ့ အပေးအယူမတည့်တော့ဘဲ ရန်ထဖြစ်ကြပြီး ကိုယ့်ဟာကိုယ်နေခဲ့လို့ ထားပစ်ခဲ့တာ'

'ခက်ပါ့ဗျာ… အစ်မတို့ဟာကလည်း အပြင်မှာ ဒီတစ်ခါပဲ စတွေ့ ပါတယ်၊ တန်းရန်ဖြစ်ကြတာပဲလား'

'အို… ဖြစ်သင့်ရင်ဖြစ်ရမှာပဲ၊ ဘယ့်နှယ် သမီးရည်းစားချိန်းပြီး အတူကြည့်ကြမယ့် ရုပ်ရှင်ကားကို ဒီလို ဝုန်းဒိုင်းကြဲနေမယ့် စစ်ကားကို ရွေးတယ်ဆိုကတည်းက ဘယ်လောက်အူတူတူနိုင်တယ်ဆိုတာ ရှင်းနေတာပဲ၊ နင်တို့လူက ဒါဖြစ်နေသလား မသိပါဘူး'

မရွှေမေက သူမနားထင်ကို လက်ညှိုးနှင့်ထောက်ကာ လက်ခါပြ သည်။

ကြိတ်လိုက်ဟာ၊ ကိုတင်မြင့်ကို ဦးနှောက်ပျက်နေသည်ဟုဆိုလိုခြင်းပင်။

'ရုပ်ရှင်က ဘယ်နှနာရီပွဲလဲ'

'အခု နှစ်နာရီပွဲဟ'





ရန်နိုင် လက်မှနာရီကို ကြည့်လိုက်သည်။ ဆယ့်ငါးမိနစ်လောက် လိုသေးသည်။ သူတို့နေရာကနေ အေးအေးဆေးဆေး လမ်းလျှောက်သွား လျှင်ပင် မီသေးသည်။

'အစ်မကလည်းဗျာ… ကျွန်တော့်လူကြီး သနားပါတယ်၊ နှစ်ဦး သဘောတူ ချိန်းတုန်းကချိန်းပြီး ခုမှ မြို့ထဲမှာ တစ်ယောက်တည်း ပစ်ထားခဲ့ ရတယ်လို့'

'အို… မလိုချင်ဘူး၊ ငါက စနေသမီးဟဲ့၊ စိတ်ကြီးတယ်'

'ဒါနဲ့ နာမည်က မရွှေမေဆို'

'ငါ 'အတယ်'တို့က နေ့သင့်နံသင့်မှည့်ထားတာမှ မဟုတ်ဘဲ၊ တကယ်ကတော့ စနေသမီး၊ ဒီတော့ ဒေါသထွက်မိရင် စိတ်က ထိန်းလို့ ရတော မဟုတ်ဘူး'

'စိတ်က ထစ်ခနဲဆို ဖင်က ဗျစ်ခနဲဆိုသလိုပေါ့လေ'

'ဘာလဲဟဲ့'

'စိတ်ကြီးတဲ့သူတွေကို ဒီလိုပဲဗျ၊ ဒေါသကြီးလာတာနဲ့ တစ်ပြိုင် နက် အဲဒီရင်ထဲက ဒေါသလုံးကြီးက ဆောင့်တွန်းလိုက်တော့ ဖင်ကနေ ဗျစ်ခနဲလေထွက်သွားတာလို့ ကြားဖူးတာပဲ'

'တော်ပါဟာ'

'အဲဒီတော့ ကျွန်တော်က ဘာကူညီရမလဲ အစ်မ'

'အခု နင် ဘယ်သွားမလို့လဲ'

'ဆူးလေဘက်သွားမှာ'

'ဒါဆို လမ်းကြုံနေတာပဲ၊ နင် နေပြည်တော်ရုံရှေ့က သွားရမှာ ဆိုတော့ အဲဒီရှေ့ရောက်ရင် နည်းနည်း မျက်စိကစားလိုက်စမ်း၊ နင်တို့လူကို တွေ့ရင် ငါ စိတ်ဆိုးပြီး အိမ်ပြန်သွားပြီဆိုတာ ဝင်ပြောလိုက်၊ သူ့ဟာသူ ရုပ်ရှင်ကြည့်တာ မကြည့်တာက သူ့အပိုင်း၊ ငါကတော့ တစ်ခါတည်း ပြန်သွားပြီလို့သာပြောလိုက်'

'ဒါ လက်ဆင်ဝမ်းပေါ့လေ၊ အစ်မက ပညာပေးလိုက်တာ ပေါ့ လား'

'အို… နင် ဘယ်လိုယင်ထင်ဟယ်၊ လာ… သွားကြစို့'



www.burmeseclassic.com

www.burmeseclassic.com



မရှုမေက စားပွဲထိုးကလေးကို လှမ်းခေါ်ကာ ပိုက်ဆံရှင်းလိုက်၏။

နှစ်ယောက်သား ဆိုင်ထဲမှ ပြန်ထွက်လာကြကာ လမ်းခွဲလိုက်ကြသည်။ ရန်နိုင်ကတော့ မူလရည်ရွယ်ချက်အတိုင်း မိုလ်ချုပ်လမ်းကို ဖြတ်ဖို့ မီးရထားခုံးလမ်းကျယ်ဘက်သို့ ဆက်လျှောက်လာခဲ့ရတော့၏။

အရေးထဲ အရာပေါ်ကာ စိတ်ကောက်နေကြသော သည်သမီးရည်းစားတို့ကိစ္စက ကြားဖြတ်ဝင်လာရသေးသည်ဟု တွေးမိတော့ ရန်နိုင် ပြုံးစိစိ ဖြစ်သွားရလေသည်။

မိုလ်ချုပ်လမ်းဆုံပွိုင့်ကိုဖြတ်ကာ ဆာကူရာတာဝါဘက်ခြမ်းသို့ ကူးသည်။ နေပြည်တော်ရုံရှေ့ရောက်၍ ခဏရပ်ကာ ရုံအောက်ဘက်ရှိ လူအုပ်ထဲကို မျက်လုံးဝေ့ကြည့်လိုက်တော့ ရန်နိုင် ရယ်ချင်စိတ်ပေါက်သွား၏။

သူ့လူ ကိုတင့်မြင့်ကို ခုံတစ်ခုံမှာ ငေါင်စင်းစင်းထိုင်လျက်သား တွေ့ရ၏။ လက်ထဲမှာလည်း ယောက်လက်စသစ်သီးဖျော်ရည် အအေးခွက်ကြီးကိုင်လျက် မရှုမေကောင်းမှုကြောင့် အတော်ရင်ပူသွားကာ အအေးမှာသောက်နေပုံရ၏။ မျက်နှာကလည်း ရှုသိုးသိုးကြီးဖြစ်နေ၏။

ရန်နိုင် ကိုတင့်မြင့်ဆီ လျှောက်သွားလိုက်သည်။ သူ့ရှေ့တည့်တည့်သို့ သွားရပ်လိုက်တော့မှပင် ရန်နိုင့်ကို ကိုတင့်မြင့် မြင်ရှာသည်။

စိတ်တွေ ဗလောင်ဆူကာ တစ်ယောက်တည်းဒေါပွနေခဲ့ပုံပင်။

'ဟာ… ဟေ့ကောင်၊ ဘယ်ကနေ ပေါက်ချလာတာလဲ၊ အအေး သောက်ဦးမလား၊ သစ်သီးဖျော်ရည်ကောင်းတယ်ကွ'

မော့ကြည့်ပြီး နှုတ်ဆက်သည်။

'နေပါစေဗျာ၊ ကျွန်တော်က ခင်ဗျားလို ရင်ပူနေတဲ့သူမှ မဟုတ်တာ မလိုပါဘူး'

'အောင်မယ်… ငါက ဘာလို့ရင်ပူရမှာလဲ'

'လုပ်မနေနဲ့ ကိုယ့်ဆရာ၊ ခုတင် အမေနဲ့ ကျုပ်နဲ့ တွေ့ခဲ့ဘိ တွေ့ခဲ့ဘိ'

ရန်နိုင်က အညာသားဦးကြီးလေသံဖမ်း၍ ကလိလိုက်၏။ သည်တော့မှ ကိုတင့်မြင့် လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

'ဟုတ်လား… ဘယ်မှာတွေ့ခဲ့တာလဲ'





'မဝေးပေါင်ဗျာ၊ ဟောဟို သမ္မတရုံထောင့်ချိုးတင်ပေါ၊ သူအာ လက်ဖက်ရည်တိုက်လို့တောင် သောက်ခဲ့ရသေး၊ စမူဆာလည်း စားခဲ့ရသေး ခင်ဗျား ဒီမှာရှိတာတောင် သူ ပြောလိုက်တာ'

'နေပါဦး… သူက ဘာလုပ်နေခဲ့တာတဲ့လဲ၊ မင်း နောက်ထ လိုက်ခဲ့မယ်လို့ မှာလိုက်သလား'

ကိုတင့်မြင့်က ရန်နိုင့်ကိုမေးရင်း မျက်လုံးတွေက ရုံအပြင် လမ်းပေါ် ကလူတွေထဲ လှမ်းရှာကြည့်သေး၏။ မရှုမေ ပြန်လာလိမ့်ဦးမည်ဟု မျှော်လင့်နေသေးပုံရသည်။

'အဲသလို မှာလိုက်ဖို့ကတော့ တစ်မိုင်ပျော့ပျော့လောက် ဝေးသေးတယ်ဗျာ၊ ခင်ဗျားကိုစိတ်ဆိုးပြီး ပြန်သွားပြီလို့ ပြောလိုက်တဲ့'

'မင်း မဖြီးနဲ့'

'ခက်ပါ့ဗျာ… ကျွန်တော့်ရှေ့တင်ပြန်သွားတာ၊ ရုပ်ရှင်ကြည့်စရာ ရှားရှား၊ စစ်ကားကြီးမှ ကြည့်ရမလား၊ ကဗျာမဆန်လိုက်လေဆိုပြီး စိတ်ဆိုး သွားတာဗျ'

သည်တော့မှ ပြောရင်းက သတိရလာကာ ရုပ်ရှင်ပိုစတာကိုလှမ်း ကြည့်မိသည်။ ဟုတ်ပါသည်။ တကယ့်ကို အသေအလဲ ပစ်ကြခတ်ကြမည့် အမေရိကန်စစ်ပွဲကား ဖြစ်၏။ ရုပ်ရှင်ထဲမှာ ဗုံးကွဲတာ ကိုယ့်အနား ဗုံးလာ ကျကွဲသလားထင်ရလောက်အောင် အသံထွက်ကောင်းမှာ သေချာသည်။

မရှုမေပြောတာ ဟုတ်သားပဲ။ သည်လောက် ဆူဆူညံညံ ဝုန်းဒိုင်း ကြဲနေသည့်ရုံထဲမှာ ဘယ့်နှယ့်လုပ်ပြီး နှစ်ကိုယ်ကြား စကားလေးတွေပြော လို့ဖြစ်မည်နည်း။

'ခက်ပါပေ့ကွာ၊ ရန်ကုန်တစ်မြို့လုံးမှာ တင်နေသမျှဇာတ်ကား တွေနဲ့ ရုပ်ရှင်ရုံတွေကို သတင်းစာထဲမှာ သေသေချာချာဖတ်ကြည့်ပြီးမှ အကောင်းဆုံးဇာတ်ကားကို ငါက ရွေးချယ်ထားတာကွ'

ကိုတင့်မြင့်က အတော်ဒေါပွလာသံဖြင့် ပြောသေး

'ဟိုကပြောတာလည်း ဟုတ်သားပဲဗျ၊ သမီးရည်းစား ချင်းတွေ ငြိုကြည့်တာ အချစ်ဇာတ်ကားလေး ဘာလေးဆို တော်သေးတာပေါ့၊ စစ်ကား ကြီးနဲ့ကတော့ မနိုင်ဘူးတဲ့လေ'



www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ ကိုတင်မြင့်၏ ရှုးရှသော ရွှေဉာဏ်တော်ကို ရန်နိုင် သိခွင့်ရလိုက်ရတော့၏။ ကိုတင်မြင့်က တက်ခေါက်ရင်း ပြောသည်။

'ထပ်တရီး… တော်တော်တုံးတဲ့အိုင်ဒီယာပဲ၊ ဒီမှာ သမီးရည်းစား ချိန်းတွေ့ပြီးကြည့်တဲ့ ရုပ်ရှင်ကားက ပြန့်းခန် ဒိုင်းခန် ထိတ်စရာ လန့်စရာ ဆွေပါမှ နိပ်တော့မပေါ့ကွ၊ ဟိုက ရုတ်တရက် လန့်စရာ ဖျပ်စရာပေါ် လာလိုက်၊ အောင်မယ်လေး… ကြောက်စရာကြီးဆိုပြီး ငါ့ဘက်တိုးလာ လိုက်၊ ငါက သူ့ပခုံးကလေး အသာဆွဲဖက်ထားလိုက်၊ 'မလန့်ပါနဲ့၊ ဒါက ရုပ်ရှင်ကြည့်နေတာပဲ'လို့ အားပေးလိုက်၊ အဲဒီလိုမှ ဖီလင်ရှိတော့မပေါ့လေ၊ အခုလို စစ်ကားမဟုတ်ဘဲ သရဲကား တစ္ဆေကားပြရင် ငါကသာ ကြိုက် သေးပေါ့၊ သရဲကား တစ္ဆေကားပြတဲ့ရုံ မရှိလို့ ဟောဒီစစ်ကားကို အနိမ့်ဆုံး ထားပြီး ငါ ရွေးလိုက်တာ၊ သေသေချာချာ ခွင်ရိုက်စိတ်ကူးပြီးရွေးကာမှ တည့်တည့်လွဲရတယ်လို့ကွာ၊ သူပြောသလို အချစ်ဇာတ်ကား အေးစက်စက် ကြီး ထိုင်ကြည့်နေကြရလို့ကတော့ နှစ်ယောက်သား ပြိုင်ငိုက်ပြီး အိပ်ပျော် သွားလိမ့်မယ်၊ အလိုလိုကမှ ငါက ဇာတ်အေးဆိုရင် ရုပ်ရှင်ထဲပါတဲ့ လူတွေ လူစုံအောင် မပြရသေးဘူး၊ ငါက တစ်ရေးရနေပြီဆိုတဲ့ ကောင်'

လက်စသတ်တော့ ကိုတင်မြင့်ကလည်း အကြံနှင့်ကိုး။

ထိတ်ရလန့်ရမည့် သည်ဇာတ်ကားကိုမှ သူက သေသေချာချာ ရွေးချယ်ခဲ့ခြင်း ဖြစ်ပေမည်။ ခုတော့ အခြေအနေက ခဲလေသမျှ ပဲရေပွ ဖြစ်သွားရရှာလေသည်ဟု ကရုဏာသက်ရဦးမလိုပင် ရှိတော့သည်။

'ကဲ… ပြောနေကြာတယ်ကွာ၊ ငါက သူများစိတ်ကောက်ပြေပြီး ပြန်လာဦးမလားလို့ စောင့်နေတာ၊ ခု ပြန်သွားပြီဆိုတော့လည်း ဘယ်တတ် နိုင်တော့မှာလဲ၊ အဲဒီတော့ သူ့နေရာမှာ မင်းက အစားထိုးပြီး ဝင်ကြည့်ကွာ ငါလည်း အဖော်ရတယ်၊ လက်မှတ်လည်း အလကားမဆုံးတော့ဘူးပေါ့'

ကိုတင်မြင့်က တစ်လက်စတည်းနှင့် ရန်နိုင်ကို ချောဆွဲတော့သည်။

'ဟင်… ခင်ဗျားက အမေမပါလည်း ကြည့်မှာပဲလား'

'ဟ… ကြည့်ရမှာပေါ့ကွ၊ လက်မှတ်က ဈေးကြီးပေး ဝယ်ထားရ တာ၊ သူက မင်းကို ဒီနေ့ လက်ဖက်ရည်တိုက်သလို ငါကလည်း ရုပ်ရှင်ပြ တယ်လို့ သဘောထား၊ တို့လည်း ရုံးအားရက်ကလေး ကြည့်ရတာပေ





နောက်ရက်တွေမှ ကြည့်ချင်လှချည်ရဲ့ဆိုလို့ အားမှမအားတာဘဲ၊ လာစမ်းပါ ကွာ၊ ငါနဲ့ လိုက်ခဲ့စမ်းပါ'

ကိုတင်မြင့်က ဖွတ်ဆွဲခေါ်နေ၏။

'အင်း… ဒီနေ့ဟာ တစ်ခုခုတော့ ထူးခြားနေတယ်ဗျ၊ ကျွန်တော် လည်း ဘယ်လိုနက္ခတ်မိပြီး ဂြိုဟ်စီးဂြိုဟ်နင်းတွေ ဇာတာစန်းလဂ်တွေ သန့်ပြီး တောက်ပြောင်နေကြတယ် မပြောတတ်ဘူး'

'ဘာဖြစ်လို့လဲ'

'ဟ… သွားရင်းလာရင်းကနေ လက်ဖက်ရည်တိုက် မုန့်ကျွေး မယ့်သူ ပေါ်တယ်၊ ရုပ်ရှင်ပြမယ့်သူ ပေါ်တယ်၊ ဟော… မနက်ကလည်း ညီသည်တွေ ဘူတာလိုက်ပို့ပေးလိုက်ရတာ ကားငှားဖို့ပေးလိုက်တဲ့ ငွေ ဘလည်း ပိုသေးတယ်၊ ပြန်ပေးလည်း မင်း မုန့်ဖိုးယူလိုက်ဆိုပြီး ကျွန်တော့် ကိုပဲ ပြန်ပေးလိမ့်ဦးမယ်ဗျ၊ သေချာတယ်'

ရန်နိုင်က သည်နေ့အဖို့ ကြုံလာခဲ့ရသမျှ ကောင်းကွက်တွေကို ရွေးကာ ပြော၏။ ကိုတင်မြင့်က နားထောင်နေရင်းမှ သူ့နှုတ်ခမ်းကို ဘက်ညိုးထောင်၍ ကန့်လန့်ဖြတ်ကပ်ပြကာ–

'ရှူး… တိုးတိုးကွ၊ အခု မင်းပြောသမျှကို မင်းကိုစောင့်တဲ့ နတ်ဆိုး တွေထဲက မာရ်နတ်ကြားသွားဦးမယ်ဆိုရင် ချောက်ကျနေဦးမယ်၊ 'သြ… ဒီနေ့ကုန် တောက်လျှောက်ကောင်းလာခဲ့သပေါ့လေ၊ ကိုင်း… လာပြီဟော့၊ ငါ့ အလှည့်ပဲ'ဆိုပြီး ကလီကမာလုပ်ထည့်လိုက်လို့ မင်း ကားခန် ဖြစ်သွားဦး မယ်၊ လာ… ရုံထဲဝင်ကြစို့'

ကိုတင်မြင့်စကားကြောင့် 'အယူသီးရန်ကော'ဟု ရန်နိုင် ရယ် လိုက်သည်။

သို့သော် ကိုတင်မြင့်စကား မှန်ကန်ကြောင်းကို ထိုနေ့က ရန်နိုင် ရုံထဲက ပြန်မထွက်ခင်မှာပင် ထောက်ခံလိုက်ရလေသည်။

အဘယ့်ကြောင့်ဆိုသော် ရန်နိုင့်အဖို့ ကောင်းကောင်းချောက်ချ ပေးလိုက်မည့် မာရ်နတ်ကို ရုပ်ရှင်ရုံထဲရောက်မှ တည့်တည့် ထိပ်တိုက် ရင်ဆိုင်တိုးခဲ့ရသောကြောင့် ဖြစ်လေသည်။

*

www.burmeseclassic.com

သူတို့ ရုံထဲရောက်ပြီး ဘာမျှမကြာလိုက်။

ရုပ်ရှင် စပြသည်။ ထုံးစံအတိုင်း သတိပေးစာတန်းတွေ၊ ကြော်ငြာတွေ အရင်ပြ၏။

ရုံထဲမှာ မှောင်နေပြီဖြစ်သော်လည်း ရုပ်ရှင်တစ်ပွဲ စတင်ကာစ ထုံးစံအတိုင်း မိနစ်အနည်းငယ်နောက်ကျပြီးမှ ရုံထဲဝင်လာသူတွေကလည်း ဝင်လာနေကြဆဲ ဖြစ်သည်။

အဲဒီမှာ ရန်နိုင်တို့ ခုံတန်းရှည်မှာလည်း အဝင်နောက်ကျသည့် သူတွေ ရှိနေ၏။

သူတို့အတန်းသို့ ဝင်လာတာက ကောင်မလေးသုံးယောက် ဖြစ်သည်။ မျက်နှာတွေဘာတွေတော့ သဲသဲကွဲကွဲမမြင်ရ။ သို့သော် အဲဒီသုံးယောက် ဝင်လာကတည်းက ရန်နိုင်တို့ဝန်းကျင်မှာ ရေမွှေးပုလင်းတွေ မှောက်ကျသွားသလား ထင်ရလောက်အောင် မွှေးပျံ့ထုံအီသွားတာကတော့ သေချာသည်။ ခုံတန်းတွေက ကျဉ်းသည်မို့ ထိုင်နေနှင့်ကြသူတွေက ဒူးကွေး၍သော်လည်းကောင်း၊ ချထားသောခြေထောက်တွေကို ဆုတ်ကာ ကျုံ့ပေး၍သော်လည်းကောင်း၊ ဝင်လာသူတွေသွားသာအောင် ကိုယ်နေဟန်ကို ပြုပြင်ပေးကြရ၏။

ထိုအဖွဲ့ ရန်နိုင့်ရှေ့က ဖြတ်ကျော်နေကြစဉ်မှာ ရန်နိုင်ကလည်း သူ့ခြေထောက်တွေကို တတ်နိုင်သမျှ နောက်ဆုတ်ပေးထားလိုက်တာပါပဲ။ သည်လိုနှင့် သူ့ခုံနံပါတ်ကို ကောင်မလေးတွေ ဖြတ်ကျော်သွားကြသည်။ တစ်ယောက်၊ နှစ်ယောက် ပြဿနာမရှိ။ အဲ… နောက်ဆုံး တတိယမြောက် ကောင်မလေးကျမှ ရန်နိုင့်စိတ်ထဲမှာ ဗျစ်ခနဲအသံကိုပင် ကြားလိုက်ရသည် ဟု ထင်လိုက်မိသည်။ တစ်ပြိုင်နက်တည်းမှာပင် သူ့ညာဘက်ခြေဖမိုး တစ်နေရာမှာ မီးစကြီးနှင့် အထိုးခံလိုက်ရသလို ပူခနဲခံစားလိုက်ရသည်။



'အောင်မယ်လေးဗျ… နင်းတယ်၊ နင်းတယ်'

ပါးစပ်က ဘယ်လိုမှထိန်းလို့ မရလိုက်။

ခြေဖမိုးက ပူခနဲဝေဒနာနှင့်အတူ လွှတ်ခနဲ ပါးစပ်ကအော်သံ ထွက်သွား၏။ တစ်ဆက်တည်းပင် လူက ဖျတ်ခနဲဆိုသလို ညာဘက် ခြေဖမိုးဆီသို့ ကုန်းကိုင်လိုက်မိပြီး ဖြစ်သွား၏။ ထိုအဖြစ်အပျက်သည် အကယ်တွက်တော့ တစ်စက္ကန့်လောက်သာ ကြာလိမ့်မည်။ အော်သံနှင့် အတူ လူက ဖျတ်ခနဲ ကုန်းကိုင်လိုက်မိခြင်း ဖြစ်၏။ သူ့လက်ဖျားတွေက ကောင်မလေးတစ်ယောက်၏ ခြေချင်းဝတ်ဆီသို့ လှမ်းကိုင်လိုက်မိတာကို အထိအတွေ့အရ သိလိုက်သည်။ ရန်နိုင့်အော်သံကြောင့် ဝန်းကျင်ခုံတွေက လူတွေပါ လန့်ဖျပ်သွားကြသည်။

'အို… ဆောရီးနော်၊ ဆောရီး၊ နင်းမိသွားပြီထင်တယ်'

ခြေချင်းဝတ်ကို လှမ်းအကိုင်ခံလိုက်ရသော ကောင်မလေးကလည်း မျှော်တွေသလို ဆတ်ခနဲထခုန်၏။ ပါးစပ်ကလည်း ပျာပျာသလဲ တောင်းပန်သံ ဟာလေး ထွက်လာ၏။

'ဘာတုံးဟ… အော်လိုက်တာ'

'ဘာမှမဟုတ်ဘူး၊ ကုလားမီးနင်းပွဲကျင်းပနေတာ'

နံဘေးခုံတွေဆီက ယောကျ်ားလေးတချို့၏ ခပ်နောက်နောက် လေသံတွေနှင့် ရယ်မောသံတချို့ထွက်လာသည်။ မှောင်နေသည်မို့ ဘာမျှ မမြင်ရသော်လည်း သူ့ခြေဖမိုးကို ကောင်မလေးက ဖိနပ်နှင့်တက်ကြိတ် လိုက်ခြင်းဆိုတာကိုတော့ ရန်နိုင် အီစိမ့်သွားသည့်ကြားမှ သိလိုက်သည်။ ပြီးတော့ ဖိနပ်က ရိုးရိုးမဖြစ်နိုင်။ ခွာစူးစူးသေးသေးမာမာဖြင့် ဖန်ဒေါက် ဖိနပ်မျိုးဖြစ်မှာ သေချာ၏။

'ဟေ့ကောင်… ဘာဖြစ်တာလဲ'

ကိုတင်မြင့်က အလန့်တကြားလှည့်မေးသည်။ ရန်နိုင်က အနင်းခံ လိုက်ရသော ညာဘက်ခြေထောက်ကို ဒူးကွေးကာ မြှောက်ယူပြီး နာသည့် ခြေဖမိုးနေရာကို ဖိထားလိုက်ရင်း ရှုံ့ရှုံ့ရဲ့ရဲ့ဖြစ်နေ၏။

'ခြေဖမိုးကို ဒေါက်ဖိနပ်စာမိသွားတယ်ထင်တာပဲ၊ အောင်မယ်လေး နာလိုက်တာ၊ ကင်းထိုးလိုက်သလား မှတ်ရတယ်၊ ရှီး…'



www.burmeseclassic.com

www.burmeseclassic.com



ရန်နိုင့်ခြေဖမိုးကို တက်နင်းလိုက်မိသော ကောင်မလေးမှာလည်း ရန်နိုင်၏အော်သံကြောင့် ပြူးပြူးပျာပျာဖြစ်ပြီး ခေတ္တ'ကြောင်'သွားဟန်တူသည်။

ရန်နိုင့်ရှေ့ဘက်က ဆက်လျှောက်မသွားသေးဘဲ 'မတော်လို့ပါနော်၊ မတော်လို့ပါ'ဟု ထပ်ပြော၏။ သူမကိုယ်တိုင်လည်း အတော်ထူထူပူပူ အထိတ်တလန့်ဖြစ်သွားပုံရ၏။

'လက်စသတ်တော့ ကုလားမီးနင်းပွဲ မဟုတ်ဘူးဟ၊ ကုလားမမီးနင်းပွဲ'

'ဟီး... ဟီး...'

နောက်ခုံတန်းက ကောင်လေးတွေဆီမှ ခပ်နောက်နောက်စကားသံတွေ ထွက်လာပြန်၏။ အဲဒီတော့မှ ကောင်မလေး ရှက်သွားဟန်တူသည်။ ရန်နိုင့်ခုံရှေ့ကနေ တစ်ချိုးတည်း ဆက်လျှောက်သွားတော့၏။ ခြေဖမိုးကို ပွတ်လျက် တအီးအီးကျန်နေခဲ့ရတာကတော့ ရန်နိုင်ပင်။ ကိုယ့်ဝေဒနာနှင့်ကိုယ်ဆိုတော့လည်း အမှတ်တမဲ့ ထအော်မိတာကို ဘယ်လိုမှမတတ်နိုင်။

'မင်းနယ်ကွာ... ဖိနပ်နဲ့ နင်းတာလေးကိုပဲ ကမ္ဘာပျက်မတတ်အော်ရတယ်လို့'

'အောင်မယ်... ခင်ဗျားက အနင်းခံရတာမှမဟုတ်တာကိုးဗျ။ သံချွန်နဲ့ဆောင့်ထိုးလိုက်တဲ့အတိုင်းပဲ၊ ဘာမှတ်သလဲ'

ရန်နိုင်က ကိုတင်မြင့်ကို ကပ်၍ဘုတောသည်။

'အဲဒါကြောင့် စောစောတုန်းက ငါပြောတယ်မဟုတ်လား၊ ကောင်းကွက်တွေချည်း လျှောက်ပြောမနေနဲ့၊ တော်ကြာ မာရ်နတ်ကြားသွားလို့ချောက်ချနေဦးမယ်ဆိုတာ ခုတော့ ပြောလို့မှ ဘာမှမကြာသေးဘူး၊ ကားခနဲခံလိုက်ရပြီ မဟုတ်လား၊ မာရ်နတ်က သူ့ကိုယ်စား မင်းဆီကို ဇော်ဂျီမလေးတစ်ပါးလွှတ်လိုက်ပြီး ဒီကောင် ဒီတစ်နေ့လုံး ကံကောင်းနေတယ်ဆိုပဲ၊ သွား... နည်းနည်းဖြစ်ဖြစ် ကသိကအောက်ဖြစ်သွားအောင် ပညာပေးလိုက်စမ်းလို့ ခိုင်းလိုက်တာ ဖြစ်ရမယ်'

'အမျိုးသမီး ဇော်ဂျီမရယ်လို့ မကြားဖူးပါဘူးဗျာ၊ ဖေဇော်ဂျီလို့ပဲကြားဖူးပါတယ်'





'မဟုတ်ဘူးကွ၊ ဒီတစ်ခါ ငါမြင်လိုက်တာကတော့ မေဇော်ဂျီ'

'ခင်ဗျားက ဘယ်လိုမြင်လိုက်လို့တုံး'

'မင်းကို ပညာပေးသွားတဲ့ကောင်မလေးက တစ်ကိုယ်လုံး အထက်အောက် အနီရဲရဲဝမ်းဆက် ဝတ်ထားတာကွ၊ မင်းအော်လိုက်တဲ့အချိန်မှာ ရုပ်ရှင်ကားပေါ်က ရောင်ပြန်အလင်းကလည်း ခဏလေး ဖွေးခနဲ လင်းသွားတယ်၊ အဲဒီတုန်းမှာ ငါ အမှတ်မထင်ကြည့်လိုက်မိတာ၊ စလင်းဘက်အိတ်တစ်လုံးလည်း လွယ်ထားသေးတယ်'

ကိုတင်မြင့်ကိုပဲ ကျေးဇူးတင်ရတော့မည့်ပုံ ပေါက်၏။

သည်လူက အမှတ်မထင် လှမ်းကြည့်လိုက်ပြီး မြင်ရသမျှ မှတ်ထားလိုက်၍သာ ကိုယ့်ကိုတက်နင်းသွားသည့် ကောင်မလေး ဘာရောင်ဝတ်ထားသည်ဆိုတာ သိရခြင်းဖြစ်၏။

ရန်နိုင့်ဘာသာ ရန်နိုင်ဆိုလျှင် လုံးဝသိမည်မဟုတ်။

'ကဲ... တော်ပါဗျာ၊ ရုပ်ရှင်ကြည့်ကြစို့'

ရန်နိုင်က စကားဖြတ်ကာ ရုပ်ရှင်ဘက်သို့ မြားဦးပြန်လှည့်လိုက်၍ ကိုတင်မြင့်ထံမှ စကားသံတိတ်သွား၏။ သို့သော် ရုပ်ရှင်က ကြည့်ရတာ အရသာမရှိတော့။ အနင်းခံလိုက်ရသော ခြေဖမိုးက တဆစ်ဆစ်ကိုက်နေ၏။ ကျိန်းရှိန်းပူနေ၏။

ဘယ်လိုဖြစ်ပါလိမ့်၊ ဇေက္ခ အကြောပေါ်တည့်တည့်နင်းမိသွားဟန်တူသည်ဟုပဲ အောက်မေ့လိုက်ရတော့၏။

ရုပ်ရှင်တစ်ဝက်လောက်ရောက်တော့ 'ဒီလောက်တောင် နာနေရအောင် ဘယ်လောက်ထိသွားလို့လဲ'ဟု အတွေးဝင်လာ၏။

'ကိုကြီးတင်မြင့်... ခင်ဗျားမှာ ဂက်စ်မီးခြစ်ပါလား'

'ပါတယ်လေ၊ ဘာလုပ်ဖို့လဲ'

'ခဏဗျာ... ခြေထောက်ကအနာကို မီးခြစ်ခြစ်ပြီး ကြည့်ချင်လို့'

ကိုတင်မြင့်က သူ့အိတ်ထဲမှ ဂက်စ်မီးခြစ်ကလေးကို ထုတ်ပေးပြီး ဇာတ်ကားဘက်သို့ မျက်နှာပြန်မူသည်။ ဇာတ်လမ်းက အရှိန်တက်နေပြီဖြစ်သည်။

ရန်နိုင်ကတော့ ကိုတင်မြင့်လို ရုပ်ရှင်အရသာခံမနေနိုင်၊



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ခေါင်းငုံ့ပြီး ညာဘက်ခြေဖမိုးပေါ်ကပ်ကာ ဂက်စ်မီးခြစ်ကို ခြစ်ကြည့်လိုက်သည်။ သူ့ခြေဖမိုးပေါ်မှာ အရေလန်သွားရုံမျှမက ပွန်းပဲ့သွားတာကို တွေ့ရ၏။ ထိုဒဏ်ရာက သွေးတွေစို့နေသေး၏။ သူ့လက်သန်းတစ်ဆစ်စာမျှတော့ ရှိလိမ့်မည်ဖြစ်သည်။ ဒဏ်ရာက မကြီးလှသော်လည်း အကြောပေါ်တည့်တည့်ကျနေတာကတော့ သေချာသလောက်ပင်။ ထို့ကြောင့် ကျန်လက်တစ်ဖက်မှလက်မဖြင့် ဖိပေးမိစဉ်မှာပင် ရန်နိုင် မျက်လုံးပြူးသွားသည်။

အဘယ့်ကြောင့်ဆိုသော် သူ့ညာဘက် ခြေထောက်နံဘေး ခပ်လှမ်းလှမ်းတွင် ရွှေရောင်ချိန်းကြိုးလေးတစ်မျှင်ကို လက်ခနဲ မြင်လိုက်ရသောကြောင့် ဖြစ်သည်။ ရုပ်ရှင်ရုံကြမ်းခင်းပေါ်မှာ သေးမျှင်လှသော ထိုရွှေရောင်ကြိုးကလေးက ခွေခွေကလေး ကျနေ၏။

မီးခြစ်ကို ပြန်မှိတ်လိုက်ကာ ထိုရွှေကြိုးကလေးကို ရန်နိုင်ကောက်ယူလိုက်သည်။ ပိတ်ကားထက်မှ ရောင်ပြန်အလင်းက ဖျတ်ခနဲလင်းသွားချိန်မှာ အသေအချာ လက်ဖဝါးပေါ်တင်၍ကြည့်သည်။ သို့သော်ခဏချင်းမှာ ပြန်မှောင်သွား၍ မသဲကွဲလိုက်။

'ဘာဖြစ်နေတာလဲကွ၊ လှုပ်လှုပ်ရွရွနဲ့'

'ဘာမှမဖြစ်ပါဘူးဗျာ၊ ရော့… ခင်ဗျားမီးခြစ်'

'ဒဏ်ရာက တော်တော်များလို့လား'

'လက်သန်းတစ်ဆစ်လောက်ပါ၊ ဒါပေမဲ့ အကြောပေါ်တည့်တည့်ကျသဗျ၊ ဒါ့ကြောင့် ဒီလောက်နာနေတာ၊ ရပါတယ်'

ရန်နိုင်တို့ စကားစပြတ်သွားသည်။

စောစောက ကောက်ယူလိုက်သော ရွှေရောင်ကြိုးကလေးကို ရန်နိုင်က အင်္ကျီအိတ်ကပ်ထဲသို့ ထည့်ထားလိုက်သည်။ သည်ကိစ္စကို ရုပ်ရှင်ကြည့်ပြီးမှပဲ ကြည့်ရှင်းတော့မည်ဟု ဆုံးဖြတ်လိုက်၏။ ရုပ်ရှင်ကလည်း လက်စနှင့်မို့သာ ကြည့်နေရ၏။ ရန်နိုင့်အဖို့ အရသာမရှိ။ ရုပ်ရှင်ထဲစိတ်ရောက်သွားလိုက်၊ ခြေဖမိုးက ဆစ်ခနဲ ထိုးနာလိုက်ပြန်တော့ ခြေဖမိုးဆီစိတ်ရောက်သွားလိုက်နှင့် စိတ်နှစ်ခွကြီးဖြစ်နေသောကြောင့်ပင်။

သည်လိုနှင့် ရုပ်ရှင်ပြီးသွားသည်။





ကိုယ့်အဖြစ်ကိုယ် ပြန်တွေးမိတော့ ရန်နိုင်မှာ ရယ်ရမလိုလိုငိုရမလိုလို ဖြစ်မိသေးသည်။ ဩော်… သနဲ့ါရ၊ သခ်ဲါရဟု တရားဘာ့ဆွဲကောင်းသေးတော့၏။ ကြည့်လေ… ရုံထဲကိုဝင်လာတုန်းက အကောင်းသခု ရုံထဲကပြန်ထွက်တော့ ခြေတစ်ဖက်က ထော့နင်း ထော့နင်းဖြစ်နေပြီမဟုတ်လား။ ထောက်လိုက်တိုင်း နာနေသဖြင့် 'ကိုကြီးတင်မြင့် ဖြည်းဖြည်းဗျ၊ ကျွန်တော့်ခြေထောက်က ခုထိနာနေတုန်းပဲ'ဟု နောက်ကနေလှမ်းတားရ၏။

ရုံအပြင်ဘက်ရောက်တော့မှ နေ့အလင်းရောင်ဖြင့် အင်္ကျီအိတ်ကပ်ထဲထည့်လာခဲ့သော ရွှေရောင်ကြိုးကလေးကို ထုတ်ကြည့်ရ၏။ ကြိုးကလေးက ရွှေကြိုးမျှင်မျှင်ကလေးဖြစ်ပြီး အသည်းပုံရွှေပြား ပိစိကလေးတွေကိုကြိုးတစ်လျှောက်မှာ တန်းလန်းကလေးတွေ ဆွဲထား၏။

'ကိုကြီးတင်မြင့်… ဒီမှာကြည့်စမ်းဗျ'

ရန်နိုင်က ထိုးပေးလိုက်တော့ ကိုတင်မြင့်က အံ့အားတသင့်ယူကြည့်သည်။

'ဟ… ဒါက မိန်းကလေးတွေ ခြေချင်းဝတ်မှာ ဝတ်တဲ့ ဖု(ဒ်)ချိန်းကြိုးကလေးပဲကွ၊ ရွှေကြိုးအစစ်ပဲ၊ မင်း ဘယ်ကရသလဲ'

'ရုံထဲက ရခဲ့တာ၊ ရုံထဲမှာတုန်းက ကျွန်တော့်ခြေထောက်ကနာလို့ ဒဏ်ရာကြည့်ဖို့ ကိုကြီးတင်မြင့်ဆီက ဂက်စ်မီးခြစ်နဲ့ ခြစ်ကြည့်တုန်းကတွေ့ခဲ့တာ'

ရန်နိုင်က သူတွေ့ခဲ့ပုံကို ရှင်းပြလိုက်တော့ ကိုတင်မြင့်က မှတ်ချက်ချသည်။

'ဒါဆိုရင်တော့ မင်းခြေထောက်ကို တက်နင်းလိုက်တဲ့ ဟိုကောင်မလေးရဲ့ ခြေထောက်က ပြုတ်ကျတာဖြစ်နိုင်တယ်ကွ၊ သူ့ခြေထောက်ဆို မင်းလက်နဲ့ ထိလိုက်မိသေးလား'

'ထိတယ်၊ သေချာတယ်၊ သူ့ခြေချင်းဝတ်ကို ယောင်ပြီး ကိုင်လိုက်မိတယ်၊ ဖွတ်ဆွဲချလိုက်မိသလိုတောင် ဖြစ်သွားသေးတယ်၊ တော်တော်နာတာကိုး'

'ဒါဖြင့် သေချာသလောက်ပါပဲကွာ၊ မင်းက သူ့ခြေချင်းဆီက်ဆို

www.burmeseclassic.com



လှမ်းကိုင်ပြီး မင်းခြေထောက်ပေါ်က ဖွတ်ဆွဲအချမှာ အမှတ်တမဲ့ ဆွဲဖြုတ်လိုက်သလိုဖြစ်ပြီး ဒီဖု(ဒ်)ချိန်း ပြုတ်ကျသွားတာဖြစ်မယ်၊ ကောင်မလေးကလည်း မင်းကအော်တော့ လန့်ဖျပ်ထူပူပြီး သူ့ဟာသူ သတိမထားမိလိုက်ဘဲ တစ်ချိုးတည်း လစ်ပြေးသွားတာကိုး'

ကိုတင်မြင့်က ရှင်းပြသည်။ ဖြစ်နိုင်ခြေရှိသည်ဟု ရန်နိုင် တွက်လိုက်မိ၏။ သူကနာသည့်ဖောကပ်ကာ ဖွတ်ဆွဲအချမှာ သည်ကြိုးကလေးကို ဆွဲဖြုတ်သလိုဖြစ်သွားတာမျိုးပဲ ဖြစ်ရမည်။ ကောင်မလေး၏ ခြေချင်းဝတ်ကို သူကိုင်လိုက်မိတာ အသေအချာပဲမဟုတ်လား။

'ဟာ... ဒါဖြင့် ကြည့်စမ်းပါဦးဗျာ၊ ဥစ္စာရှင်ကို ပြန်ပေးရအောင်၊ ပိုင်ရှင်ခမျာ နှမြောမှာပေါ့'

အဲဒီတော့မှ ရန်နိုင် ပျာပျာသလဲဖြစ်ကာ ပြော၏။

ဘာကြီးပဲဖြစ်နေနေ ကိုယ်နှင့်မဆိုင်သော သူတစ်ပါးပစ္စည်းတော့ ရန်နိုင် ယူမထားချင်ပါ။ ငါနဲ့ထိုက်လို့ ငါ ကောက်ရတာပဲဟုလည်း လွယ်လွယ် သဘောမထားနိုင်ပါ။

'ဟကောင်ရ... နင် ထော့ကျိုးထော့ကျိုးလုပ်နေတာနဲ့ တို့က ရုံကထွက်တာမှ နောက်ကျရတဲ့အထဲ၊ ကောင်မလေးကို ဘယ်သွားရှာမလဲ'

'ခင်ဗျားပဲပြောတော့ အနီရောင်ဝမ်းဆက်ဝတ်ပြီး စလင်းဘက် လွယ်ထားတယ်ဆို'

'အေးလေ... အဲဒါတော့ သေချာတယ်ကွ'

'ဒါဖြင့် ကျွန်တော်တို့နဲ့အတူတူ ရုံထဲကထွက်လာတဲ့ အုပ်စုတွေထဲက အနီရောင်ဝမ်းဆက်နဲ့ ကောင်မလေးကို ရှာရမှာပေါ့ဗျ၊ အနီရောင်ဝမ်းဆက်လည်း ဖြစ်ရမယ်၊ စလင်းဘက်အိတ်လည်း လွယ်ထားရမယ်၊ အဲ... နောက်တစ်ခုက သူတို့က သုံးယောက်အဖွဲ့ဗျ၊ ရုံထဲဝင်လာတုန်းက သုံးယောက်အဖွဲ့ပဲ'

ရန်နိုင်က ပြောရင်းကနေ ပတ်ဝန်းကျင်ကို မျက်စိဝေ့ကြည့်သည်။ ကိုတင်မြင့်ကလည်း လက်လှမ်းမီသမျှ ဝေ့ကြည့်လေသည်။

'တို့က အလိုလိုမှ အထွက်နောက်ကျတဲ့အထဲကွာ၊ ဒီအနီးဝန်းကျင်မှာတော့ အနီရောင်တစ်ယောက်မှမတွေ့ဘူးကွ၊ ရုံအပြင် လမ်းပေါ်မြန်မြန်





ထွက်မှပဲ၊ မင်းကလည်း အရေးထဲ ထော့ကျိုးဖြစ်နေသေး၊ မြန်မြန်လျှောက်ကွာ'

နှစ်ယောက်သား ရုံရှေ့လမ်းမပေါ်ရောက်အောင် ခပ်သုတ်သုတ်လျှောက်ကြ၏။ မျက်လုံးတွေကလည်း ကျိုးကန်းတောင်းမျှောက် ရှာကြသည်။ သူတို့အနီးဝန်းကျင်မှာတော့ လုံးဝမတွေ့။ ရန်နိုင်က ဗိုလ်ချုပ်လမ်းဘက်သို့ လှမ်းကြည့်ကာ ရှာဖွေနေဆဲမှာပင် ကိုတင်မြင့်က အလောတကြီးပခုံးကိုလာပုတ်သည်။

'ဟော့ကောင်... ဟိုမှာတွေ့ပြီကွ၊ ကောင်မလေးသုံးယောက် တွဲလျှောက်လို့၊ အလယ်ကတစ်ယောက်က အနီရောင်ဝမ်းဆက်နဲ့ စလင်းဘက်နဲ့'

ကိုတင်မြင့်က ဆူးလေပွိုင့်ဘက်သို့ လှမ်းကြည့်ရင်းက ပြောခြင်းဖြစ်သည်။

ရန်နိုင်လှမ်းကြည့်လိုက်တော့ ဟုတ်သည်။ ကောင်မလေးသုံးယောက် အတူယှဉ်လျှောက်သွားကြ၏။ အလယ်ကတစ်ယောက်က အနီရောင်ဝမ်းဆက်နှင့်။ ဆံပင်တွေက ကျောလယ်လောက်အထိ ဝဲကျနေသည်။ စလင်းဘက်ကလေး လွယ်ထား၏။

သို့သော် သူတို့နှင့်ကတော့ အတော်လှမ်းဝေးသွားပြီ ဖြစ်သည်။ ပြေးလိုက်ကြရလျှင် ကောင်းမလား၊ လက်ခုပ်လှမ်းတီးရလျှင် ကောင်းမလား ဝေခွဲမရဖြစ်နေမိစဉ်မှာပင် ကိုတင်မြင့်ထံမှ အားမလို အားမရ အသံထွက်လာ၏။

'ဟာ... သွား...သွားပြီဟော့၊ ကားတစ်စင်းပေါ်တက်သွားကြပြီ'

ကောင်မလေးတွေက ဖျပ်ခနဲဆို နံဘေးပလက်ဖောင်းအနီး ကပ်ရပ်ထားသည့် ကားတစ်စင်းပေါ်သို့ တက်သွားကြခြင်းဖြစ်သည်။ အဲဒီကားခေါင်းက ရန်နိုင်တို့ဘက်သို့ ဦးလှည့်ထား၏။

'နေပစေဗျ... အဲဒီကားက ကျွန်တော်တို့ဘက် မောင်းလာမှာ ဒီကပဲ ဆီးတားလိုက်ကြတာပေါ့'

ရန်နိုင့်အယူအဆ မှန်သွားသည်။ သူပြောသလိုပင် ကားလေးက ဗိုလ်ချုပ်လမ်းဘက်ထွက်မည့် ယာဉ်ကြောနောက်မှာကပ်၍ မောင်းထွက်လာသည်။ မောင်းသူနေရာကို ကြည့်လိုက်တော့ အနီရောင်ဝမ်းဆက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး။ သူမကိုယ်တိုင် မောင်းလာခြင်း ဖြစ်သည်။

ကိုတင်မြင့်က ပါးစပ်က 'ဟော့ဟော့'ဟုအော်ရင်း လက်ပြ၍တားသည်။ ကားကမရပ်။ နောက်ခန်းထဲမှာ ထိုင်လိုက်လာသော ကောင်မလေးတစ်ယောက်က သူတို့အနီးမှ ကားဖြတ်စဉ်မှာ အော်ပြောသွားသေး၏။

'ဘာကြောင်တာလဲ၊ ဒါ တက္ကစီမဟုတ်ဘူးလေ'

'အံမာကွာ… သူတို့က ပြန်ပညာပေးနေသေးတယ်၊ ငါ မပြောလိုက်ချင်ဘူး၊ တောက်'

ကိုတင်မြင့် ဒေါပွကျန်ရစ်သည်။ သို့ပေမည့် ကိုတင်မြင့်က ဖြတ်ထိုးဉာဏ်တော့ အကောင်းသား။

သူ့အင်္ကျီအိတ်ကပ်ထဲမှ ဘောလ်ပင်ကို ချက်ချင်းဆွဲထုတ်ကာ လက်ဖဝါးပေါ်သို့ ချရေး၏။ ကောင်မလေးတွေ မောင်းသွားသော ကားနံပါတ်ကို ရေးမှတ်လိုက်ခြင်းဖြစ်လေသည်။

'ကိုင်း… လက်လျှော့လိုက်ပေတော့ ရန်နိုင်ရေ၊ ဒီနေ့အဖို့တော့ မင်းကို မာရ်နတ်က ဆက်ပညာပေးဖို့ နှောင့်ယှက်ဖို့ ဆုံးဖြတ်ချက်ချပြီး လိုက်ပုံရတယ်၊ ဒါပေမဲ့ မင်းစုံစမ်းလို့ရသွားပါပြီကွာ၊ သူတို့ကားနံပါတ်ကို ငါ မှတ်ထားလိုက်ပြီ၊ အဲဒါ ကူးယူသွား၊ နောက်မှ မင်းဘာသာမင်း စုံစမ်းကြည့်ပေါ့၊ ကားနံပါတ်က ကိုယ့်လက်ထဲ ရောက်နေပြီပဲကွာ၊ သူတို့ ပြေးမလွတ်ပါဘူး၊ စုံစမ်းဖို့ ခြေရာခံဖို့ လွယ်သွားပါပြီ'

ကိုတင်မြင့်ကသာ ပြောနေခြင်းဖြစ်သည်။ ရန်နိုင်ကတော့ တော်တော်စိတ်ညစ်သွားလေသည်။ ဘယ့်နှယ် ကိုယ့်ကိစ္စတွေနှင့်ကိုယ်တောင် ဂျင်ခြေလည်နေရသည့်အထဲ ကားနံပါတ်ကို နောက်ကလိုက် စုံစမ်းနေဖို့ဆိုသည်မှာ တော်တော်ကိုခွကျသော ကိစ္စတစ်ရပ်ဖြစ်၏။ သို့သော် လိုလိုမည်မည်သဘောနှင့် ကိုတင်မြင့် လက်ဖဝါးပေါ်က ကားနံပါတ်ကို အိတ်ဆောင်နံတ်ဘုတ်ငယ်ကလေးထဲသို့ ကူးထည့်လိုက်သည်။ ကားနံပါတ်နောက်ကမှ ကွင်းစကွင်းပိတ်ဖြင့် ကား၏အရောင်ကို မှတ်ထားလိုက်သည်။ (ရွှေအိုရောင်ဟု)။

'ကဲ… ရုပ်ရှင်ကြည့်ပြီးသွားပြီ၊ မင်း ဘယ်သွားဦးမလဲ'

ကိုတင်မြင့်က မေးသည်။



'ဟင့်အင်း… အိမ်ကိုပဲပြန်တော့မယ်၊ ကိုကြီးတင်မြင့်က ဘယ်သွားချင်သေးလို့လဲ'

'ငါလည်းပြန်တော့မယ်ကွာ၊ လူချင်းခွဲခါနီးပြီဆိုတော့ မင်းအို ဘိုးတိုးတိတ်တိတ် မှာရဦးမယ်'

'ဘာလဲဗျ… ဘာမှာဦးမလို့လဲ'

'တခြားမဟုတ်ဘူး၊ ဒီကနေ့ ငါတို့စုံတွဲ ရန်ဖြစ်ကြတဲ့ အကြောင်းကို မင်း ဘယ်သူ့မှ ပြန်မပြောရဘူးနော်၊ ဒါပဲ၊ မရှုမေ စိတ်ဆိုးပြီးပြန်သွားလို့ ငါတစ်ယောက်တည်း ကျန်နေခဲ့ရတဲ့အကြောင်းကို ရုံးကလူတွေသိကုန်ရင် ပိုင်းဟားကြမှာကွ'

'စိတ်ချ… စိတ်ချ၊ ခင်ဗျားရဲ့သော်ကြီး ကိုကျော်ဝင်းတစ်ယောက် ကလွဲရင် ဘယ်သူ့ကိုမှ ပြန်မပြောဘူး'

ကိုတင်မြင့်တစ်ယောက် သူ့နဖူးကိုသူ လက်ဝါးနှင့်ရိုက်ကာ ကျန်ရစ်ခဲ့လေသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ၄

မနေ့ကရခဲ့သည့်ဒဏ်ရာက နောက်တစ်နေ့မနက်ရောက်တော့ ပိုဆိုးသည်။ ဒဏ်ရာကလေးကကြည့်တော့ လက်သန်းတစ်ဆစ်လောက်သာဖြစ်သော်လည်း အကြောပေါ် တည့်တည့်ကျလေသောအခါ သူကလည်း 'သေသာငယ် အစွယ်နှင့်' ဆိုသလို ဖြစ်၏။

နောက်တစ်ခုက 'ဘာမှမဖြစ်လောက်ပါဘူးလေ' ဟု ယူဆကာ တိုင်းလိုပဲ အမေ့ဆိုင်နှင့်ပတ်သက်၍ ဝိုင်းလုပ်စရာရှိတာတွေကို ထုံးစံအတိုင်းပဲ ကူလုပ်ခဲ့မိ၏။

အထူးသဖြင့်ကတော့ ကြက်သွန်ဖြူ၊ ကြက်သွန်နီ ဆီသတ်သည့် ဈော်အိုးကို ဝင်လုပ်မိခြင်း ဖြစ်သည်။ ထိုဈော် ဝင်သွားလေတော့ မဖြစ်လောက်ဒဏ်ရာကလေးက ဈော်တန်ခိုးဖြင့် အတော်ဆိုးလာခဲ့လေတော့သည်။

ရန်နိုင်က အိမ်ကနေအပြင်ထွက်လာလျှင်သာ ကြော့ကြော့ကလေးသေသသပ်သပ်ဖြစ်သော်လည်း အိမ်မှာကတော့ဖြင့် မိန်းကလေးတစ်ပိုင်းဖြစ်၏။ ချက်ရေးပြုတ်ရေး မီးဖိုချောင်ဝင်လား၊ ဝင်ရ၏။ ဈေးဆွဲခြင်းကာ ဈေးသို့ပြေးလား၊ ပြေးရ၏။ မနက်ရုံးမသွားမီလည်း နံနက်သော်လင်းကတည်းက အိမ်ရှေ့က အမေ့မုန့်ဟင်းခါးဆိုင်ကလေးကိုကူရ၏။ အမေနှင့်အတူ ဒိုးဇူပေါင်ဖက် ဈေးကူရောင်းရသေး၏။

www.burmeseclassic.com



အမေက နံနက်ခင်းတစ်ချိန်၊ ညနေဘက်တစ်ချိန်၊ တစ်နေ့ နှစ်ကြိမ် မုန့်ဟင်းခါး၊ ကြိတ်ခေါက်ဆွဲ၊ ညှပ်ခေါက်ဆွဲရောင်းသည်။ ဆိုင်ကလေးကို အိမ်ရှေ့မှာပင် ဖွင့်ထားသည်။ မုန့်ဆိုင်ကလေးကို တဲကလေးသီးသန့်ထိုးကာ ဖွင့်ထားသည်။ တဲကလေးကတော့ ရန်နိုင်တို့အိမ်ဝိုင်းထဲမှာပဲပေါ့။ ဆိုင်ဖွင့်တော့မှ ဝင်းထရံကို ဖွင့်လိုက်ရုံပဲ ဖြစ်သည်။

လမ်းထဲမှာတော့ အမေ့မုန့်ဆိုင်ကလေးက နာမည်ရသည့် ဆိုင်ကလေးဖြစ်သည်။ အမေ့ဝါဒက အမြတ်အစွန်းရလျှင် တော်ပြီ။ စားသုံးသူတွေအနေနှင့်ကတော့ သူတို့နှစ်သက်သော ပုံမှန်လက်ရာကို ကျေကျေနပ်နပ် စားကြစေမည်ဆိုသော ဝါဒဖြစ်၏။

မုန့်ဟင်းရည်လက်ရာကို ပုံမှန်ထက်နိမ့်ကျမသွားရအောင် အမေ ထိန်းသည်။ မုန့်ဟင်းခါးရည်အတွက် အဓိကလိုအပ်သည့် ငါးခူ၊ ငါးရံ့တို့၊ ကြက်သွန်တို့ ဘယ်လောက်ဈေးတက်သွားသွား ထည့်နေကျ စံချိန်ထက် လျှော့ပြီးထည့်ရိုး ထုံးစံမရှိ။

ရန်နိုင့်အောက်က မိထားထားက အမေ့ကို မုန့်ဈေးတက်ယူဖို့၊ သို့မဟုတ်လျှင်လည်း လတ်တလောမှာ ဈေးတက်နေသည့် ငါးခူ၊ ငါးရံ့တို့၊ ကြက်သွန်တို့ကိုလျှော့ထည့်ပြီးချက်ဖို့ပြောလေတိုင်း အမေက ဘယ်တော့မှ လက်မခံ။ ထားထားတို့ကတော့ မိန်းကလေးတွေဆိုတော့ မိန်းမတွက်၊တွက်တာလည်း ပါပေမည်။ အမေကတော့ သူ့ဝါဒကို လုံးဝမစွန့်လွှတ်။

သို့ပေမည့် အမေ့စကားမှန်ပါသည်။ လမ်းထဲက ဖောက်သည်တွေကလည်း အမေ့စေတနာနှင့် လက်ရာကို တုံ့ပြန်အားပေးကြသည်။ ဖောက်သည်တွေလျော့မသွားသည့်အပြင် တိုး၍ပင်လာသေးသည်။ ရန်နိုင်တို့လမ်းထဲက ရှိပြီးသား လူဟောင်းတွေအပြင် နောက်မှ ပြောင်းရွှေ့ရောက်ရှိလာကြသော လူသစ်တွေကလည်း အမေ့ဖောက်သည်တွေပဲ ဖြစ်လာကြတာက လက်တွေ့ဖြစ်သည်။

နောက်တစ်ချက်က ရန်နိုင်တို့ မိသားစုကလေးအပေါ် ကရုဏာမေတ္တာထားကြတာလည်း ပါသေးသည်ဟု ဝန်ခံရမည်ထင်သည်။ ဒါကလည်း ကွယ်လွန်သွားခဲ့ရသော အဖေ၏ ကျေးဇူးပင်။ ရန်နိုင်တို့အဖေက ကျောင်းဆရာဖြစ်သည်။ အထက်တန်းပြကျောင်းဆရာဘဝဖြင့် ရုတ်တရက်





ကွယ်လွန်သွားရသော ဘဝ၏နောက်ဆုံး စက္ကန့်များအထိ ရပ်တည်သွားခဲ့၏။

သည်လမ်းတစ်လျှောက်လုံးမှာက အဖေ့တပည့်တွေချည်းဟု ဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အဖေက ညနေတိုင်း ညနေတိုင်း လမ်းထဲက မည်သည့်ကျောင်းသူ ကျောင်းသားမဆိုလာတက်နိုင်သော အခမဲ့စာသင်ကြားရေး အလုပ်ကို တစိုက်မတ်မတ် လုပ်သွားခဲ့၏။ ညနေတိုင်လျှင် ရန်နိုင်တို့အိမ်ရှေ့ခန်းကလေးသည် အဖေ၏စာသင်ခန်းကလေး ဖြစ်သွားလေ့ရှိတော့သည်။

အဖေက စာအသင်အပြကောင်းသည်ဟု နာမည်ရသော ဆရာတစ်ဦးဖြစ်ခဲ့သလို ရိုးသားမှုတွင်လည်း စံချိန်တင်သွားခဲ့သူဖြစ်သည်။ မည်သည့်ကျောင်းသူကျောင်းသားဆီကမျှ တစ်ပြားတစ်ချပ်မယူခဲ့ဘဲ လိုအပ်လျှင် သူ့အိတ်ထဲကပင် စိုက်ထုတ်၍ စာသင်ပြပေးသွားသော စေတနာဆရာတစ်ဦးအဖြစ် သေသည်အထိ နေထိုင်ရပ်တည်သွားခဲ့၏။

ကျောင်းသားမိဘတွေက စီးပွားရေးချို့တဲ့သော အဖေ့အိမ်ထောင်စုကလေးကိုကြည့်ကာ အားနာမှု၊ သိတတ်မှုနှင့် ပေးကမ်းထောက်ပံ့ကြသော်လည်း အဖေက လက်မခံ။ သူလက်ခံတာက သီတင်းကျွတ်တစ်ချိန်မှာ လာကန်တော့ကြတာလေး တစ်ချက်ပဲရှိသည်။ 'ဒါကတော့ မြန်မာ့ရိုးရာ ဓလေ့ထုံးစံတစ်ခုပဲ ဆရာရယ်၊ ဒီ အစဉ်အလာကိုတော့ မြန်မာလူမျိုးတစ်ယောက်အနေနဲ့ လက်ခံသင့်ပါတယ်၊ ကလေးတွေ ကုသိုလ်ယူကြတာကို ဆရာက မပေးနိုင်ဘူးလား' ဆိုသော ကျောင်းသားမိဘအများစု၏ စကားနှင့် တောင်းဆိုချက်ကြောင့် အဖေ လက်လျှော့ကာ ထိုသီတင်းကျွတ်လ တစ်ချိန် ကန်တော့ခြင်းကို လိုက်လျောခဲ့ရခြင်း ဖြစ်သည်။ ဒါတောင် ကန်တော့ပစ္စည်းက သိပ်တန်ဖိုးကြီးလာလျှင် အဖေက မယူဘဲ ငြင်းလွှတ်လိုက်စမြဲ။

အဖေသည် ငွေကြေးမချမ်းသာခဲ့သော်လည်း တပည့်တပန်း ချမ်းသာသည်။ ချစ်ခင်ကြည်ညို လေးစားသူတွေ ချမ်းသာသည်။ အဖေ့ဘက်ကတော့ အမေက အိမ်ရှင်မသက်သက်ပင်။ တင်းတိမ်ရောင့်ရဲခြင်းဖြင့် ဘဝကို ချို့ချို့ငဲ့ငဲ့ဖြတ်သန်းနေကြချိန်မှာပင် အဖေ ရုတ်တရက် ကွယ်လွန်သွားခဲ့သည်။

မမျှော်လင့်ဘဲ မုဆိုးမဖြစ်သွားခဲ့ရသော အမေသည် သားသမီး



www.burmeseclassic.com

www.burmeseclassic.com



၅ ယောက်နှင့်အတူ မျက်နှာငယ်ငယ် အားကိုးရာမဲ့စွာ ကျန်ရစ်ခဲ့ပေမည့် အမေက အချက်အပြုတ်ကောင်းသူဖြစ်သည်။ သည့်တော့ ထိုအချက်အပြုတ်ကောင်းခြင်းကို အားကိုးကာ ဆရာကတော်ဘဝမှသည် မုန့်ဟင်းခါးသည်ဘဝသို့ ကူးပြောင်းခဲ့ရ၏။ သားသမီး ၅ ယောက်အနက် ရန်နိုင်က အကြီးဆုံးသောသား ဖြစ်သည်။ ခြောက်တန်း ကျောင်းသားလေးဘဝကတည်းက အမေ့လက်ရုံး၊ အမေ့ကူဖော်လောင်ဖက်အဖြစ် ရပ်တည်လာခဲ့ရ၏။ အစ်ကိုကြီးတော့ အဖအရာဆိုသလို မိသားစုတာဝန်ကို အမေနှင့်အတူ ဘက်ညီညီ ဝန်းထမ်းလာခဲ့ရ၏။

သည်လိုဖြင့် မုန့်ဟင်းခါးသည်မုဆိုးမအမေသည် ရန်နိုင့်ကို ဘွဲ့ရပညာတတ်ဖြစ်စေခဲ့ပြီး မြို့လယ်က ရုံးတစ်ရုံးတွင် ဝန်ထမ်းတစ်ဦးဘဝ ရောက်သည်အထိ ပျိုးထောင်ပေးခဲ့သည်။ ခုတော့ ရန်နိုင်ကလည်း ကိုယ်ပိုင်ဝင်ငွေကလေး ရှိနေပြီ။ ထို့ကြောင့် တစ်ဖက်တစ်လမ်းက အမေ့အတွက် အထောက်အကူရလာခဲ့ပြီဆိုသော်ငြား ရန်နိုင့်အောက်က ညီမနှစ်ယောက်နှင့် ညီလေးနှစ်ယောက်၏ တာဝန်တွေက ရှိနေသေးသည်။ မိသားစုကလေး ရပ်တည်နိုင်မှုအတွက်တော့ အမေနှင့် ရန်နိုင်တို့နှစ်ယောက် ဘက်ညီညီဖြင့် ကြိုးစားရုန်းကန်နေကြရဆဲသာ ဖြစ်ပါသည်။

မနေ့က ကိုတင်မြင့်နှင့် ရုပ်ရှင်အတူကြည့်ပြီး လမ်းခွဲကာ ပြန်လာခဲ့တော့ အိမ်ရောက်သည်နှင့် ထုံးစံအတိုင်း အမေ့ကို ဝင်ကူဖြစ်သည်။ အဲဒီမှာ သတိမထားမိဘဲ ညှော်အိုးကို ဝင်ကိုင်လိုက်မိရာ နောက်တစ်နေ့နက်ရောက်တော့မှ ဒဏ်ရာက အခြေအနေတိုးပွားနေကြောင်း သိရတော့၏။ ခြေဖမိုးကြီးတစ်ခုလုံး ရောင်ကိုင်းနေကာ ခုံးခုံးကြီးဖြစ်နေ၏။

အိပ်ရာထကတည်းက ခြေတစ်ဖက် ထော့နင်းထော့နင်းဖြစ်နေသည်။ အဆိုးဆုံးကား ထိုခြေဖမိုးမှ ဒဏ်ရာကို အကြောင်းပြုကာ ညာဘက်ပေါင်ခြံတွင် ပေါင်မွေးမေခုသည်ဆိုရမည့် အကျိတ်ထွက်လာခြင်းပင်။ ခုတော့ အနာက ဟိုသီချင်းထဲကလို မြန်မာ့တန်ခိုးနှင့် နှစ်ဆတိုးကာ နှစ်နေရာဖြစ်နေ၏။ ခြေဖမိုးက တစ်မျိုး၊ ပေါင်ရင်းက တစ်မျိုး။

သူ ထော့နင်းထော့နင်းဖြစ်နေတော့ အမေက မေး၏။ အဲဒီတော့မှ နေ့ကကြုံခဲ့ရပုံကို ရန်နိုင်က ပြန်ရှင်းပြရင်း ကောက်ရလာခဲ့သည့် ဖု(ဒ်)ချိန်း





ရှေကြိုးကလေးကို ထုတ်ပြလိုက်သည်။ အမေက ရှေကြိုးကလေးကို ထိုင်ကြည့်ကာ မှတ်ချက်ချသည်။

'သားပြောသလိုဆိုရင်တော့ အဲဒီကလေးမလေးရဲ့ ကြိုးကလေးပဲဖြစ်ဖို့များပါတယ်ကွယ်၊ ဥစ္စာရင်းမှန်ရင် ဥစ္စာရှင်ထံ မဖြစ်မနေပြန်တတ်တယ်တဲ့ သားရဲ့၊ ကံနည်းနည်းနဲ့တော့ အဲဒီကလေးမနဲ့ သားနဲ့ ပြန်ဆုံဖြစ်ကြလိမ့်မယ်လို့ အမေထင်တယ်၊ ခုလောလောဆယ် ပြန်မတွေ့သေးခင်တော့ သေသေချာချာ ထိန်းသိမ်းထားလိုက်ပါ သားရယ်၊ မိန်းကလေးလည်း သူ့ပစ္စည်းကလေး သူကျကျန်ခဲ့မှန်းသိရင် နှမြောရှာမှာပေါ့'

'ဟုတ်ကဲ့ပါ အမေ၊ ကျွန်တော်ကလည်း အလွဲသုံးစားလုပ်ပစ်ဖို့ စိတ်မကူးပါဘူး၊ ဒါပေမဲ့ မနေ့က ဒဏ်ရာကတော့ ဒီကနေ့ ပိုဆိုးလာတယ် အမေရေ'

'ဒါဖြင့် ငါ့သား ဒီနေ့ ရုံးမတက်ဘဲ ခွင့်ယူလိုက်ပါလား၊ ကိုယ့်မှာဒဏ်ရာရလာတာကို ဝင်လုပ်ရသလား သားရယ်၊ အမေကလည်း မသိတော့ကြက်သွန်ဖြူဆီသတ်တဲ့ တကယ့်အညှော်အိုးကိုမှ ခိုင်းလိုက်မိတယ်'

အမေက စိတ်မကောင်းဖြစ်နေသည်။ ရန်နိုင်က ပြန်နှစ်သိမ့်လိုက်ရသည်။

'ရပါတယ် အမေရယ်၊ သိပ်ဆိုးဆိုးရွားရွား မဟုတ်ပါဘူး၊ ရုံးမတက်နိုင်လောက်အောင် အကြီးအကျယ်မှမဟုတ်ဘဲ၊ မောရိယမန်းဆေးတို့ဘာတို့ ဝယ်သောက်လိုက် တိမ်းလိုက်ရင် သက်သာသွားမှာပါ'

'ဒါဆိုရင်လည်း ကြိုးသဘောပဲလေ၊ ဒီသုံးလေးရက်တော့ မင်းဘာမှဝင်မလုပ်နဲ့ဦး၊ အငယ်မတို့ကိုပဲ ခိုင်းမယ်၊ သူတို့ ညှော်အိုးလုပ်ရင်တောင် မင်းက ရှောင်နေဦးမှဖြစ်မယ်'

'ရပါတယ် အမေရာ၊ စိတ်ပူမနေပါနဲ့'

'အေးပါလေ… မပူပါဘူး၊ ဒဏ်ရာမြန်မြန်သက်သာအောင်လို့သာပြောတာပါ၊ အဲ… ခုမှ သတိရတယ်၊ သားသူငယ်ချင်းလို့ပြောတယ်။ မနေ့က မနက်ပိုင်းကတည်းက မင်္ဂလာဆောင်ဖိတ်စာတစ်ခု ရောက်နေတယ်၊ အဲဒါ သားကိုမပြောရသေးဘူး၊ ဖိတ်စာက အဝတ်ဗီရို အပေါ်ထဲက ခွဲထဲမှာ ထည့်ထားတယ်'

www.burmeseclassic.com



ရေမိုးချိုးပြီးတော့မှ အမေပြောသည့် ဖိတ်စာကို ရန်နိုင် ယူကြည့်လိုက်သည်။

သတို့သားက ဇော်ဇော်ဝင်းတဲ့။ သေချာသည်။ သူ့သူငယ်ချင်း။ တက္ကသိုလ်မှာတုန်းက အတူတွဲခဲ့သည့် သူငယ်ချင်းဖြစ်နေသည်။ ညှိခံမည့် မင်္ဂလာအချိန်ဆိုတာကို ကြည့်လိုက်တော့ ညနေလေးနာရီမှ ခြောက်နာရီတဲ့။ သည်ကောင့် မင်္ဂလာဆောင်ကတော့ မသွားလို့မဖြစ်။

'ဟုတ်တယ် အမေ၊ ကျွန်တော့်သူငယ်ချင်း ဇော်ဇော်ဝင်းရဲ့မင်္ဂလာဆောင်ပဲ၊ ဒီကောင်ကတော့ မသွားလို့မဖြစ်ဘူး၊ ညနေ ကျွန်တော် အိမ်ပြန်နောက်ကျမယ်နော်၊ အဲဒီမင်္ဂလာဆောင် ဝင်ရဦးမယ်'

အဝတ်အစားလဲရင်း အမေ့ကို တစ်ခါတည်း မှာရ၏။ ပြီးမှ ခြေထောက်နာကြီးဖြင့်ပင် ရုံးသို့ထွက်လာခဲ့ရသည်။

ရုံးကိုရောက်တော့ အပေါ်ထပ်သို့ မတက်ရသေးခင်မှာပင် ရုံးအောက်ထပ် လက်ဖက်ရည်ဆိုင်ထဲမှ လက်ခုပ်တီးသံနှင့်အတူ 'ဟေ့ကောင်… ရန်နိုင်'ဆိုသော အော်ခေါ်သံကို ကြားရ၏။ လှမ်းကြည့်လိုက်တော့ သူတို့ထိုင်နေကျစားပွဲတွင် ထိုင်နေသော ကိုတင်မြင့်နှင့် ကိုကျော်ဝင်းကို မြင်ရသည်။ ထို့ကြောင့် သူတို့စားပွဲဝိုင်းသို့ လျှောက်သွားလိုက်သည်။

'မင်းက ဘယ်လိုဖြစ်လာတာလဲကွ၊ ထော့ကျိုး ထော့ကျိုးနဲ့ ရိုးမှရိုးရဲ့လား'

ကိုကျော်ဝင်းက မျက်မှောင်ကြုတ်၍ကြွသွို့ကာ ဆီးကြိုမေးသည်။

'မနေ့ကပေါ့ဗျာ၊ အကုသိုလ်ဝင်ချင်တော့ သူများပြတဲ့ ရုပ်ရှင်ကလေးတစ်ပွဲ ဝင်ကြည့်မိပါတယ်၊ ခြေဖမိုးမှာ ဒဏ်ရာရသလေ'

ရန်နိုင်က ကုလားထိုင်လွတ်တစ်လုံးမှာ ဝင်ထိုင်ရင်း စကားပြန်လိုက်တော့ ကိုတင်မြင့်က မျက်လုံးပြူးနှင့် လှမ်းကြည့်၏။

'အဆန်းပါလားကွ၊ ရုပ်ရှင်ကြည့်တာနဲ့ မဆီမဆိုင် ခြေဖမိုးက ဒဏ်ရာရရတယ်လို့၊ ဘယ်လိုဖြစ်တာတုံး၊ ဘယ်သူများ ပေါက်ပေါက်ရှာရှာနဲ့ မင်းကို ရုပ်ရှင်ပြပြန်သတုံး'

ရန်နိုင်က ပြန်ဖြေဖို့ ပါးစပ်ပြင်နေဆဲမှာပင် ကိုတင်မြင့်က ကြားဖြတ်၍ စွတ်ဝင်ပြောသည်။





'အဲဒါ နောက်မှရှင်းပြပါကွာ၊ လောလောဆယ် လက်ဖက်ရည်သောက်စမ်းပါ၊ အဲ… မင်းအတွက် လက်ဖက်ရည်ဖိုးကို ငါ့ဘီလ်ထဲ ပေါင်းမှတ်လိုက်၊ ဒီကနေ့ မင်းကို ငါတိုက်မယ်'

သူ့ကို နှုတ်ပိတ်ရန် လက်ဖက်ရည်နှင့် လာဘ်ထိုးလိုက်မှန်း ရန်နိုင် သိလိုက်၏။

'အလို… ဖိုးတင်မြင့်၊ အဲဒါက ဘယ်လိုဖြစ်ရတာတုံး၊ ရှေ့မှာ အတူတူထိုင်သောက်နေတဲ့ ကျုပ်ကိုကျတော့ တစ်ခွန်းတစ်ပါဒမျှ မဟဘဲနဲ့ နောက်မှရောက်လာတဲ့ ရန်နိုင့်အပေါ်ကျမှ ဘယ်သဘောနဲ့ စေတနာတွေ ချီးကမ်းပြို လိုက်နေရသတုံး၊ ရိုးမှရိုးရဲ့လား၊ ဒါ အကြောင်းရှိရလိမ့်မယ်'

ကိုကျော်ဝင်းက လက်ဖက်ရည်တစ်ငုံကျိုက်ချရင်း ဝင်မေးသည်။

'ဒီကောင် ဒီနေ့ပိုက်ဆံကုန်ရမယ်လေ၊ အဲဒီအကြောင်းကို ခင်ဗျားလည်း သိပြီးသားပဲ၊ ဒါ့ကြောင့် သူ့လက်ဖက်ရည်ဖိုးကလေး ဝင်ဒကာခံတာ'

'သြော်… ဟုတ်ပြီ၊ စောစောက ကောင်မလေးတစ်ယောက် အသွားတဲ့ကိစ္စလား၊ အင်း… အင်း… ဒီလိုဖြင့် သဘာဝကျပေသားပဲ၊ မှတ်စေဗျား၊ ကဲ… ပြောပါဦး၊ ဘယ်လိုဖြစ်တယ်ဆိုတာ'

ကိုကျော်ဝင်းက ဆက်မေးသည်။ ကိုတင်မြင့်က ရန်နိုင့်ကို ကြောင်ကြသောအကြည့်ဖြင့် ကြည့်၏။

'ဘယ်လိုဖြစ်သလဲဆိုတော့ ကောင်မလေးတစ်ယောက်က ဒေါက်ဖိနပ်နဲ့ တက်နင်းသွားလို့ဗျို့၊ ဒါ့ကြောင့် ခြေဖမိုးမှာ ဒဏ်ရာရတာ၊ အဲဒါကို အိမ်ကျတော့ ကြက်သွန်ဖြူ ဆီသတ်တဲ့သြော်အိုး ဝင်ကိုင်လိုက်မိတော့ နောက်မြင်ရတဲ့အတိုင်း ထော့ကျိုးဖြစ်ရတော့တာပေါ့၊ ရုပ်ရှင်ပြတာက အိမ်နားက အသိတစ်ယောက်ကပါ'

ရန်နိုင် လီးလွှဲပြောလိုက်တော့မှ ကိုတင်မြင့်က သက်ပြင်းကြီး ချိုတ်၍ချလေသည်။

'နေပါဦး… စောစောက ခင်ဗျားတို့နှစ်ယောက် ပြောတာတွေက ဘာတွေလဲ၊ ဒီကောင် ဒီနေ့ ပိုက်ဆံကုန်ရမယ်ဆိုတာက ဘာလဲ'

'အေး… ငါတို့ကလည်း အဲဒီအကြောင်း မင်းကို စစ်ဆေးမေးမြန်း



www.burmeseclassic.com

www.burmeseclassic.com



ရအောင်လို့ စောင့်နေကြတာပဲကွ၊ စောစောတုန်းက ကောင်မလေးတစ်ယောက် လာသွားတယ်၊ မင်းကိုမေးတယ်၊ မင်း မရောက်သေးဘူးဆိုတော့ စာတစ်စောင်ရေးပေးသွားတယ်၊ ရော့… အဲဒီစာ'

ကိုကျော်ဝင်းက သူ့အင်္ကျီအိတ်ထဲမှ စာရွက်ခေါက်ကလေး တစ်ခု ထုတ်ပေး၏။ ရန်နိုင် လှမ်းယူလိုက်ကာ ဖွင့်ကြည့်လိုက်သည်။

ရန်နိုင်

ဖော်ဖော်ဝင်း မင်္ဂလာဆောင်က နင့်ကို ဖိတ်တာ မဟုတ်လား၊ ငါ့ကိုလည်း ဖိတ်ထားတယ်၊ ညနေ ငါတို့ အတူတူသွားရအောင်၊ နင် ရုံးမှာ စောင့်နေ၊ ငါ လာခဲ့မယ်။

မေနိုင်

လက်စသတ်တော့ မေနိုင်ရဲ့စာကိုး။ ရန်နိုင် အကြိတ်ကျသွားသည်။ သူကိုယ်တိုင်လည်း ညနေကျလျှင် ဖော်ဖော်ဝင်း မင်္ဂလာဆောင်ကိုသွားဖို့ ဘယ်သူ့ကို အဖော်လုပ်ရပါ့မလဲဟု စဉ်းစားလာခဲ့မိတာ ဖြစ်သည်။ အရေးထဲကျမှ မေနိုင့်ကို သတိမေ့နေ၏။ ခုတော့ ဟန်ကျသွားပြီ။ တစ်ယောက်တည်း ကြောင်စီစီချိတက်ရမည့်ဒုက္ခက ကင်းလွတ်သွားပြီ။ တစ်ဆက်တည်း သူ့ကို သတိရဖော်ရသော မေနိုင့်ကို ကျေးဇူးတင်လိုက်မိသည်။

'အဲဒီ မေနိုင်ဆိုတာ ဘယ်သူလဲ၊ မင်း ကောင်မလေးလား၊ တို့ရုံးကို တစ်ခါမှ မလာဖူးပါဘူး၊ အဲဒါကို စစ်မေးရအောင်လို့ ငါတို့ စောင့်နေတာ'

ကိုကျော်ဝင်းက မေး၏။

'ဘုရားပေးပေး ကျမ်းပေးပေးပါဗျာ၊ သူငယ်ချင်းပါ၊ အခု မင်္ဂလာဆောင်တဲ့ သတို့သား ဖော်ဖော်ဝင်းဆိုတာကလည်း ကျောင်းတုန်းက သူငယ်ချင်းပဲ၊ ဒါ့ကြောင့် ဒီကောင့် မင်္ဂလာဆောင်ကို အတူတူသွားကြဖို့ မေနိုင်က ကျွန်တော့်ကို ဒိတ်လုပ်တာပါ၊ သူ့ကိုလည်း ဖိတ်ထားတယ်တဲ့'

'ဩော်… ဒီလိုလား၊ မသိပါဘူး၊ ရုံးကို မင်းညီမလေးတွေက လွဲလို့ ဘယ်သူ့စိမ်းမိန်းကလေးမှ မင်းနဲ့ပတ်သက်ပြီး လိုက်မလာဖူးလို့ မေးကြည့်တာပါ၊ ဘာပဲပြောပြော မင်းက ဒီနေ့ မင်္ဂလာဆောင်သွားရမယ်





ဆိုတော့ လက်ဖွဲ့ဖို့ ပိုက်ဆံကတော့ မလွဲမသွေ ကုန်ရတော့မှာလေ။ ဒါ့ကြောင့် ကိုတင်မြင့်က ဒီကနေ့ မင်းကို လက်ဖက်ရည်ဖိုး ဝင်အကုန်အကျခံတာပေါ့'

ကိုကျော်ဝင်းရှင်းပြတော့မှ ရန်နိုင် သဘောပေါက်ကာ ခေါင်းညိတ်ညိတ်သွားသည်။

'ဩော်… ဒါ့ကြောင့် ကိုကြီးတင်မြင့်က ကျွန်တော့်လက်ဖက်ရည်ဖိုးကလေးကို ဝင်ခံတာဆိုပါတော့လေ၊ တော်တော်စေတနာသဒ္ဓါတရားထက်သန်တယ်နော်၊ သာဓုပါဗျာ၊ သာဓုပါ'

ရန်နိုင်က ခပ်ငေါ့ငေါ့လေသံဖြင့် သာဓုခေါ်လိုက်တော့ ကိုတင်မြင့်က ပြုံးပြုံးကြီးလုပ်နေ၏။ သူ့အကြောင်းသူ သိပြီးသားဖြစ်နေပေသကိုး။ ကိုကျော်ဝင်းက မသင်္ကာသောလေသံဖြင့် ဝင်မေး၏။

'အဲဒီကောင်မလေးက မင်းအဆက်မဟုတ်တာတော့ သေချာတယ်နော်'

'တကယ်ပါဗျာ၊ သူငယ်ချင်းပါ၊ ပြောမနာဆိုမနာ အင်မတန်ရင်းနှီးတဲ့ သူငယ်ချင်းတွေထဲကပါ'

'တော်ကဲ… နာတာပဲကွာ၊ ငါက မင်းအဆက်ကလေး ဖြစ်ပါစေဆုတောင်းနေတာ'

'ဘာဖြစ်လို့လဲ ကိုကြီးကျော်ဝင်းရ'

'ဘာမှဖြစ်လို့မဟုတ်ဘူး၊ ငါက သူနိုးသေဖော်ညှိချင်နေတာလေ၊ ကိုယ်က အိမ်ထောင်ဆိုတဲ့ထောင်ကြီးထဲ ဘုံးခနဲ အုံးခနဲပစ်ကျပြီးသားထောင်သားတစ်ယောက်ဖြစ်သွားလေတော့ ကျန်တဲ့ကောင်တွေကိုလည်း ကိုယ့်လိုပဲ ဘဝတူထောင်သားတွေ ဖြစ်စေချင်နေတာ၊ လွတ်လွတ်လပ်လပ် သွားဟယ် လာဟယ်နဲ့ ပျော်ရွှင်မြူးထူးနေတဲ့ လူပျိုလူလွတ်တွေမြင်ရရင် အလိုလိုနေရင်းကို ကြည့်မရဘဲ မနာလိုဖြစ်နေတာကွ'

'မလုပ်ပါနဲ့ဗျာ၊ ကိုယ့်ဝင်ငွေကလေးနဲ့ကိုယ်မှ မနည်း မြိုးမြိုးမြက်မြက်စားနေရတာပါ၊ အပူမရှာရဲပါဘူး'

ရန်နိုင်က လက်ဝါးကာပြရင်းပြောလိုက်တော့ ကိုကျော်ဝင်းက ပြုံးလိုက်၏။

'အေးပေါ့လေ… ခုနေတော့ ကြီးကြီးကျယ်ကျယ် ပြောထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဦးပေါ့၊ တော်ကြာကျ ငါ့သူငယ်ချင်း ကျောင်းဆရာပြောသလို 'ငါကို မသိလိုက်ရဘူး မောင်ရေ'ဆိုတဲ့ကိန်း ဆိုက်ဦးမှာပါပဲ'

'လုပ်စမ်းပါဦး၊ အဲဒီစကားကို'

ကိုတင်မြင့်က ဝင်မေးသည်။

'ဒီလိုလေ… ငါ့သူငယ်ချင်း ကျောင်းဆရာက အထက်တန်းပြဆိုတော့ ၉ တန်း၊ ၁၀ တန်း လူပျိုပေါက် အပျိုပေါက်အရွယ်ကလေးတွေကို သင်ရတာကိုး၊ အဲဒီမှာ ကောင်မလေးတစ်ယောက်က လာလာတိုင်သတဲ့ဟေ့ ဆရာ ဘယ်ကျောင်းသားက ကျွန်မကို စာပေးလိုက်တယ်၊ စကားလိုက်ပြောတယ်နဲ့၊ အဲဒါနဲ့ပဲ သူလည်း ကောင်လေးတွေခေါ်ခေါ်ပြီး ဆုံးမရ၊ တားဆီးရနဲ့ အလုပ်တွေရှုပ်ရသပေါ့၊ နောက်တော့ အဲဒီလို အတိုင်အတောအင်မတန်ထူတဲ့ ကျောင်းသူကလေးဟာ စာမေးပွဲတောင် မဖြေလိုက်ရဘူး၊ ကျောင်းသားကောင်လေးတစ်ယောက်နဲ့ လိုက်ပြေးသွားရောတဲ့၊ ဒီတော့ ငါ့သူငယ်ချင်းက ညည်းတယ်၊ နင့်အဘကလွှား၊ သူ့ကို စာလိုက်ပေး၊ စကားလိုက်ပြောတဲ့ ကျောင်းသားမှန်သမျှကို ငါ့ကို လာလာတိုင်လို့ ကောင်မလေးမဆိုးဘူး ပညာရေးပဲ အဓိကထားဟန်ရှိတယ်၊ ဒီလိုကျောင်းသူမျိုးတော့ စိတ်အနှောင့်အယှက်မဖြစ်ရစေဘဲ ပညာကို ဖြောင့်ဖြောင့်ကြိုးစားနိုင်ပါစေဆိုပြီး သူလာတိုင်သမျှ ကောင်လေးတွေကို ငါက ခေါ်ခေါ်ပြီး ကြိမ်းတန်ကြိမ်း၊ ချော့တန်ချော့နဲ့ ဖြေရှင်းလိုက်ရတာ၊ ဟော… သူ တကယ်ကြိုက်တဲ့ ကောင်လေးနဲ့ကျတော့ ဘယ်အချိန်က ရည်းစားဖြစ်လိုက်မှန်း ငါကို မသိလိုက်ရဘူး မောင်ရေ၊ သင်းလည်း လိုက်ပြေးရော၊ သင်းနဲ့ပတ်သက်ပြီး ငါ ခေါ်ခေါ်ဟန့်တားဆုံးမခဲ့ဖူးတဲ့ ကောင်လေးတွေက ကောင်းကောင်းဟားတာ ခံရတော့တာပဲကွ၊ ခုလည်း ဒီကောင်ဟာ အပူမရှာရဲပါဘူး၊ ဘာညာနဲ့ လေကြီးလေကျယ်ပြောပြီး အသံကောင်းဟစ်ပြနေတယ်၊ အကြိုက်မတွေ့သေးလို့ပါကွာ၊ တကယ်တွေ့လာတဲ့ အချိန်ကျရင် ငါ့သူငယ်ချင်းပြောသလို ငါကို မသိလိုက်ရဘူး မောင်ရေ၊ သြဘာပေးရဦးမှာပါပဲ'

ကိုကျော်ဝင်းစကားအဆုံးတွင် ကိုတင်မြင့်နှင့် ရန်နိုင်တို့ ရယ်လိုက်ကြသည်။

ရန်နိုင်က လက်မထောင်၍ ပြောလိုက်သည်။





'ဟုတ်ပါပြီလေ၊ စောင့်ကြည့်လိုက်စမ်းပါ၊ ဒီလောက် အစင်အဆောင် မြိုးခြဲ့ချွေတာနေရတဲ့ ကာလကြီးမှာ ကိုယ့်သေတွင်းကိုယ် မတူးရေးချရေး ထဲကပဲဗျို့၊ ကိုကြီးတင်မြင့်ဆိုရင်တော့ အခု သူတူးနေတဲ့တွင်းဟာ ခါးတစ်ဝက်လောက်တောင် ရောက်နေပြီဆိုရမယ်၊ အင်း… ကြားကနေတွေပြီး ရင်လေးမိပါသေးရဲ့ဗျာ၊ ကဲ… လက်ဖက်ရည်လည်းကုန်ပြီ၊ အပေါ်တက်တော့မယ်ဗျာ'

စကားကို အနိုင်နှင့်ပိုင်း၍ဖြတ်ကာ ရန်နိုင် စားပွဲက ထပြေးလာခဲ့တော့ နှစ်ယောက်စလုံး၏မေတ္တာပို့သံတွေ ဝေဝေဆာဆာ ကျန်ရစ်နေခဲ့၏။

သို့သော် ကိုကျော်ဝင်းကိုပင် 'ခင်ဗျားပြောတာ မှန်ပါတယ်ဗျာ'ဟု ပြန်ဖန်ခံချက်ပေးကာ အရှုံးပေး ဝန်ချတောင်းပန်ရမည့် အချိုးအကွေ့တစ်ခုက ရှေ့မှာ ဆီးကြိုနေခဲ့သည်ဆိုတာကို အဲဒီအချိန်တုန်းက ရန်နိုင် လုံးဝမသိရှိ မမှန်းဆနိုင်ခဲ့ပါ။ မှန်သည်။

တကယ်ကြုံမည့်ကြုံတော့ ထိုအချိုးအကွေ့က နောက်တစ်နေ့ မကူးခင်မှာပင် လောလောလတ်လတ်ကြီး ရင်ဆိုင်တိုးရလေတော့သည်ဟု ပြောရမလိုပင်ဖြစ်တော့၏။

ဘယ်လောက် ရင်ခုန်ဖို့ကောင်းသလဲ ဝတီ။ ချစ်ခြင်းရဲ့ပဥ္စလက်က ဘယ်လောက်လှပသလဲဆိုတော့ မနက်တုန်းကမှ လေကြီးလေကျယ် ပြောခဲ့မိတဲ့နေ့ရဲ့ ညနေဘက်မှာပဲ ဝတီနဲ့တို့ ထိပ်တိုက်တိုးခဲ့ကြတယ် မဟုတ်လား ကွယ်။

*

www.burmeseclassic.com

www.burmeseclassic.com

ညနေဘက် ရုံးဆင်းတော့ သူမစာရေးထားခဲ့သည့်အတိုင်း မေနိုင်က ရောက်လာသည်။

တကယ်တော့လည်း ရန်နိုင်နှင့် မေနိုင်တို့ အလုပ်ဌာနတွေက သိပ်ဝေးလှသည် မဟုတ်။ မေနိုင်က ပြန်ကြားရေးဝန်ကြီးဌာနရုံးမှာ လုပ်ပြီး ရန်နိုင်က ခြောက်ထပ်ရုံးမှာလုပ်သည့် ဝန်ထမ်းဖြစ်လေတော့ ရုံးချင်းက သိပ်ဝေးလှသည်မဟုတ်။ မေနိုင်က ပန်းဆိုးတန်းလမ်းမကြီးမှ အောက်ဘက် ကမ်းနားလမ်းဘက် ဆင်းလျှောက်လာခဲ့ရုံပင် ဖြစ်သည်။ —

'ဟဲ့… မနက်က ငါ စာရေးပေးထားခဲ့တာ ရတယ်မဟုတ်လား'

မေနိုင်က တွေ့တွေ့ချင်းမေးသည်။

'ရတယ်… ငါလည်း အဲဒါကြောင့် စောင့်နေတာ'

'သေနာကောင်… နင် ငါ့ကို မေ့နေတယ်မဟုတ်လားဟဲ့၊ ငါက တော့ တွေးပြီးသား၊ ဇော်ဇော်ဝင်းဟာ နင့်ကို သေချာပေါက် ဖိတ်ကိုဖိတ်ရမယ်လို့'

မေနိုင်က အငေါ်တူးသံဖြင့် ပြော၏။

ရန်နိုင်က ရယ်ကျဲကျဲဖြင့် ဝန်ခံလိုက်ပြီး မေနိုင့်နောက်သို့ ရန်နိုင် လိုက်ခဲ့ရတော့သည်။ ပန်းဆိုးတန်းလမ်းမ ကြီးပေါ်က စတိုးဆိုင်တစ်ဆိုင်ကို ဝင်ကြပြီး လက်ဖွဲ့တွေ အသီးသီးဝယ်ကြတာ ပက်ကင် ထုပ်နိုင်းလိုက်၏။

'လက်ဖွဲ့ပစ္စည်းတွေကတော့ ဝယ်ပြီးပါပြီတဲ့၊ အဲဒါနဲ့ မေးရဦးမယ်၊ ဇော်ဇော်ဝင်းတို့ ညစ်ခံပွဲလုပ်မယ့်နေရာက နင်ရောက်ဖူးသွားဖူးသလား'

ရန်နိုင်ကမေးတော့ မေနိုင်က ခေါင်းခါပြကာပြော၏။

'ဟင့်အင်း… နင်ရော'

'ငါလည်း ထိုနည်းလည်းကောင်းပဲ'





မေနိုင်က သူ့ဆွဲခြင်းကလေးထဲမှာ အသင့်ထည့်လာခဲ့သော မင်္ဂလာ ဖိတ်စာကို ထုတ်ကြည့်၏။

***တိပိဋကကျောင်းတော်***

***အမှတ် ၁၂၊ ကောဇဝါလမ်း၊ ဘုရားကြီးနှင့် လျှောက်ပြီး***

တဲ့ဟာ၊ နိုင်ငံခြားရေးဝန်ကြီးဌာနရုံးအနီးတဲ့၊ ဖိတ်စာထဲမှာ လမ်းညွှန်လည်းပါပြီးသားပဲ၊ ပဲခူးကလပ် မှတ်တိုင်ဆင်းပါရန်တဲ့။ ဟဲ့… ဒါဆိုတော့ ဖြည်လမ်းကြောပဲ၊ (၄၅)လည်း ရောက်တာပဲဟာ၊ တို့ ဆူးလေဂိတ်စက သွားစီးရအောင်'

မေနိုင်က မင်္ဂလာဖိတ်စာပေါ်မှ လမ်းညွှန်ချက်ကို ဖတ်ပြီးပြော၏။

'အေးလေ… သွားပေါ့'

မေနိုင်က 'ဟုတ်ပြီ'ဟုဆိုကာ ရှေ့က ခပ်သုတ်သုတ်သွား၏။

'ဟ… နေပါဦးဟာ၊ ညစ်ခံပွဲက ညနေ ၆ နာရီမှ ပြီးမှာပါ၊ ခုမှ ၄ နာရီတောင် မခွဲသေးဘူး၊ နင်က ဘယ်လိုကြောင့် ဖွတ်လောနေရတာ တုံး၊ ဖြည်းဖြည်းသွားပါ'

ရန်နိုင့်တောင်းပန်သံကြောင့် မေနိုင် လှည့်ကြည့်သည်။ ထော့ကျိုးထော့ကျိုးဖြင့် လျှောက်နေရသော ရန်နိုင့်ကိုကြည့်ကာ မျက်မှောင်ကြုတ်သွားသည်။

'နေပါဦး၊ နင် လမ်းလျှောက်တာက ခြေတစ်ပေါင်ကျိုးနဲ့၊ ဘယ်လိုဖြစ်ရတာတုံး'

စကားအဆုံးမှာပင် ရန်နိုင့်ခြေထောက်ကို ငုံ့ကြည့်သည်။ ဖူးရောင်ကာခုံးထနေသော ညာဘက်ခြေဖမိုးကို မေနိုင် မြင်သွားသည်။

'ဟင်… နင့်ခြေထောက်တစ်ဖက်က ရောင်ကိုင်းနေပါလား၊ ဘာဖြစ်တာလဲ'

'မနေ့ကမှ ခိုက်မိထားတာဟ၊ အကြောပေါ်တည့်တည့်ကျလို့ နာနေတာ၊ လမ်းသွက်သွက်လျှောက်လို့မရဘူး၊ ဒါကြောင့် ဖြည်းဖြည်းသွား ပါလို့ ပြောတာ'

'ဖြစ်ရမယ်၊ နင်ဟာလေ၊ အရေးဟဲ့ဆို အရာက ပေါ်နေနင့်ငဲ့ အစဥ်အလာကို ခုထိ ထိန်းသိမ်းထားတုန်းပဲနော်'

www.burmeseclassic.com

www.burmeseclassic.com

'မတတ်နိုင်ဘူးဟာ၊ ငါ့ဓာတာကိုက အဲဒီလိုချည်းပဲ၊ ထိခနဲဆို ကွဲနှင့်ပြီးပြီ၊ ဖြည်းဖြည်းလျှောက်ဟာ'

ရန်နိုင်က ထော့ကျိုးဖြစ်နေလေတော့ မေခိုင်လည်း မလောနိုင်တော့။ ရန်နိုင်နှင့်အတူ အိပ့်အိပ့်ဖြင့်သာ လိုက်လျှောက်ရတော့သည်။ မြို့တော်ခန်းမရှေ့ ၄၅ ဂိတ်မှ သူတို့ စောင့်စီးကြသည်။ လမ်းညွှန်အတိုင်း ပဲခူးကလယ်မှတ်တိုင်တွင် ဆင်းကြ၏။ နာရီကြည့်တော့ ၅ နာရီ ထိုးတော့မည်။ ပဲခူးကလပ်မှတ်တိုင်မှသည် နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးဘက်သို့ ပြန်လျှောက်ကြသည်။ ဘာမျှ မကြာလိုက်။ ဖိတ်စာထဲက လမ်းညွှန်အတိုင်း စကားဝါလမ်းကို တွေ့တော့၏။

စကားဝါလမ်းသွယ်ထဲသို့ ချိုးကွေ့ဝင်ကာ ဆက်လျှောက်လာခဲ့ကြသည်။ ထုံးစံအတိုင်း ရန်နိုင်က နောက်က၊ မေခိုင်က ရှေ့ကဖြစ်သည်။ လမ်းတစ်လျှောက် မျှော်ကြည့်လိုက်တော့ ရှေ့ခပ်ဝေးဝေးမှာ လမ်းဘေးချ၍ ရပ်ထားသော ကားစုစုကို မြင်ရ၏။ သေချာပြီ။ မင်္ဂလာဧည့်ခံပွဲကို လာကြသည့်ကားတွေပဲဖြစ်ရမည်ဟု ရန်နိုင် တွေးလိုက်၏။

အဲဒီ ခဏလေးမှာပဲ ဖြစ်သည်။ သူတို့နံဘေးကနေ ကားကလေးတစ်စင်း ညင်ညင်သာသာ ဖြတ်မောင်း၍ ကျော်တက်သွားသည်။ ဘာရယ်မဟုတ်။ လှမ်းကြည့်လိုက်တော့ ရန်နိုင့်အကြည့်တွေက အမှတ်မထင် ကားနောက်ပိုင်းက နံပါတ်ကလေးဆီ ရောက်သွားသည်။

ဟ… ဒီကား နံပါတ်ကို ငါ သိတယ်ဟု ချက်ချင်းအသိဝင်သည်။ ရန်နိုင် မျက်လုံးပြူးနေမိစဉ်မှာပင် ကားကလေးက တဖြည်းဖြည်းဝေးသွားသည်။ အဲဒီတော့မှ သူမှတ်ထားသောကား၏အရောင်ကို သတိတရ လှမ်းကြည့်လိုက်တော့ ရန်နိုင် ရင်ခုန်သွား၏။

ရွှေအိုရောင် ဖြစ်ပါသည်။

*

သူတို့မျက်နှာမူ၍ လျှောက်လာခဲ့သည့်အတိုင်းတွက်ရလျှင် မင်္ဂလာဧည့်ခံပွဲကျင်းပသည့် တိပိဋကကျောင်းတော်ဝင်းသည် လမ်း၏ ဘယ်ဘက်ခြမ်းမှာ ကျ၏။

'ရောက်ပြီဟဲ့ ရန်နိုင်ရဲ့၊ ကြည့်စမ်း… လူတောင် အတော်စည်နေပြီ၊ လက်ဖွဲ့ပုံကြီးကလည်း စားပွဲမှာ ဟီးထနေတာပဲ'

မေခိုင်က ကျောင်းပင်းဧရိယာထဲသို့ ချိုးကွေ့ဝင်လိုက်ရင်း ပြောနေ၏။ မှန်သည်။ ကျောင်းတော်ဝင်း၏ အတွင်းဘက်ဧရိယာမှာလည်း ကားတွေပြည့်နေသည်။ လက်စသတ်တော့ ကျောင်းဝင်းအပြင်ဘက် လမ်းဘစ်ဖက်မှာ ရပ်ထားသောကားတွေထက် အထဲမှာက လေးငါးဆ ပိုများနေဘာပါကလား။

'တို့ရောက်လာတာ အချိန်ကိုက်ပါပဲ မေခိုင်ရယ်၊ ဖြည်းဖြည်းဟာ၊ ငါ့ကိုစောင့်ဦး'

ရန်နိုင်က ထော့ကျိုးထော့ကျိုးနှင့် လျှောက်လိုက်ရင်းက အော်ပြောနေ၏။

ရှေ့ဘက်က ဧည့်ခံနေသော ခန်းမကျယ်ထဲမှာ ဧည့်ပရိသတ်တွေ ပြည့်နေပြီ။

သောက်ကျိုးနည်းဗျာ၊ ထိုင်စရာနေရာမှ ရပါဦးမလားဟု ရန်နိုင်တွေးလိုက်ရင်း မေခိုင့်နောက်က ခပ်ဖြည်းဖြည်း လျှောက်လိုက်လာခဲ့ဆဲ ဆိုသော် သူ့ခြေလှမ်းတွေ တစ်ခဏမျှ ရပ်တန့်သွားရ၏။ အဘယ့်ကြောင့်ဆိုသော် စောစောက သူတို့ကို ခပ်ဖြည်းဖြည်း ကျော်တက်သွားခဲ့သော ရွှေအိုရောင်ကားကလေးကို ခန်းမ ဝင် လမ်းနံဘေးမှာ ရပ်ထားတာ တွေ့လိုက်ရသောကြောင့် ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



ရန်နိုင် ခေတ္တရပ်ကာ အင်္ကျီအိတ်ထဲက အိတ်ဆောင်နှုတ်ဘုတ် စာအုပ်ကလေးကို ဆွဲထုတ်လိုက်၏။ သည်စာအုပ်ကလေးကတော့ လိပ်စာတွေ၊ ဖုန်းနံပါတ်တွေ စုပေါင်းရေးသွင်းထားရသည့် စာအုပ်ကလေးမို့ ရန်နိုင်သွားလေရာ အမြဲပါသော စာအုပ်ကလေးဖြစ်၏။

စာအုပ်ကလေးထဲက နောက်ဆုံးစာမျက်နှာကို မနေ့ကမှ ကိုတင်မြင့် လက်ဖဝါးပေါ်မှတစ်ဆင့် ကူးယူရေးသွင်းခဲ့သည့် 'ကားနံပါတ်နှင့်အရောင်မှတ်စု'ကို ရှာသည်။ တွေ့ပြီ။ က/····၊ (ရွှေအိုရောင်)တဲ့။

ရန်နိုင် တော်တော်ကို ဝမ်းသာသွားမိသလို တော်တော်ကြီးလည်း အံ့အားသင့်သွားမိသည်။ ကြည့်စမ်း၊ သူ့ရှေ့က လတ်တလော မြင်ရသော ကားကလေးသည် မနေ့ကမှ သူနှင့် ကိုတင်မြင့်တို့ နေပြည်တော်ရုံရှေ့လမ်းမပေါ်မှာ တားခဲ့ကြသည့် ကားကလေး ကေန်စင်စစ် ဖြစ်နေပါပကော။ ကောက်ရိုးပုံထဲကျပျောက်သွားသည့် အပ်ကို ပြန်တွေ့ရသည့်နှယ်ပင်။

သည်လောက် ကားတွေ၊ ကားတွေ ချောင်းရိုး မြောင်းရိုးထဲ ပေဒါအုပ်တွေ မျောနေကြသလို ပေါများလှသည့် ရန်ကုန်မြို့တော်ကြီးတွင် မိမိအလိုရှိနေသောကားကို နောက်တစ်နေ့မှာပဲ တိုက်တိုက်ဆိုင်ဆိုင် ပြန်တွေ့ရခြင်းမှာ နည်းနည်းနောနော ကုသိုလ်ကံမဟုတ်။ အတော်ကံကောင်း၍ ဖြစ်သည်။

ကားပေါ်ကိုကြည့်လိုက်တော့ လူတစ်ယောက်မျှ မရှိ။ သို့သော်လည်း ဒါကကိစ္စမရှိ၊ လူမရှိလည်း အကြောင်းမဟုတ်တော့။ ဘယ်လိုပဲဖြစ်ဖြစ် သည်ကားကို စောင့်ကြည့်ခြင်းအားဖြင့် သည်ကားပိုင်ရှင်ကို မလွဲမသွေ မြင်ရမှာပဲဖြစ်သည်ဟုတွေးကာ ရန်နိုင် အတော်အားတက်သွားသည်။

'ဟဲ့··· ရန်နိုင်၊ လာလေဟာ၊ အဲဒီမှာ ဘာလုပ်နေတာလဲ'

အပြင်ဘက် ခန်းမကျယ်ထဲက စားပွဲကုလားထိုင်တွေကတော့ အားလုံး လူပြည့်နေပြီဖြစ်သည်။

'အတွင်းဘက် ဧည့်ခန်းဆောင်ရှိပါသေးတယ်ခင်ဗျ၊ လာကြပါ၊ လာကြပါ'

'ကဲ··· အဲဒီအထဲက ကြိုက်ရာလွတ်ရာ စားပွဲမှာဝင်ထိုင် နေရာယူကြပါခင်ဗျ'





ရန်နိုင်တို့ကို ဦးဆောင်၍ ခေါ်လာခဲ့သော ပုဂ္ဂိုလ်က အတွင်းခန်းဆောင်တံခါးဝအထိ လိုက်ပို့ပေးပြီး ပြန်လှည့်ထွက်သွားသည်။

'ဟန်ကျတာပဲဟေ့··· ဒီအထဲက နည်းနည်းရှင်းတယ်၊ ရန်နိုင်လာဟ'

မေခိုင်က ရှေ့ကနေ ဦးဆောင်ပြီး သွက်သွက်လက်လက်ပင် ခန်းမဆောင်ထဲသို့ ဝင်၏။ ရန်နိုင်က နောက်က ခြေတစ်ပေါင်ကျိုးဖြင့် လိုက်ရ၏။

'ဟော့··· မေခိုင်၊ ဒီကိုလာ'

လက်ဝဲဘက်နံရံတွင် ကပ်နေသော စားပွဲတစ်လုံးမှ ခေါ်သံကြောင့် လှမ်းကြည့်လိုက်ကြတော့ အဲဒီစားပွဲမှာ ထိုင်နေနှင့်သော ကောင်မလေးတစ်ယောက်ကို မြင်ကြရ၏။ သူမက မေခိုင့်ကို ပြုံး၍ လက်ယပ်ပြခေါ်နေ၏။ မေခိုင်က ပြန်လက်ပြလိုက်ကာ ထိုစားပွဲဆီသို့ လျှောက်သွား၏။ ပြီးတော့ အဲဒီကောင်မလေးနံဘေးက ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။ ပြီးတော့ ရန်နိုင့်ကို လက်ယပ်ပြ၍ခေါ်သည်။

အဲဒီအချိန်မှာ ရန်နိုင် ဘာဖြစ်သွားပါသလဲ။ သူ့ကိုယ်သူပင် မသိလိုက်ချေ။

မေခိုင့်နံဘေးက ကောင်မလေး၏မျက်နှာကို လှမ်းကြည့်လိုက်မိသည်နှင့် တစ်ပြိုင်နက် ရန်နိုင့်တစ်ကိုယ်လုံး ရှိသမျှ သွေးလည်ပတ်မှုတွေ ရပ်ဆိုင်းသွားလေရော့သလား မသိ။ ညှို့ချက်ပြင်းလှသော စပါးကြီးမြွေတစ်ကောင်၏ ညှို့ကြိုးမှာ ကားခနဲမိသွားသော ယုန်သူငယ်လို ချက်ချင်းလက်ငင်းကြီး လူစင်စစ်ကနေပြီး မတ်တတ်ရပ်သေဖြစ်သွားတာ စက္ကန့်သုံးဆယ်လောက်တော့ ကြာလိမ့်မည်ထင်သည်။

'အာပါးပါးပါး··· ဘုရား··· ဘုရား··· ဘုရား'

ငရဲတွေ ငအုံတွေကြီးကာမှကြီးပေရော့။ ရန်နိုင်ကတော့ အဲသလိုပဲ ဘုရားတလိုက်မိသည်။ ကြည့်စမ်းပါဦး··· ဘုရားတ,ယူရလောက်သည့်အလှ။ အပ်ဖျားတစ်ထောက်စာမျှကလေးပင် အပြစ်ဆိုစရာရှာမတွေ့အောင် ပြေပြစ်ညီညာလွန်းသည့် လှတစ်မျက်နှာကလေး။

ရန်နိုင်သည် ပျားပန့်,ခပ်သွားလာနေကြသော ဧည့်ပရိသတ်များ

www.burmeseclassic.com



အလယ်မှာ တောင့်စန့်စန့်ကြီးရပ်ကာ ကြက်သေသေသွားသည်။ သူ့အဖြစ်က သူများတွေပြောသလို 'ငုတ်တုတ်မေ့'သွားခြင်းမဟုတ်။ သူ့အဖြစ်က 'မတ်တတ်မေ့'သွားခြင်းဖြစ်သည်။

ဘယ်လောက်လှတဲ့ ကောင်မလေးလဲဟု မမေးကြပါကုန်လင့်။ အိမ်တော်ပေါ်ကတစ်ဆင့် ပန်းကြဲနေသော ဥမ္မာဒန္တီကို မြင်သည့် ခဏတွင် သိဝိမင်းကြီး သတိလက်လွတ်ဖြစ်ပြီး ဆင်တော်ပေါ်က ကျွမ်းပြန်ကျသွားသည်ဆိုတာ သွေးထွက်အောင်မှန်တဲ့စကားပဲပဲဟု ထောက်ခံချက်ပေးချင်လောက်အောင်ပဲ ထိုကောင်မလေး၏ ဆွဲဆောင်မှုနှင့်အလှက ရန်နိုင့်ကို ဆတ်ဆတ်ခါသွားစေနိုင်ခဲ့၏။

ရင်ထဲတွင် တလှပ်လှပ်ဖြစ်လာပြီး အာခေါင်တွေ ခြောက်လာသလို ခံစားရ၏။ ရင်ထဲတစ်နေရာတွင် အပူငွေ့တွေ တရိပ်ရိပ်တိုးဝင် လှိုင်းခတ်နေကြသည်ဟု ထင်မိ၏။

'ဟဲ့… ရန်နိုင်၊ လာလေ၊ ဘာလုပ်နေတာလဲ'

မေခိုင့်ဆီက အသံထပ်ထွက်လာတော့မှပင် ရန်နိုင် ပြန်အသက်ဝင်လာသည်။ စောစောကတည်းက တော့ကျိုးဖြစ်နေသော ခြေထောက်က အဲဒီအချိန်မှာ မည်သည့်အားအင်မျှမရှိတော့သလို ပျော့ခွေသွားသည်ဟု ထင်ရ၏။ ထိုအခါ လူငယ်ကလေးတစ်ဦးဖြစ်သော ရန်နိုင်သည် ဘိန်းပြတ်သည့် ဘိန်းသမားတစ်ယောက်လိုသာ ခွေယိုင်ခြေလှမ်းတွေဖြင့် ထိုစားပွဲဝိုင်းသို့ တရွေ့ရွေ့ချဉ်းကပ်မိရလေသည်။ ကောင်မလေးနှင့် မျက်နှာချင်းဆိုင်ကခုံမှာ ဝင်ထိုင်မိရသည်။ ထိုကောင်မလေးနှင့် မေခိုင်တို့ ပြုံးပြုံးရယ်ရယ်နှင့် ဘယ်စကားတွေ ပြောနေကြမှန်း သူ မသိ။ သူ မကြား။ သည်တစ်ခါတွင်တော့ သူ 'ငုတ်တုတ်မေ့'ဖြင့် တစ်လှည့် တစ်ဖန် ညွှံခံနေမိခြင်း ဖြစ်၏။

ဖြန့်းခနဲ သူ့ပခုံးကို အားပါပါပုတ်ချလိုက်သော ရိုက်ချက်တစ်ခုကသာ သူ့အပေါ်ကျရောက်မလာခဲ့ပါလျှင် သူ ဘယ်နှမိနစ်လောက်အထိ ဆက်လက်၍ ငုတ်တုတ်မေ့ကိုယ်တော်ဖြစ်နေဦးမည် မပြောတတ်။ အခုတော့ သူ့ပခုံးကို ပူသွားအောင် အားပါးတရပုတ်ချလိုက်သော ပုဂ္ဂိုလ်ကိုပင် ကျေးဇူးတင်ရတော့မလိုရှိ၏။

ထိုရိုက်ချက်ကြောင့် လန့်ဖျပ်သွားကာ သူ သတိပြန်ဝင်လာ၏။





…ည့်ကြည့်လိုက်တော့ သူ့သူငယ်ချင်း သတို့သား ဇော်ဇော်ဝင်း။ ကျေးဇူး…ကြီးပါပေ့ မောင်မင်းကြီးသား။ သူ့ကို မိုးပေါ်က သိကြားမင်းကြီးဆင်းလာ၍…ယ်မလိုက်သလိုပင် ဖြစ်၏။

'မင်းနဲ့မေခိုင်တို့ အတူတူဝင်လာတာကို ငါ အစောကြီးကတည်း…က မြင်တယ်ကွ၊ ခုလို လာချီးမြှင့်တာ ကျေးဇူးပဲကွာ'

ဇော်ဇော်ဝင်းက ရန်နိုင့်လက်တွေကို ဆွဲဆုပ်ထားရင်း ဝမ်းသာအားရပြောသည်။ တစ်ဆက်တည်းပင် မေခိုင့်ကိုပါ လှမ်း…က်ဆက်…သည်။ …ြီးတော့ သတို့သမီးနှင့် ရန်နိုင်တို့နှစ်ယောက်ကို မိတ်ဆ…်ပေး၏။ …ကောင်မလေးကျတော့ ရန်နိုင်တို့နှင့် ပြောင်းပြန်ဖြစ်နေ၏။ သူမကတော့ သတို့သမီး၏သူငယ်ချင်း အသိမိတ်ဆွေဖြစ်နေသဖြင့် သတို့သမီးကပင် သတို့သားဇော်ဇော်ဝင်းနှင့် အဲဒီကောင်မလေးကို ပြန်မိတ်ဆက်ပေးတာ…ကြရ၏။

ထိုခဏမှာတော့ စကားအတော်များများ ပြောလိုက်ရ၍လား မသိ။ …န်နိုင့်စိတ်တွေ ပကတိပုံမှန်အခြေအနေသို့ ပြန်ရောက်သွား၏။ သူတို့စကား…ပြောနေစဉ်အတွင်းမှာပင် ဒံပေါက်ထမင်းပွဲတွေလည်း အားလုံး…ပြင်ဆင်တည်…ခင်းပေးပြီး ဖြစ်သွား၏။

'ကဲ… ငါတို့ တခြားဝိုင်းတွေကူးပြီး ညွှံခံလိုက်ဦးမယ်၊ အဲဒီမှာ အားရပါးရသာ အားပေးကြပေတော့၊ အဝသာစားကြ သူငယ်ချင်း၊ ဒံပေါက်…ပြီးရင် နောက်က ရေခဲမုန့်လာဦးမယ်'

ဇော်ဇော်ဝင်းက သူတို့ကို ခြုံ၍နှုတ်ဆက်လိုက်ပြီး အခြားစားပွဲ…ဆီသို့ ကူးသွား၏။

ဒံပေါက်ထမင်းပွဲကို ကမ်းခွန်းနှစ်ခွန်း ခပ်စားနေမိပေမည့် ရန်နိုင့်မှာ …ဘာအရသာမျှ မတွေ့သလိုကြီးဖြစ်နေ၏။ သူသိတာက လောလောဆယ်မှာ …ရင်ခုန်နေမိခြင်းကိုသာဖြစ်သည်။

'ဟဲ့… ရန်နိုင်၊ နင်က ဘာလို့ အဝေးကြီးထိုင်နေရတာတုံး… …တာ… ငါ့ဘေးကထိုင်ခုံကို လာ၊ နောက်လူတွေ လာထိုင်ကြဦးမှာလေ'

မေခိုင်က သူမနံဘေးက ထိုင်ခုံကို မေးဆတ်ပြရင်း လှမ်းပြော…ကြောင့် ရန်နိုင် ထိုင်ခုံရွှေ့ထိုင်လိုက်ရသည်။

www.burmeseclassic.com



'ကဲ… နီးနီးနားနားဖြစ်လာပြီဆိုတော့ မိတ်ဆက်ပေးမယ်၊ ဝတီ… သူက ငါ့သူငယ်ချင်းပဲ၊ ရန်နိုင်တဲ့၊ ခြောက်ထပ်မှာလုပ်တယ်'

မေခိုင်က မိတ်ဆက်ပေးသည်။ သည်နေရာမျိုးမှာတော့ ရန်နိုင်တို့က သွက်ပါသေးသည်။ စာစောက ကြက်ဖကြီးလည်လိမ်ခံထားရသလို ခေတ္တဖြစ်သွားသေးသော်လည်း ခုလို တရားဝင်မိတ်ဆက် သူက မိတ်ဆက်ပေးလာပြီဆိုသည့်အခါမျိုးကျတော့ ခပ်ပျော်ပျော်နှင့် 'ရော'ပစ်လိုက်ဖို့ သတိဝင်လာသေး၏။

'ဟုတ်ကဲ့… ရန်နိုင်ပါ၊ မှတ်ထားပါနော်၊ ခြောက်ထပ်ကြီးဘုရားမှာ အလှူရှင်တွေက အလှူခံပုံးထဲ ပိုက်ဆံထည့်ထည့်သွားတိုင်း ကြေးစည်ကြီးတီးပြီး ဆုတောင်းပေးတဲ့ နိမ္မာန်ဆော်ဟာ ကျွန်တော်ပေါ့'

ကောင်မလေး ပြုံးသွားသည်။ မေခိုင်က ရန်နိုင့်ကို မျက်စောင်းတစ်ချက်ပစ်ထိုးကာ–

'အလကားပြောတာ ဝတီရဲ့၊ ခြောက်ထပ်ရုံးမှာ အလုပ်လုပ်တာ'

'ဟုတ်လား… မသိပါဘူး၊ ခြောက်ထပ်မှာဆိုလိုက်တော့ နတ်ပြည်ခြောက်ထပ်မှတ်လို့၊ တာဝတိံသာလား၊ ယာမာလား၊ နိမ္မာနရတီလား မေးတော့မလို့'

မဆိုးဘူးဟ၊ ကောင်မလေးကလည်း ခေတ်ရဲ့သမီးပျိုပီပီ အမီလိုက်နိုင်သားပဲဟု ရန်နိုင် မနောရွှင်သွား၏။

'ရန်နိုင် သူ့ကိုလည်း မှတ်ထား၊ အာသာဝတီ'တဲ့။

'ဘာ… သာယာဝတီ၊ ဟုတ်လား၊ ဥက္ကံသုံးဆယ် အပျိုတွေချောတဲ့ လှိုင်ဘောလယ်လို့ပဲကြားဖူးတာ၊ သာယာဝတီသတွေလည်း ချောတာပဲနော်'

'ချောဆို ငါးရှဉ့်ပေါတဲ့အရပ်ကိုး၊ အဲလေ… မှားကုန်ပြီ၊ အာသာဝတီဟဲ့၊ အာသာဝတီ'

မေခိုင်က ထပ်ပြောသည်။

'ကြားပါတယ်၊ ကြားပါတယ်၊ အလကားနောက်တာပါ၊ အာသာဝတီဆိုတော့ နှုယ်နိုနတ်ပန်းပေါ့နော်၊ အဓိပ္ပာယ်ကလေးက ပပဝတီနဲ့ ညီအစ်မတော်တယ် ထင်တယ်၊ ပပဝတီက အထက်က အစ်မလားဟင်'



'ခန့်မှန်းချက်က မဆိုးပါဘူး၊ ကေန္နှ မိုးလေဝသဌာနမှာ လုပ်စားသေးတယ်နဲ့ တူတယ်'

'ဟုတ်ကဲ့… ဖားတွေလောက်မှန်အောင် မိုးရွာမယ့်သတင်း မထုတ်ပြန်နိုင်တာနဲ့ ပြန်ထွက်လာခဲ့တာပါ၊ ဒီအထဲ တောက်တဲ့ကတစ်မျောင်၊ သူက ဝင်ဝင်ပြီး မိုးလားလေလားနဲ့ လုပ်သေးတာလေ'

အာသာဝတီက မျက်ခုံးကလေးတွေ ပင့်ကြည့်ရင်းက ပြုံးသည်။

'ဝတီ့ကိုပြောတော့ ဝတီကလည်း ပြန်ပြောရတော့မှာပေါ့၊ ကိုရန်နိုင်ကလည်း မင်းကုသနဲ့ ညီအစ်ကိုတော်တယ် မဟုတ်လား၊ မင်းကုသနဲ့ အမြွာညီအစ်ကိုဆိုရင် ပိုမှန်မလား မသိဘူး'

'သေပဲ့ နန္ဒိယ၊ ဒါပေမဲ့ ကျွန်တော်ကလည်း မင်းကုသလိုပဲ နှုကောင်းတယ်ဗျနော်၊ *အရွယ်လှတဲ့ သူငယ်မပျိုရယ် ××× မင်းကိုယ်တိုင်ထူမှ ××× ထမယ် ××× ထမယ်ကွယ် ×××* ဆိုတဲ့ဖွဲ့မျိုး'

'အင်း… ဟုတ်လောက်ပါတယ်၊ တစ်လမ်းလုံး တော့ကျိုး တော့ကျိုးနဲ့လိုက်လာတာ ဝတီရဲ့၊ ဒီကအပြန်လမ်းမှာ တွဲထူနေရဦးမလားမသိဘူး'

သုံးယောက်သား ရယ်လိုက်ကြသည်။ သည်လို ခပ်နောက်နောက်အသောအထေ့ကလေးတွေနှင့် ပြောဆိုဆက်ဆံကြရတာ ရင်းနှီးမှုပို၍ မြန်ဆန်နွေးထွေးစေသည်ဟု ရန်နိုင် ထင်သည်။ သူ့စိတ်ထဲမှာတော့ အာသာဝတီနှင့် ဆော်တော်ကြီး ရင်းနှီးသွားသလို ခံစားလိုက်ရ၏။ တစ်ဆက်တည်းပင် 'အာသာဝတီ'ဆိုသောထိုကောင်မလေးသည် ခပ်ထူထူ ခပ်တုံးတုံးနှင့် တစ်ထိုယ်ရည် လေးကန်ဖင်နွဲ့နေသည့်အထဲက မဟုတ်သလို အခြောက်တိုက် အလှမာန်တက် နေမာန်တက်ကာ မာနတံခွန်ထူနေသည့် အန်ကြီးကွင်းကျယ် အမျိုးအမည်ထဲကလည်း မဟုတ်နိုင်ဟု သိလိုက်၏။ ထိုအသိကြောင့်လည်း သူ့ရင်ထဲမှာ အကြီးအကျယ် ကျေနပ်သွားမိတာ အမှန်ပင် ဖြစ်တော့သည်။

ဒံပေါက်ထမင်းပွဲတွေစားပြီးကြတော့ ညွှန်ခံသည့်အဖွဲ့က ရေခဲမုန့်တွေ လာချသည်။

'ကိုရန်နိုင်က တော်တော်ပျော်တတ်ပုံရတယ်နော်'

အာသာဝတီက ရေခဲမုန့်ကို မြုံ့နေရင်းက လှမ်းမေး၏။

'ပျော်တတ်တာတော့ ဘာပျော်တတ်သလဲ မမေးနဲ့၊ နေ့ငှ–

www.burmeseclassic.com



ဖြတ်မလျှောက်ဝံ့ဘူး၊ ရေခဲတုံး အရည်ပျော်ကျတာကမှ နေးဦးမယ်၊ ကျွန်တော် ပျော်ပုံက ရေခဲတုံးက အဘ… အဘ ခေါ်သွားရမယ်၊ မသာယာဝတီ၊ အဲလေ… မအာသာဝတီလည်း ကျွန်တော်နဲ့ အသိအကျွမ်းမိတ်ဆွေ သူငယ်ချင်း ရောင်းရင်းပါတနော ဖြစ်သွားပြီဆိုရင် မချောင်တော့ဘူးမှတ်၊ နဂိုအမေမွေးတဲ့အလှကို ပျက်သွားနိုင်တယ်'

'ဘာဖြစ်လို့လဲ'

'ခဏခဏရယ်ရလွန်းလို့ အမေမွေးတုန်းကပါလာတဲ့ နှုတ်ခမ်းကနားရွက်ဟက်ချိတ်မတတ် ပြဲသွားဖို့သာ ပြင်'

အာသာဝတီက ရယ်လိုက်သည်။ မေခိုင်က လေ်ပေးဖြောင့်သွားသော ရန်နိုင်တို့နှစ်ယောက်ကိုကြည့်ကာ ပြုံးနေ၏။ ရေခဲမုန့်ခွက်ကလေးတွေထဲက မုန့်တွေကုန်တော့မှ မေခိုင်က လောလိုက်သည်။

'ကဲဟေ့… နောက်လာမယ့် ဧည့်သည်တွေအတွက် နေရာပေးရဖို့လည်း ရှိသေးတယ်၊ ငါတို့လစ်ကြစို့၊ သတို့သားနဲ့ သတို့သမီးစုံတွဲကို နှုတ်ဆက်ပြီး ပြန်ကြရအောင်'

'ကဲ… အဲလိုဆိုလည်း ရှေ့ကထွက်နှင့်ကြပါ၊ ငါ နောက်က ဖြည်းဖြည်းလိုက်ခဲ့ပါမယ်'

အာသာဝတီနှင့် မေခိုင်တို့က နှစ်ယောက်တွဲပြီး ရှေ့ကသွားကြ၏။ ရန်နိုင်ကတော့ ခြေထောက်ကအနာကြောင့် ခပ်ဖြည်းဖြည်းပဲ တစ်လှမ်းချင်းလှမ်းလိုက်ရ၏။ ဇော်ဇော်ဝင်းတို့စုံတွဲကို ဝင်နှုတ်ဆက်နေလိုက်သေးတော့ သူက သုံးလေးမိနစ်လောက် ကြာသွားသေး၏။ ပြီးမှ ပြင်ပခန်းမဆောင်ရှေ့ဘက်သို့ ထွက်လိုက်လာခဲ့သည်။

ရှေ့ဘက်ကို လှမ်းကြည့်လိုက်တော့ ကားတွေတန်းစီ ရပ်ထားသည့်အနားမှာ ရပ်စောင့်နေကြသည့် မေခိုင်နှင့် အာသာဝတီကို မြင်ရ၏။ သူ ထော့နင်းထော့နင်းဖြင့် တစ်လှမ်းချင်း လျှောက်လိုက်လာနေရတာကို နှစ်ယောက်စလုံးက လှမ်းကြည့်နေကြသည်။

'မြန်မြန်လာပါဟာ၊ နင့်ဟာက လိပ်ခြေကျိုးနေတဲ့အတိုင်းပဲ'

မလှမ်းမကမ်းရောက်တော့ မေခိုင်က စိတ်မရှည်သလိုအော်၏။ ထို့ကြောင့် ခပ်သွက်သွက်ကလေးဖိပြီးလျှောက်မိတော့ ခြေထောက်အနာသာ





…ပေါင်ရင်းက အကျိတ်ကပါ သိသာစွာ နာကျင်လာသဖြင့် ရန်နိုင့်…နာက ရှုံ့မဲ့နေသည်။ သူတို့အနီးသို့ ရောက်သွားတော့မှ အာသာဝတီက …နိုင့်ခြေထောက်တွေကို ငုံ့ကြည့်ပြီးမေးသည်။

'ကိုရန်နိုင့်ခြေထောက်တစ်ဖက်က ခြေဖမိုးကြီးက ဖူးရောင်ခုံးထ…ဘာပါလား၊ ဘာဖြစ်တာလဲ'

'မပြောချင်တော့ပါဘူးဗျာ၊ ခိုက်မိတာလို့ပဲ ပြောပါရစေတော့'

'ဒါဖြင့် ဝတီ့ကားကြုံနဲ့လိုက်ခဲ့လေ၊ မေခိုင်လည်း လမ်းသင့်တာပဲ၊ …နိုင်က ဘယ်ကိုပြန်ရမှာလဲ၊ ခြေထောက်နာကြီးနဲ့ဆိုတော့ လိုင်းကားတိုး…တာနဲ့စာရင် သက်သာတာပေါ့'

အာသာဝတီက ဖိတ်ခေါ်၏။ ဧကန္တ ရန်နိုင်၏ထော့ကျိုးဒုက္ခ…ကြည့်ကာ လမ်းကြောသင့်လျှင် သူမကားပေါ် တင်ခေါ်သွားဖို့ စေတနာ…ပေါက်လာဟန်တူ၏။

'ကျွန်တော်နဲ့ မေခိုင်က လမ်းကြောအတူတူပဲ၊ သူက မြေနီကုန်း…ဘတ်တိုင်ဆင်း၊ ကျွန်တော်က မဟာမြိုင်မှတ်တိုင် ဆင်းရုံပဲ၊ ပြည်လမ်းကြော…သားတွေ'

'မထူးပါဘူး၊ ဒါဆို ကျွန်မကားနဲ့ပဲ လိုက်ခဲ့ကြပါ'

ပြောပြောဆိုဆိုနှင့်ပင် အာသာဝတီက ရှေ့ကလှည့်ထွက်သွားသည်။ ကွင်းကျယ်ကြီးထဲမှာ တန်းစီရပ်ထားသော ကားတွေဆီသို့ လျှောက်သွား၏။ ရန်နိုင်တို့က နောက်ကနေ ဖြည်းဖြည်းလျှောက်လိုက်နေရာမှ လှမ်းကြည့်လိုက်တော့ ရန်နိုင် မျက်လုံးပြူးသွားသည်။ ဒိန်းခနဲလည်း ရင်ခုန်သွားကာ လိုက်ခနဲဝမ်းသာသွားရ၏။ ကြည့်စမ်း… အာသာဝတီက ရှေ့ဘက်တံခါး ဆွဲဖွင့်လိုက်သည့်ကားက စောစောကမှ ရန်နိုင် သေသေချာချာ သတိပြုမိ၍ အမှတ်အသားလုပ်ထားမိသည့် ရွှေအိုရောင်ကားကလေး ဖြစ်တော့၏။

အာသာဝတီက ကားပေါ်မတက်သေးဘဲ ကားနံဘေးက ရပ်စောင့်နေ၏။ ရန်နိုင်တို့ နီးလာတော့မှ ကားနောက်ဘက်ခန်းတံခါးကို ဆွဲဖွင့်ပေး၏။ မေခိုင်က ရှေ့ကနေ ငုံ့ဝင်သွား၏။ ရန်နိုင်ကတော့ ကားပေါ် မတက်နိုင်သေး။



www.burmeseclassic.com

www.burmeseclassic.com



'တက်လေ ကိုရန်နိုင်'

အာသာဝတီက လှမ်းပြောပြီး ရှေ့ပေါက်မှဝင်ထိုင်မည် ပြု၏။

'နေ... နေဦးဗျ၊ ခဏလေး'

ရန်နိုင်က လှမ်းတားလိုက်သဖြင့် အာသာဝတီက 'ဘာလဲ'ဆိုသည့်သဘောနှင့် လှမ်းကြည့်၏။

'ဒါ မအာသာဝတီရဲ့ကားလား'

'အင်းလေ... ဘာဖြစ်လို့လဲ'

'ဒီ... ဒီကားကို တခြား ဘယ်သူမောင်းသေးသလဲ၊ ဆိုပါတော့ မအာသာဝတီရဲ့ အစ်မတို့၊ ညီမတို့ တစ်ယောက်ယောက်ပေါ့'

'ဟင့်အင်း... ဘယ်သူမှ မမောင်းပါဘူး၊ အိမ်မှာ ဒီကားကို ကျွန်မတစ်ယောက်ပဲ မောင်းတယ်'

'ဟား... ဒါဆိုရင်တော့ သေချာသွားပြီဗျ၊ ဝမ်းသာလိုက်တာဗျာ'

ရန်နိုင်၏ အဆက်အစပ်မရှိ ထွက်ပေါ်လာသော စကားကြောင့် အာသာဝတီ မျက်မှောင်ကလေးတွေ ပိုကြုတ်သွား၏။

'ဘာလဲ... ဘာတွေ သေချာသွားတာလဲ'

'ဟာဗျာ... ဟိုသကြန်သံချပ်လိုပဲဗျ၊ *'အမေ့ဟိုဒင်း ပျောက်လို့ရှာတွေ့ပြီ တွေ့ပြီ သူပဲ သူပဲ'* ဆိုသလိုလေ'

'အမေ့ဟိုဒင်းဆိုတာက ဘာတုံးဟဲ့ ရန်နိုင်ရဲ့'

ကားနောက်ခန်းထိုင်ခုံပေါ်က ငြိမ်၍နားထောင်နေသော မေနိုင်က မအူမလည် ဝင်မေးသည်။

'အမေ့ဟိုဒင်းဆိုတာ ချွေးမလေ၊ ချွေးမ၊ ချွေးမ၊ အခု နင့်သူငယ်ချင်း မအာသာဝတီက ငါ့အတွက်တော့ အခုပြောတဲ့ အမေ့ဟိုဒင်း ဖြစ်နေပြီ'

'အို... မဦးမချွတ်၊ ပေါက်ပေါက်ရှာရှာ'

အာသာဝတီက ရှက်သွားသလို မျက်နှာကလေး ရဲခနဲဖြစ်သွားပြီး ပျာပျာသလဲ ဝင်ပြော၏။ ရန်နိုင်က သူမကို အမေ့ချွေးမဟု တိုက်ရိုက်ကြီး ရွတ်ပြောနေတာ မဟုတ်လား။

'ဟုတ်ပါပြီလေ၊ ဒီကလည်း သဘောပြောတာပါ၊ ဒီမှာ မအာသာဝတီ'





'ရှင်...'

'ခင်ဗျားဟာ ကျွန်တော့်ကို ခုလို ခြေတစ်ပေါင်ကျိုးနဲ့ ထော့ကျိုး ထော့ကျိုးဖြစ်နေအောင် လုပ်သွားခဲ့တဲ့သူပဲဗျ၊ ကျွန်တော်လည်း အဲဒီတရားခံ ကို လိုက်ရှာနေတာ၊ ဟောဒီ ခြေဖမိုးပေါ်က ဒဏ်ရာဟာ ခင်ဗျားပေးခဲ့တဲ့ ဒဏ်ရာပဲ'

'ဟင်... ဘယ်လို... ဘယ်လို'

အာသာဝတီ ပြူးပြူးပျာပျာ ဖြစ်သွား၏။ မဆီမဆိုင် သည်နေ့မှ တွေ့ရသည့်သူက စွပ်စွဲလိုက်သည့်အတွက် အံ့အားလည်းသင့်သွားပုံရ၏။

'ဘယ်လိုမနေနဲ့၊ ကျွန်တော် မေးမယ်၊ ခင်ဗျားနဲ့ အဖော်ကောင်မလေးနှစ်ယောက်နဲ့ မနေ့တုန်းက နေ့ခင်းနှစ်နာရီပွဲမှာ ရုပ်ရှင်ကြည့်ကြတယ် ဟုတ်လား'

'ဟုတ်တယ်၊ ကြည့်မိတယ်'

'နေပြည်တော်ရုံမှာလေ'

'အတိအကျပဲ'

'ရုပ်ရှင်က အမေရိကန်စစ်ကား'

'သေချာလှချည်လား'

'သေရောပေါ့ဗျာ၊ အဲဒီတုန်းက ရုပ်ရှင်ရုံထဲမှာ ခင်ဗျား ဒေါက် မြင့်နဲ့ တက်နင်းပစ်ခဲ့တာကို ခံလိုက်ရသူက ဟောဒီကျွန်တော်ပေါ့ဗျ'

'မြတ်စွာဘုရား'

ဘုရားဝင်တသံက မေနိုင်၏အသံ ဖြစ်၏။ အာသာဝတီကတော့ ပါးခမ်းရဲရဲဖူးဖူးကလေးတွေ ဝလုံးလို ဝိုင်းစက်နေအောင် အံ့အားသင့်နေ၏။

'အဲဒီမှာတောင် ကုလားမမီးနင်းပွဲလို့ ဘေးကလူတွေ နောက်သေးသလေ'

'သေပြီဟယ်'

'အဲဒီဒဏ်ရာကြောင့် ဒီကနေ့မှာ ထော့ကျိုးဘဝနဲ့ လူပုံအလယ်မှာ အရှုပေဖြစ်ရတာ မြင်ပြီမဟုတ်လား၊ မယုံရင် ဖူးရောင်နေတဲ့ ကျွန်တော့် ခြေထောက်ကို သက်သေခံအဖြစ် ငုံ့ကြည့်'

အာသာဝတီမှာ သူမ ရင်ဘတ်ကလေးကို လက်နှင့်ဖိကာ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ပြုံးနှင့် ရန်နိုင့်ခြေထောက်ကို ငုံ့ကြည့်၏။ ဖားပြုတ်ဝဝကြီးတစ်ကောင်၏ ကျောကုန်းကြီးလို ခုံထနေသည့် ရန်နိုင့်ခြေဖမိုး တစ်ဖက်ကို သူမ မြင်တွေ့ရမည်မှာ ဧကန်မလွဲ။

'ဒါ့ကြောင့် ကျွန်တော်က ခင်ဗျားရဲ့ ကားနံပါတ်နဲ့ အရောင်ကို သေသေချာချာမှတ်ထားတယ်၊ မယုံရင် ဒီမှာကြည့်'

ရန်နိုင်က သူ့အင်္ကျီအိတ်ကပ်ထဲမှ အိတ်ဆောင်နုတ်ဘုတ်ကလေးကိုထုတ်ကာ သူရေးမှတ်ထားသော စာမျက်နှာကို ထိုးပြ၏။ က/..... (ရွှေအိုရောင်)။ အာသာဝတီက ရန်နိုင့်လက်မှ နုတ်ဘုတ်ကလေးကို ဆွဲယူပြီး ကြည့်လိုက်၏။

သူမစိတ်ထဲမှာ အားလုံးရှင်းရှင်းလင်းလင်း ခြုံငုံ၍ သိနားလည်လိုက်ပြီဖြစ်၏။ အာသာဝတီ၏ နုနယ်လှပသော မျက်နှာကလေးပေါ်တွင် အုံ့အားသင့်နေသော အရိပ်အရောင်များမှသည် အားတုံ့အားနာ အရိပ်အယောင်များသို့ တဖြည်းဖြည်းပြောင်းလဲသွားလေသည်။ မေနိုင်သည်ပင် နံဘေးက ပါးစပ်အဟောင်းသားဖြစ်နေ၏။

'အံ့သြစရာပဲ ကိုရန်နိုင်ရယ်၊ ဒီတိုက်ဆိုင်မှုက တော်တော့်ကို အံ့သြစရာကောင်းနေတယ်၊ ဟုတ်တယ်၊ ကိုရန်နိုင်ပြောတဲ့ ဖိနပ်နဲ့ တက်နင်းမိခဲ့သူဟာ ဝတီကိုယ်တိုင်ပဲ၊ အဲဒါကို ဝန်ခံတယ်၊ ကြည့်ပါဦး... ဒဏ်ရာက တော်တော်ဆိုးနေတာပါကလား၊ ဝတီတောင်းပန်ပါတယ် ကိုရန်နိုင်ရယ်၊ ကိုရန်နိုင်က အဲဒီဖိနပ်နဲ့ တက်နင်းသွားတဲ့သူကို လိုက်ရှာနေတယ်ဆိုတော့ ဘယ်လိုရည်ရွယ်ချက်နဲ့လဲ၊ ဒီဒဏ်ရာအတွက် ဆေးဖိုးဝါးခ လျော်ကြေးတောင်းဖို့လားဟင်'

'တောင်းဖို့မဟုတ်ဘူးဗျ၊ ပေးဖို့ ပြန်လိုက်ရှာနေတာ'

'ဘာပေးဖို့လို့မို့ နင်က လိုက်ရှာနေရတာလဲ'

မေနိုင်က ဝင်မေးသည်။

'ကာယကံရှင်က သိပါလိမ့်မယ်လေ၊ ကဲ... မအာသာဝတီ'

ရန်နိုင်က အာသာဝတီဘက်သို့ စကားဦးတည်လိုက်သည်။

'ရှင်... ပြော... ပြောပါ ကိုရန်နိုင်'

အာသာဝတီ မျက်နှာကလေးငယ်နေသည်။ သူမမှာ အပြစ်ကျ





ခံနိုမိသော ကျောင်းသူကလေးတစ်ယောက် ဆရာ့ရှေ့မှောက် ရောက်နေရသလို ဖြစ်နေ၏။

'ပွင့်ပွင့်လင်းလင်းပြောဗျာ၊ အဲဒီနေ့က မအာသာဝတီ ပစ္စည်းတစ်ခုခုများ ပျောက်ခဲ့သလား'

'ဘာ... ဘာဖြစ်လို့မေးတာလဲဟင်'

'အကြောင်းရှိလို့ပေါ့ဗျ၊ ကဲပါ... ပြန်စဉ်းစားကြည့်စမ်းပါဦး'

'ဟင့်အင်း... အထူးစဉ်းစားနေစရာမလိုပါဘူး၊ မနေ့ကမှ ပူပူနွေးနွေးကိစ္စပဲဟာ၊ ဝတီ ဖု(ဒ်)ချိန်းကြိုးကလေး ပျောက်သွားတယ်၊ အဲဒီကြိုးက ခက်ထိုးကြိုး၊ ကြိုးတစ်လျှောက်မှာ အသည်းပုံရွှေပြားကလေးတွေ ပတ်လည်ဆွဲထားတယ်'

အာသာဝတီက အပိုင်ပြော၏။ ရန်နိုင်က ဖွင့်ထားသောကားတံခါးကို လက်ဝါးဖြင့်ပုတ်လိုက်ကာ-

'ကဲ... မပြောဘူးလား၊ အမေ့ချွေးမပျောက်လို့ရှာ၊ တွေ့ပြီ တွေ့ပြီ သူပဲ သူပဲလို့'

'ဟော... လုပ်ပြန်ပြီ၊ လာပြန်ပြီ အမေ့ချွေးမ၊ နင့်ကြောင့် ဝတီသည်း နင့်အမေချွေးမဖြစ်ရတာ နှစ်ခါရှိနေပြီဟဲ့ သေနာရဲ့'

မေနိုင်က ဝင်ဟောက်တော့ အာသာဝတီ၏ မျက်နှာကလေး ဒုတိယမ္ဘိ ရဲခနဲဖြစ်သွားရပြန်သည်။

'အဲ... ဟုတ်သားပဲ၊ ဆောရီး... ဆောရီး မအာသာဝတီ၊ ကျွန်တော်က မအာသာဝတီကို ကျွန်တော့်အမေ ချွေးမအဖြစ်နဲ့ စီးစီးပိုးပိုး ပြောနေမိတာ မဟုတ်ပါဘူး၊ တကယ်တော့ မအာသာဝတီအနေနဲ့ ဒါကိုသည်း နားလည်မှာပါ၊ မအာသာဝတီနဲ့ ကျွန်တော်နဲ့ဆိုတာက မအာသာဝတီအနေနဲ့ တွက်ကြည့်ရင် အောင်မယ်လေး... ဒီနှာမည်အတိုင်းသာ ထည့်သည့်ပြောရရင်တော့ ကျွန်တော်လည်း သက်တမ်းစေ့အောင်နေရမယ် မထင်ဘော့ဘူး၊ မောလိုက်တာ၊ ပြောရင်းတောင် လျှာထွက်လာပြီလား မသိဘူး'

ရန်နိုင့်စကားကြောင့် မေနိုင်တို့နှစ်ယောက် ခပ်ဖွဖွရယ်လိုက်ကြသည်။

'တခြားသူတွေခေါ်သလို ဝတီလို့ပဲခေါ်ပါ ကိုရန်နိုင်ရယ်၊ ရှော ဘယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့… အဲလိုပဲ ခေါ်ပါရစေတော့ဗျာ၊ ဒီလိုပါ၊ ကျွန်တော့် ခြေထောက်ကို တက်နင်းခံလိုက်ရတော့ ရုတ်တရက် ပူခနဲဖြစ်သွားတော့ ကျွန်တော်လည်း နင်းတဲ့ခြေထောက်ကို အလန့်တကြားကုန်းကိုင်ပြီး ဆွဲဖယ်လိုက်မိတယ်လေ၊ အဲဒီမှာ မတော်တဆ ကြိုးပြတ်ပြီးကျန်ခဲ့တာပဲဖြစ်ရမယ်လို့ တွက်ဆမိပါတယ်၊ ဘာလို့လဲဆိုတော့ အဲဒီ ဖု(ဒ်)ချိန်းကလေးက ကျွန်တော့်ခြေထောက်အနားမှာပဲ ကပ်လို့တွေ့တာဗျ၊ အဲဒါကို ပြန်လိုက်မေးပြီး ဟုတ်နေရင်ပြန်ပေးဖို့ ကြိုးစားကြပါသေးတယ်၊ ဒါပေမဲ့…'

'ဝတီ မှတ်မိပြီ၊ ရုံရှေ့ကနေ ကားကိုဆီးတားကြသေးတယ်လေ၊ ဝတီ့သူငယ်ချင်းတစ်ယောက်ကတောင် သက်သက်ကြောင်တယ်မှတ်လို့ ဒါ တက္ကစီမဟုတ်ဘူးလို့ ပြန်ဟားပစ်ခဲ့သေးတယ်၊ အဲဒါ ကိုရန်နိုင်တို့ပေါ့၊ ဟုတ်လား'

အာသာဝတီက ပြန်မေး၏။ ရန်နိုင်က ခေါင်းညိတ်ပြကာ-

'အစစ်ပေါ့ဗျာ၊ ကားကိုတားလို့မရတာနဲ့ ကားနံပါတ်ရယ်၊ ကားရဲ့အရောင်ရယ်ကို နုတ်ဘုတ်မှာ ရေးမှတ်ထားလိုက်ရတာ၊ နောင် ကြုံရင် စုံစမ်းမေးမြန်းပြီး ပြန်ပေးရအောင်လို့ပါ၊ ဒီနေ့လည်း ဒီကိုဝင်လာခဲ့တော့ ကားနံပါတ်ကိုဖတ်မိပြီး ပိုင်ရှင်ကို စုံစမ်းမယ်လို့ စိတ်ကူးထားခဲ့တာပါ၊ ခုတော့ ဟန်ကျသွားပြီပေါ့ ဝတီရယ်၊ ကျွန်တော့်အမေ ပြောလိုက်တဲ့ စကားက အမှန်ပဲ'

'ဘယ်လို ပြောလိုက်လို့တုံး၊ ဒီဖု(ဒ်)ချိန်းပိုင်ရှင်ဟာ ငါ့ချွေးမပဲ ဖြစ်ရမယ်တဲ့လား'

မေနိုင်က ဝင်ငေါ့သည်။ အာသာဝတီက ရှက်စနိုး ပြုံးလိုက်ကာ 'ဟာကွာ… မေနိုင်က တစ်မျိုး'ဟု ညည်းသံပြု၏။ ရန်နိုင်က မေနိုင့်ကို လှည့်ကြည့်ကာ ပြော၏။

'အေးနော်… ဒီတစ်ခါ နင် ပြောတာ၊ ငါနဲ့မဆိုင်ဘူး'

'ဟုတ်ပါပြီ ကိုယ်တော်မြတ်ရဲ့၊ ငါက သက်သက်ဝင်ငေါ့တာပါ၊ ကဲ… ဆက်စမ်းပါဦး၊ စောစောက စကားကို'

'အမေ့ကို အဲဒီအကြောင်းပြောပြတော့ အမေက ဥစ္စာရှင်းမှန်ရင် ဥစ္စာရှင်ထံ ပြန်တတ်တယ်တဲ့၊ ဒီတော့ အဲဒီရွှေကြိုးကလေးကို သိမ်းသာ





ထား၊ တစ်နေ့နေ့တော့ အဲဒီဥစ္စာရှင်ကလေးမနဲ့ သားနဲ့ တိုက်တိုက်ဆိုင်ဆိုင် ပြန်တွေ့ကြလိမ့်မယ် ထင်တယ်တဲ့၊ ဟော… အခုတော့ တကယ်ကိုတွေ့နေပြီ၊ ဥစ္စာရှင်းမှန်ရင် ဥစ္စာရှင်ထံ မဖြစ်မနေပြန်တတ်တယ်ဆိုတဲ့ စကားကို တအံ့တသြနဲ့ လက်ခံရတော့မှာပဲ'

သည်စကားကိုတော့ မေနိုင်ရော၊ အာသာဝတီကပါ ပြိုင်တူ ခေါင်းညိတ် လက်ခံလိုက်ကြလေသည်။

'အဲဒီတော့ ဒီလိုလုပ်ပါ ဝတီ၊ အခု ဝတီ့ကားနဲ့အတူတူ ကျွန်တော်တို့ တက်လိုက်လာကြမှာဆိုတော့ မထူးပါဘူး၊ ဒီနေ့ပဲ ကျွန်တော့်အိမ်အထိ လိုက်လာခဲ့ပြီး ဝတီ့ရဲ့ဖု(ဒ်) ချိန်းကြိုးကလေးကို တစ်ခါတည်း ပြန်ယူသွားပါလား'

ရန်နိုင်က အကြံပြုသည်။

'ဟုတ်သားပဲ ဝတီ၊ ရန်နိုင်လည်း မှတ်တိုင်ကနေတစ်ဆင့် သူ့အိမ်အထိ လမ်းလျှောက်ပြန်မနေရတော့ဘူးပေါ့၊ သူ့အိမ်အထိ တစ်ခါတည်း မောင်းပို့လိုက်တော့ သူလည်း လမ်းလျှောက်ရ သက်သာသွားမယ်၊ ဝတီလည်း ကိုယ့်ပစ္စည်းလေးကို တစ်ခါတည်းပြန်ယူသွားနိုင်တယ်၊ ဟော… ရန်နိုင်တို့အိမ်ကိုလည်း ဝတီပါ တစ်ခါတည်းရောက်ဖူးသွားတာပေါ့'

မေနိုင်ကလည်း ဝင်တိုက်တွန်း၏။ မှန်သည်။ တစ်ချက်ခုတ် သုံးချက်ပြတ်ဆိုသလို အလွန်အဆင်ပြေနေသော အနေအထားဖြစ်သည်ကို အာသာဝတီကလည်း တွက်မိပုံရ၏။

'လိုက်ခဲ့ပါ ဝတီ၊ ကျွန်တော်တို့အိမ်သားတွေနဲ့လည်း အသိအကျွမ်း ဖြစ်သွားတာပေါ့'

ရန်နိုင်က ထပ်ပြောလိုက်တော့ အာသာဝတီ ခေါင်းညိတ်၏။

'ကဲလေ… အဲလိုဆိုလည်း သွားလိုက်ကြရအောင်၊ ကိုရန်နိုင် ထားပေါ်တက်တော့'

သည်တော့မှ ရန်နိုင်က ကားနောက်ခန်းထိုင်ခုံသို့ ဝင်ထိုင်လာ အားတံခါးကို ဆွဲပိတ်လိုက်သည်။

မေနိုင်က မြေနီကုန်းဈေးလမ်းက တိုက်ခန်းမှာနေသည့် မေနိုင့်ကို အရင်ဝင်ပို့သည်။ ပြီးမှ ရန်နိုင်တို့အိမ်ဘက်သို့ ဆက်မောင်းသည်။ မဟာမြိုင်



www.burmeseclassic.com

www.burmeseclassic.com



မှတ်တိုင်အနီး လမ်းသွယ်အတိုင်း ချိုးကွေ့ပြီးဝင်ရသည်။ ရန်နိုင်က ကား နောက်ခန်းကနေ လမ်းညွှန်ရသည်။

ရန်နိုင်တို့အိမ်ရှေ့သို့ ကားကလေးထိုးဆိုက်လိုက်တော့ အမေနှင့် ညီမလေးနှစ်ယောက်က ပြုံးတူးပြဲတဲ လှမ်းကြည့်သည်။ အမေ့မုန့်ဆိုင် ကလေးကတော့ လူစည်ကားနေမြဲ။ ညီမလေးနှစ်ယောက်အပြင် စန်းကို့၊ ကိုလည်း အမေ့ဆိုင်မှာ ကူညီပေးနေတာ တွေ့ရ၏။ ရန်နိုင့်ဆီလာရင်း ရန်နိုင် ပြန်မရောက်သေးသဖြင့် စောင့်လက်စနှင့် အမေ့ကို ဝိုင်းကူနေတာ ဖြစ်ရမည်။

ကားရှေ့တံခါးကလေးပွင့်လာကာ မိန်းမလှလေးတစ်ယောက် ဆင်းလာတာတွေ့တုန်းကတော့ အကြောင်းမဟုတ်။ သို့သော် ထိုမိန်းမ လှလေးက ကားနောက်ခန်းတံခါးကို လာဆွဲဖွင့်ပေးလိုက်ပြီးနောက် အဲဒီ နောက်ဘက်ခန်းကနေ ရန်နိုင်ဆင်းလာတာ မြင်လိုက်ကြရချိန်တွင်တော့ သူတို့ ပါးစပ်အဟောင်းသားတွေ ဖြစ်ကုန်ကြသည်။ ရန်နိုင် ကားအောက် သို့ရောက်တော့မှ အာသာဝတီက ကားနောက်ခန်းတံခါးကို ပြန်ပိတ်ကာ ရှေ့ခန်းမှ ကျွတ်ကျွတ်အိတ်အဖြူကလေးတစ်လုံးကို လှမ်းယူသည်။ အထဲမှာ ဘာတွေပါမှန်းတော့ ရန်နိုင် မသိ။

စောစောတုန်းက မေခိုင့်ကိုလိုက်ပို့စဉ်က မေခိုင်တို့ တိုက်ခန်းရှေ့ မှာ ကားရပ်တုန်းခဏမှာ စတိုးဆိုင်တစ်ဆိုင်ထဲသို့ အာသာဝတီ ဝင်သွား ခဲ့တာ ရန်နိုင် မြင်လိုက်သည်။

'ဒါ ကျွန်တော်တို့အိမ်ပဲ မအာသာဝတီ၊ အိမ်ပေါ်တက်ပါဦး၊ အမေရေ... ဧည့်သည် ပါသေးတယ်'

ရန်နိုင်က အာသာဝတီကိုပြောရင်း ဆိုင်ထဲမှ မေမေ့ကို လှမ်းအော် လိုက်သည်။ မေမေကလည်း မြင်သည်။ ဆိုင်ကို ညီမလေးတစ်ယောက် နှင့်လွှဲထားခဲ့ကာ အိမ်ပေါ်သို့ တက်လိုက်လာသည်။

'မေမေရေ... မေမေပြောတာကတော့ ကွက်တိမှန်နေတော့တာပဲ'

'ဘာလဲ သားရဲ့၊ ဘာကိုပြောတာလဲ'

'ဥစ္စာရင်းမှန်ရင် ဥစ္စာရှင်ထံ မဖြစ်မနေပြန်တတ်တယ်ဆိုတဲ့ စကား လေ၊ ကျွန်တော် ရပ်ရှင်ရုံထဲကကောက်ရခဲ့တဲ့ ဖု(ဒ်)ချိန်းပိုင်ရှင်နဲ့ တိုက်တိုက်





ဆိုင်ဆိုင်ကို တိုးခဲ့တော့တာပဲ၊ သူ့ပစ္စည်းကလေး ပြန်ပေးရအောင်လို့ အိမ်ကို တစ်ခါတည်းလိုက်ယူပါဆိုပြီး ခေါ်လာခဲ့ရတယ်၊ သူ့မှာ ကားလည်းပါလာ တော့ ဟန်ကျသွားတာပေါ့'

တစ်ဆက်တည်းပင် မေမေနှင့် အာသာဝတီတို့ကို မိတ်ဆက်ပေး လိုက်၏။

ပြီးမှ မင်္ဂလာဆောင်မှာ ဆုံခဲ့ကြပုံကို ပြန်ပြောပြရသည်။

အဲဒီခဏမှာပင် ရန်နိုင့်ညီမလေးက မုန့်ဟင်းခါး တစ်ယန်းကန် ဒြင်ပေးလိုက်ပုံရ၏။ ယန်းကန်ကိုကိုင်၍ ပြုံးစိစိဖြင့် အိမ်ပေါ်တက်လာသူက စန်းကို။ သည်ကောင်က လူပါး၊ ရန်နိုင်နှင့်အတူ ကားဖြင့် လိုက်ပါလာသော ကောင်မလေးနှင့်ပတ်သက်၍ သတင်းပုလင်းကလေး စနည်းနာရအောင် မုန့်ဟင်းခါးပန်းကန် လာပို့သည်ကို ရမယ်ရှာလာခြင်းဖြစ်ကြောင်း ရန်နိုင် သိလိုက်၏။

'စားလိုက်ပါဦး ဝတီ၊ ဒါ ကျွန်တော့်မေမေ ရောင်းတာလေ၊ မေမေ့လက်ရာလည်း စားဖူးသွားတာပေါ့'

မုန့်ဟင်းခါးပန်းကန်က အငွေ့တထောင်းထောင်းနှင့် ဖြစ်၏။ မုန့်ဟင်းရည်အနံ့ကလည်း သင်းပျံ့နေသည်။

အာသာဝတီက ပြုံး၍-

'ဟိုမှာလည်း ဒီပေါက်တွေ စားလာကြတာလေ ကိုရန်နိုင်ရဲ့၊ ဘယ်လိုလုပ် စားနိုင်တော့မှာလဲ'

'မုန့်ဟင်းခါးကလေး တစ်ပန်းကန်နဲ့တော့ ဘာမှမဖြစ်ပါဘူး ဝတီ ရယ်၊ အိမ်ရှင်ကျေနပ်အောင် စားလိုက်ပါဦး၊ ဒီလောက်ကလေးတော့ ကုန်ပါ တယ်'

'ဟုတ်ပါတယ် သမီးရယ်၊ စားလိုက်ပါဦး'

မေမေကပါ ဝင်တိုက်တွန်းလေတော့ အာသာဝတီ ခြင်းနိုင်တော့ မုန့်ပန်းကန်ကို ဆွဲယူ၍ စားရတော့၏။

'ဘယ်လိုလဲ၊ စားလို့အဆင်ပြေရဲ့လား ဝတီ'

အာသာဝတီ ခေါင်းကလေးညိတ်ပြ၏။

'တော်တော် လက်ရာကောင်းတာပဲ၊ သမီးတော့ အန်တီ့ ဆီက



www.burmeseclassic.com

www.burmeseclassic.com



သည့်စာရင်းထဲ အဖွဲ့ဝင်ဖြစ်လာတော့ ... သေချာသွားပြီလို့သာ သတ်မှတ်လိုက်ပေတော့ အန်တီရေ'

မေမေက သဘောကျစွာပြုံးသည်။

'ကြိုက်တဲ့အချိန်သာ လှည့်ဝင်ခဲ့တော့ သမီးရေ၊ သားသူငယ်ချင်းဆိုတော့ အထူးစပါယ်ရှယ် ပြင်ဆင်ပေးရမှာပေါ့၊ မဟုတ်ဘူးလား'

ခဏကြာတော့မှ အာသာဝတီ မုန့်စားလို့ပြီးသွားသည်။ အဲဒီတော့မှ ရန်နိုင်က သူသိမ်းထားသော ဖု(ဒ်)ချိန်းကို သွားယူလာပေး၏။

'ဒီကြိုးကလေး ဟုတ်တယ်မဟုတ်လား ဝတီ'

အာသာဝတီက ခေါင်းညိတ်ပြ၏။

'ဟုတ်တယ်၊ အသည်းပုံဆွဲပြားကလေးတွေက ပတ်ပတ်လည် ၁၅ ခု ပါတယ်၊ ကိုရန်နိုင် ရေကြည့်ပါလား'

'ဟင့်အင်း... မရေပါဘူး၊ ဒါဟာ ဝတီ့ပစ္စည်းဖြစ်တယ်ဆိုတာ သေချာနေတာပဲ၊ ကျွန်တော်စပြောတုန်းက ဖု(ဒ်)ချိန်းလို့ ပြောခဲ့တာမှမဟုတ်ဘဲ၊ ဒါကို ဝတီက အတိအကျပြောနိုင်တဲ့အပြင် အသည်းပုံရွှေပြားကလေးတွေ ဆွဲလျက်သားပါတယ်ဆိုတာလည်း တစ်ခါတည်း ပြောနိုင်နေခဲ့တဲ့နောက်မှတော့ ကာယကံရှင်စစ်စစ်ဖြစ်တယ်ဆိုတာ ကျွန်တော် သိခဲ့ပြီးသားပဲဟာ၊ ဝမ်းသာရာယ်ဗျာ၊ နို့မို့ရင် ကျွန်တော့်ဆီမှာ ဘယ်လောက်ကြာအောင် သောင်တင်နေ...သ် မပြောတတ်ဘူး'

ရန်နိုင်လှမ်းပေးသော ဖု(ဒ်)ချိန်းကြိုးကလေးကို လှမ်းယူကာ အာသာဝတီက သူ့စလင်းဘက်အိတ်ထဲကို ထည့်၏။

'ကျေးဇူးတင်ပါတယ် ကိုရန်နိုင်၊ ဝတီ တကယ့်ကို ကျေးဇူးတင်ပါတယ်'

ကျေးဇူးတင်စကားပြောရင်းကနေ အာသာဝတီက သူ့စလင်းဘက်အိတ်ထဲသို့ တစ်ဖန် ငုံ့ကြည့်၏။ ပြီးမှ လှမ်းနှိုက်ယူလိုက်၏။ လက်ထဲမှာပါလာတာက ဇစ်ဖစ်တင်း လိပ်စာကတ်ပြားလေး။

'စောစောက ပေးဖို့မေ့သွားတယ်၊ အဲဒီအထဲမှာ ဝတီရဲ့ အိမ်လိပ်စာရော၊ ဆိုင်လိပ်စာရော၊ ဖုန်းနံပါတ်တွေ ပါပါတယ်'

ရန်နိုင်က လိပ်စာကတ်ပြားကလေးကို လှမ်းယူလိုက်၏။





ထိုစဉ်မှာပင် စန်းကိုက အာသာဝတီရှေ့က မုန့်ဟင်းခါးသ... ...င်းသိမ်းသည်။ အမှန်က မသိမ်းလျှင်လည်း ဖြစ်၏။ ဒါကို တမင်သက်သက် ...င်းသိမ်းလေကတည်းက အာသာဝတီနှင့်ပတ်သက်၍ အကြံတစ်ခုခုရှိနေသည် ... ရန်နိုင် သိလိုက်၏။

ထို့ကြောင့် ခပ်သွက်သွက်ပင် မိတ်ဆက်ပေးလိုက်၏။

'ဒါက ကျွန်တော့်သူငယ်ချင်းလေ၊ နာမည်က စန်းကိုတဲ့၊ ဒီလိုပဲ သူတို့က အိမ်ရောက်လာရင် မေမေ့ဆိုင်ကို ဝင်ကူနေကျပေါ့၊ သူက အာသာဝတီတဲ့ စန်းကို'

စန်းကိုနှင့် အာသာဝတီတို့ ပြုံး၍နှုတ်ဆက်လိုက်ကြသည်။

'ကဲ... ဝတီ ဖု(ဒ်)ချိန်းကလေးလည်း ပြန်ရပြီ၊ မုန့်ဟင်းခါးလည်း ...စားပြီးပြီ၊ နှစ်ခုစလုံးအတွက် ကျေးဇူးတင်ပါတယ်နော်၊ ဝတီ့ကို ပြန်ခွင့် ...ကြပါဦး၊ အန်တီ သမီး ပြန်ပါဦးမယ်'

'ကောင်းပါပြီ သမီးလေးရယ်၊ နောက်လည်း ဝင်လာခဲ့ပါနော်'

'ဟုတ်ကဲ့ရှင့်... ကဲ... အားလုံးပဲ သွားဦးမယ်နော်၊ ဒီစားပွဲပေါ်မှာထားခဲ့တဲ့ အိတ်ကလေးကတော့ ကိုရန်နိုင့်အတွက်ပါ၊ စောစောက မေနိုင့်...ကိတ်ခန်းများကိုရပ်တုန်း စတိုးဆိုင်တွေ့တာနဲ့ ဝင်ဝယ်လာခဲ့တာ၊ ခြေထောက်အနာအတွက် သုံးဖို့ဆေးလေးတွေပါ'

အာသာဝတီကို အိမ်ရှေ့ခြံတံခါးဝအထိ ရန်နိုင် ပြန်လိုက်ပို့သည်။

အိမ်ပေါ်ပြန်တက်လာခဲ့တော့ ဧည့်ခန်းထဲမှာ ပြုံးဖြီးဖြီးနှင့် ထိုင်နေသော စန်းကို့ကို တွေ့ရ၏။

'ဟေ့ကောင်... မင်းက ဘာပြုံးတာလဲ'

'ဩော်... မင်း ကံဇာတာထနေပုံကို သဘောကျလို့ပါ၊ ကောင်မလေးက အတော်လှသားပဲကွ၊ ဘယ်သူတဲ့ရယ်၊ သူ့နာမည်က ဧရာဝတီဟုတ်လား၊ မြေပဲဆီပေါ့နော်'

'အာသာဝတီပါကွ'

'ဟုတ်လား၊ တော်သေးတယ်၊ ငါက နားစွန်နားဖျားနဲ့ ဧရာဝတီလို့ကြားလိုက်တာ၊ ကောင်မလေးကတော့ မင်းကို လက်ရှိအလုပ်...

www.burmeseclassic.com



တိုင်းရင်းဆေးထုတ်လုပ်ရေး တစ်ခုခုလုပ်ဖို့ကိုင်ဖို့ နပ်ကြောင်းပေးပြီထင်တယ်ကွ၊ သူထားခဲ့တဲ့ အထုပ်ကို ငါကြည့်ပြီးပြီ'

အဲဒီတော့မှ စားပွဲပေါ်မှ ကျွတ်ကျွတ်အိတ်အထုပ်ကို ဖြေကြည့်လိုက်မိ၏။ တစ်ဆက်တည်းလည်း စန်းကို့ကို 'ခွေးကောင်'ဟု ဩဘာပေးလိုက်မိပြီး ဖြစ်သွား၏။ အိတ်ထဲမှ ထွက်လာသည်က ကီးမို့သောက်ဆေးကတ်နှစ်ကတ်နှင့် ဂရိတ်ဝေါ၊ ထွန်းရွှေဝါ၊ မိဂသီ၊ ဒေါ်နု၊ ဦးစိုင်း အစရှိ ဒဏ်ကြေလိမ်းဆေးဘူးများ ဖြစ်နေသောကြောင့်ပေတည်း။

* * *

# ၅

'အိမ်း… မြန်မာမှာ ရိုးရာအသုံးအနှုန်း စကားပုံကလေးတွေ ထဲမှာ 'တွေ့တွေ့ချင်း ဆောက်နဲ့ထွင်း'ဆိုတာပဲရှိတယ် သူငယ်တို့ရဲ့၊ ညှယ့်နှယ့်ကွယ်၊ အခုတော့ဖြင့် ကြားရကြားရ နားဝမှာ မသက်သာဆိုသလို 'တွေ့တွေ့ချင်း ဖနောင့်နဲ့နှင်း' ရတယ်လို့ပဲ၊ ဘာဆိုဘာမှ မပတ်သက်ရသေးဘူး၊ တွေ့ကတည်းက ဖနောင့်နဲ့နှင်းပြီး ဝင်လာသူဆိုတော့ ရှေ့လျှောက်ပြီး ပတ်သက်နေဦးမယ်ဆိုရင် တံတောင်တွေ၊ ဒူးပုံတွေ၊ ဝိုက်လက်သီး၊ ခေါင်းခြေစောင်းတွေပါ ဆက်ဝင်လာမယ့် သဘောလို့ မှန်းဆရတယ်'

'ဒါ့ကြောင့်လည်း မြန်မာပြည်မှာ ကျော်ကြားသမျှ ဒဏ်ကြေလိမ်းဆေးမျိုးစုံကို ဝယ်ပေးထားပါတယ်၊ ဘယ်ဆေးနဲ့ ပိုပြီးတည့်တယ်ဆိုတာကို ကြိုတင် စမ်းသပ်ထားနိုင်ဖို့ပေါ့ ခင်ဗျာ'

သိန်းတန်နှင့် ဝင်းနိုင်ဦးတို့နှစ်ယောက် အချီအချ ပြောလိုက်ကြခြင်းဖြစ်၏။ သည်နှစ်ယောက်က လက်ဖက်ရည်ဆိုင်မှာ ဝင်ထိုင်မိကြသည်နှင့် ကောက်ကာငင်ကာဆိုသလို စတင်ဖွင့်လှစ်လာခြင်း ဖြစ်သည်။ သူတို့ သည်နှယ်စတင်နိုင်ဖို့အတွက် သတင်းပေးသူကတော့ စန်းကိုပင်ဖြစ်ကြောင်း ရန်နိုင် သိလိုက်၏။

'ဩ… မင်းတို့က သိလိုက်ကြပြီးပြီပေါ့လေ၊ ခွေးကောင်တွေများကိုကျတော့ တွေ့တွေ့ချင်း ဖနောင့်နဲ့နှင်းသလေး ဘာလေးနဲ့ ဆေး



www.burmeseclassic.com

www.burmeseclassic.com



ဘတ်နေလိုက်တာ၊ မင်းတို့ကျတော့ရော၊ ငါတောင် ဝင်ထိုင်လို့ ဖင်မနွေး သေးဘူး၊ တော့ပြော တောင်ပြောတွေ စလာပြီ'

ရန်နိုင်ကပြောလိုက်တော့ စန်းကိုက ပြုံးစိစိနှင့်ကြည့်ကာ-

'အဲဒါ ငါ သတင်းပေးထားလိုက်လို့ မင်း ကို မနှာလိုတို့ရှည်ဖြစ်ပြီး တိုက်ခိုက်ရေးစတင်တာကွ'

သည်တော့ သိန်းတန်ကာ စန်းကို,ကို မျက်စောင်းတစ်ချက်ထိုးပြီး ဘုတောာ၏။

'အချင်းချင်းတွေကို သည်လိုရန်တိုက်မပေးပါနဲ့လေ၊ မင်းကို အတူ ယူပြီး ငါကလည်း ရန်တိုက်ပေးရမယ်ဆိုရင်ဖြင့် မင်းရဲ့ဝန်ခံချက် စကားကိုပဲ ငါက ပြန်ပြောရတော့မှာပေါ့၊ ဒီမှာ ရန်နိုင်၊ မင်း စန်းကို,ကို လျှော့မတွက်နဲ့ ဒီကောင်ဟာ မင်းကို နောက်ကျောကပ်ပြီး ဓားနဲ့ ထိုးကောင်းထိုးနိုင်တယ် ကွ၊ သူ့ရဲ့ဝန်ခံစကားထဲမှာ အဲဒီ အရိပ်အယောင်တွေပါနေတယ်'

'ဟောက်ကဲ့… အမိန့်ရှိပါဦးခင်ဗျာ'

'ဒီလိုလေ… သူက အာသာဆန္ဒ၊ အဲ… အဲ'

'အာသာဝတီပါဆိုကွ'

'အေး… အဲဒီ အာသာဝတီကို အနီးကပ် စတင်တွေ့ရှိလိုက်ရ ချိန်တုန်းက သူဟာ ၅ စက္ကန့်တိတိ အသက်ရှူ ရပ်ဆိုင်းသွားခဲ့တယ်ဆိုပဲ တစ်ဆက်တည်း ကြိတ်မနိုင် ခဲမရ ပြောလိုက်သေးပုံက ရန်နိုင်ဆိုတဲ့ကောင် ကွာ၊ ခွေးမျက်စိလည်ရင်း ချေးကားမှောက်တဲ့နေရာ တည့်တည့်ရောက်သွား သလိုပဲတဲ့၊ သူနဲ့ပါလာတဲ့ ကောင်မလေးဟာ သူနဲ့ ဘယ်လိုမှ မအပ်စပ်ဘူး ဟိုးကမ္ဘာ့အနောက်ခြမ်း အာဖရိကတောနက်ကြီးထဲက တောတွင်းသား နီဂရိုးနဲ့ ဟိုးကမ္ဘာ့အရှေ့ခြမ်းက တိုကျိုမြို့ပြသူ ဂျပန်မချောချောကလေးကို တွဲလျက် မြင်လိုက်ရသလိုပဲလို့လည်း ဆိုပြန်တယ်၊ အဲဒီတော့ ဒီစကားတွေကို အနက် ဖွင့်ကြည့်ရမယ်ဆိုရင် သင်းကိုယ်တိုင်ကလည်း အဲဒီ အာသာဝတီကို မကြာ မကြာ ပြီတီတီ လုပ်ချင်နေတဲ့သဘောကို ဆောင်နေတယ်၊ မင်း ကြပ်ကြပ်သာ သတိထားပေတော့ ရန်နိုင်'

သည်တော့ ရန်နိုင်က စန်းကို,ကို တစ်ချက်လှည့်ကြည့်၏။

'ဘုရားပေးပေး ကျမ်းပေးပေးပါကွာ၊ မြင်မြင်ချင်း လှပ်ခနဲဖြစ်သွား





ကာကလေးကလှဲလို့ အိပ်မက်ထဲထည့်မမက်ရပါဘူး ရန်နိုင်ရာ၊ တကယ် တော့ ဒါမျိုးဟာ အပေါင်းအသင်းချင်း အင်မတန်သစ္စာရှိရမယ့်ကဏ္ဍဆိုတာ ဘောပေါက်ပါသော်ကော၊ ဒါနဲ့ မင်းတို့အိမ်ကို ထပ်လာသေးလားဟင်'

'ဘာကိစ္စမေးရတာတုံး'

'သြော်… စားပွဲထိုးကလေးလုပ်ချင်လို့ပါ၊ အနံ့ကလေးရှူရ နည်း လို့'

စန်းကိုစကားကြောင့် ဟိုနှစ်ကောင်က တသောသောရယ်၏။

ထိုအခိုက်မှာပင် စားပွဲထိုးကလေးက လက်ဖက်ရည်ခွက်များ လာချ သဖြင့် ခေတ္တစကားပြတ်သွား၏။ ဝင်းနိုင်ဦးက လက်ဖက်ရည်ကို တစ်ငုံ က်ပြီး မျက်နှာထားတည်တည်ဖြင့် မေးလာ၏။

'ဒါထက် နေပါဦး၊ ရန်နိုင့်ကို မေးရဦးမယ်၊ မင်းက အဲဒီကောင်မ နဲ့ ပတ်သက်ပြီး ခံစားနေရပြီဆို'

'ခံစားရတာကတော့ မမေးနဲ့တော့လေ၊ အဦးအစ တွေ့ကတည်း ခဲ့က်ချင်းလက်ငင်း ထော့ကျိုးထော့ကျိုး ဖြစ်သွားခဲ့ရတာကိုပဲ ကြည့် ပေါ့၊ ဒဏ်ကြေဆေးမျိုးစုံတောင် ကောင်မလေးက ဝယ်ပေးရပါတယ် တော့ ရှင်းနေပြီပဲကွ'

သိန်းတန်က ဝင်ပြော၏။

'မရှက်တမ်း ဝန်ခံရမယ်ဆိုရင်တော့ ငါ သူ့ကို စွဲလမ်းသွားမိတာ ပဲ၊ သူနဲ့ ထပ်မတွေ့ကြရသေးပေမယ့် ငါ့မျက်စိထဲမှာ သူ့ရုပ်ပုံလွှာ း စွဲထင်နေခဲ့တယ်၊ ငါ့နားထဲမှာ သူ့အသံကလေးတွေ ကြားယောင် တယ်၊ တစ်ခါမှ ဒီလိုမဖြစ်ဖူးဘူး၊ ငါတော့ သူ့ကို ကြွေသွားပြီထင်တာပဲ'

ရန်နိုင်က တလေးတနက် ပြောလိုက်မိသည်။ အာသာဝတီသည် နှလုံးကို အချိန်တိုင်းမှာ လွှမ်းမိုးနေခဲ့ပြီဆိုတာကို သူ အသိဆုံးမဟုတ်

'ခြေထောက်ထော့ကျိုးဖြစ်ရုံနဲ့ မလုံလောက်တော့ဘူး၊ အသည်းနှလုံး ထော့ကျိုးဖြစ်ချင်လာပြီ ပြောပါတော့လေ'

သိန်းတန်က ပြုံးစိစိဖြင့် မေးလာတော့ ရန်နိုင်က မျက်စောင်းထိုး



www.burmeseclassic.com

www.burmeseclassic.com



'နိမိတ်မရှိ နမာမရှိကွာ၊ မင်းဟာက စကားဦးသန်း လာပုံကိုက ငါက ခံဘက်က'

'တကယ်လည်းခံခဲ့ရတာ ဒဏ်ကြေဆေးဘူးတွေက သက်သေပြနေတာပဲ မဟုတ်လားဟ'

'ဟုတ်ပါတယ်ဟ… ဒါကတော့ ရန်နိုင် ပြောစရာမလိုဘူး၊ ဒီကောင့်ဘက်က ငါတစ်ယောက်လုံး သက်သေလိုက်မယ်၊ ကြည့်လိုက်ရင် အသိသာကြီးပဲဟာ'

စန်းနိုင်က ရန်နိုင့်ဘက်ကရှေ့နေဝင်လိုက်၏။ သူကတော့ အာသာဝတီကို အနီးကပ်မြင်တွေ့ဖူးလိုက်သူ ဖြစ်နေသည်ကိုး။

'အေး… မပြောမရှိနဲ့၊ လွတ်လွတ်လပ်လပ်ထဲကလည်း ဟုတ်တယ်၊ ကိုယ်ကလည်း တကယ်စိတ်ဝင်စားတာ မှန်တယ်ဆိုရင်တော့ လက်နေး မနေနဲ့ငါ့လူ၊ စတင်လှုပ်ရှားပေတော့၊ ဒီခေတ်က အမြန်ခေတ်၊ နောက်မှ ဘာသံညာသံ မကြားချင်ဘူးဗျား'

ဝင်းနိုင်ဦးကတော့ ရှင်းသည်။ ရန်နိုင့်ခံစားမှုကို သိရသည်နှင့် တစ်ပြိုင်နက် ချွန်တွန်းလုပ်တော့သည်။

'ဒါထက် ကောင်မလေးက မင်းကို သူ့လိပ်စာကတ်ပြားလေး ပေးထားတာပဲ၊ တစ်ရက်ရက် သွားလည်ကွာ၊ ဖုန်းနံပါတ်တွေလည်းပါတယ ဆိုတော့ ဒါလည်း ဆက်သွယ်နိုင်ဖို့ လမ်းကြောတစ်ခုပဲမဟုတ်လား'

'မြန်မာ့ဆက်သွယ်ရေးဌာန ရန်ပုံငွေတိုးဖို့ တစ်တပ်တစ်အား ဝိုင်းဝန်းအားပေးရမယ် ဆိုပါတော့လေ၊ တယ်လီဖုန်း ဈေးတက်နေတယ် ကြားသကွ'

'တက်စမ်းပါစေ၊ တက်စမ်းပါစေ၊ ဟိုကသာ စကားလက်ခံပြောမယ်ဆိုရင် ကိုယ်က လက်ဖက်ရည်ပဲ အတော်ခံပြီး ဖုန်းဖိုးရှင်းရ ရှင်းရဆိုတဲ့ စိတ်ကို မွေးရမှာပေါ့၊ မဟုတ်ဘူးလား ရန်နိုင်ရာ'

စန်းကိုနှင့် ဝင်းနိုင်ဦးတို့က တက်ကြွနေသည်။

'အင်း… မင်းတို့ကသာ စွတ်ရွတ်ပြောနေကြတာ၊ တကယ်တမ်းကျတော့ ငါလည်း သူ့ကို ဘယ်လိုကဘယ်လိုစပြီး ချဉ်းကပ်ရမှန်း မသိသေးဘူးဟ၊ ထပ်ပြီး ပတ်သက်စရာကလည်း ရှိတော့တာ မဟုတ်ဘူး'





ရန်နိုင်က စိတ်ပျက်သံဖြင့် ညည်း၏။ သည်လိုဆိုတော့လည်း ဒဲ့သားတွေက အားကိုးရသား။

'ပေးစမ်းပါဦး၊ ကောင်မလေးရဲ့လိပ်စာကတ်ပြားကို'

သိန်းတန်က အာသာဝတီ၏ ဗစ်ဇစ်တင်းကတ်ပြားကိုတောင်း၏။ ရန်နိုင် လန့်သွား၏။

'ဘာ… ဘာလုပ်မလို့လဲ'

'အောင်မာ… အကဲပိုနေလိုက်တာ၊ ကူးထားပြီး ကြုံတဲ့အခါ ဝင်အကဲခတ်ရအောင်လို့ပေါ့ကွ၊ သူ့အိမ်ကိုမသွားနိုင်သေးမယ့် သူ့ဆိုင်ဆိုတာ ကျတော့ ဆိုင်ဖြစ်နေတဲ့အတွက် ဝင်လို့ထွက်လို့ လွယ်နေတာပဲဥစ္စာ၊ ဆိုင်ပါဆိုမှတော့ ဘယ်သူမဆို လွတ်လပ်စွာဝင်လို့ရနိုင်မှာပဲ မဟုတ်လား'

'လွယ်လိုက်တာ၊ တော်ကြာ အမျိုးသမီးသီးသန့် အလှပြင်ဆိုင်ဖြစ်နေရင် ဘယ်လိုလုပ်မလဲ'

'လွယ်ပါတယ်၊ အဲဒီတော့လည်း ကိုယ့်ကိုယ်ကိုယ် နတ်ကတော်အခြောက်ယောင်ဆောင်လိုက်ပေါ့၊ သမီးတို့… မာမီ့မျက်နှာကို ပေါင်းတင်ပေးကြစမ်းကွယ်၊ ညနေဘက် ကနားစီးတစ်ပွဲရှိလို့လို့ ပြောဝင်ရမှာပေါ့'

သူတို့ ရယ်လိုက်ကြရပြန်၏။ သိန်းတန်က သည်လို ဉာဏ်နီဉာဏ်နက်တွေတော့ အတော်ထွက်သည့် ပုဂ္ဂိုလ်ဖြစ်သည်။ ထို့ကြောင့်လည်း ဝင်းနိုင်ဦးက သိန်းတန်ကို ဗိုင်းခေါင်းဆောင်ဘွဲ့ ပေးထားခြင်းဖြစ်သည်။

ရန်နိုင်က အင်္ကျီအိတ်ကပ်ထဲ ပါလာသည့် အာသာဝတီ၏ ဗစ်ဇစ်တင်းကတ်ပြားကလေးကို သိန်းတန်လက်ထဲသို့ ထိုးပေးလိုက်၏။ သိန်းတန်က သူ့အိတ်ဆောင်နတ်ဘုတ်ကလေးထဲသို့ ကူးရေးထည့်လိုက်သည်။ ပြီးနောက် ရန်နိုင် ပခုံးကိုပုတ်၍ မိန့်မိန့်ကြီး ရင့်ကျူးလိုက်လေသည်။

'ဒီနေ့ကစပြီး ဘုရားတနေပေတော့၊ အခု ငါ့လက်ထဲကို ဒီလိပ်စာရောက်လာတာဟာ ခွားကျောင်းသားလက်ထဲကို လောက်လေးခွနဲ့ လောက်စာလုံးလွယ်အိတ်လိုက် ရောက်သွားပြီဆိုတဲ့သဘောနဲ့ အတူတူပဲမှတ်'

ရန်နိုင်ကား ထိုစကားအဆုံးမှာပင် လက်ငင်း ဘုရားတနေချင်လေတော့သတည်း။

*

www.burmeseclassic.com

www.burmeseclassic.com

သိန်းတန်၏ကြုံ:ဝါးချက်ကား အမှန်ပင်။

နောက်တစ်နေ့ညနေမှာပင် ရန်နိုင်အဖို့ စီးကရက်မဖွာရဘဲ ထူးခြားလာပေချေတော့၏။

ရုံးဆင်းချိန်ညနေမှာပင် သူ့ရုံးသို့ မေခိုင်တစ်ယောက် ဆိုင်းမဆင့်ဗုံမဆင့် ပြုန်းစားကြီးရောက်ရှိလာသောကြောင့် ဖြစ်သည်။ မေခိုင့်ကိုမြင်တော့ ရန်နိုင် အံ့အားသင့်သွား၏။

'ဟင်… မေခိုင်၊ နင် ဘယ်ကလှည့်လာတာလဲ'

မေခိုင်က ချက်ချင်းပြန်မဖြေသေးဘဲ သူ့ခြေထောက်ကို ငုံ့ကြည့်သည်။ သူ့ခြေထောက်က ပြန်သက်သာနေပြီဖြစ်၏။ သည်တော့မှ သက်ပြင်းချကာ မေခိုင်က ပြော၏။

'နင့်ဆီတမင်လာတာ၊ ဒါနဲ့ နင့်ခြေထောက်က သက်သာနေပါပြီနော်'

'အေး… သက်သာနေပါပြီ၊ ဘာဖြစ်လို့လဲ'

'ကြည့်စမ်း… သေနာတွေ၊ ငါတို့မှာတော့ ရင်တွေပူလိုက်ရတာ'

'ဘာလဲဟ… ဘယ်သူတွေကိုဆဲတာလဲ၊ ဘာတွေ ရင်ပူနေတာလဲ'

နှစ်ယောက်သား ကမ်းနားလမ်းအတိုင်း လျှောက်လာကြရင်းမှ ကြံ့ရည်ဆိုင်ကလေးကို လှမ်းမြင်၏။

'လာဟာ… ကြံ့ရည် ကစ်ခွက်စီသောက်ရအောင်၊ သောက်ရင်းထိုင်ပြောကြတာပေါ့'

ထို့ကြောင့် လမ်းဘေးက ကြံ့ရည်ဆိုင်ကလေးကို ဝင်ထိုင်လိုက်ကြရ၏။ ကြံ့ရည်ခွက်ကလေးတွေ ရောက်လာတော့မှ မေခိုင်က ဟူးခနဲ သက်ပြင်းချရင်းပြော၏။





'နေ့လယ်က ဝတီက ငါ့ရုံးကို ဖုန်းဆက်တယ်ဟ၊ ညနေကျရင် နင့်ကို သွားတွေ့စမ်းပါတဲ့၊ သူက ဒီနေ့ညနေ ဘယ်လိုမှ မအားလို့တဲ့ နက်ဖြန်မနက်ကျမှ နင်တို့ အိမ်ကို သူလာပါရစေဆိုတာ အပြောခိုင်းလိုက်တယ်၊ အဲဒါ လာပြောရင်း ငါ့အခြေအနေကိုလည်း ကြည့်ရင်းပေါ့'

'ငါ အခြေအနေကြည့်ရအောင် ငါက ဘာဖြစ်နေလို့လဲ' —

'ဘာဖြစ်ရမှာလဲ၊ နင့်ခြေထောက်က ဒဏ်ကြေဆေးတွေ လိမ်းချလိုက်ကာမှ ဆေးမတည့်လို့ မယ်ဒီကယ်ရှော့ဖြစ်ပြီး ခြေထောက်တစ်ခုလုံး ညိုမှပ်ပြီး အခြေအနေဆိုးနေပြီ၊ ဆေးရုံတက်ပြီး ခြေချင်းဝတ် အဆစ်ကနေတောင် ဖြတ်ပစ်ရမလားမသိဘူးဆိုတဲ့ အခြေအနေရောက်နေတယ်တဲ့'

'ဟောဗျ… ဘယ်သူကပြောတာလဲ'

'ဝတီကပြောတာ၊ သူ့ဆိုင်ကို နင့်သူငယ်ချင်းနှစ်ယောက် လာသွားပြီး ပြောသွားတယ်တဲ့၊ ဒီလောက် ပြင်းပြင်းထန်ထန်နဲ့ ဒဏ်ရာရစေနိုင်မယ့် သွေးပြန်ကြောကြီးတည့်တည့်ကိုမှ ခင်ဗျားက ခွာစူးစူး သေးသေးမာမာကြီးနဲ့ တအားနင်းပစ်ခဲ့ရုံမက ဒုက္ခရောက်မယ့် ဒဏ်ကြေဆေးတွေလည်း ထပ်ပေးသေးတယ်၊ ဆေးတွေနဲ့ သူနဲ့မတည့်တော့ ပိုဆိုးကုန်ပြီလို့လည်း ပြောသွားသေးဆိုပဲ၊ ဝတီလည်း အဲဒီသတင်းရဆို ဒေါ်တုန်လှုပ်သွားတယ်၊ ဒါနဲ့ ငါ့ဆီကို ဖုန်းလှမ်းဆက်တာ'

'အေး… လုပ်ပါဦး၊ ငါ့ကိုလည်း နင့်ဖုန်းနံပါတ် ပေးထားပါဦး၊ အရေးဟဲ့ အကြောင်းဟဲ့ လှမ်းဆက်ရအောင်လို့'

တစ်လက်စတည်းမို့ ရန်နိုင်လည်း မေခိုင့်ဖုန်းနံပါတ်ကို သတိတရ တောင်းထားလိုက်၏။ သူ့ရုံးဖုန်းနံပါတ်ကိုလည်း မေခိုင့်ကို ပြန်ပေးလိုက်၏။

'အဲဒါနဲ့ ငါလည်း ဟုတ်တာမဟုတ်တာနောက်ထား၊ ရုံးကို အရင်လာကြည့်လိုက်တာ ကောင်းတယ်ဆိုပြီး နင့်ဆီ လိုက်လာတာပဲ၊ အခုတော့ နင့်ခြေထောက်က အကောင်းကြီးပဲ၊ နင့်သူငယ်ချင်းတွေက အတော်နောက်တဲ့ကောင်တွေပဲ၊ သေနာတွေ'

'ဘယ်သူတွေတဲ့လဲ'

'သိန်းတန်နဲ့ ဝင်းနိုင်ဦးတဲ့၊ နှစ်ယောက် အတူလာတာတဲ့ ဆိုင်ထဲရောက်မှ အာသာဝတီဆိုတာ ခင်ဗျားလားဆိုပြီး ကျွကျွနနေ



www.burmeseclassic.com

www.burmeseclassic.com



သတဲ့ ကြီး တော်တော်စိတ်မကောင်းဖြစ်နေတဲ့ မျက်နှာထားနဲ့ အတည် ပေါက်ကြီးနဲ့ ပြောသွားကြတာတဲ့၊ မယုံလို့လည်း မရဘူးလေ၊ မယ်ဒီ တယ်နေရာတိုတာ လူတိုင်းမှာရှိသလို တစ်ယောက်နဲ့တစ်ယောက် ပုံစံချင်း မတူပုံချင်းက တူကြတာမှမဟုတ်ဘဲ၊ ဝတီဆို ငါ့ဆီ ဖုန်းဆက်တော့ ငယ်သံကို တုန်နေတာပဲ၊ တော်တော်လန့်သွားတာ၊ ငါလည်း လန့်တာပဲ၊ ဒါ့ကြောင့် နင့်ဆီ တန်းပြေးလာတာသာ ကြည့်ပေတော့'

သိန်းတန်ကတော့ သူ့ကြုံးဝါးချက်အတိုင်း စတင်လှုပ်ရှားပေပြီ။ နွားကျောင်းသား လက်ထဲကို လောက်လေးခွနှင့် လောက်စာလုံးတွေ လွယ်အိတ်လိုက်ရောက်သွားသလို လက်သရမ်းတော့မည်ဆိုသော ကြုံးဝါး ချက်အတိုင်း စတင်သရမ်းလိုက်ခြင်းဖြစ်ကြောင်း ရန်နိုင် သိလိုက်၏။

သည်နှစ်ကောင်သည် အာသာဝတီရှေ့မှာ မျောက်နှာလေးတွေ ပါးရိုက်ခံထားရသည့် မျက်နှာပေးမျိုးနှင့် အပီအပြင် ဝမ်းနည်းကြေကွဲ နိုးရိမ်တကြီး ဖြစ်နေဟန် သရုပ်ဆောင်ပြခဲ့ကြမည်မှာ သေချာ၏။

ရန်နိုင့်ထံမှ အာသာဝတီ၏လိပ်စာကတ်ကိုတောင်းပြီး ကူးယူသွား လေကတည်းက တစ်ခုခုတော့ လုပ်တော့မည်ဆိုတာ အထင်သား၊ သို့သော် သည်လောက်မြန်မြန်ဆန်ဆန်ကြီး ထလှုပ်ရှားလိမ့်မည်ဟု ထင်မထားခဲ့မိ။ ခုတော့ သင်းတို့က လျှပ်စီးလက်သလို မြန်ဆန်လှချေ၏။

'အဲဒါ ဘာမှမဟုတ်ဘူး၊ ငါနဲ့ သူနဲ့ထပ်ဆုံရအောင် ထပ်ပတ်သက် ရအောင်လို့ ဒီကောင်တွေ ဖောက်လမ်းထွင်တာ'

မေနိုင် မျက်မှောင်ကြုတ်သွားသည်။

'ဟင်… ဘယ်လိုကြီးလဲ၊ နင်နဲ့ဝတီ ထပ်ဆုံရအောင် တမင်လုပ် ကြတာ၊ ဟုတ်လား'

'ဟုတ်တယ်၊ ထပ်ပတ်သက်ရအောင် လုပ်ကြတာ'

'အဲဒါက ဘယ်လိုသဘောလဲ'

ရန်နိုင်က ပြုံးလိုက်၏။ ခုရုပ်မှနောင်ရှင်းသော စကားအရ မေနိုင့် ကိုတော့ ရှေ့မျက်နှာနောက်ထားကာ ခပ်ပြောင်ပြောင်ပဲ ဖွင့်ဟဝန်ခံထား လိုက်တာ ကောင်းမည်ဟု တွေးလိုက်မိသည်။

ဒါမှ မေနိုင့်ထံကပါ စစ်ကူအဖြစ် တစ်တပ်တစ်အား အကူအညီ





ရကောင်း ရနိုင်လိမ့်ဦးမည်ဟု မျှော်လင့်မိတာလည်း တစ်ကြောင်းဖြစ်သည် ထို့ကြောင့် ခပ်ရှင်းရှင်းပဲ ဖွင့်ပြောချလိုက်သည်။

'ဘယ်လိုသဘောမှ မဟုတ်ဘူး၊ ငါ နင့်သူငယ်ချင်း ဝတီကို ကြွေနေမိပြီ'

'ဗုဒ္ဓေါ… မြန်လှချည်လားဟယ်'

မေနိုင် မျက်လုံးပြူးသွားကာ သူမရင်ဘတ်ကို သူမ လက်ကလေး ဘွေနှင့်ဖိ၏။

'အေး… မြန်တယ်ပြောလည်း မတတ်နိုင်ဘူး၊ အပြစ်တင်ရင် လည်း ခံရုံပဲ'

'နင့်ရောဂါ ဒီဂရီက နေ့ချင်းညချင်း ဆိုသလိုပါကလား'

'နေ့ချင်းညချင်းဆို ဆေးမမီမှာကိုတောင် စိုးရိမ်နေရပြီ'

'ဖွတ်ပဲ'

ရန်နိုင်က ရှုံ့မဲ့သောမျက်နှာပေးဖြင့် မေနိုင့်ကို ကြည့်လိုက်သည်။

'နင်ကလည်းဟာ၊ မြင်မြင်ချင်း ချစ်တာတွေလည်း ရှိတတ်ပါ တယ်ဟ'

'ဘာဆိုင်လဲ၊ ဟိုက ပျို့ဆုတောင်းပါဆိုတော့ မိန်းကလေးဟဲ့'

'ဟ… ငါက ယောကျ်ားလေးဆိုတော့ ပိုပြီးတောင် သဘာဝကျ သေးပေါ့၊ အဲဒီအကြောင်းကို ဒီကောင်တွေကို ဖွင့်ပြောမိတော့ သူတို့လည်း အမြင်မတော်တော့ဘူး၊ ဝိုင်းမှ ဝန်းမှဆိုပြီး ဝတီနဲ့ ငါ နောက်တစ်ကြိမ် မြန်မြန်ထပ်ဆုံကြရအောင် အကြံအဖန်သွားလုပ်ကြတာပဲ ဖြစ်မယ်၊ စတဲ့ သူတွေက စနေပြီဆိုတော့ ငါက နောက်က လိုက်ကိုလိုက်မှဖြစ်တော့မယ်၊ ဒီတော့ ဒီပွဲမှာ နင်ပါ ဝင်ကူဟာ'

'အမယ်… မြားဦးက ငါ့ဘက်ပါ လှည့်လာတာကိုး၊ ငါပါ ကြံရာပါဖြစ်အောင် ဆွဲစေ့နေပြန်ပြီ'

'နင်ကလည်းဟာ၊ အချင်းချင်းတွေကို ဒီလောက်မှ အားမကိုးရဘူး လား၊ လုပ်စမ်းပါဦး… အကြံဉာဏ်လေးဘာလေး ပေးစမ်းပါဦး'

မေနိုင်သည် သူမလက်ထဲမှကြံရည်ခွက်ကို အဆေးအလှုပ် ငြိမ်း ၍ ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



'နေပါဦး… အဲဒါက ဘာဖြစ်လို့ ကြည့်ရတာတုံး'

ရန်နိုင်က နားမလည်နိုင်သလို မေး၏။

'ငါ့လက်ထဲက ကြံရည်ခွက်က သောက်ရင်းသောက်ရင်းကနေ ပုလာတယ်ထင်လို့ ရေခဲတုံးမှကျန်သေးရဲ့လားလို့ ငုံ့ကြည့်မိတာ'

'လုပ်ပြီ၊ နင့်ဟာက ဘာမှမကူညီရသေးဘူး၊ ရင်တွေပူလာပြီ ပြောပါတော့လေ၊ လုပ်ပါဟာ၊ ဘယ်လိုဆက်ချီတက်ရရင် ကောင်းမလဲ၊ နင့်သူငယ်ချင်းမှာ ခုထိ ပေါ်ပေါ်ထင်ထင် လက်ဆုပ်လက်ကိုင် ရည်းစား တော့ မရှိသေးပါဘူးနော်'

မေနိုင် သက်ပြင်းချ၏။ ခုမှ အတော်လည်း စိတ်ရှုပ်သွားဟန် တူ၏။

'ဒါတော့ ငါလည်း ဘယ်သိပ့ါမလဲ၊ ဒါပေမဲ့ ငါသိသလောက်က တော့ သူ့ကို ပရိုပို့စ်လုပ်နေတဲ့လူတွေကတော့ အများကြီးပဲ၊ အဲဒါက ခုမှ မဟုတ်ဘူး၊ ကျောင်းမှာကတည်းက အများကြီးပဲ'

ဒါကတော့ သေချာလောက်သည်ဟု ရန်နိုင်လည်း ထောက်ခံ လိုက်မိပြီးဖြစ်သလို အတော်လေးလည်း တုန်လှုပ်သွားမိ၏။

'ဒါဖြင့် တန်းစီလိုက်ရင် ငါက ဘယ်နံပါတ်လောက်မှာများ ရှိမလဲ မသိဘူး'

'သိပ်မများပါဘူး၊ ဘိတ်ချီးရှေ့က ကျွန်တော် ဆိုသလောက် နေမှာပါ'

'တော်တော်အားတက်စရာကြီးနော်၊ အသည်းအသန် နားပူနားဆာ တိုက် လှုပ်ရှားနိုင်မှ တန်ရုံကျမလား မပြောတတ်ဘူး'

မေနိုင်က တရားကျသလို မျက်နှာပေးနှင့် လှမ်းကြည့်၏။

'နင်က သူတကာတွေရဲ့ နောက်ဆုံးမှလည်း တွေ့ရသေးတယ်၊ ခုမှထလောနေတယ်၊ ဆိုင်တော့ မဆိုင်ပါဘူးဟာ၊ ဖူးစာဆိုတာ ဘယ်ပြောလို့ ရမလဲ၊ နင် သေသေချာချာစဉ်းစားဖို့က နင်က သူ့အလှကလေးကို သာယာ နေမိတာလား၊ တကယ်တော့ ရင်ထဲက စွဲလမ်းမိတာ ဟုတ်ရဲ့လားဆိုတာပဲ'

'ခက်လိုက်တာဟာ၊ သူသာ သေချာတယ်ဆိုရင် ငါ့ဘက်က ခု ကတည်းက ဖိတ်စာတစ်ခြမ်းရိုက်ပြီးပြီ၊ အဲလောက် သေချာတယ်၊ အခု





ငါ ဘယ်လိုဆက်လုပ်ရမလဲဆိုတာသာ နင် စဉ်းစားစမ်းပါ'

မေနိုင်က သူ့ခေါင်းကိုသူ နှစ်ချက်သုံးချက်ကုတ်၏။

'အင်း… ခုမှ ငါလည်း ငါ့ဒုက္ခ ငါလာရှာသလို ဖြစ်ရပါတော့ ...တစ်ခုတော့ ရှိတယ်၊ နင့်ကောင်တွေ ဇာတ်လမ်းရှုပ်သွားတာကြောင့် ...ကနင့်ဆီတော့ ရောက်အောင်ပြေးလာမှာပဲ၊ သူ့မှာ တာဝန်ရှိတယ်လေ၊ တကယ်သာ ခြေထောက်တစ်ဖက် ဖြတ်ပစ်ရမယ်ဆိုရင် သူလည်း လန့်မှာ ...ပါ၊ သူ တကယ်လာတဲ့ အချိန်ကျမှ နင်တို့က ပြောထားသလိုမဟုတ်ခဲ့ရင် ...တစ်ခါတည်းနဲ့ တစ်သက်စာ အယုံအကြည်ကင်းသွားလိမ့်မယ်၊ ဒီတော့ နင့်ကောင်တွေ လာခင်းတဲ့ဇာတ်ဟာ မဟုတ်တဲ့အကြောင်း နင် သူ့ဆီဖုန်း ဆက်ပြီး ပြောထားလိုက်ပေါ့'

'အဲဒီတော့မှ စိတ်ချလက်ချဖြစ်သွားပြီး မလာတော့ရင် ဘယ်လို လုပ်မလဲ'

'ဒါက လွယ်ပါတယ်၊ ဟိုကောင်တွေ ပြောသွားသလောက် ... မဟုတ်သေးပါဘူး၊ ဒါပေမဲ့ မသက်သာသေးတာတော့ အမှန်ပဲဆိုတာ လောက်တော့ ထည့်ပြောလိုက်ပေါ့ဟာ၊ ဒါဆို သူလာမှာပဲ၊ အဲဒီတော့မှ ...မီးစင်ကြည့်ပြီး ဆက်ကပေါ့'

'အေး… အဲဒါ မဆိုးဘူး၊ လိမ်တော့လိမ်တာပေါ့လေ၊ ဒါပေမဲ့ အပြစ်ဖြစ်လောက်အောင် လိမ်တာမျိုးတော့ မဟုတ်ဘူးပေါ့'

'ဒွေးကို နံပါတ်သရီးပါလို့ ပုံမှားရိုက်သလောက်ပဲပေါ့ဟာ၊ နင့် ...ကောင်တွေနဲ့လည်း ဆက်တိုင်ပင်ဦးပေါ့၊ ငါလည်း တစ်ဖက်တစ်လမ်းက ...နည်းနည်း အရိပ်အမြွက်လောက်တော့ စကားစထားနှင့်လိုက်မယ်၊ ဟုတ်ပြီ ပလား'

'ကျေးဇူးကြီးပါတယ် သူငယ်ချင်းရယ်၊ ငါ့အဖြစ်က အရပ်ကယ် ...လူဝိုင်းပါဆိုသလိုကြီး၊ တွေ့တွေ့ချင်း ဖွင့်ပြောချလိုက်ရင်လည်း ငါ့ထို့ တပ်လန့်သွားမလား မသိဘူးနော်'

'အို… ခုမပြောလည်း နောင်ကျ ပြောရမယ့်စကားပဲ၊ အခွင့်... ...ရရင်တော့ ပြောသာပြောချလိုက်၊ ဒါမှ ကိစ္စပြတ်မယ်ဆိုလည်း ... ...ခီးစီး တစ်ခါတည်းပြတ်နှင့်ရော'



www.burmeseclassic.com

www.burmeseclassic.com

ရန်နိုင် လန့်ဖျပ်သွားသည်။ မေနိုင်က သူထင်ထားတာထက် တောင် ပိုစိတ်မြန်နေချေသေး၏။

'အဲလိုတော့ မလုပ်ရဲသေးဘူး၊ လိုကာမည်ရ စာလေးဘာလေး ရေးထားရုံလောက်ပဲ ငါလုပ်ရဲမှာ'

'ကဲ… ကိုယ်တော်မြတ်၊ တော်လောက်ပြီ၊ နို့မို့ရင် ဒီကြံ့ရည်ဆိုင် မှာတင် ဘာကြံ့ရည်ဖန်ရည်မှ မပြီးပြတ်ဘဲ မိုးချုပ်သွားလိမ့်မယ်၊ ငါတို့ပြန် ကြစို့၊ နင်လည်း နင့်ကောင်တွေနဲ့ တိုင်ပင်လိုက်ဦးပေါ့'

မေနိုင်က စကားဖြတ်ပြီး ကြံ့ရည်ဖိုးထရှင်းသည်။

အခြေအနေကတော့ မဆိုး။ ကိုယ့်ဘက်ကတစ်ထောင်တာ ဗိုလ်ထု နှင့်လူစုပြီးပြီပဲ။

အဲဒီတော့မှပင် ရန်နိုင်မှာ အထိတ်ကြီးထိတ်၊ အလန့်ကြီးလန့်လာ ကာ ရင်ခုန်သံတွေ ဒိန်းတပ်တပ်ဖြစ်လာရချေတော့လေသည်တကား။

*

'ဟင်… ကိုကို့ခြေထောက်က ခုမှ ဘယ်လိုကြီးဖြစ်သွားရတာ လဲဟင်'

အေးအေးမိုးက ရန်နိုင့်ခြေထောက်ကို ငုံ့ကြည့်ကာ အံ့အားတသင့် မေးသည်။ ရန်နိုင့်ခြေထောက်ကလည်း နဂိုနေမှ မဟုတ်တော့တာလေ၊ ဒါက စန်းကို၏ဉာဏ် ဖြစ်သည်။ သည်မနက်အစောကြီး စန်းကိုက ရန်နိုင့် အိမ်သို့ပေါက်ချလာ၏။ သူ့လက်ထဲမှာလည်း ဆေးမြစ်တွေပါလာ၏။

'အဲဒါက ဘာတွေတုံးဟ'

'ဘာတွေမှမဟုတ်ဘူး၊ မင်းဒဏ်ရာကို အရောင်တင်ပေးမလို့၊ ဒါက ဆော်လဲမြစ်၊ ဒါက ညှော်ခံမြစ်၊ ဒါက စာသူငယ်ဦးနှောက်၊ ဒါက သွေး ထွက်ဝင်အူမြစ်၊ ဒဏ်ရာအနာတရဖြစ်ရင် သိမ်းရတဲ့ဆေးမြစ်တွေ၊ အိမ်မှာ ရှိသမျှ ရှာဖွေမေးမြန်းစပ်စုပြီး အကုန်မ,လာခဲ့တာ'

စန်းကိုက သူတကူးတက ကျွတ်ကျွတ်အိတ်ကြီးနှင့် ထည့်လာ သော ဆေးမြစ်တွေကို တစ်ခုချင်းထုတ်ပြရင်း ပြောသည်။ ပြီးမှ ရန်နိုင့်ညီမ အေးအေးမိုးကို လှမ်းပြော၏။

'ဆေးသွေးတဲ့ ကျောက်ပျဉ်ကလေး ဘာလေးမရှိဘူးလားဟ အေးမိုးရ'

'ရှိတယ်၊ ရှိတယ်'

အေးအေးမိုးက ဆေးသွေးသော ကျောက်ပျဉ်ငယ်လေး တစ်ချပ်ကို ထုတ်ပေး၏။

'မင်းဟာတွေက ဟုတ်မှလုပ်ပါ စန်းကိုရာ၊ မင်း ဆေးမြစ်စုံ ရောလိမ်းလိုက်တော့မှ အကုန်ပေါင်းမိပြီး ထောက်မရပြုမရ ဖြစ်ကုန်ပါ ဦးမယ်'

www.burmeseclassic.com



'ခက်ပါကွာ၊ ခုမှ ဆေးပေါင်းခတဲ့ ခြေထောက်ဖြစ်ပြီး အမြန်ကောင်းသွားမှာတော့မသိဘဲနဲ့၊ နောက်တစ်ခုက ဒီဆေးမြစ်ဥတွေ ရောလိမ်းချလိုက်တဲ့အတွက် ကာလပေါင်းစုံခပြီး မင်းခြေထောက်ကြီးက ဟိုအကောင်တွေဖြီးထားသလို ညိုပုပ်နေသလိုလို အပြကောင်းတော့မှာပေါ့ကွ၊ သိန်းတန်တို့က မင်းခြေထောက်ကို မနက်ဖြန်ပဲ ဖြတ်ပစ်ရတော့မလိုလို ဖြီးချလာခဲ့ကြတာလို့ ပြောတယ်။ ဒါကို သဘာဝကျအောင် လုပ်ပေးဖို့က ငါ့တာဝန်ထား'

စန်းကိုက ဆေးမြစ်ပေါင်းစုံကို ကျောက်ပျဉ်ပေါ် တကျိကျိသွေးသည်။ ပြီးနောက် ရန်နိုင့်ခြေထောက်ကို ထူပူနေအောင် လိမ်းစေ၏။ ဟုတ်တော့ဟုတ်သည်။ ဆေးမြစ်ပေါင်းစုံဆိုတော့ ထွက်လာသည့် ကာလာအရောင်က ညိုပုပ်ပုပ် နီချိတ်ချိတ်ပင်။ အထူးသဖြင့် သွေးထွက်ဝင်အူဆေးမြစ်က ကာလာအရင့်ထွက်၏။ ခြေချင်းဝတ်လောက်မှ စတင်ကာ သုံးလေးထပ်ထုထုလေးလိမ်းလိုက်ပြီး ယပ်တောင်ဖြင့် ယပ်ခတ်ပေးကာ အခြောက်ခံလိုက်တော့ ရန်နိုင့်ခြေထောက်ကြီးက ညိုပုပ်ပုပ် မည်းချိတ်ချိတ်ကြီး ဖြစ်သွား၏။

'ကိုင်း… ဒဏ်ရာတောင် ဘယ်ပျောက်သွားမှန်း မသိတော့ဘူး၊ အမြင်အားဖြင့်တော့ အခြေအနေအတော်ဆိုးသောဒဏ်ရာ ဖြစ်သွားပြီ၊ ကျန်တာကတော့ မင်းအမူအရာကောင်းဖို့ပဲ လိုမယ်၊ ဒါက မင်းအပိုင်း၊ မေနိုင်ပြောသားတဲ့အတိုင်းဆိုရင် မင်းကောင်မလေးက ဒီနေ့မနက် ဒီကိုရောက်ချလာမှာပဲကွ၊ သူ့ရှေ့မှာ အပီအပြင် သရုပ်ဆောင်ပြနိုင်ဖို့ပဲ လိုတယ်'

စန်းကိုက ရန်နိုင့်ခြေထောက်မည်းမည်းကြီးကိုကြည့်ကာ သူ့ဟာသူ အတော်သဘောကျနေသည်။ လူငယ်စင်စစ်မှသည် အဘိုးအိုအဖြစ်သရုပ်ဆောင်မည့်မင်းသားကို မိတ်ကပ်ဖြင့် ရုပ်ချပေးထားသော မိတ်ကပ်ဆရာက သူ့လက်ရာသူ ပြန်ကျေနပ် သဘောကျနေပုံမျိုး ဖြစ်သည်။

'တောက်… မနေ့တုန်းက မေနိုင်က မင်းတို့ပြောထားသလောက် မဟုတ်သေးပါဘူးဆိုတာကို ဖုန်းဆက်ပြောထားဖို့ ငါ့ကို အကြံပေးသေးတာကွ၊ ဖုန်းလုမ်း မဆက်ဖြစ်လိုက်ဘူး'

'ဟ… ဘာလို့ဆက်ရမှာလဲ၊ ဒီမှာ အဲလိုမဆက်ဖြစ်တာ ဘုရားမတယ် အောက်မေ့၊ သူပြောသလို ဆက်ဖြစ်လိုက်ရင် ဒီလောက်လည်း





ဟုတ်ပါဘူးဆိုပြီး မင်းကောင်မလေးက စိတ်အေးသွားပြီး လာချင်မှလာမှာ၊ အခုလက်ရှိအနေအထားက အကောင်းဆုံးပဲ၊ သူ သေချာပေါက်လာလိမ့်မယ်၊ အဲဒီတော့မှ မီးစင်ကြည့်ကတာပေါ့၊ လာ… အိမ်ရှေ့ခန်းသွားရအောင်၊ ဟိုနှစ်ကောင်က လက်ဖက်ရည်ဆိုင်က စောင့်နေလိမ့်မယ်၊ အာသာဝတီလာဘာမှ လက်ဖက်ရည်ဆိုင်ကို ငါတို့ အတူလိုက်မယ်'

နှစ်ယောက်သား အိမ်ရှေ့ခန်းသို့ ပြန်ထွက်အလာမှာပင် အေးအေးမိုးက ရန်နိုင့်ခြေထောက်ကြီးကို ငုံ့ကြည့်ကာ လန့်ဖျပ်ပြီး 'ကိုကို့ခြေထောက်ကြီးက ခုမှ ဘယ်လိုဖြစ်သွားရတာလဲ' ဟု မေးခြင်း ဖြစ်သည်။ စန်းကိုက အေးမိုးကို မျက်စိတစ်ဖက်မှိတ်ပြလိုက်၏။

'အသာနေစမ်း အေးအေးမိုး… ခြေထောက်ဒဏ်ရာကို အခြေအနေဆိုးသလို ထပ်ဆင့်အရောင်တင်ထားတာ'

'ဘာလို့ အရောင်တင်ရတာတုံး'

'သူ့ကောင်မလေးရှေ့ကျရင် ဒီဒဏ်ရာနဲ့ပတ်သက်လို့ နင်တို့ ဘာမှဝင်မပြောနဲ့နော်၊ ဒီဒဏ်ရာဆိုးနေကြောင်းအကြောင်းပြပြီး သူ့ထက် တကယ်ဆိုးနေတဲ့ ဒဏ်ရာကိုကုရမှာ'

'ဘာဒဏ်ရာတုံး'

'နင့်အစ်ကိုရင်ထဲက အချစ်ဒဏ်ရာလေ၊ အဲဒီကောင်မလေးကို နင့်အစ်ကိုကြိုက်နေပြီ'

'ငါတို့က ကြားကနေ ဝင်လျှော်ပေးရတဲ့ လေ့ထိုးသားတွေ'

'ဟေ့ကောင်… ဘာတွေလျှောက်ပြောနေတာတုံး'

'ဟုတ်တာတွေပြောတာလေ၊ ဒီမှာ အေးမိုး၊ ဟိုနေ့က နင့်အစ်ကိုကို ကားနဲ့လိုက်ပို့တဲ့ကောင်မလေးဟာ နင်တို့ ယောက်မလောင်းပဲ၊ မှတ်ထား'

'ဟောတော့'

အေးအေးမိုး မျက်လုံးပြူးသွားကာ လျှာတစ်လစ်ကလေးဖြင့် ပြုံးစိစိကျန်ရစ်နေခဲ့သည်။ ရန်နိုင်တို့အိမ်ရှေ့ခန်းသို့ ရောက်ရှိသေးသည်။ အိမ်အပြင်ဘက် ခြံတံခါးရှေ့သို့ ကပ်၍ထိုးဆိုက်လာသော ရွှေအိုရောင်ကားတစ်စီးကိုမြင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်… ဟိုမှာလာပြီကွ၊ အခုအချိန်ကစပြီး အကျိုးဇာတ်ကို ဖိုးကပ်စ်ချိန်ပြီး စပေတော့'

စန်းကိုက အရေးတကြီး ကပ်ပြောၐ်။

အဲဒီတစ်ခဏမှာပဲ ကားပေါ်ကဆင်းကာ အိမ်ဘက်သို့ လျှောက်ဝင်လာသော အာသာဝတီကို မြင်ရၐ်။

ဝင်းဝါစိုပြည်သော အသားအရောင်နှင့် လိုက်ဖက်တင့်တယ်လှသည့် စကားဝါရောင် ဝမ်းဆက်ကလေးနှင့် သူမ၏စတိုင်လ်အတိုင်း ရှည်သွယ်နက်မှောင်သော ဆံနွယ်တွေကို နောက်ဘက်သို့ ဝဲနေအောင် ကျကျနနဖြီးသင်ချထားသဖြင့် နဖူးပြင်ထင်းထင်းကလေးနှင့် လှတစ်မျက်နှာက မြူတိမ်ကင်းသည့် ငွေလမင်းနယ် ထင်ရှားပေါ်လွင်နေၐ်။ လှလိုက်တဲ့ အာသာဝတီရယ်။

ရန်နိုင်သည် ထိုဒဏချင်းမှာပင် စပါးကြီးမြွေ၏ ညို့ချက်မိသွားသော ယုန်သူငယ်အလား ငေးခနဲမှေ့သွားၐ်။ စန်းကိုကသာ အကျိုးဇာတ်ကို ဖိုးကပ်စ်ချိန်ပြီး စတင်ဖို့ သတိပေးနေသည်။ အမှန်တကယ်မှာတော့ဖြင့် ရန်နိုင်က ခြေထောက်ကဒဏ်ရာကို မေ့သွားခဲ့လေပြီဖြစ်တော့ၐ်။

'ဟော… မအာသာဝတီလာတာနဲ့ အတော်ပဲ'

စန်းကိုက ရန်နိုင့်ကို လျှင်မြန်စွာဝင်တွဲလိုက်ရင်း အိမ်ထဲဝင်လာသည့် အာသာဝတီကို ဆီးပြောလိုက်သည်။ အာသာဝတီက မည်းချိတ်နေသော ရန်နိုင့်ခြေထောက်ကြီးကို ငုံ့ကြည့်လိုက်ရင်း ပါးစပ်အဟောင်းသားဖြစ်သွားၐ်။ စန်းကို အရောင်တင်ပေးထားသည့် ကာလာကလည်း ရုတ်တရက်သာ ကြည့်လိုက်ပါက လန့်ဖျပ်သွားနိုင်လောက်သည်။

'ဟင်… ဒဏ်ရာက အတော်အခြေအနေဆိုးနေပြီနဲ့တူတယ်၊ ဘုရား… ဘုရား… ဖြစ်ရလေ ကိုရန်နိုင်ရယ်'

အာသာဝတီက စိတ်ပူသံကလေးနှင့်ပြောၐ်။ စန်းကိုက ခပ်တည်တည်ဖြင့် ဖိန့်ၐ်။

'ဆေးရှော့ဖြစ်တာလားလို့ပဲဗျ၊ ကျွန်တော်တို့ကလည်း ဆေးပညာကို နားလည်တာမဟုတ်ဘူး'

'ဒါနဲ့ နေပါဦး၊ ဒီဒဏ်ရာကြီးနဲ့ အခုဘယ်သွားမလို့လဲ'





'ထိုင်နေကျလက်ဖက်ရည်ဆိုင်ပါဗျာ၊ ဒီကောင်က လက်ဖက်ရည်မသောက်ရရင် နေနိုင်တာမဟုတ်ဘူး၊ ဒါကြောင့် အခု တွဲခေါ်သွားမလို့'

'အိုး… ဘယ်ဖြစ်မလဲ၊ ကဲ… လက်ဖက်ရည်မသောက်ရ မနေနိုင်ဘူးဆိုရင်လည်း ဝတီ့ကားနဲ့လိုက်ခဲ့၊ အဲဒီကို လိုက်ပို့မယ်'

'နေဦးလေ မမ၊ ဒီမှာ မမကိုကျွေးဖို့ မုန့်ပွဲတောင် ပြင်ပြီးနေပြီ'

အေးအေးမိုးက လှမ်းပြောသည်။

'နေပစေ ညီမလေး၊ သူ့ကို လက်ဖက်ရည်ဆိုင် လိုက်ပို့လိုက်ဦးမယ်၊ အဲဒီကပြန်လာမှပဲ မမ မုန့်စားတော့မယ်နော်၊ လာ… သွားကြရအောင်၊ အဲဒီက ဖြည်းဖြည်းတွဲခဲ့နော်'

အာသာဝတီက အေးအေးမိုးကို ငြင်းလိုက်ပြီး ကားဆီသို့ ပြန်လျှောက်သွားသည်။ စန်းကိုက ရန်နိုင့်ကို ဝင်တွဲလိုက်ရင်း အေးအေးမိုးကို နှုတ်ခမ်းကိုက်ပြကာ ခေါင်းယမ်းပြၐ်။ 'ဝင်မရှုပ်နဲ့ဟေ့' ဆိုသောသဘော။ အေးအေးမိုးသည် ပြုံးစိစိဖြင့် မုန့်ဟင်းခါးဆိုင်ဘက် ပြန်လျှောက်သွားၐ်။ ရန်နိုင်ကတော့ သိလိုက်ပြီ။

ချက်ချင်းလက်ငင်းကြီး ရောဂါတိုးလာကာ နံဘေးက လူတွဲခေါ်ရလောက်အောင်ဖြစ်သွားသည့် သူ့ကို အံ့အားတသင့် လှမ်းကြည့်နေသော မမေ့ကို ထိုအကျိုးဇာတ်လမ်းသည် အလိမ်အညာကြီးသာဖြစ်ကြောင်း အေးအေးမိုးက ဖွင့်ချပြချေပေတော့မည်ဟု။

*

www.burmeseclassic.com

www.burmeseclassic.com

ကားပေါ်ကဆင်းလာသည်နှင့် စန်းကို၏ ပခုံးတစ်ဖက်ကို အားပြု ကာ ထော့ကျိုးဆင်းလာသော ရန်နိုင့်ကိုမြင်ကတည်းက သိန်းတန်နှင့် ဝင်းနိုင်ဦး တို့ အထာပေါက်သည်။

ဝင်းနိုင်ဦးက စားပွဲမှ ပျာပျာသလဲထလာကာ ရန်နိုင့်ကို တစ်ဖက် က ဝင်တွဲ၏။

'မင်းနှယ်ကွာ… ဒီလောက်ဒဏ်ရာကြီးနဲ့ဟာကို ဆိုင်ထလိုက် လာရသေးတယ်၊ မသကာ စန်းကိုနဲ့ မှာလိုက်ရင် ပြီးတာပဲ၊ ငါတို့ ပါဆယ် ဆွဲလာခဲ့မှာပေါ့'

ဝင်းနိုင်ဦးက အာသာဝတီ ကြားလောက်အောင် မြည်တွန်တောက် တီးလိုက်သေးသည်။

'မဟုတ်ဘူးကွ၊ ဒီမှာ ဝတီက မမျှော်လင့်ဘဲ ရောက်လာလေတော့ သူ့ကိုပါ မင်းတို့နဲ့ မိတ်ဆက်ပေးရင်း လက်ဖက်ရည်တိုက်ရအောင်လို့၊ ပြီးတော့ သူ့ကားနဲ့ လာတာပဲကွာ'

ရန်နိုင်က ခပ်တည်တည် ပြန်ပြောရသည်။ သည်တော့ အာသာ ဝတီက ဝင်ပြော၏။

'မဟုတ်ပါဘူး၊ ကျွန်မက လိုက်ပို့တာပါ'

ရန်နိုင်တို့အားလုံး စားပွဲမှာ ထိုင်မိချိန်ကျမှ ရန်နိုင်က မသိသလိုပုံစံ နှင့် အာသာဝတီနှင့် သိန်းတန်တို့၊ ဝင်းနိုင်ဦးတို့ကို မိတ်ဆက်ပေးလိုက်သည်။

'ဒါက ကျွန်တော့်သူငယ်ချင်းတွေပါ ဝတီ၊ သူက သိန်းတန်၊ သူက ဝင်းနိုင်ဦးတဲ့'





'ကျွန်မတို့ချင်း သိပြီးပါပြီ ကိုရန်နိုင်၊ မနေ့ကပဲ ကိုရန်နိုင့်သူငယ် ချင်းတွေ ဝတီ့ဆိုင်ကို ရောက်လာကြတယ်၊ ကိုရန်နိုင့်ခြေထောက်က ဒဏ်ရာ အခြေအနေတိုးနေကြောင်း လာပြောသွားကြတယ်၊ ကျွန်မ ဆိုင်လိပ်စာ ကိုရန်နိုင့်ဆီက ကူးလာခဲ့တာပြောတယ်'

အာသာဝတီက ရှင်းပြ၏။

'မင်းတို့ အတော်ဆိုးတဲ့ကောင်တွေပဲကွာ၊ ဘာလို့ သွားပြောရတာ လဲ၊ အားနာစရာ၊ အဲဒါကို အခု ဝတီပြောပြမှပဲ ကျွန်တော် သိတာဗျ၊ ဟိုနေ့ကတော့ ဝတီပေးထားတဲ့ လိပ်စာကတ်ပြားကလေးကို ဒီကောင်တွေ ကို ကျွန်တော် ပြမိတယ်ဗျာ'

ရန်နိုင်က မျက်နှာပိုးသေသေဖြင့် သိန်းတန်တို့နှစ်ယောက်ကို ဆူပူ လိုက်၏။

'တမင်တကာ စိတ်အနှောင့်အယှက်ဖြစ်ရအောင်ရယ်လို့ သွားပြော တာ မဟုတ်ရပါဘူးကွာ၊ တို့နှစ်ယောက်ကလည်း သိမ်ကြီးဈေးကို ပစ္စည်း လေးတစ်ခု သွားဝယ်ရင်းက အမှတ်မထင် မအာသာဝတီရဲ့ဆိုင်ရှေ့ ရောက် သွားတာနဲ့ သတိရပြီး ကြုံတုန်းဝင်ပြောပြမိတာပါ၊ ဒီလိုလေ မအာသာဝတီရဲ့ ကျွန်တော်က ဟောဒီနုတ်ဘုတ်ကလေးကို သွားလေရာဆောင်တတ်တယ်၊ အဲဒီအထဲမှာ မအာသာဝတီတို့ ဆိုင်လိပ်စာလည်း ကူးထည့်ထားမိလေတော့ အခန့်သင့် တိုက်ဆိုင်သွားတာပေါ့'

သိန်းတန်က သူ့အင်္ကျီအိတ်ကပ်ထဲက အိတ်ဆောင်နုတ်ဘုတ် ကလေးကို ထုတ်ပြရင်းက ဖြေရှင်း၏။ အတော်လာသည့် ငနဲသား။ သူ့ဟာ နှင့်သူ အဝင်အထွက်ကိုက်အောင်တော့ ကြံဖန်တွေးထားနှင့်ဖော်ရသည်ဟု သိန်းတန်ကို စိတ်ထဲက သြဘာပေးလိုက်ရ၏။

'ဘယ်ဟုတ်မလဲ၊ ဒီလိုလာပြောမှလည်း သိရမှာပေါ့၊ သူ့ဒိုတို ကျေးဇူးတင်ရမယ်၊ ဒီကိစ္စက ဝတီ့မှာလည်း တာဝန်ရှိပါတယ်'

အာသာဝတီက နှစ်သိမ့်သလိုပြောရင်း လက်ဖက်ရည် မှာသည်။ မုန့်ပွဲတွေ လှမ်းမှာသည်။

'စားကြ သောက်ကြပါ၊ ဒီပွဲကို ဝတီရှင်းပါ့မယ်'

'မရှင်းရပါဘူးဗျာ၊ အစကြီးကတည်းက ကျွန်တော်တို့ ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြီးသားပါ၊ ဒီဆိုင်က ကျွန်တော်တို့ လက်စွဲသောက်နေကျဆိုင်လေ၊ မအာသာဝတီ ရှင်းရင်လည်း ဒီဆိုင်က ကလေးက ပိုက်ဆံယူမှာမဟုတ်ဘူးဗျ၊ ကျွန်တော်တို့ တားထားလိုက်ရင် ပြီးပြီ'

ပင်းနိုင်ဦးက လက်ဝါးကာပြရင်း ပြောသည်။ သိန်းတန်က ဆက်လက်၍ဖြည့်စွက်၏။

'ဟုတ်ပါတယ် မအာသာဝတီ၊ ကျွန်တော်တို့ မိတ်ဖြစ်ဆွေဖြစ်ပေါ့ဗျာ'

'ဒါထက် ကိုရန်နိုင့်ခြေထောက်ကရော ဘယ်လိုကနေ ဘယ်လိုဒီလောက် ဖြစ်သွားရတာလဲဟင်'

'ဆေးပေါင်းစုံသွားသလားမှ မသိတာဗျာ၊ မယ်ဒီကယ်ရှော့ဆိုတာကလည်း တစ်ယောက်နဲ့တစ်ယောက် တုံ့ပြန်ပုံက မတူကြဘူးမဟုတ်လားဗျ'

စန်းကိုက ဝင်ချွန်ပေး၏။

'အခုရော ဘယ်လိုနေသေးသလဲဟင်၊ ထောက်ကို မထောက်နိုင်တော့တာလား'

အာသာဝတီက ပို၍ရိုးရိမ်လာသံနှင့် အရေးတကြီးမေး၏။

'မနေ့ကပြောတာကတော့ လေတိုးတာကို မခံနိုင်တော့ဘူး ပြောတာပဲ၊ မနေ့တုန်းက ဒီကောင် အော်နေရတာဗျ'

ဝင်းနိုင်ဦးက မျက်နှာပိုးသေသေဖြင့် အစထောင်သည်။

'ဒီလိုဆိုရင်တော့ မဖြစ်ပါဘူး ကိုရန်နိုင်ရယ်၊ ဒီနေ့ပဲ ဆေးခန်းတစ်ခုခုသွားပြရအောင်၊ အကြောအရိုးပါရဂူတွေ ရှိပါတယ်၊ ဝတီ လိုက်ပြပေးပါ့မယ်၊ ဓာတ်မှန်ရိုက်သင့်လည်း ရိုက်ကြတာပေါ့၊ ပျောက်ကင်းသက်သာဖို့ အစစ ဝတီ့တာဝန် ထားပါ၊ ကိုရန်နိုင် ဒီလိုကြီး ခြေတစ်ပေါင်ထိုးဖြစ်နေရတာအတွက် ဝတီလည်း တကယ်စိတ်မကောင်းပါဘူး'

အာသာဝတီ မျက်နှာကလေးငယ်နေ၏။ မငယ်မှနေရော။ ဟိုသုံးကောင်၏ဓာတ်လမ်းက အတော်အရှိန်တက်အောင် ဝိုင်းချွန်နေကြခြင်း မဟုတ်လား။ လက်ဖက်ရည်သောက်ပြီး ဝတီက ပြော၏။

'ကိုရန်နိုင့်ကို ကားပေါ်တွဲတင်ဖို့ တွဲချဖို့ တစ်ယောက်ယောက်တော့ လိုက်ခဲ့ပေးပါရှင်၊ ကျွန်မ သူ့ကို တစ်ခါတည်းခေါ်သွားမယ်'





'ဟင်… ဘယ်ကိုခေါ်သွားမှာလဲ ဝတီ'

ရန်နိုင်က အလန့်တကြားမေးသည်။

'ဗဟိုစည်ဖြစ်ဖြစ်၊ အာရှတော်ဝင်ဖြစ်ဖြစ်ပေါ့၊ အဲဒီကျမှ သက်ဆိုင်ရာပါရဂူတစ်ဦးဦးနဲ့တွေ့ပြီး ပြသစစ်ဆေးကြည့်ရမှာပေါ့'

'ဟာ… အဲလောက်မလိုအပ်ဘူးထင်တယ် ဝတီ'

ရန်နိုင် အကျောက်အကန် ငြင်းသည်။ အာသာဝတီက ခေါင်းခါ၏။

'ဘယ့်နှယ့် မလိုရမလဲ၊ ပိုက်ဆံကုန်တာက အရေးမကြီးဘူး၊ တစ်သက်လုံး ထော့ကျိုးဖြစ်သွားမှ ဝတီလည်း စိတ်မကောင်းဖြစ်သွားရမှာ၊ ကိုရန်နိုင်လည်း တစ်သက်စာဒုက္ခိတ ဖြစ်မှန်းမသိဖြစ်သွားရမှာ၊ အဲဒါက ပိုအရေးကြီးတယ်လေ'

ဇာတ်လမ်းက တော်တော်ကို အရှိန်တက်နေပြီဖြစ်၏။ အဓိကဇာတ်ဆောင်ရန်နိုင်က သည်လောက်မဟုတ်။ ဇာတ်ပို့သုံးယောက်၏ မနိုင်ရင်ကာ ဇာတ်ပို့ကောင်းမှုကြောင့် သည်မျှအရှိန်တက်လာခြင်း ဖြစ်သည်။

အဲဒီအခြေအနေ ရောက်ပါလေတော့မှ ဘယ်လိုမှ မျှော်လင့်မထားခဲ့မိကြသော ဧရာမအနှောင့်အယှက်ကြီးတစ်ခုက ဗြုန်းခနဲ ဒိုင်းခနဲ မိုးပေါ်က ပြုတ်ကျလာခဲ့သလို ကြားဖြတ်ဝင်လာလေတော့၏။

အဖြစ်က မြန်ဆန်လွန်းအားကြီးတော့ ဘယ်သူမှ မတားဆီးနိုင်လိုက်။ တားဆီးဖို့ ဉာဏ်နီဉာဏ်နက်ထုတ်ရန်လည်း အချိန်မရလိုက်။

ထိုအချိန်မှာပင် စီခနဲသော ဆူဆူညံညံအသံတွေ သူတို့ဆိုင်နှင့် မလှမ်းမကမ်းက ရုတ်ခနဲ ပေါ်လာ၏။

'ဟ… ဘာတုံးဟ'

သိန်းတန်က အလန့်တကြား မြည်တမ်းရင်း ခေါင်းထောင်ကြည့်လိုက်၏။ အခြား မဟုတ်။ ကမူးရှူးထိုး ခေါင်းကြီးငုံ့၍ သူတို့ဘက်သို့ ခွေးတစ်ကောင် ပြေးလာသည်ကို မြင်လိုက်ရ၏။

ခွေးနောက်မှာ တုတ်တို တုတ်ရှည်တွေကိုင်ထားသော လူ… ယောက် ပြေးလိုက်လာနေ၏။

'ခွေးရူးဗျို့… ခွေးရူး၊ အဲဒီဘက်ကိုလာနေပြီ'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီရှေ့က ရောင်ပြီး မိအောင်နိုင်းရိုက်ကြပါဗျို့၊ ကလေးတစ်ယောက်ကို ကိုက်သွားပြီးပြီ'

'ဟာ… သောက်ကျိုးနည်း၊ ခွေးရူးတဲ့ဟ'

ဝင်းနိုင်ဦးက လှမ်းကြည့်ရင်း အလောသုံးဆယ်ပြော၏။ သူတို့ထိုင်နေသော စားပွဲက သူများတွေလို ဆိုင်အတွင်းက စားပွဲမဟုတ်။ ဆိုင်အပြင်ဘက် သစ်ပင်ရိပ်ပလက်ဖောင်း အစွန်းကစားပွဲဖြစ်သည်။

'ဟိုက်… တို့စားပွဲဆီ တည့်တည့်ပြေးလာတာဟေ့၊ လစ်… လစ်…'

ခွေးရူးက ရန်နိုင်တို့စားပွဲဆီ ခေါင်းတည်၍ ကမူးရှူးထိုးပြေးလာခြင်း ဖြစ်သည်။ ရန်နိုင်တို့စားပွဲနှင့် တစ်တန်းတည်းကျသော ရှေ့စားပွဲက လူတွေက ရုတ်ခနဲ ထပြေးကြ၏။ ခွေးရူးဆိုမှတော့ နောက်ကျတဲ့ခြေထောက် သစ္စာဖောက်ပေါ့၊ ရန်နိုင်တို့စားပွဲက လူတွေလည်း ရုတ်တရက် ဗုန်းခနဲ ထကြသည်။ လန့်ဖျပ်သွားပြီး ကြောင်ကြည့်နေသည့် အာသာဝတီ၏လက်တစ်ဖက်ကို ရန်နိုင်က ဆွဲပြေး၏။

'လာ… ဝတီ၊ ပြေးမှဖြစ်မယ်'

အလွန်တရာ လျင်မြန်စွာထပြေးသွားသော ရန်နိုင်၏နောက်မှ အာသာဝတီပါသွား၏။ စောစောတုန်းက ခြေထောက်ထော့ကျိုးနှင့် လေတိုးတာတောင် မခံနိုင်၍ အော်နေရသည်ဆိုသော ရန်နိုင်သည် အာသာဝတီ၏ လက်ကိုဆွဲပြီး ပြေးလိုက်တာမှ တာတိုပြိုင်ပွဲဝင်နေသလား အောက်မေ့ရ၏။ အာသာဝတီ၏ကားအနီးသို့ ဘယ်လိုကဘယ်လို ရောက်သွားမှန်းပင် မသိလိုက်ရ။

'တံခါးဖွင့်၊ တံခါးဖွင့်၊ ကားပေါ်တက် ဝတီ'

အာသာဝတီက ကားတံခါးကို အပြေးအလွှား ဖွင့်၏။ ပြီးနှစ်ယောက်သား ရှေ့ဆင့်နောက်ဆင့် အတွင်းသို့ဝင်ထိုင်လိုက်ကာ တံခါးကို အမြန်ပြန်ဆွဲပိတ်၏။ အဲဒီတော့မှ ကားပေါ်ကနေ လှမ်းကြည့်လိုက်တော့ စောစောက ခွေးရူးက ဒရောသောပါးဆက်ပြေးသွားပြီး နောက်ကလိုက်သည့်လူတွေကလည်း ဆက်ပြေးလိုက်သွားကြတာကို မြင်ရ၏။

'တော်ပါသေးရဲ့ ဝတီရယ်၊ ရုတ်တရက်ဆိုတော့ လန့်သွားတာပဲ'





ရန်နိုင်က သက်ပြင်းကြီးချပြီး အဲသည်တော့မှ စိတ်အေးသွားရေသလို ပြော၏။ အာသာဝတီလည်း ခုမှ အလန့်ပြေသွားသလို မျက်လုံးကလေးတွေ ပြူး၍ပြော၏။

'တော်သေးတာပေါ့၊ ကိုရန်နိုင်က မြန်မြန်ဆန်ဆန် ဆွဲပြေးလေလို့၊ ဝတီ ကြောင်နေပုံနဲ့ဆိုရင် ဆွဲဟပ်သွားမှာ၊ အကိုက်ခံလိုက်ရရင် တွေးရဲစရာမရှိတော့ဘူး၊ ဟင်… ဒါနဲ့ ကိုရန်နိုင်ခြေထောက်က လေတိုးတာတောင် မခံနိုင်တဲ့ အခြေအနေဆို'

အာသာဝတီက ပြောရင်းတန်းလန်းမှ ရန်နိုင့်ခြေထောက်ဒဏ်ရာကို သတိရလာကာ ငုံ့ကြည့်ရင်းမေး၏။ ရန်နိုင်လည်း အဲဒီတော့မှ 'ရှေ့ကဖုံးသော် နောက်ကပေါ်' ဆိုသော သူ့အနေအထားကို သူ ပြန်သတိရသွား၏။

'အဲ… ဟုတ်သားပဲ၊ ကျွန်တော်လည်း ဖောကပ်သွားလို့နဲ့တူတယ်၊ နာဖို့ကို သတိလုံးလုံးမရဘူး၊ ခွေးရူးကြောက်နေရတာနဲ့ ကိုယ့်ခြေထောက် ကိုယ် ပြန်သတိမေ့သွားတာဖြစ်မယ်၊ ဒဏ်ရာက တစ်ခါတည်းတောင် ပျောက်သွားပြီ ထင်တယ်'

အာသာဝတီ ပြုံးလိုက်သည်။ အဲဒီအပြုံးက တစ်မျိုးကြီးပဲဟု ရန်နိုင်အောက်မေ့လိုက်မိစဉ်မှာပင် ဟိုက ထပ်ပြော၏။

'ပျောက်သင့်ပါတယ်လေ၊ အစကတည်းက ဒီလောက်ဖြစ်တာမှ မဟုတ်ဘဲ၊ ဝတီလာတော့မယ်ဆိုကာမှ အဲဒီဒဏ်ရာက ချက်ချင်းလက်ငင်းကြီး ထတိုးပွားလာတာ မဟုတ်လား၊ ဒီမှာ ကိုရန်နိုင်တို့ သူငယ်ချင်းတွေ ခပ်တည်တည်နဲ့ ဘယ်လောက်များ ဆက်လိမ့်နိုင်ဦးမလဲဆိုတာ သိချင်လို့ ဝတီက ရဲလိုက်ငါးလိုက် မျှောပေးနေခဲ့တာ၊ ကိုရန်နိုင် အခြေအနေ ဒီလောက်မဆိုးဘူးဆိုတာကို မနေ့ညကမှ မေခိုင်နဲ့ ဖုန်းပြောဖြစ်လို့ ဝတီ သိထားပြီးသားရှင့်၊ မှတ်ပြီလား'

'ခင်ဗျာ… ဗျာ… ဗျာ…'

အာသာဝတီက အပိုင်ပြောချလိုက်တော့ ရန်နိုင် ပါးစပ်အဟောင်းသားဖြစ်သွားသည်။

'ဒါပေမဲ့ ဝတီကြောင့်ဖြစ်ရတဲ့ဒဏ်ရာဆိုတော့ ဝတီမှာ [illegible] တာဝန်ရှိတယ်ဆိုပြီး ဒဏ်ရာအခြေအနေလည်း တကယ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ခုမနက် ထလာခဲ့တာ၊ တော်တော်ရှုပ်တဲ့လူတွေ၊ ခွေးရူးက ဝင်ဖော်လို့သာပဲ၊ နို့မို့ရင် ဘယ်အထိ ဆက်အကြောင်းရိုက်နေကြဦးမယ် မသိဘူး၊ မေနိုင်က ကြိုပြောထားပေလို့သာပဲပေါ့၊ စောစောစီးစီး သိလိုက်ရတာ ကံကောင်းလို့ ဆိုတဲ့ကိန်းပဲ'

'ကဲ… သေရော၊ သေရော၊ ဒီမျက်နှာ ဘယ်သွားထားရတော့ မလဲ၊ တကယ်ဆို ဆက်ပြီးမသိချင်ယောင်ဆောင်နေပါတော့လား ဝတီရယ်'

ရန်နိုင်က မျက်နှာပူပူနှင့် တောင်းပန်သလိုပြော၏။ အာသာဝတီက ခပ်တိုးတိုးရယ်လိုက်၏။

'ဝတီလည်း ဆက်မသိချင်ယောင်ဆောင်နေဦးမလို့ပါပဲ၊ မထင် မှတ်ဘဲ ခုလို ခွေးရူးကိစ္စက ဖြုန်းစားကြီးထပေါ်လာလို့ ပြေးကြ လွှားကြရ ဆိုတော့ မထူးတော့ပါဘူးဆိုပြီး ဖွင့်ပြောလိုက်တာ၊ ကဲ… အခု တကယ် မေးမယ်နော်၊ ကိုရန်နိုင့်ဒဏ်ရာက သက်သာနေပြီ မဟုတ်လား၊ ဘယ်လို လဲ၊ ဝတီ ဆေးခန်းလိုက်ပို့ပေးဖို့ လိုသေးသလား၊ လိုသေးရင် တကယ် လိုက်ပို့ပေးပါ့မယ်'

'မပို့ပါနဲ့တော့ ဝတီရယ်၊ တကယ် အမှန်ကိုဖြေပါ့မယ်၊ ကျွန်တော့် ခြေထောက်က ဒဏ်ရာကတော့ သက်သာနေပါပြီ၊ ဒါပေမဲ့ နောက်ထပ်ရ လာတဲ့ ဒဏ်ရာအသစ်တစ်ခုကတော့…'

ရန်နိုင်က ပြောလက်စ,စကားကို ဖြတ်လိုက်ကာ အဓိပ္ပာယ်ပါပါ မျက်လုံးများဖြင့် လှမ်းကြည့်လိုက်သည်။ ရန်နိုင့်အကြည့်ကို အာသာဝတီ နားလည်လိုက်ပုံရ၏။

'အဲဒီဒဏ်ရာအသစ်ဆိုတာကတော့ ဝတီက တိုက်ရိုက်ပေးတဲ့ ဒဏ်ရာမှ မဟုတ်တာဘဲ ကိုရန်နိုင်၊ ဒီတော့ အဲဒီဒဏ်ရာအကြောင်း ဝတီ့ကို ပြောစရာမလိုဘူးလေ၊ ဝတီလည်း ဘယ်ဆေးခန်းကိုမှ လိုက်ပို့ပေးဖို့ တာဝန် မရှိဘူး၊ မဟုတ်ဘူးလား'

'မဟုတ်သေးဘူးလေ ဝတီ၊ ကဲပါလေ ဒီအကြောင်းကို နောက် တော့ပြောတာပေါ့၊ အခု ဝတီပြန်မှာလား၊ ကားပေါ်ကပြန်ဆင်းပြီး လက် ဖက်ရည်ဆိုင်ကို ပြန်လိုက်ထိုင်ပေးဦးမလား'

ရန်နိုင် စိတ်လျှော့လိုက်၏။ သည်အကြောင်းကိုတော့ နောက်မှ





…တစ်စောင် ကျကျနနရေးကာ ပြောတော့မည်ဟု စိတ်ကူးရလိုက်သော ကြောင့်ဖြစ်သည်။ သူငယ်ချင်းတွေကိုလည်း တိုင်ပင်ရပေဦးမည်။ နောက် …တစ်ခုက မေနိုင်နှင့် လှမ်းဖုန်းဆက်ဖြစ်ကြသည်ဆိုတော့ မေနိုင်က သူနှင့် …တ်သက်၍ ဘယ်အတိုင်းအတာအထိ ပြောထားပြီးဖြစ်သည်ကို သူ မှန်းဆ၍ …ရ။ ဒါက မေနိုင်နှင့်တွေ့မှ မေးကြည့်ရမည့် သဘောရှိသည်မဟုတ်လား။

'ဟင့်အင်း… ပြန်မလိုက်တော့ဘူး ကိုရန်နိုင်၊ ကိုရန်နိုင်ကရော …က်ဖက်ရည်ဆိုင် ပြန်ထိုင်ဦးမလို့လား၊ ဒါမှမဟုတ် ဝတီက ကိုရန်နိုင့်အိမ် …ို ပြန်မောင်းပို့ပေးခဲ့ရမှာလား'

'မပို့ပါနဲ့တော့ ဝတီ၊ ကျွန်တော် ဒီမှာပဲ ပြန်ဆင်းနေခဲ့ပါ့မယ်၊ …ဘာပဲဖြစ်ဖြစ် ကျွန်တော့်ဆီကို ဝတီ ခုလို ဒုတိယအကြိမ်မြောက် ထပ်လာ …ဖော်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကဲ… သွားတော့ ဝတီ'

ရန်နိုင် ကားပေါ်က ပြန်ဆင်းသည်။ အဲဒီမှာ ဝတီက ပြုံးစိစိဖြင့် …မ်းပြော၏။

'ကိုရန်နိုင့်ဘော်ဒါတွေကိုလည်း ပြောပြလိုက်ပါဦး၊ အားလုံးရဲ့ …တ်ပို့ဓာတ်ရဲ့ အမူအရာလေးတွေကတော့ ကောင်းပါတယ်၊ ဒါပေမဲ့ ခွေးရူး … ဝင်နှောင့်ယှက်သွားတဲ့အတွက် မူလဓာတ်ကွက်ကို အလိမ်ဖော်ပေးသွား …ာ ခွင့်လွှတ်ပါလို့နော်၊ ကဲ… ဝတီသွားပြီ၊ တာ့တာ'

မောင်းထွက်သွားသော ကားကလေးကို လက်ပြနှုတ်ဆက်လိုက် …ာက် ရန်နိုင် စောစောက လက်ဖက်ရည်စားပွဲသို့ ပြန်လှည့်လာခဲ့၏။

'ဘာတွေ မှာတမ်းခြွေနေလို့ ဒီလောက်တောင် ကြာနေရတာလဲကွ၊ …ာလည်း တော်တော်ဟုတ်တဲ့ကောင်၊ ခြေထောက်က လေတိုးတာတောင် …နိုင်ဘူးလို့ ရှေ့ကပြောထားလျက်နဲ့ တကတည်း လက်ဆွဲပြေးလိုက်တာ၊ …ပြိုင်ပွဲ တာလွှတ်လိုက်သလား အောက်မေ့ရတယ်၊ မင်းလုပ်ပုံက ဘယ် … ယှဉ်ရှိမရှိဘူး'

စားပွဲဝိုင်းမှာ ဝင်ထိုင်လိုက်မိသည်နှင့် ဝင်းနိုင်ဦးက အပြစ်တင်၏။ …က ခပ်ဟားဟားရယ်ပစ်လိုက်၏။

'တော်စမ်းပါကွာ၊ ငါတို့က လည်လှလည်လှနဲ့ ကိုယ့်နဖူးကို …ည့် ခွေနေမှန်းမသိဆိုသလို ဖြစ်နေပြီဟ၊ ဒီမှာ ငါတို့ဓာတ်လမ်းဆင်



www.burmeseclassic.com

www.burmeseclassic.com



တာကို သူက သိပြီးသားကွ၊ အခုတောင်မှ ခွေးရူးတစ်ကောင်က ဝင်ဖော်ကောင်လုပ်လို့ မထူးတော့ပါဘူးဆိုပြီး ဖွင့်ပြောလိုက်တာတဲ့၊ သေရော'

ရန်နိုင်က ဖြစ်ကြောင်းကုန်စင်ကို ရှင်းပြလိုက်၏။ သည်တော့ သိန်းတန်က ဝင်ပြော၏။

'သောက်ကျိုးနည်း၊ ရှက်စရာပဲဟော့၊ ဒီပုံအတိုင်းဆို ကြားက ဝင်ဖော်ကောင်လုပ်တဲ့ ခွေးရူးကိုပဲ ကျေးဇူးပြန်တင်ရဦးမလိုပါလား၊ မောင်မင်းကြီးသား ဥမ္မတာကသုနက္ခ၊ လူတွေ ဝိုင်းရိုက်ခံရလို့ မသေပါစေနဲ့၊ ချေးကားတိုက်ပြီး သေချင်သာ သေပါစေလို့ ဆုတောင်းပေးရဦးမယ့်ပုံပဲ၊ သူပြောတဲ့အတိုင်းဆိုရင်တော့ မင်းက မေနိုင့်ကို အနည်းအကျဉ်း တီးခေါက်ထားဦးကွ၊ မေနိုင်က ဖုန်းဆက်ရင်နဲ့ မင်းက သူ့ကိုကြွေနေပြီဆိုတဲ့ အကြောင်း ထည့်မပြောဘဲ မနေလောက်ဘူး၊ ဒီသတင်းမျိုးဆို သူတို့ မိန်းကလေးချင်းက အခမဲ့ မေတ္တာနဲ့ အင်မတန် ဖြန့်ချိချင်ကြတာကလား၊ ငါကတော့ ထင်တယ်၊ သူ့ကို မေနိုင်က အုမချေးခါးမကျန် မင်းအန့်သမျှ အကုန်ပြောပြီးလောက်ပြီ၊ မင်းရှေ့မို့ စကားကို ထိမ်ချန်ကွယ်ဝှက်ပြီး ပြော သွားတာပဲ ဖြစ်ရမယ်'

'အေး… ဒီတစ်ခါတော့ ဘယ်သူ့ကိုမှ အဖော်ခေါ်မနေနဲ့တော့ကွာ၊ မင်းဟာမင်း စာတစ်စောင်ရေးပြီး တည့်တည့်ပဲသွားပေးပေတော့၊ သူများပစ္စည်း ခိုးတာဝှက်တာမှ မဟုတ်ဘဲကွ၊ ဘာမှကြောက်လန့်နေစရာမရှိပါဘူး အပျိုကို လူပျိုက သမီးရည်းစားစာပေးတာပဲဟာ'

စန်းကိုကတော့ ပထမပွဲဦးထွက်အချိန်မှာကတည်းက သူတို့အဖွဲ့ နပ်ပစ်ခံလိုက်ရသည်ကို တွေးပြီး ဒေါပွနေဟန်တူသည်။ မူယာမာယာများ မနေတော့ဘဲ တိတိလင်းလင်း ဝင်ရောဖို့သာ အကြံဉာဏ်ပေးချေတော့၏။ ရန်နိုင် ခေါင်းညိတ်ပြလိုက်၏။

'အေးပါ… ငါ့ဟာငါ ဆက်လုပ်ရားပါဦးမယ်၊ ကဲ… ခုမနက် ငါတို့ လူစုခွဲကြစို့'

'ဒါထက် မင်းကို ငါ အပြန်လိုက်တွဲပို့ရဦးမလား'

စန်းကိုက ခပ်တည်တည်ဖြင့် နောက်သည်။ ဝင်းနိုင်ဦးက အခေါ် တူး၏။

'ဒီတစ်ခါ ပြန်လိုက်တွဲပို့ဦးမယ်ဆိုရင်တော့ ဒီကအပြန် ဘုံဆိုင်





ခင်ပြီး ဘီအီးတစ်လုံးသာ ရန်နိုင့်ကို တိုက်လိုက်ပေတော့၊ အဲဒီမှာ မူးသွားမှ တွဲပို့စရာရှိတော့မယ်ကွ'

သို့သော် အဲဒီမနက်က ရန်နိုင့်မှာ အိမ်ကိုပြန်ရောက်တော့မှ အာသာဝတီက သူတို့အဖွဲ့ထက် နာတစ်ဖျားသာပြီး ခြေတစ်လှမ်းပိုလှမ်းပြသွားခဲ့ကြောင်း ရင်ထုမနာ သိရလေ၏။ အိမ်ပြန်ရောက်တော့ ညီမဖြစ်သူ အေးအေးမိုးက ပြော၏။

'မမဝတီ ဒီကို ဝင်လာသေးတယ်၊ မုန့်ဟင်းခါး ဝင်အားပေးသွားဘာ၊ မုန့်စားရင်းကလည်း ပြောသွားသေးတယ်၊ ကိုကို ပြန်လာရင် ခြေထောက်ဆေးပြီးမှ ရုံးသွားဖို့ သတိပေးလိုက်ဦး၊ ခြေထောက်အမည်းကြီးနဲ့ သုံထဲမလှ ဖြစ်နေဦးမယ်တဲ့'

'အံမာ… သူက ဒီလိုမှာသွားသေးသပေါ့လေ'

ရန်နိုင် မခံချိမခံသာဖြင့် မေးလိုက်၏။

'ဒါတင် ဘယ်ကမလဲ၊ မရှိးသားတဲ့သူတွေများဆိုရင် လူမပြောနဲ့၊ ဗူးနေတဲ့ခွေးကတောင် ကြည့်မနေဘူး၊ တစ်ခါတည်း ဝင်ပညာပေးတော့တာပဲ၊ ညီမလေး ကိုကိုတို့အဖွဲ့ကျတော့ ခွေးရူးတစ်ကောင်ကြောင့် ပက်လက်လန် ကျန်နေခဲ့ပြီတဲ့၊ ကျော်မကောင်း ကြားမကောင်း ကိုကိုရာ'

ရန်နိုင် မျက်ဖြူဆိုက်သွားကာ သူ့နဖူးသူ လက်ဝါးနှင့်ရိုက်ချက်မိုးရာထိုင်ခုံပေါ် ဖင်ထိုင်ကျသွားရရှာလေသတည်း။

* * *

www.burmeseclassic.com

# ၆

* ဝတီ

ရင်တစ်ပြင်လုံး
အုံးအုံးထငွေ့ရည်ဖွဲ့ပြီး
လျှပ်တစ်ပြက် သိပ်သည်းလာသမို့
အံ့ဩတကြီး အံ့ဘနန်းဖြစ်ရတဲ့
အဆန်းတကြယ်မိုးမို့
ခပ်ရိုးရိုးကလေး ရွာခွင့်ပြုပါနော်။

* "မင်းကို ချစ်တယ်" တဲ့။

* အဲဒါ...

"အာသာဝတီ" ဆိုတဲ့
နွယ်နီနုတ်ပန်းကလေးတစ်ပွင့်အတွက်
ကောင်းကင်ခေတ်အဆက်ဆက် သွန်းမယ့်မိုးပါ။
အချစ်စက်လက်နဲ့ ညှန်းဖွဲ့မိုးပါ။

* မိုးစက်ကလေးတွေက ပြောတယ်

ပန်းကလေးရေ
လန်းစေချင်လို့ ဖျန်းတာကွယ်
ချမ်းပါတယ်လို့ မဆိုကြေးတဲ့။

ရန်နိုင်

www.burmeseclassic.com

သိန်းတန်က ရန်နိုင်ပေးလိုက်သော စာရွက်ကလေးကို ဖတ်ကြည့်လိုက်ပြီးနောက် ဝင်းနိုင်ဦးလက်သို့ ကမ်းပေးလိုက်သည်။

ဝင်းနိုင်ဦးက ခဏငုံ့ဖတ်ပြီး ပြုံးပြုံးကြီး ဖြစ်သွား၏။ ပြီးနောက် စန်းကိုလက်ကို ထိုးပေးလိုက်ပြန်သည်။ စန်းကိုကလည်း ငုံ့ဖတ်ပြီးနောက် စပ်ဖြီးဖြီးကြီး ဖြစ်လာ၏။

'ဘယ်လိုလဲကွ၊ မိရဲ့လား'

ရန်နိုင်က လက်ဖက်ရည်တစ်ငုံ သောက်လိုက်ပြီး အဖြေတောင်းလိုက်၏။

'မိရအောင် မင်းက ဘာကောင်ဖမ်းထားလို့လဲ၊ ဝင်းနိုင် ပြောလိုက်စမ်းကွာ'

ဝင်းနိုင်ဦးက 'အဟမ်း' ဟု အသံပြုလိုက်သေး၏။ ပြီးမှ-

'မဆိုးလှပါဘူး၊ ဘယ်အယ်ဒီတာဆီ ပို့မှာလဲ'

'ဘာပြောတယ်ကွ'

'မော်ဒန်ကဗျာရေးလာတာ မဟုတ်ဘူးလား၊ ကွာလတီမဂ္ဂဇင်းတစ်စောင် ပို့လိုက်ကွာ၊ ပါလာရင် ကဗျာစာမူခရမှာပဲ၊ အဲဒီတော့မှ ငါတို့ကို လက်ဖက်ရည်တိုက်'

'အာ… နင့်အဘကလွှားတဲ့မှပဲ၊ ဒါက ဝတ္တိကိုပေးဖို့ ရည်းစားစာကွ၊ ငါ့မှာ တစ်ညလုံး ခေါင်းစားပြီး ရေးထားရတာ'

ရန်နိုင် ဒေါပွပွနှင့် ဆောင့်အော်လိုက်သည်။ ဤတွင် သိန်းတန်က ဝင်ပြော၏။

'မသိဘူးလေကွာ၊ မင်း ကဗျာလိုင်းများ ကူးတော့မှာလားလို့ မြန်မာကဗျာအပေါင်းသဟာ ကဗျာဆရာများအတွက် အမျှ အမျှ အမျှလို့ ထအော်ပေးရတော့မှာလားလို့ မေးကြည့်ရတာပေါ့၊ ဟီး… ဟီး…ဟီး…'

'ဟော့ဒကောင်ရယ် မျက်ရည်စက်လက်နဲ့ဆိုတာပဲ ကြားဖူးခဲ့ပါတယ်၊ အချစ်စက်လက်လို့တော့ မကြားဖူးပါဘူး'

'အဲလို မကြားဖူး မဖတ်ဖူးတာကို ကြားရ ဖတ်ရတာကိုက မော်ဒန်ကွ၊ ဘာပဲပြောပြော ကောင်မလေးကို သွားပေးရင်တော့ ကျွန်မက အယ်ဒီတာ မဟုတ်ဘူး၊ ကျွန်မနေတဲ့နေရာကလည်း စတိုးဆိုင်ပါ၊ မဂ္ဂဇင်းတိုက်





မဟုတ်ဘူး၊ ရှင်နေရာမှားပြီး လာပို့နေမိပြီလို့ ပြောလွှတ်မှာပဲကွ'

စန်းကို၏ နောက်ဆုံးပိတ် အိတ်နှင့်လွယ်သော ဝန်နှင့်အား မ… နင့်မြား မမျှတသည့် နှိပ်ကွပ်ချက်ဖြစ်သည်။ ရန်နိုင် ငြိမ်ခံနေရှာဖြစ်တော့

'အေးပေါ့လေ… အသည်းနှလုံးမှန်း မသိ၊ သဖန်းသီးမှည့်မှန်း မသိလေတော့ သဖန်းသီးမှည့်ကို အသည်းနှလုံးမှတ်ပြီး ဝါးတယ်ဆိုတဲ့ မျောက်ကျောင်းလိုသတ္တဝါတွေကိုမှ ငါက ပြမိသကိုး'

'သေပြီဟေ့… တစ်ခါတလေ အရူးကတစ်မူးသာဆိုတဲ့ စကားမှ မှား တယ်မှန်သကိုးဟ'

'ဟောက်ကဲ့ ဆရာ၊ ဘင်္ဂါလီစုမှာနေတဲ့ ခေတ်ပေါ် နောက်တိုးကဗျာဆရာကလေး နှစ်ဂိုးအောက်မေ့လို့ အားပေးမိကြတာကိုများ ပြောရက်လိုက်တာနော်'

ပြီးနောက် သုံးယောက်စလုံးက ဝါးခနဲဝိုင်းရယ်၏။ ဘင်္ဂါလီကဗျာဆရာကြီး ရာဘင်ဒြာနသ်တဂိုးနှင့်ယှဉ်ပြီး ဘင်္ဂါလီစုမှာနေတဲ့ ခေတ်ပေါ် နောက်တိုးကဗျာဆရာကလေး နှစ်ဂိုးဟု နောက်လိုက်မှန်း ရန်နိုင်သိလိုက်သဖြင့် မပြုံးဘဲမနေ နိုင်ဖြစ်သွားရ၏။

'နှစ်ဂိုးလား၊ သုံးဂိုးလားတော့ မသိဘူး၊ ကြည့်ရတာကတော့ နှပ်ရည်ဒူးရည်က ကိုယ့်ဂိုး ကိုယ်ပြန်သွင်းလို့ ဝိုင်းအဆဲခံရမယ့်ရုပ်ပဲ'

ဒါတောင် ဝင်းနိုင်ဦးက ဆက်ပြီး နှပ်ပစ်ဖြစ်အောင် ပစ်ချေသေး၏။

'နေပါဦး… အဲဒီစာက မင်း ဘယ်လိုလုပ်မလို့လဲ'

သိန်းတန်က အတည်ပေါက်မျက်နှာထားနှင့် မေး၏။ ရန်နိုင်က အားတက်သရော ပြန်ဖြေသည်။

'သူတို့ဆိုင်ကိုသွားဝင်တွေ့ပြီး ပေးမယ်ကွာ၊ ကွေ့ဝိုက်မနေတော့ဘူး၊ တည့်တည့်ပဲချတာ ကောင်းမယ်'

'အံမာ… တယ်အတင့်ရဲနေပါလား၊ ကေနွ ဒီလောက် အားအင်တွေ ပြည့်လာပုံထောက်ရင် ခုမနက် ဘယ်စတုဒိသာမဏ္ဍပ်ဝင်ပြီး မုန့်ကြက်ဥတွေ ဘာတွေ တောင်းသောက်လာခဲ့ပုံပါလိမ့်'

စန်းကိုက အံ့အားတသင့် ပြော၏။

'တော်ကြကွာ… တယ်အတင့်ရဲနေပါလားပြောရအောင် ဒါ နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



ရုံးတော်မဟုတ်ဘူး၊ ပေါင်ချိန်လိုလို မာဟန်လိုလို မပြောစမ်းနဲ့၊ အခုကိစ္စကို ငါ ထောက်ခံတယ် ရန်နိုင်၊ ချသာချ'

ဝင်းနိုင်ဦး၏ နောက်ဆုံးအားပေးစကားပင် ဖြစ်၏။

ရန်နိုင်သည် အိတ်ကပ်ထဲက စာအိတ်ကလေးကိုကြည့်ရင်း မနက်စောစော လက်ဖက်ရည်ဆိုင်မှာ ပြောခဲ့ကြသည့်စကားတွေကို ပြန်ကြားယောင်ရင်း ပြုံးနေမိခြင်း ဖြစ်၏။

'အောင်မာ… အပေါက်ဝကြီးပိတ်ရပ်ပြီး တစ်ယောက်တည်း ပြုံးပြုံးကြီးလုပ်မနေနဲ့၊ ကားက ကုန်ဈေးတန်းရောက်ပြီခင်ဗျ၊ မဆင်းရင်လည်း အပေါက်ဝက ဖယ်ပေးဦး'

စပယ်ယာ၏ကျယ်လောင်သော စကားသံနှင့်အတူ ပခုံးကို ဖတ်ခနဲ ပုတ်လာသော အထိအတွေ့ကြောင့် ရန်နိုင် လန့်ဖျပ်သွား၏။ သည်တော့မှ စိတ်ကူးတွေ အတည့်ပြန်ဖြစ်သွားကာ ဘေးဘီကို လှည့်ကြည့်ဖြစ်သည်။ ဟုတ်၏။ ကားက ကုန်ဈေးတန်းမှတ်တိုင်မှာ အရှိန်လျှော့ရပ်ပေးနေပြီ။ ရန်နိုင် ကားပေါ်က ခပ်သုတ်သုတ်ဆင်းလိုက်၏။

သူ အသေအချာရေးလာခဲ့သော ရည်းစားစာကလေးကတော့ စာအိတ်ကလေးနှင့်ထည့်ပြီး ပိတ်ပြီးသားပါလာ၏။ သိမ်ကြီးဈေးအပေါ်ထပ် တက်မည့် လှေကားရင်းရောက်တော့မှ 'ငါ့ဟာက ဟုတ်ဟုတ်ပါ့မလား၊ တော်ကြာမယူဘဲ ဟားလွှတ်ရင်' ဟူသော အတွေးဝင်လာသဖြင့် ခြေလှမ်းတွေ တန့်သွားသေး၏။ နောက်မှ ချက်ချင်းပြန်အားတင်းကာ အပေါ်ထပ်သို့ တက်ခဲ့တော့၏။

သို့သော် အာသာဝတီတို့ စတိုးဆိုင်အထိ ရန်နိုင် ဆက်မလျှောက်လိုက်ရ။ အပေါ်ထပ်ဝင်ဝင်ချင်း လက်ဖက်ရည်ဆိုင်မှ စားပွဲတစ်လုံးတွင် ထိုင်နေနှင့်သော အာသာဝတီကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။ ရန်နိုင့် ရင်ထဲ ထိတ်ခနဲဖြစ်သွား၏။

အဘယ်ကြောင့်ဆိုသော် အာသာဝတီတစ်ယောက်တည်း ထိုင်နေခြင်းမဟုတ်။ အမျိုးသားတစ်ယောက်နှင့်အတူ တွဲထိုင်နေခြင်းဖြစ်သည်။ အမျိုးသားက ရုပ်ရည်ခပ်သန့်သန့်ထဲကပင်။ ရန်နိုင်နှင့် အသက်အရွယ် မတိမ်းမယိမ်းထဲကပင် ဖြစ်မည်။





'ဟော… ကိုရန်နိုင်၊ ဘယ်လဲ'

အာသာဝတီက လှမ်းမြင်ပြီး အော်ခေါ်လိုက်သဖြင့် ရန်နိုင့်အဖို့ အခန့်သင့်ဖြစ်သွားသည်။ ခပ်တည်တည်လျှောက်လာပြီး ထိုစားပွဲဝိုင်းမှာပင် ဝင်ထိုင်လိုက်သည်။ သူစိမ်းယောကျ်ားသားတစ်ယောက် အနီးမှာရှိနေတာမို့လို့တောင် စာပေးလို့ အဆင်ပြေချေသေး၏။ နှစ်ယောက်တည်းကမှ မှုလကျိ မာလကျိလုပ်ကာ ငြင်းကောင်းငြင်းနေပေဦးမည်။ ခုဟာက ကုန်ပစ္စည်းများမှာသည့်စာရင်းစာရွက်ပဲ လာပို့သလိုလိုနှင့် ပုံမှားရိုက်ပြီး ခပ်တည်တည် ထိုးပေးခဲ့ရုံပင်။

'ဒီကိုပဲ တမင်လာတာပဲ၊ ဝတီ့ကို ဒီစာလေးပေးဖို့'

စာအိတ်ကလေးထုတ်ပြီး ခပ်သွက်သွက် ထိုးပေးလိုက်သည်။

'ဘာစာလဲ'

'အိမ်နားက စတိုးဆိုင်က မှာလိုက်တဲ့ ပစ္စည်းစာရင်း စာရွက်ပါ၊ အပြန်မှပဲ ဝင်ယူမယ်နော်၊ ဝတီက အဲဒီအထဲကမှာတဲ့ ပစ္စည်းစာရင်းအတိုင်း ထုပ်ပိုးပြီး ဘောက်ချာပါ ဖွင့်ထားလိုက်ပေါ့'

အာသာဝတီက ခပ်ပြုံးပြုံးပင် စာအိတ်ကလေးကို သူ့မရှေ့သို့ ဆွဲယူထားလိုက်၏။ ပြီးမှ–

'လက်ဖက်ရည်မှာပြီးပြီ ကိုရန်နိုင်၊ ခဏလေး'

'မြန်လိုက်တာ၊ ဘယ်အချိန်က မှာလိုက်တာတုံး'

'ခုလေးတင် စားပွဲထိုးကလေးကို လက်ညှိုးထောင်ပြလိုက်တာလေ၊ ထိုင်ပါဦး၊ ကိုယ်တိုင်စာလာပို့သူကြီးဆိုတော့ လက်ဖက်ရည်လေး တစ်ခွက်တော့ တိုက်ပါရစေဦး'

အာသာဝတီ့စကားကြောင့် ရန်နိုင် ထမပြေးသာဘဲ ဆက်ထိုင်နေလိုက်ရတော့၏။ အမှန်တော့ အာသာဝတီလက်ထဲ စာအိတ်ကလေး ရောက်သွားကတည်းက 'ငါ့လက်ကလွှတ် ပြွတ်၊ ငါတော့ နေပြီ ပြေးတော့' ဟူ၍ ပြေးထွက်ကိုခင်းဖို့ ဖြစ်သည်။ ခုတော့ နောက်ကျတဲ့ခြေထောက် သွားလို့ မလုပ်လို့မရတော့။

'အမှန်က ကျွန်တော် လာဖို့မဟုတ်ဘူး ဖတ်စ်ရှီးလိုက်ဖို့ အိမ်အပါးကြည့်လိုက်တော့ ငှက်ပျောဖက်ရော ကြာဖက်ရော ထုပ်ခရ



www.burmeseclassic.com

www.burmeseclassic.com



တင်ခဲ့ ရှိသေးသလား။ အီးမေးလ်ပို့ရအောင်ကလည်း မနေ့က ပဲကြီးလှော်ထမင်း ဘာလေး စားမထားမိတော့ ဘယ်-မှုမပေါက်လို့'

ရန်နိုင့်စကားကြောင့် အာသာဝတီနှံဘေးက အမျိုးသားက ပြုံး၏။ အာသာဝတီကတော့ နှုတ်ခမ်းကို လက်ဖဝါးဖြင့် အုပ်၍ရယ်သည်။

'ကိုရန်နိုင်က ဒီလိုပဲ ရွှတ်နောက်နောက်ရယ်၊ မိတ်ဆက်ပေးဦးမယ်၊ ဒါက ကိုခင်မောင်ဇော်တဲ့၊ ဝတီတို့လိုပဲ စတိုးဆိုင်ဖွင့်တယ်၊ မင်္ဂလာဈေးမှာ လက်ကားဆိုင်ကြီးပေါ့'

'ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော်က ရန်နိုင်ပါ၊ ဝတီ့သူငယ်ချင်းပါပဲ၊ တာဝတီသာမှာ လုပ်ပါတယ်'

'ဗျာ… တာဝတီသာ၊ ဟုတ်လား'

ဟိုပုဂ္ဂိုလ်က မျက်လုံးပြူးနှင့် ပြန်မေး၏။ အာသာဝတီက ရယ်၍-

'အလကားပြောတာ၊ ခြောက်ထပ်ရုံးကြီးမှာ အလုပ်လုပ်တာကို ပြောတာ၊ အဲဒါ ကိုခင်မောင်ဇော်ကိုမို့ အဲလိုပြောတာ၊ ဝတီ့ကိုတုန်းက ဘာပြောတယ် မှတ်တုံး'

'လုပ်စမ်းပါဦး'

'ခြောက်ထပ်ကြီးဘုရား အလှူခံဌာနမှာ နိဗ္ဗာန်ဆော် လုပ်ရတာတဲ့၊ အလှူခံပုံးထဲကို အလှူငွေထည့်လိုက်ကာနဲ့ အနားကနေ ကြေးစည်တီးပြီး သာဓု သာဓုအော်တာ သူပေါ့တဲ့လေ'

ကိုခင်မေ-ာ်ဇော် ပြုံးသွားသည်။

'ကိုရန်နိုင်က တော်တော်ပျော်တတ်ပုံရတယ်၊ အဲဒါ ကောင်းတယ်ဗျ၊ အသက်ရှည်တယ်'

'တကယ်ပါဗျာ၊ ကျွန်တော့်ဖို့ လာချတဲ့ လက်ဖက်ရည်ကို ကိုခင်မောင်ဇော်ကိုသာ တိုက်လိုက်ချင်တယ်၊ ကျွန်တော့်ကို အဲလိုတွေ့တွေ့ချင်း ထောက်ခံတဲ့သူက ခပ်ရှားရှားဗျ'

'မလုပ်ပါနဲ့ဗျာ၊ ကျွန်တော် တစ်ခွက်သောက်ပြီးပါပြီ'

ကိုခင်မောင်ဇော်က ရယ်ရယ်မောမောဖြင့် လက်ဝါးကာပြကာပြော၏။ ထိုအခိုက်မှာပင် စားပွဲထိုးကလေးက လက်ဖက်ရည်ခွက် လာချ၏။ ရန်နိုင်က တစ်ငုံငုံ၍သောက်လိုက်ပြီး လှမ်းမေး၏။





'ဒါထက် ဝတီနဲ့ မေခိုင်တို့ ဖုန်းပြောဖြစ်သေးလား'

'ဟင့်အင်း… ဒီနေ့တော့ မပြောဖြစ်ပါဘူး၊ ဘာဖြစ်လို့လဲ'

'ဪ… ဖုန်းပြောဖြစ်ကြရင် ကျွန်တော့်ဆီ လှမ်းဆက်နိုင်တဲ့ ဖုန်းနံပါတ် ဝတီ့ကို ပေးလိုက်စမ်းပါလို့ မှာထားမိလို့ပါ၊ ခုတော့ အတော်ပဲပေါ့၊ ကိုယ့်ဟာကိုယ်ပဲ ကြုံတုန်း တစ်ခါတည်း ရေးပေးထားခဲ့မှုပဲ'

အာသာဝတီက စောစောက လှမ်းဆွဲယူထားသော စာအိတ်ကလေးကို ပြန်ထိုးပေး၏။ စာအိတ်ကလေးပေါ်မှာပင် ရန်နိုင်က သူ့ဖုန်းနံပါတ်ကို ရေးပေးလိုက်သည်။

'ကဲ… သွားတော့မယ် ဝတီရေ၊ တခြားတစ်နေရာ ဝင်ရဦးမယ်၊ ကိုခင်မောင်ဇော်ခင်ဗျား၊ ကျွန်တော့်ကို ခွင့်ပြုပါဦး'

ကိုခင်မောင်ဇော်က ပြုံး၍ ခေါင်းညိတ်ပြ၏။ ရန်နိုင် အာသာဝတီတို့စားပွဲက အမြန်ခွာလာခဲ့၏။ သူ့ချစ်ခွင့်ပန်စာကလေးကတော့ အာသာဝတီ့ထံမှာ ကျန်ရစ်ခဲ့ပေပြီ။ သည်တော့မှ ရန်နိုင် သက်ပြင်းချလိုက်နိုင်တော့၏။

သို့သော် အာသာဝတီလက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိကျန်နေရစ်ခဲ့သော ကိုယ့်စာလေးတစ်စောင်အတွက်သာ သက်ပြင်းချနိုင်ခြင်းဖြစ်သည်။ ထိုစားပွဲတွင် ပြုံးပြုံးရယ်ရယ် စကားပြောရင်း အတူကျန်ရစ်နေခဲ့သည့် ကိုခင်မောင်ဇော်အကြောင်း ဖျတ်ခနဲတွေးလိုက်မိတော့ ရန်နိုင်ရင်ထဲ ပူလာသည်။

ကိုခင်မောင်ဇော်နှင့် ဝတီတို့ မည်သို့ပတ်သက်နေသနည်း။ သာမန်မိတ်ဆွေတွေပဲလား။ ဒါမှမဟုတ် ကိုခင်မောင်ဇော်သည်ရော သူ့လိုပဲ ဝတီ့အတွက် လိပ်ပြာတစ်ကောင်ပေပဲလား။ ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ ခြေလှမ်းသွက်သွက် လှမ်းထားနိုင်မှ တန်ကာကျမည်ဟု ရန်နိုင် တွေးလိုက်မိသည်။ ကိုယ်က ခုမှ စလုံးရေစဖို့ ကြံရွယ်တုန်းရှိသေး။ ကိုခင်မောင်ဇော်ဆိုသည့် ပုဂ္ဂိုလ်က ဝတီ့အနားမှာ နီးနီးကပ်ကပ်ရှိနေနှင့်ပြီ မဟုတ်လား။

ထိုစိုးရိမ်စိတ်က ရုံးရောက်သည်အထိ ရန်နိုင့်ကို နေမထိ ထိုင်မသာဖြစ်စေနိုင်စွမ်းရှိနေ၏။ အလုပ်လုပ်ရတာပင် စိတ်မဖြောင့်။ ကိုယ့်အခွဲမှာ ကိုယ်ဖင်ငြိမ်ငြိမ်မထိုင်နိုင်ဘဲ ရုံးအောက်ထပ် လက်ဖက်ရည်ဆိုင်က ဖုန်း… ဆက်… လှမ်းမေးကြည့်ရလျှင် ကောင်းမလားဟု စိတ်ကူးဝင်လာပြီးက ထ…



www.burmeseclassic.com

www.burmeseclassic.com



ဟန်ပြင်လိုက်၊ 'မဟုတ်သေးဘူးထင်တယ်'ဟု ပြန်ထိုင်လိုက်နှင့် ဖြစ်နေ၏။

'ဟော့ကောင် ရန်နိုင်၊ ဒီနေ့ ဘယ်လိုဖြစ်နေတာလဲ၊ မင်းကြည့်ရတာ ဂနာကိုမငြိမ်ဘူး'

ကိုတင်မြင့်က မျက်စိနောက်လာဟန်ဖြင့် မေးလေသဖြင့် 'ဘာမှ မဟုတ်ပါဘူးဗျာ'ဟု ပြန်ဖြေလိုက်ရသေး၏။

နောက်ဆုံးတော့ နေ့လယ်စာ ထမင်းစားချိန်တွင် စိတ်ကိုတုံးတုံး ချကာ ဝတီ့ထံ ဖုန်းခေါ်လိုက်မိတော့၏။

'အမိန့်ရှိပါရှင်၊ မဋ္ဌုသကစတိုးကပါ'

'ဟုတ်ကဲ့… ကျွန်တော် ရန်နိုင်ပါ ဝတီ'

အာသာဝတီ၏ အသံချိုချိုကလေးက ဖုန်းထဲမှာလည်း သိသိသာ သာပဲဖြစ်၏။ ထို့ကြောင့် ရန်နိုင်က သူ့နှာမည်ကိုဖွင့်ပြောပြီး ဆက်လိုက်၏။

'ဩော်… ကိုရန်နိုင်လား၊ ပြော… ဘာကိစ္စပြောမလို့လဲ'

'မနက်တုန်းက ကျွန်တော်ပေးထားခဲ့တဲ့ စာနဲ့ပတ်သက်လို့လေ'

'အောင်မယ်လေး… ဘာများ အရေးကြီးနေရတာလဲ ကိုရန်နိုင်ရယ်၊ ဝတီတို့ဆိုင်ကနေပြီး ပစ္စည်းဝယ်ဖို့စာရင်းမဟုတ်လား၊ ရပါတယ်၊ အဲဒီစာအိတ် ကလေးကို ဆိုင်ကအရောင်း စာရေးမလေးကို ပေးထားလိုက်ပြီးပါပြီ၊ သူဟာ သူ အဲဒီအထဲမှာပါတဲ့ ပစ္စည်းစာရင်းအတိုင်း အသင့်ထုတ်ပေးထားပါလိမ့် မယ်၊ ညနေကျမှ ကိုရန်နိုင်အပြန်ကို လှည့်ဝင်လာပြီးယူလိုက်လေ၊ သူ့စာရင်း နဲ့ သူ့ဘောက်ချာနဲ့ငြစ်အောင် ကောင်မလေးက ရယ်ဒီလုပ်ထားလိုက်လိမ့် မယ်၊ ဟုတ်ပြီလား'

ရန်နိုင် ဟိုက်ခနဲဖြစ်ကာ မျက်လုံးပြူးသွား၏။ အာသာဝတီ ပြော လိုက်ပုံက တကယ့်ကို ပေါ့ပေါ့ပါးပါးကလေး ဖြစ်၏။ ဒုက္ခပါပဲဗျာ။ သူကတော့ စာအိတ်ကိုဖွင့်၍ပင်မကြည့်တော့ဘဲ သူ့ဆိုင်က အရောင်းကောင် တာ စာရေးမလေးလက်ထဲ ချက်ချင်းလွှဲပေးလိုက်ပြီထင်တယ်ဟု အတော် စိတ်ညစ်သွားရလေသည်။

'ဟုတ်ပြီလား မလုပ်နဲ့၊ မ… မဟုတ်သေးဘူးလေ ဝတီရဲ့'

'စိတ်ချစမ်းပါ ကိုရန်နိုင်ရဲ့၊ အဲဒီကောင်မလေးက ဝတီတို့ဆိုင်မှာ အရောင်းအဝယ်နဲ့ ပတ်သက်လို့ သိပ်စိတ်ချရတဲ့ ကလေးမလေးပါ၊ လုံးဝ





လုံးဝ တာဝန်ယူတယ်၊ ကိုရန်နိုင်ပေးခဲ့တဲ့ စာရင်းနဲ့ တစိုးတစိမှ မလွဲစေရ ဘူး'

ရန်နိုင် သူ့ခေါင်းကို သူ တဗျင်းဗျင်းကုတ်၏။

'လွဲတယ်ဗျ၊ လွဲကုန်ပြီ၊ အကုန်လွဲကုန်ပြီ၊ ဒီမှာ အဲဒီစာရင်းက ဝတီဖတ်ရမယ့်စာရင်းဗျ'

'အလို… ဘာစာရင်းမို့ပါလိမ့်'

'အချစ်စာရင်းဗျို့၊ အချစ်စာရင်း'

ရန်နိုင့်အသံက ပုံမှန်ထက် ကျယ်သွားသောကြောင့် တယ်လီဖုန်း တင်ထားသော ကောင်တာနောက်က ကောင်မလေးက မျက်လုံးပြူးပြီး အလန့်တကြား လှမ်းကြည့်၏။ အဲဒီအခိုက်မှာပဲ ဝတီ၏ရယ်သံ ခပ်လွင်လွင် ကို ကြားရ၏။

'ဘယ်လိုကြောင့် ထအော်ရတာတုံး ကိုရန်နိုင်ရဲ့၊ ဝတီတောင် ဒီဘက်က နားထောင်ရင်း လန့်သွားတယ်၊ အဲဒါက ဘယ်လိုဖြစ်ရတာတုန်း'

ပြောပြီးတော့ ဆက်ရယ်၏။ လက်စသတ်တော့ ငါ့ကို နောက်နေ တာပဲဟု ရန်နိုင် သိလိုက်သည်။ အဲဒီတော့မှ ရင်ဝမှာဆို့နေသောအလုံးကြီး လည်း ပြန်ပြုတ်ကျသွား၏။

'အစိုးရိမ်ကြီး စိုးရိမ်သွားတာလေ၊ လွဲကုန်မှာစိုးလို့ တအားစိတ်ပူ သွားတဲ့အသံပေါ့၊ ဒီလိုဆိုတော့ ဝတီ ဖတ်ပြီးပြီပေါ့နော်'

'အင်း… ဖတ်ပြီးပါပြီ၊ ကိုရန်နိုင်က သက်သက်လူလည်ကျပြီး တန်မှာတဲ့စာလိုလို ဘာလိုလိုနဲ့ ညစ်ပြီးပေးသွားလို့ နည်းနည်းပြန်ပညာပေး လိုက်တာ'

'အောင်မယ်လေးဗျာ… တော်ပါသေးရဲ့၊ တကယ်ပဲ အရောင်း စာရေးမလေး လက်ထဲကို ထိုးအပ်လိုက်လေသလားလို့ ဒီမှာ အတော်ထိတ် ထိတ်ပျာပျာဖြစ်သွားတာ'

'ဒီမှာ ကိုရန်နိုင်… ကိုရန်နိုင် ဝတီ့ကိုညစ်တာ နှစ်ခါရှိပြီနော် မသိဘူးများ အောက်မေ့နေလို့လား'

အာသာဝတီက ရန်ထောင်သံဖြင့် ပြော၏။

'ဗျာ… ဘယ်မှာညစ်မိလို့လဲ ဝတီရဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ညစ်တာပေါ့၊ ပထမတစ်ကြိမ်တုန်းကလည်း သူငယ်ချင်းတွေကို လွှတ်ပြီး အနားကပိုဆိုးလာလို့ ဆေးရုံပဲတက်ဖြတ်ရတော့မလိုလို မမှန်သတင်း လာပို့တယ်၊ အခုတစ်ကြိမ်ကျတော့လည်း စာကို ကုန်မှာစာလိုလို့နဲ့ လိမ်ပေးထားခဲ့တယ်၊ ကဲ… ကိုယ့်ဘက်က လုပ်ရပ်တွေ ကိုယ်ပြန်စဉ်းစားကြည့်ပါဦး၊ ယောကျ်ားလေးဖြစ်ပြီး မိန်းကလေးတစ်ယောက်ကို ဒီလို လိမ်လည်လှည့်ဖြားတာ ကောင်းသလား'

ရန်နိုင် သက်ပြင်းပူကြီး ချလိုက်၏။

'ဘုရားပေးပေး ကျမ်းပေးပေးပါ ဝတီရယ်၊ ပထမတစ်ကြိမ်ကိစ္စက ဟိုကောင်တွေ သူတို့ဉာဏ်နဲ့ သူတို့ ဝတီ့ဆီ လာချွန်တာပါ၊ ကျွန်တော့်အကြံ မပါပါဘူး၊ ကျွန်တော်က နောက်မှသိရတာပါ၊ ဒီနေ့ကိစ္စကျတော့လည်း အနားမှာ ကိုခင်မောင်ဇော်ဆိုတဲ့ လူစိမ်းတစ်ယောက်ရှေ့မှာ မရည်ရွယ်ဘဲ ကုန်အမှာစာလို့ ပြောခဲ့ရတာပါ၊ ကဲလေ… သူစိမ်းတစ်ယောက်ရှေ့မှာ 'ဝတီရေ… အဲဒီမှာ ရည်းစားစာ'လို့ ပြောပေးလို့ တော်ပါ့မလားဗျာ၊ အဲဒါလေးကို နားလည်ပေးပါ'

'ကိုရန်နိုင့်စာအိတ်ထဲမှာဖြင့် ရည်းစားစာလည်း မပါဘဲနဲ့၊ ဘယ်မဂ္ဂဇင်းထဲက ကဗျာကို ကူးထည့်ပေးလိုက်ရတာတုံး၊ ဝတီက ကဗျာတွေဘာတွေ ဝါသနာမပါဘူး ကိုရန်နိုင်ရဲ့'

ဒါကတော့ သက်သက် တမင်ကလိလိုက်ခြင်းဖြစ်ကြောင်း ရန်နိုင်သဘောပေါက်လိုက်၏။

'မလုပ်ပါနဲ့ ဝတီရယ်၊ အဲဒီ ကဗျာလိုလို စာလိုလိုကလေးဖြစ်အောင် တစ်ညလုံး ဖျစ်ဖျစ်မြည်အောင် ကြိုးစားရေးထားရတာပါ၊ မိုးကြိုးပစ်ရပါစေရဲ့၊ ဂျမ်ဘိုခြင်ဆေးခွေတစ်ဘူး ကုန်လုတယ်'

'ခြင်ဆေးခွေက ဘယ်က ပါလာတာတုံး'

'ဘယ်ကပါရမှာတုံး၊ စာရေးစားပွဲမှာ ငြိမ်ငြိမ်ကုပ်ကုပ်ကလေးအကြာကြီးကျောက်ချထိုင်ပြီး ရေးလိုက်၊ မကြိုက်လိုက်၊ နောက်တစ်ကြိမ်ထပ်ရေးလိုက်နဲ့ဆိုတော့ ခြင်တွေက သွေးလျှုပွဲနဲ့ တည့်တည့်တိုးနေကြတာကိုး ကိုက်လိုက်တဲ့ခြင်ဗျာ၊ ခြေသလုံးတွေကို ထူပူနေတာပဲ၊ ဒါ့ကြောင့်ခြင်ဆေးခွေတွေ အဆက်မပြတ်ထွန်းနေရတာကိုး'





'ကြည့်လည်း လုပ်ဦးနော်၊ တော်ကြာ ဆင်ခြေထောက်ရောဂါလည်းနေဦးမယ်'

'ရကာမှရရော ဝတီရယ်၊ လောလောဆယ် ရင်ထဲကရောဂါကအဲဒီဆင်ခြေထောက်ထက် ပိုဆိုးပါတယ်၊ ဝတီနဲ့ မျက်နှာချင်းဆိုင်ပြီး မပြောရဲတဲ့စကားကို ခုလို မျက်နှာမပူရကဲ့အနေအထားမှာ ပြောပါရစေ၊ ကျွန်တော်တို့ကို တကယ့်ကို စွဲစွဲလမ်းလမ်းချစ်နေမိပါပြီ ဝတီရယ်'

ရန်နိုင့်အသံက ရင်ထဲက ခံစားချက်ကြောင့်လား မသိ။ လှိုက်လှဲတုန်ခါသွားသည်။ အဲဒီအနေအထားကို အာသာဝတီက ရယူခံစားလိုက်လေသလား မပြောတတ်။ သူမထံမှ ရုတ်ခြည်း စကားသံ ပြန်ထွက်မလာခဲ့။ အတော်ကြာမှ သက်ပြင်းကလေးကို ကျိတ်၍ချလိုက်သံကို ကြားရ၏။

'အဲဒီစကားက ဘယ်နှယောက်မြောက်ကို ဘယ်နှကြိမ်ပြောခဲ့တဲ့စကားလဲ ကိုရန်နိုင်'

'မလုပ်ပါနဲ့ ဝတီရယ်၊ ဝတီတစ်ယောက်တည်းကိုပဲ ပထမဆုံးအကြိမ် ပြောဖြစ်တဲ့စကားပါ၊ အဲဒါ သိပ်သေချာတယ်၊ ဒါနဲ့ ဝတီကရော၊ ဒီလိုစကားမျိုးကို ဘယ်နှကြိမ်လောက် ကြားဖူးပြီးပြီလဲဟင်'

'ဘယ်နှကြိမ်ဆိုတာတော့ မမှတ်မိတော့ဘူး၊ ဒါပေမဲ့ ပြောလာကြတဲ့သူတွေထဲမှာတော့ ကိုရန်နိုင်က နောက်ပိတ်ဆုံးပဲ၊ အဲဒါ သိပ်သေချာတယ်'

'ဝမ်းသာလိုက်လေဗျာ'

'ဟင်… ကိုရန်နိုင်က နောက်ပိတ်ဆုံးပါလို့ပြောတာ၊ အဲဒါ ဘာများဝမ်းသာစရာပါလို့လဲ'

အာသာဝတီက နားမလည်နိုင်သလို ပြန်မေးသည်။

'ဝမ်းသာစရာကောင်းတာပေါ့ ဝတီရဲ့၊ ဒီလိုပြောခြင်းအားဖြင့်ကျွန်တော့်ရှေ့က ပြောခဲ့ကြတဲ့သူတွေကို ဝတီ လက်မခံခဲ့သေးဘူးဆိုတာသေချာသွားတာကိုး၊ ပြီးတော့ ကျွန်တော်က နောက်ပိတ်ဆုံးဆိုတော့ တစ်နည်းအားဖြင့် သန်းခေါင်ထက် ညဉ့်နက်ခဲ့ပြီးပြီဆိုတဲ့သဘော မဟုတ်ဘူးလားသန်းခေါင်ထက် ပိုညဉ့်နက်ခဲ့ပြီးတဲ့နောက်တော့ အရုဏ်ဦးနဲ့ အနီးဆုံးရောက်နေပြီဆိုတဲ့သဘောပေါ့နော်၊ အရုဏ်ဦးအလင်းရောင်ကလေးကို ဟောဒ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးစတွေ့ရတဲ့သူဖြစ်ဖို့ အနီးဆုံး အခွင့်အရေးရတဲ့လူလို့ ကျေနပ်ရမှာပေါ့'

အာသာဝတီက ရယ်ပြန်၏။ ပြီးမှ အငေါ်တူးသံဖြင့် ပြော၏။

'လက်စသတ်တော့ ခုမှ ကမ္ဘာလိပ်အကြီးစားကြီးနဲ့ တွေ့နေရတာကိုး၊ ကိုယ့်ဘက်ကိုယ်ယက်တဲ့နေရာမှာတော့ နိုးတူးပဲ'

'ကိုယ့်ဘက်ကိုယ်ယက်တယ်လို့ အပြစ်တင်ရင်လည်း ခံရမှာပါပဲ ဝတီ၊ ဒါပေမဲ့ ဝတီ့ကို ကျွန်တော် တောင်းပန်ပါရစေ၊ အဲဒီကိစ္စဟာ ပျော်စေပျက်စေ ပေါ့ပေါ့ကလေးသဘောမျိုးနဲ့ စတင်ခဲ့တာမဟုတ်တဲ့အတွက် ကျွန်တော့်ကို အလေးအနက် စဉ်းစားတုံ့ပြန်ပေးပါလို့နော် ဝတီ၊ ကျွန်တော်ကတော့ ဝတီ့ကို အချိန်တိုင်း တွေ့တိုင်း တောင်းဆိုနေမှာပဲ ဝတီ'

'ကဲ... ကဲ... တော်လောက်ပြီနော် ကိုရန်နိုင်၊ နောက်ထပ်လည်း စာတွေဘာတွေ ထပ်ရေးပေးမနေနဲ့တော့၊ ဝတီ သိရပြီးပြီပဲ၊ နောက်ထပ်စာတွေထပ်ရေး၊ ဖုန်းတွေထပ်ဆက်လည်း ဒီစကားပဲဖြစ်နေမှာမဟုတ်လား၊ ဒီအကြောင်းအရာချည်းပဲ ထပ်တလဲလဲဖြစ်နေမယ့်နောက်တော့ နောက်ထပ်ဘာမှပြောမနေနဲ့တော့၊ ဟင်း... ဟင်း... ခြင်ဆေးခွေဖိုး၊ တယ်လီဖုန်းဖိုး ချွေတာလိုက်တော့၊ ဝတီ့ကို အချိန်ပေးပါ၊ တစ်ချိန်ချိန်တော့ ဝတီ စဉ်းစားပြီး အဖြေတစ်ခုခုပေးနိုင်အောင် ကြိုးစားပေးမယ်၊ ဟုတ်ပြီလား'

'အဲဒီတစ်ချိန်ချိန်ဆိုတာ ဘယ်အချိန်များ ဖြစ်နိုင်မလဲဟင်'

'လဆန်းတစ်ရက်နေ့လောက်ပေါ့'

ရန်နိုင် လိုက်ခနဲဖြစ်သွားသည်။

'တကယ်လား ဝတီ၊ လာမယ့်လဆန်းလားဟင်'

'ဟင့်အင်း... စကြဝဠာလဆန်းတစ်ရက်'

'ဟိုက်ရော သေတော့မှာပဲ ဝတီရယ်၊ ကိုယ့်အချင်းချင်းကို အဲလို မနောက်ပါနဲ့'

'ကိုရန်နိုင့်ဘက်က ဆက်ပြီးလောနေဦးမယ်ဆိုရင်တော့ အခုပြောနေတဲ့စကားက အတည်ဖြစ်သွားလိမ့်မယ်နော်'

'ဟောဗျာ... ဝတီ့ဟာကလည်း စကားမဆိုဝံ့အောင်ကွယ်၊ အို... ဘယ်... သက်လယ်ဆိုတဲ့ သီချင်းအတိုင်းပါပဲလား'

'ဟုတ်တယ်၊ ဝတီ့ငို့ကတော့ မာမာပဲ၊ တင်းတင်းပဲ'





'ဟုတ်ကဲ့... ပျော့လာမယ့်နေ့ လျှော့လာမယ့်နေ့အထိ စောင့်စောင့်နေပါမယ် သခင်မကြီးဘုရား'

ရန်နိုင်က ငေါ့လိုက်တော့ ဝတီက ခပ်တိုးတိုးရယ်၏။ ပြီးမှ-

'မလောပါနဲ့ ကိုရန်နိုင်ရယ်၊ အချစ်ဆိုတာ အဲလောက် ဈေးပေါပေါရနိုင်တဲ့အရာမှ မဟုတ်ဘဲ၊ လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်ဘက်နေးရတယ်ဆိုတာ မကြားဖူးဘူးလား'

'ဟုတ်ပါပြီလေ၊ တောင်တက်နေးရင်နဲ့ လက်ဖက်တစ်ညွှန့်မှမရလိုက်ဘဲ ပလောင်တောင်စွယ် နေကွယ်သွားမှာ စိုးလို့ပါ၊ ပြီးတော့ တောင်ကသိပ်မတ်စောက်လွန်းနေရင်လည်း တက်ရင်းကနေ ပလောင်ပက်လက်လန်သွားမှာစိုးလို့ ပြောရတာပါ၊ အတတ်နိုင်ဆုံးတော့ အမြန်ဆုံးစဉ်းစားပေးပါနော်၊ ဒီမှာ ဝတီ၊ ဝတီဟာ ကျွန်တော့်ဘဝအတွက် ပထမဦးဆုံးနဲ့ နောက်ဆုံးချစ်မိရတဲ့ မိန်းကလေးတစ်ယောက်ဖြစ်တယ် ဆိုတာလေးတော့ ဘယ်တော့မှ မမေ့ပါနဲ့ ဝတီ'

'ကဲ... တော်လောက်ပြီ၊ တော်လောက်ပြီ။ ပြောချင်တာရော၊ မေးချင်တာရော၊ တောင်းဆိုချင်တာရော၊ ပြောရ မေးရ တောင်းဆိုရပြီးပြီပဲ၊ ဖုန်းချလိုက်တော့မယ်နော်၊ ဘိုင့်ဘိုင်'

အာသာဝတီက ပြောအပြီးမှာပင် ဖုန်းချသွား၏။ ကောင်တာကကောင်မလေးကို တယ်လီဖုန်းပြောခ ထုတ်ပေးပြီး ရန်နိုင် အပေါ်ထပ်သို့ပြန်တက်လာခဲ့၏။ ဘာပဲပြောပြော အခြေအနေက မဆိုးသေး။ ကျေနပ်စရာပဲဟု တွေးမိ၏။ မတော် မလိမ့်တပတ်နှင့် စာပေးသွားရကောင်းလားဟုဝတီက ရန်တော်မည်ဆိုလျှင်လည်း သူ့ဘက်ကတော့ ခေါင်းငုံ့ခံရမည့်အနေအထားပဲ ရှိသည်မဟုတ်လား။ ရုံးခန်းထဲက စားပွဲရောက်တော့ကိုတင်မြင့်တို့၊ ကိုကျော်ဝင်းတို့ပင် ထမင်းစားလို့ ပြီးလှနေကြပြီ။

'ဟေ့ကောင်... မင်းက ထမင်းစားချိန်ကျမှ ဘယ်ပျောက်သွားရတာလဲ၊ အပေါ့အပါးလေးဘာလေး သွားနေတယ်မှတ်လို့၊ ငါတို့စောင့်ရင်းစားနေကြတာတောင် ပြီးလုပြီ'

ကိုတင်မြင့်က ဆီးမေးသည်။ ရန်နိုင်က ထမင်းဘူးကို အလျှင်အမြန်ဖွင့်ကာ ချပေးလိုက်ရင်း ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



'အောက်ထပ် ခဏသွားတာပါဗျာ၊ ဒါပေမဲ့ ကျွန်တော် ထမင်းမစားတော့ဘူးဗျ၊ ကျွန်တော့်ဟင်းတွေကို ခင်ဗျားတို့ နှစ်ယောက်စားလိုက်ကြ'

'အလိုဗျာ… ဒီလောက်ရက်ရောနေရအောင် ဇကန္တတော့ အောက်ထပ်ကို တစ်ခုခုသွားဝါးခဲ့လို့ပဲ ဖြစ်ရမယ်၊ ဘယ်က ဒကာနဲ့ တွေ့ခဲ့သလဲ၊ ပြောစမ်း'

ကိုကျော်ဝင်းက မျက်လုံးပြူးနှင့် မော့ကြည့်ရင်း မေးသည်။

'ဘယ်ဒကာနဲ့မှ မတွေ့ပါဘူးဗျာ၊ အောက်ထပ်သွားတာက ဖုန်းသွားဆက်တာပါ'

'ဘယ်သူနဲ့ ဆက်တာလဲ'

'ကိုကြီးတင်မြင့်ရဲ့ အနေအထားနဲ့ နှိုင်းယှဉ်ပြောရရင်တော့ မွေးသမိခင်မဟုတ်တဲ့ ကျွန်တော့်ရဲ့အမေ အလောင်းအလျာနဲ့လေ'

'ဟေ'

'အဲဒါ သူ့စကားသံလေးကြားရတာနဲ့ ထမင်းမဆာတော့ဘူးဗျ'

'အလိုလို ဗိုက်ဝသွားစေနိုင်လောက်တဲ့ စကားမျိုးကို ကြားခဲ့ရတယ်ဆိုပါတော့'

'ဟုတ်သဗျ… အဖြေပေးဖို့ စဉ်းစားပါ့မယ်'တဲ့။

ရန်နိုင် အတော်အူမြူးနေသည်။ စကားသံတွေလည်း ရွှင်နေသည်။

'လက်စသတ်တော့ ငမိုက်သားက ဗိုက်ကားစေခဲ့တဲ့ စကားကို ကြားခဲ့ရလို့ ငါတို့ကို ဟင်းတွေချကျွေးနေပေတာကိုး၊ ဒါ့ကြောင့် မနက်ကတည်းက ဒီကောင် ဂနာမငြိမ်ဖြစ်နေတာ 'ဒါ့ကြောင့်ကိုး… ဟိုး…ဟိုး' လို့ လူရွှင်တော်ကြီး ဦးကြယ်နီလေသံနဲ့ ပြောရမလိုဖြစ်နေပြီဟ ကျော်ဝင်းရ၊ မမိုက်ချင်စမ်းပါနဲ့ ရန်နိုင်ရ၊ အခု မိုးလမ်းကလေးစလွှင့်ရုံရှိသေး၊ မင်းဟင်းတွေ ငါတို့ကိုကျွေးနေရပြီ မဟုတ်လား'

ကိုတင်မြင့်က ရန်နိုင့်ထမင်းဘူးထဲက ဟင်းတစ်ဖတ်ကို လှမ်းခပ်ရင်းက ပြော၏။

'နေစမ်းပါဟ တင်မြင့်ရ၊ သင်းကလည်း ငါ့လို အိမ်ထောင်ကြီးထဲကူးလာဦးမယ့် ထောင်ကျအလောင်းအလျာဖြစ်ဖို့ ကြိုးစားနေတာကို စောင့်





ကြည့်စမ်းပါ၊ မြန်မြန်သာဆက်လုပ်စမ်း မောင်ရန်နိုင်၊ အစ်ကိုကြီးတို့လို ထောင်ကျဟောင်းကြီးတွေက လက်ကမ်းလို့ ကြိုဆိုနေပါတယ်ကွယ်၊ ခုတော့ မင်းလည်း တစ်ခါကပြောဖူးတဲ့ ငါ့သူငယ်ချင်း ကျောင်းဆရာလို 'ငါကို သေလိုက်ရဘူး မောင်ရေ'ဆိုတဲ့ကိန်းကို ဒုတ်ဒုတ်ထိဆိုက်ရောက် နေရပြီ ဟုတ်လားကွ၊ ၄ဲ… ၄ဲ… ၄ဲ… ကောင်းလိုက်မယ့် ဝက်သားနှပ်ကွာ၊ အိနေမှာပဲ၊ ကဲ… လာပေရော့ တစ်ဖတ်'

ကိုကျော်ဝင်းက သူ့စကားအဆုံးမှာ ပြုံးပြုံးကြီး လက်လှမ်း၍ ရန်နိုင်ကျွေးသော ဝက်သားဟင်းတစ်တုံးကို ဆယ်ယူလိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ၇

'ငါ့ကိုပြောတုန်းကတော့ မခုတ်တတ်တဲ့ကြောင်လိုလို၊ အရပ်ကူပါ လုပ်ဝိုင်းပါနဲ့အော်ရတော့မယ့် ဒုက္ခသည်ကြီးလိုလိုနဲ့၊ နင်က အတော်ခြေသွက် လက်သွက်ရှိနေပါလား ရန်နိုင်၊ နင် သူ့ကို ရည်းစားကဗျာတောင် ပေးပြီးပြီ ဖြစ်နေပါရောလား'

ရုံးပိတ်ရက်တစ်ရက်မှာ ရန်နိုင့်ထံသို့ မေခိုင် ပေါက်ချလာသည်။

ရောက်ရောက်ချင်းပင် မေမေ့ဆိုင်မှာ မုန့်ဟင်းခါးတစ်ပွဲ ဝင်စားသည်။ စားပြီးမှ အိမ်ပေါ်တက်လာကာ ရန်နိုင့်ကို ပြောလိုက်ခြင်းဖြစ်သည်။

'ရည်းစားစာ ပြောပါဟ'

'မဟုတ်ပါဘူး၊ နင်ပေးတာက ကဗျာလိုလို စာညွှန့်လိုလိုကြီးပါ၊ ငါတောင် ဖတ်လိုက်ရပြီးပြီ'

'ဟိုက်… မျက်နှာပူလိုက်တာဟာ၊ ဒါပေမဲ့ နင်က ဖတ်ပြီးပြီဆို နေလေတော့လည်း ပူတဲ့မျက်နှာ ချောင်ထိုးထားပြီး မေးရဦးမှာပဲ၊ နင်တို့ပြော တဲ့ အဲဒီရည်းစားကဗျာ ဖတ်လို့ကောင်းလား၊ ကောင်းတယ်ပြောနော်'

'ငါ ကောင်းဖို့မလိုဘူးလေ၊ ဝတီ့အနေနဲ့ ကောင်းဖို့ပဲလိုတာ'

မေခိုင်က စကားအဆုံးမှာ ရန်နိုင်နှင့် မျက်နှာချင်းဆိုင်က ထိုင်ခုံ တွင် ဝင်ထိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



'လုပ်စမ်းပါဦးဟ၊ နင်က ဘယ်လိုလုပ်ပြီး အဲဒီစာကို ဖတ်ရဘာလဲ၊ ဒီကြားထဲမှာ နင်တို့ချင်း တွေ့ဖြစ်ကြတယ်ဆိုတာတော့ သေချာပြီ၊ ဘယ်မှာ ဘယ်လိုတွေ့ဖြစ်ကြတာလဲ၊ ပြောပါဦး'

'အေး… ငါလည်း အဲဒါပြောချင်လို့ လာခဲ့တာပဲ၊ ဟဲ့…ရန်နိုင်၊ နင်တော့ အခြေအနေထူးတော့မယ် ထင်တယ်ဟ'

'ဟင်… ဘယ်… ဘယ်လိုကြောင့်လဲ မေခိုင်'

ရန်နိုင် တုန်တုန်ယင်ယင်ပင်ဖြစ်သွားသည်။ အလောတကြီးပြန်မေးသည်။

'ဒီလိုလေ… ဝတီက ဒီတစ်ခါ ငါ့ဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတယ်ဟ၊ သူ အဲဒါမျိုး ငါ့ဆီကို အင်မတန်လာခဲတယ်၊ သူလာကတည်းက တစ်ခုခုထူးပြီလို့တော့ ငါထင်မိသား'

'အခုရော ဘယ်လိုထူးလို့လဲဟင်'

'ထူးတာပေါ့ဟ၊ နင် ကုန်အမှာစာလိုလို ဘာလိုလိုနဲ့ ညာတာပါတေးလုပ်ပြီး အဲဒီစာပေးသွားတဲ့အကြောင်း ငါ့ကိုဖွင့်ပြောပြီး စလင်းဘက်ထဲက အဲဒီကဗျာစာအိတ်ကလေးကို သက်သေခံထုတ်ပြတယ်'

'ဒါများ ဘာဆန်းလို့လဲဟ'

'ကျွတ်… အတော်တုံးသေးတဲ့ ငနဲသားပါလားဟဲ့၊ နင့်ကို သူ့စိတ်ထဲမှာ ဘယ်လိုမှစိတ်ဝင်စားမှုမရှိဘဲနဲ့ သူက ငါ့အိမ်အထိ ဘာလို့ တကူးတက လာပြောပြနေပါ့မလဲ၊ နင့်စာကို ထုတ်ပြဖို့ဆိုတာ အဝေးကြီး၊ ခုလို ငါ့ကိုလာပြောတယ် ပြတယ်ဆိုတာ သူ့စိတ်ထဲမှာ နင်နဲ့ပတ်သက်လို့ စိတ်ဝင်စားမှု ရှိနေလို့ပေါ့၊ ရှင်းနေတာပဲ'

'အားတက်စရာကြီးပါလား မေခိုင်ရဲ့၊ ပြီးတော့ရော'

ရန်နိုင် ဝမ်းသာအားရမေးသည်။

'ပြီးကော့ နင့်အကြောင်းတွေ ငါ့ဆီမှာ စုံစမ်းတယ်'

'ဘာတွေ စုံစမ်းတာတုံး'

'အစုံပေါ့ဟာ၊ နင့်ရဲ့နောက်ကြောင်းသမိုင်းတွေ၊ နင်တို့မိသားစုရဲ့ အခြေအနေတွေ စုံလို့ပဲ'

'အဲဒီတော့ နင်က ဘေးတီးမပေးလိုက်ဘူးလား'





မေခိုင်က ခစ်ခနဲ တယ်ချက်ရယ်သည်။

'ဘယ်ရမလဲဟာ… မူးချင်တဲ့လူ အရက်ဆိုင်ထဲဝင်လာသလို တည့်တည့်ကြီးဝင်လာတဲ့နောက်မှတော့ ငါလည်း ပြောပြလိုက်ပါတယ်၊ နင့်မှာ မိန်းကလေးကိစ္စတွေကင်းရှင်းခဲ့ကြောင်း၊ နင်တို့မိဘ ဘားစုအနေနဲ့ လူရိုးတွေဖြစ်ကြောင်း အစုံပေါ့၊ ဒါပေမဲ့ နင် ရိုးသားတယ်ဆိုတာကိုတော့ အစကတည်းက သူ လက်ခံပြီးသားပါ၊ သူ့ဖု(ဒ်)ချိန်းကလေးကို မရရအောင် စုံစမ်းပြီး သူ့လက်ထဲရောက်အောင် ပြန်ထည့်ပေးကတည်းက သူ သိခဲ့ပြီးသားလို့ ပြောပါတယ်၊ အစိက,ကတော့ အဲဒီရိုးသားမှုအခြေခံကို သူ သဘောကျသွားတာဖြစ်မယ် ထင်တယ်'

'နင် ဘာကြောင့် ဒီလိုတွေးမိတာလဲ'

'ငါတွေးတာ မဟုတ်ဘူး၊ သူတွေးတာ သူ့ဘဝမှာ သူ့ကိုလိုက်တဲ့ ကောင်တွေ အတော်များများက သူ့စည်းစိမ်ဥစ္စာတွေကို ထည့်တွက်ကြ ာ တွေချည်းပဲ ကြုံခဲ့ရတယ်တဲ့၊ ဟုတ်မှာပဲ၊ ဝတီ့အနေအထားကိုလည်း နင် သိပြီးသားပဲဟာ'

'ဟာ… ငါကတော့ အဲလိုစိတ် တစ်ရွေးသားမှ မပါဘူးဆိုတာ ကျမ်းကိုင်ကျိန်ဆိုဝံ့တယ် မေခိုင်၊ ငါ့ချစ်ခြင်းထဲမှာ သူ့ပစ္စည်းဥစ္စာပိုင်ဆိုင်မှု ဘာညာတွေ လုံးဝမပါဘူး၊ သူသာ ငါ့ကို ချစ်နိုင်မယ်၊ လက်တွဲနိုင်မယ်ဆိုရင် အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ဆင်းလာခဲ့၊ ငါ လှိုက်လှိုက်လှဲလှဲကြီး ကြိုဆိုလက်တွဲနိုင်မှာ သေချာတယ်၊ လုံးဝလည်း ကတိပေးရဲတယ်ဟာ'

ရန်နိုင်က လေးလေးနက်နက် ပြော၏။

မေခိုင်က ရန်နိုင့်မျက်လုံးတွေဆဲကို တစ်ချက်စိုက်ကြည့်သည်။

'အင်း… ဟုတ်ပါပြီလေ၊ ခုပဲ ငါ ဒီအပေါ်တက်မလာခင် နင့်အမေက မေးလို့ ဒီအကြောင်းပြောခဲ့ရသေးတယ်၊ နင် ဝတီ့ကို ကြိုးစားနေတယ်ဆိုတဲ့ ကိစ္စကို အေးအေးမိုးပြောပြထားလို့ နင့်အမေက သိနေတယ်'

'ဟင်… အေးအေးမိုးက ဘယ်လိုလုပ်သိ၊ ဟ… ခုမှ စဉ်းစား တယ်၊ ဟိုကောင် စန်းကို အာချောင်တာလေ၊ ငါ့ခြေထောက်ကို အေးမြှင့် ဆေး လာလိမ်းပေးတဲ့နေ့တုန်းက ဒီကောင် အေးအေးမိုးကို လျှော့ပြည်တာထို ခတ်မိပြီ၊ အဲဒါလည်း ထားပါဦး၊ ဒီကောင်မလေးကလည်း ဘာအရှုံညင်း



www.burmeseclassic.com

www.burmeseclassic.com



အမေ့ကို ဒီအကြောင်းတွေ သွားပြောရပါလိမ့်'

ရန်နိုင်က သူညီမ အေးအေးမိုးကို အပြစ်တင်၏။

'ဒါတော့ သွားဆူမနေနဲ့လေ၊ အေးမိုးကလည်း မကျေနပ်လို့ သွားပြောတာမှမဟုတ်ဘဲ၊ သူက ကျေနပ်သဘောတူနေလို့ ဝမ်းသာအားရနဲ့ နင့်အမေကို အသိပေးတဲ့သဘောမျိုးပါ၊ အေးမိုးလည်း တက္ကသိုလ်ကျောင်းသူပါဟ၊ ဒီလောက် မတုံးပါဘူး'

'ကဲလေ… ထားပါတော့၊ ငါ့အမေနဲ့ နင်က ဘာပြောဖြစ်ကြတာတုံး'

'ဩ… အဲဒီကိစ္စဟာ ဟုတ်သလား မှန်သလားလို့ ငါ့ကိုမေးတဲ့သဘောပါ'

'ဒီတော့ နင်က…'

'ဟုတ်တဲ့အကြောင်း ပြောလိုက်တာပေါ့၊ နင်က စာပေးပြီးလို့ ဝတီက စဉ်းစားနေတဲ့အကြောင်း၊ ငါ့ဆီကို နင်နဲ့ပတ်သက်ပြီး လာတီးခေါက်စုံစမ်းကြောင်းတွေတော့ ပြောပြလိုက်တယ်'

'အမေက ဘယ်လို မှတ်ချက်ပေးသလဲဟင်'

'ခုအချိန် ဆထိတော့ ဘာမှမှတ်ချက်မပေးလိုက်ပါဘူး၊ တစ်ခုတော့ ညည်းသလိုလို ပြောလိုက်တယ်၊ တော်တော်စဉ်းစားစရာစကားပဲ'

'ဘာတဲ့လဲ'

'ဒီလောက်ပြည့်စုံတဲ့ သူဌေးသမီးကလေးတော့ ငါ့သားလေးကို လာလက်တွဲမိရင် ဆင်းရဲရရှာတော့မှာပဲ၊ သမီးချင်းစာနာမိလို့ပြောတာပါတဲ့'

ရန်နိုင် ရယ်လိုက်သည်။

'ဩ… အမေတို့များ ရိုးချက်တော့ ကမ်းကုန်တယ်ဟ၊ သူသာ ငါ့ကိုချစ်တယ်ဆိုရင် ဘယ်ဆင်းရဲတော့မလဲ၊ မချစ်မနှစ်သက်သူနဲ့ ပေါင်းသင်းရခြင်းကသာ ဆင်းရဲခြင်းမဟုတ်ဘူးလား၊ ချစ်သူချင်း ပေါင်းသင်းရတဲ့နောက်တော့ ဘာဆင်းရဲရမလဲ၊ ချမ်းသာသမှ လောကကြီးကိုတောင် မေ့သွားဦးမယ်'

'အောင်မယ်… နင်က၊ ဟိုကဖြင့် ဘာအဖြေမှတောင် မပေးသေးဘူး၊ စိတ်ကူးတွေက ယဉ်လှပြီ၊ ကျလည်းကျတဲ့ကောင်'



မေခိုင်က မျက်စောင်းဝင့်လိုက်ကာ ချက်ကောင်းကို ဝင်ခွပ်လိုက်သဖြင့် ရန်နိုင့်မှာ ကိုယ့်ကိုယ်ကိုယ်ပင် အကြိတ်အနယ် ပြန်ရှက်ပေးရဦးမည်ပေါ်သည်။

'နင်ကလည်းဟာ၊ ငါပြောတာ မဟုတ်လို့လား၊ အဲဒီတော့ နင်ကို ဘယ်လိုအကြံဉာဏ်ပေးချင်သလဲ၊ ငါတော့ ရင်ထဲရှိတဲ့အတိုင်း ပြောရ နေ့ရှိသမျှ ဖုန်းတဂွီဂွီဆက်ပြီး အဖြေရအောင်ပဲ တောင်းချင်နေမိတာပဲ၊ က စာလည်းထပ်မရေးနဲ့၊ ဖုန်းလည်းထပ်မဆက်နဲ့လို့ တားထားလို့ အောင့်အည်းနေရတာ'

'သူ့အဖြေကိုလိုချင်ရင် သူ့စကားကို နားထောင်လိုက်ပေါ့ဟာ ကြာခင် တစ်ခုခုတော့ ထူးခြားလာလိမ့်မယ် ထင်ပါတယ်၊ သူ့ဆိုင်ကိုတော့ ခဏခဏ သွားသွားမနေနဲ့နော်၊ နင်လာရစ်နေတာကို ဆိုင်က ကလေးမတွေပါ ရိပ်မိသွားမှ သူ့မိဘတွေနားအထိ သတင်းပေါက်သွားလို့ ဟုတ်မှဖြစ်နေဦးမယ်'

'အေးပါဟာ… နင်နဲ့ ထပ်တွေ့ဖြစ်ကြရင်လည်း ပြောပြလိုက်ပါဦး၊ ငါ မျှော်လင့်နေတယ်ဆိုတဲ့အကြောင်း'

'စိတ်ချ… အဲဒါ ငါ့တာဝန်ထား၊ ကဲ… ငါ ပြန်မယ်၊ အခုငါလာပြောလို့ နင့်အခြေအနေ ကိုးတက်မှုရှိနေတယ်ဆိုတာ နင်သိရပြီပဲ၊ ကျက်စိနောက် နားနောက်အောင် ဘာမှသွားလောမနေနဲ့ဦး၊ တစ်ခါတည်း သတိပေးခဲ့ပါပေရဲ့'

မေခိုင် သူ့ကိုနှုတ်ဆက်ပြီး ပြန်သွားတော့မှ အမေ့ဆိုင်ကလေးကို ကူဖို့ အိမ်ပေါ်က ဆင်းလာခဲ့သည်။ အမေက ပြုံး၍ ဆီးမေးသည်။

'မေခိုင်က ဘယ်လိုသတင်းကောင်းတွေများ ပေးသွားသေးသလဲ သား'

'ဟာဗျာ… အမေကလည်း သူ့ဟာသူ အလည်လာတာပါ၊ အမေ့ သက်ရာ မစားရတာကြာလို့ လာစားတာ ဖြစ်ပါလိမ့်မယ်'

'မသိဘူးလေ၊ ငါ့သားကြည့်ရတာ ပြုံးပြုံး ပြုံးပြုံးနဲ့ တော်တော် ရွှင်ရွှင်ပျပျဖြစ်နေလို့ မေးကြည့်ရတာ'

အမေက ခပ်ပြုံးပြုံးပြော၏။ အမေ့အပြုံးက 'ငါသိပါတယ် သားရဲ

www.burmeseclassic.com



ကာရယ်' ဆိုသော အပြုံးမျိုးဖြစ်၏။ ရန်နိုင် ဣန္ဒြေဆယ်နေလိုက်ရ၏။ သို့သော် ဘာမျှမကြာလိုက်ချေ။ အရက်ကွဲစရာက ကြံဖန်ပေါ်လာ၏။ ဖြစ်ချင်တော့ သူတို့ လမ်းထဲမှာ အာအကျယ်ဆုံးဟု ဆလ်ပေးထားကြရသည့် ဒေါ်ခင်မြင့်ကြီးနှင့်မှ သူ့အမှားက တည့်တည့်တိုး၏။

'ဟဲ့... ရန်နိုင်ရဲ့၊ ငါက.အသုပ်စားရင် တစ်သက်လုံးက ဟင်းခါးရည်အကျဲပဲသောက်တာ နင်အသိကို အခု ဘယ့်နှယ့်ကြောင့် ဟင်းပျစ်ကြီးလာချပေးရတာတုံးဟဲ့၊ နင့်စိတ်တွေ ဘယ်လေလွင့်နေသတုံး၊ မလေးခင်ရေ... ညည်းသားတော်မောင်တော့ စိတ်ကယောက်ကယက်ဖြစ်နေပြီထင်တယ်နော်'

'ဟာဗျာ... ယောင်သွားလို့ပါ၊ လာပြီ လာပြီ၊ ဟင်းခါးရည်'

ဒေါ်အာကျယ်၏ ခုနစ်သံချီကြောင့် ရန်နိုင် ပျာသွားသည်။ မုန့်စားနေသူတချို့က ရယ်ကြ၏၊ အမေကတော့ အဓိပ္ပာယ်ပါသောအကြည့်ဖြင့် ရန်နိုင့်ကိုလှမ်းကြည့်ကာ ပြုံး၏။

အဲဒီတော့လည်း ရန်နိုင့်မှာ မလုံမလဲ။ ချက်ချင်းပင် ရင်ထဲမှာ မေးခွန်းကလေးတစ်ခု ပြေးတက်လာခဲ့၏။ သည်မေးခွန်းကလည်း အနီးအပါးကလူတွေနှင့် လုံးဝမပတ်သက်သောမေးခွန်း။

'ကဲ... ကိုယ် ဘယ်လို ရှေ့ဆက်ရတော့မလဲ ဝတီတဲ့လေ'

*

'ခုနေကတော့ ဘယ်လိုမှရှေ့ဆက်လို့ရမှာမဟုတ်ဘူး၊ ဘယ့်နှယ့်ကွာ၊ စာလည်းထပ်ရေးစရာ မလို၊ ဖုန်းလည်း ထပ်ဆက်စရာမလိုလို့ ပြောလိုက်ပြီးပြီဆိုကတည်းက ငါက တွေးမိပါတယ်၊ ဒီသူငယ်ကို ကရုဏာသက်မိလို့သာ ဖွင့်မပြောခဲ့တာပါ'

'ဒီအခြေရောက်မှတော့ ကရုဏာလည်းသက်မနေပါနဲ့တော့၊ မပဋ္ဌာကလည်း မြေမှာလူးရုံအဆင့် မကတော့ပါဘူး၊ ဒါထက်ပိုမြင့်တဲ့အဆင့်ကို ရောက်နေပါပြီ'

'ဟေ... ဘယ်အဆင့်လဲကွ'

'မှန်ပါ... ဝတ်လစ်စလစ်နဲ့ ရပ်ရိုးကိုးပေါက်ထဲ လျှောက်ပြေးလို့ ခွေးတစီစီဆိုတဲ့ အဆင့်ပါ'

'ဝါ တစ်နည်းအားဖြင့် 'သွက်သွက်လည်ပြီ ဆေးမမီ' အဆင့်ဆိုပါတော့ကွယ်'

'ကဲ... တကယ်အတည်ပေါက် သုံးသပ်ရရင် မင်းဟာက ဘယ်လိုမှ ရှေ့မတိုးနိုင် မဆက်နိုင်အောင် ပညာရှိတားနည်းနဲ့ တားဆီးခံထားရသလိုကြီး ဖြစ်မနေဘူးလား၊ ဒီလိုဆိုတော့ ဓာတ်မျောကြီးဖြစ်မနေဘူးလား ဒါကို ပြောချင်တာ'

'အဲဒါတော့ ဟုတ်တယ် ရန်နိုင်၊ သူ့ဘက်က အချိန်မရွေး မင်းဆီ မီးနီပြလို့ရတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ချစ်သူဘဝကိုတော့ နှစ်ဦးနှစ်ဖက်သဘောတူညီချက်နဲ့ တရားဝင်တက်လှမ်းထားနှင့်ဖို့ သင့်နေပြီ၊ ခင်ဗျား တစ်ပတ်မှတစ်ခါ ဖုန်းဆက်တယ်ဆိုတော့ ဟိုက ဘာတွေတုံ့ပြန်သလဲ'

ဝင်းနိုင်ဦးက ဝင်မေး၏။

'ထုံးစံအတိုင်းပါပဲ၊ စဉ်းစားနေပါတယ်ပေါ့၊ ဒေါ်ပဲ'



www.burmeseclassic.com

www.burmeseclassic.com



ရန်နိုင်ဖြေသံက အားမရှိ။ စန်းကိုက ပင့်သက်ရှည်ကြီးကို ရှိုက်ချ လိုက်ကာ-

'အင်း… ဒီအတိုင်းဆိုရင်တော့ ဆွေပြမျိုးပြသွားဖို့ရာ အတော် ဝေးသေးသပေါ့လေ၊ ဟိုသီချင်းရှိပြီးတာကို ဖျက်ဆိုရမလိုဖြစ်နေပြီ'

'လုပ်စမ်းပါဦးဟ၊ ဘယ်လိုဆိုရမှာတုံး'

သိန်းတန်က ပွဲတောင်းသလိုလိုနှင့် အစထောင်၏။

'ဪ… ဒီလိုလေ၊ *'သွားကြစို့ကွဲ့ မွေးရပ်မြေ ××× လှည်း ယာဉ်ကလေးစီးလို့လေ××× ခရီးစဉ်တစ်ထောက် ရွာဆီပေါက်အောင် ××× အရောက်သွားမယ်လေ ××× ဆွေပြမျိုးပြသွားရင်လေ ××× မောင့်မိဘ ဆွေမျိုးတွေက ××× ဆီးရိုက်ကြမှာ အမှန်မလွဲမသွေ ××× မေ့မိဘဆွေမျိုး တွေက ××× ဓားဆွဲလိုက်မှာ အမှန်ပဲလေ ×××* 'လို့ ဆိုရမယ့်ကိန်းပေါ့ဟ'

စန်းကို၏တေးသံအဆုံးမှာ ရယ်သံတွေညံသွား၏။ ရန်နိုင်ပင် ခပ် တည်တည် လုပ်မနေနိုင်တော့။

'ကဲပါလေ… ဘာပဲဖြစ်ဖြစ် နည်းနည်းတော့ စောင့်ကြည့်ကြသေး တာပေါ့၊ ဟိုတုန်းကနဲ့စာရင် နီးပါပြီလို့ပဲ အောက်မေ့ကြရမှာပေါ့ကွာ၊ တုံး တိတိနဲ့ အဆက်အသွယ် မဖြစ်သေးတာကိုက ဒီကောင့်အတွက် မျှော်လင့် ချက်ကလေး ရှိနေသေးတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့'

သိန်းတန်၏ နှစ်သိမ့်စကားက အမှန်ပင်။

အာသာဝတီက ရန်နိုင့်ကို လုံးဝတုံးတိဆိုသလို အဆက်အသွယ် မဖြတ်သည့်အပြင် သူမနှင့်ပတ်သက်သည့် မွေးနေ့ပွဲကိုပင် ဖိတ်စာလှမ်းပို့ လေသေး၏။ ဖိတ်စာကို မေခိုင်ကိုယ်တိုင်လာပို့ခြင်း ဖြစ်သည်။ လာပို့ရင်း တစ်လက်စတည်း မှာ၏။

'ကိုယ့်အစီအစဉ်နဲ့ကိုယ်သာ လာခဲ့ပေတော့နော်၊ ငါက အဲဒီနေ့ကျ ရင် ဧည့်ခံကျွေးမွေးရေးတာဝန်နဲ့ အစောကြီးကတည်းက ကြိုရောက်အောင် သွားနှင့်ရမှာ'

'ဟင်… ဒီလိုဖြင့် ငါတစ်ယောက်တည်း ကြောင်စီစီနဲ့ လာရမှာ လားဟ'





'ခဲယဉ်းနေလိုက်တာဟယ်၊ နင့်သူငယ်ချင်းတွေထဲက တစ်ယောက် ခေါ်သွားခဲ့ပေါ့၊ ပြီးတာပဲ၊ နင့်ကို တစ်ယောက်တည်းလာရမယ်လို့ ကန့်သတ်ပြီးဖိတ်တာမှ မဟုတ်ဘဲ'

'ကောင်းပြီလေ၊ နင်လည်း ရှေ့က ကြိုတင်ရောက်နေမယ်ဆိုတော့ သိပ်မဆိုးပါဘူး၊ ဒါနဲ့ မွေးနေ့လက်ဆောင် ဘာပေးရင်ကောင်းမလဲဟင်'

သည်တော့ မေခိုင်က ရိုပ်ခနဲပြုံးသည်။

'နင်က အထူးဧည့်သည်တော်ပဲဟာ၊ လူရောက်လာရင်ပဲ သူက ကျေနပ်နေမှာပါ၊ ငါ့ကို အဲဒီအထိတော့ ခေါင်းစားခိုင်းမနေနဲ့တော့'

ရန်နိုင် သက်ပြင်းသာ ချလိုက်ရတော့သည်။ အဲဒီအကြောင်းကို ဖွင့်ပြောလိုက်ပြီး အဖော်လိုက်ပေးဖို့ လူရွေးလိုက်တော့ ဝင်းနိုင်ဦးနှင့် စန်းကို တို့က မလိုက်နိုင်၊ သိန်းတန်ကို အဖော်ခေါ်သွားဖို့ တိုက်တွန်းကြ၏။ သူတို့အထဲမှာ အရေးဟဲ့အကြောင်းဟဲ့ဆိုလျှင် သိန်းတန်က မီးစင်ကြည့်က တတ်သူ မဟုတ်လား။

'အင်း… လိုက်ဆိုတော့လည်း လိုက်ရသပေါ့လေ၊ နောက်ဆုံး တော့ ကျွန်ုပ်သည်သာ အားကိုးရာ ဓာတ်လမ်းခင်းရတော့တာ မဟုတ်လား ကိုယ့်သူငယ်ကလေးအတွက် လိုက်ပါစောင့်ရှောက်ရမှာပေါ့၊ ဟိုကျရင်သာ ငါ့ကို တစ်ယောက်တည်း ပစ်မထားနဲ့နော်၊ ဒီက အားငယ်တတ်ပါဘိသနဲ့'

သိန်းတန်က ခပ်ပြုံးပြုံးပြော၏။

'စိတ်ချစမ်းပါ၊ အဲဒီအတွက်က ထည့်ကိုတွေးမနေနဲ့၊ အခု ငါတွေး လို့မရတာက ဘာလက်ဆောင်ပေးရမှန်း မသိတာဘဲကွ'

'ဟ… မင်းက ဘယ်လောက်တောင် တန်ဖိုးကြီးတဲ့ လက်ဆောင် ပစ္စည်း ဝယ်ပေးနိုင်မှာမို့ အဲဒီအတွက် ဦးနှောက်ခြောက်ခံနေရတာတုံး၊ ဒီမှာ ချစ်ခြင်းမေတ္တာထက် ပိုတန်ဖိုးကြီးတဲ့လက်ဆောင် ဘယ်မှာ ရှိဦးမှာတဲ့လဲ၊ ရင်တွင်းခံစားချက်နဲ့ ကဗျာကလေး တစ်ပွာတစ်ညှိရေးပေးရင်လည်း တန်ဖိုး ထားတဲ့သူအတွက်တော့ အဖိုးမဖြတ်နိုင်တဲ့ လက်ဆောင်ဖြစ်နိုင်တယ်ကွ ရှုပ်ရှုပ်ရှည်ရှည်ဝေးဝေးတွေ စဉ်းစားမနေနဲ့'

သည်တော့မှ ရန်နိုင့်မှာ ဉာဏ်အလင်းပွင့်သွားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပေသားပဲ။ ကိုယ်က ဘယ်လောက်ချမ်းသာလို့ ဘယ်လောက် ဘုန်းတိုးကြီးတဲ့ လက်ဆောင်ပစ္စည်းတွေ ဝယ်ပေးနိုင်မှာမို့တုံးဟု ကိုယ့်ကိုယ်ကိုယ် ပြန်နှပ်ပစ်လိုက်မိ၏။

*

* ဝတီ
ချစ်ခြင်းရှိသမျှ
မြူမျှမကျန်အောင် ပုံပေးထားပါတယ်။

* ဘဝတစ်ခုလုံးကိုလည်း
မင်းထင်သလို သုံးပါတော့လို့
အဆုံးစွန် လိုက်လျှောခြင်းနဲ့
ပုံအောထားလိုက်ခဲ့ပြီးပါပြီ။

* မေတ္တာပေးရင်
မေတ္တာပြန်ရတယ်ဆိုတဲ့စကား
မင်းနဲ့ကျမှ မှားတော့မယ်ဆိုရင်
ရာဇဝင်ရိုင်းရပါတော့မယ်။

* ဟင်းလင်းပြင်ထဲမှာ
ဖွဲ့တင်သံကို မျှော်လင့်တဲ့သူ
အဲဒီလူထက် မိုက်တဲ့လူမိုက်
စကြဝဠာတစ်တိုက်လုံးလိုက်ရှာတောင်
မှုံးလို့မှ ရှုစရာထပ်မတွေ့ပါလား
စဉ်းစားဆို့တောင် မရဲတော့ဘူး။

* အချစ်ဦးရယ်
မင်းလည်း ဟင်းလင်းပြင်မဖြစ်ပါစေနဲ့။
ကိုယ်လည်း လူမိုက်ကြီးမဖြစ်ပါရစေနဲ့။

www.burmeseclassic.com

www.burmeseclassic.com



* တို့နှစ်ယောက်တွဲယှဉ်ဖို့
ရာဇဝင်ယှဉ်ယှဉ်ကလေးတစ်ခု
ပြုစုပျိုးထောင်ရအောင်
ချစ်မိုးဖြိုင်ဖြိုင်ရွာပါတော့။

* သခင်
လန်းစေချင်ရင် ဖျန်းလိုက်ပါ
"ချမ်းလိုက်တာ" လို့ မပြောဘူးကွယ်။

(ရန်နိုင်)

'ကိုင်း... ဘယ့်နှယ့်ရှိစ၊ အကဲဖြတ်ပေးပါဦး'

ရန်နိုင်က မေးလိုက်တော့ သိန်းတန်က ခေါင်းတညိတ်ညိတ်ဖြင့် ပြုံးသည်။ ပြီးတော့ လေးနက်စွာ မှတ်ချက်ချ၏။

'အင်း... အချစ်နဲ့တွေ့ရင် လူတိုင်းဟာ ကဗျာဆရာ ဖြစ်သွားတယ်ဆိုတဲ့စကားကို ယုံရတော့မလိုဘဲကွ၊ မင်းကောင်မလေးလည်း ဒီကဗျာကလေးဖတ်ပြီး အတော်ပီတိကျသွားမှာပဲ၊ အဲ... မင်းအပေါ် ညွတ်တိမ်းတဲ့ စိတ်အခံရှိတယ် ဆိုရင်ပေါ့လေ'

'မရှိခဲ့ဘူး ဆိုရင်ရောကွာ'

'မရှိခဲ့ဘူးဆိုရင်လည်း ရှင်းပါတယ်ကွာ၊ ကြည့်စမ်း၊ ငါ့မှာတော့ ငွေကုန်ကြေးကျခံပြီး မွေးနေ့ပွဲကျင်းပ ဧည့်ခံလိုက်ရတာနဲ့ ဒံပေါက်ဖိုး၊ အအေးဖိုးတွေ ကုန်လိုက်တာ၊ သင်းကတော့ ဘာမှမဟုတ်တဲ့ ကဗျာကလေး တစ်ပုဒ်ကို မွေးနေ့လက်ဆောင်ပေးပြီး ဒံပေါက်တွေ၊ အအေးတွေ ပါးဖြန်းဖြ အဝတီးသွားတယ်၊ ပြန်ရတာနဲ့ ဧည့်ခံစရိတ်နဲ့ မကာလိုက်မိလေ၊ ဘာမှ အလိုက်မသိတဲ့ သေနာကောင်လို့ 'ဩဘာ'မပေးဘဲ 'ဆဲဘာ'ပေးရုံပေါ့ကွာ၊ ဒါပါပဲ'

'အဲလို 'ဆဲဘာ'အပေးခံရရင် မင်းလည်း တစ်ဝက်မျှဝေယူဦးပေါ့ ကွာ၊ ဒီအကြံက မင်းပေးတဲ့အကြံကိုး'

နှစ်ယောက်သား ရယ်လိုက်ကြသည်။





ဖြူဖွေးသန့်စင်နေသော စာရွက်သားပေါ်မှာ အသီဖြင့်အလှ[illegible] ရေးသားထားသော ကဗျာစာရွက်ကလေးကို ခေါက်ပြီး ရေမွှေးနံ့သင်း[illegible] သော စာအိတ်ကလေးထဲသို့ထည့်ကာ ပိတ်လိုက်၏။ ပြီးမှ တိုက်ထုံ[illegible] အိတ်ထဲမှာ ရှရှကလေးထည့်လိုက်သည်။

အာသာဝတီတို့လမ်းသွယ်က ဘတ်စ်ကားရောက်နိုင်သည့် လမ်း သွယ်မျိုး မဟုတ်ပါ။ ဆိတ်ငြိမ်အေးချမ်းသော လူကုံထံတွေ သီးသန့်နေထိုင် သည့် ရပ်ကွက်ထဲက လမ်းသွယ် ဖြစ်ပါသည်။ နှစ်ယောက်သား ဖိတ်စာ[illegible] က လိပ်စာအတိုင်း ချီတက်လာခဲ့ကြသည်။ ဝတီတို့ ခြံရှေ့ရောက်တော့ သိန်းတန်က ပြော၏။

'အာရှိရှိ... အခင်းအကျင်းကတော့ ရွှေနန်းတော်ပဲဟေ့၊ ငါတို့ နှစ်ယောက်က ရွှေနန်းတော်ထဲဝင်ရမယ့် ဇနပုဒ်သားနှစ်ယောက် ဖြစ်နေပြီ လား မသိဘူး'

ဟုတ်ပါသည်။ ခမ်းနားထည်ဝါလှသည့် ခေတ်လွန်ဒီဇိုင်း အဆောက်အအုံကြီးရှေ့က စိမ်းမြမြက်ခင်းပြင်ပေါ်မှာ စားပွဲ၊ ကုလားထိုင်တွေ ချထားတာကို မြင်ရ၏။ ဧည့်ခံပွဲကျင်းပချိန်က ညနေ ၄ နာရီမှ ၆ နာရီ။ ခြံဝင်းကျယ်ကြီးထဲမှာ လူတွေ၊ ကားတွေ များပန်းခပ် ရှုပ်ထွေးနေသည်ကို မြင်ကြရ၏။

'ခုမှတော့ မတတ်နိုင်ပါဘူးကွာ၊ ရောက်အောင် တောင်လာပြီးမှ တော့ ဝင်ကြရုံပေါ့ကွာ၊ လာဟေ့... ငါ့နောက်က ရဲရဲလိုက်ခဲ့စမ်း သူငယ်'

သိန်းတန်တို့က ဒါမျိုးအားကိုးရတာ ဖြစ်သည်။ ခပ်တည်တည် ခပ်တင်းတင်းပင် ရှေ့ကနေ လျှောက်ဝင်ချသွားတော့သည်။ ရန်နိုင့်မှာ နောက်က အသာကပ်လိုက်ရ၏။ သို့သော် နှစ်ယောက်စလုံးက မြန်မာ့ရိုးရာ ဝတ်စုံဖြစ်သော တိုက်ပုံအင်္ကျီနှင့် ယောပုဆိုးကိုယ်စီနှင့် ကျကျနန အချောင် တင်ထားသည်မို့ ထူးပြီး အားငယ်စရာမရှိလှပါ။

'ဟော... ရန်နိုင်တို့ ရောက်လာပြီ၊ လာဟဲ့... ဟိုရှေ့က စားပွဲ ထိုင်ရအောင်'

တော်ချေသေး၏။ ကြိုတင်ရောက်နှင့်နေသော မေနိုင်က အပြေး လာကြိုကာ ရှေ့ကဦးဆောင်ခေါ်သွားသဖြင့် ကြောင်စီစီတော့ မဖြစ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



သူတို့ နေရာယူပြီး အတော်ကလေးကြာတော့မှ တိုက်ရှေ့တံခါးဝမှ လှမ်းထွက်လာသော အာသာဝတီကိုမြင်ရ၏။ ရန်နိုင် ငေးမေ့သွားသည်။ လှလိုက်တဲ့ အာသာဝတီရယ်။ သည်ကနေ့မှ အထူးတလည် ပြင်ဆင်ထားလေတော့ အာသာဝတီက ပန်းပွင့်ငယ်တို့အလယ်က အရွှန်းမြဆုံး၊ အလှပဆုံးပန်းဘုရင်မကလေး ဖြစ်လို့နေသည်။

သို့ပေမည့် ရန်နိုင့်စိတ်ထဲမှာ ဖြောင့်ဖြောင့်တန်းတန်း ငေးမော ကြည့်နူးမနေနိုင် ဖြစ်ရပြန်သည်။ အဘယ်ကြောင့်ဆိုသော် အာသာဝတီနှင့် တွဲလျက်ထွက်လာသူက ကိုခင်မောင်ဇော်ဆိုသော ပုဂ္ဂိုလ်ဖြစ်နေသောကြောင့်ပင်။ ကိုခင်မောင်ဇော်ကလည်း အတော်သားနားခန့်ညားနေ၏။ ပြီးတော့ သူကလည်း ဝတီနှင့်တွဲ၍ ဧည့်ခံနေသလိုလို။

မင်းတို့ချင်းက ဘယ်လိုများပတ်သက်ဆက်နွယ်နေသလဲ ဝတီရယ် ဟုတွေးကာ သက်ပြင်းကိုတိတ်ချလိုက်မိရသည်။ ဟုတ်သည်။ ဝတီနှင့်ဆုံရတိုင်း ဝတီ့အနားမှာ ကိုခင်မောင်ဇော် ရှိနေတာချည်းဖြစ်သည်။ ကိုခင်မောင်ဇော်နှင့် ဝတီတို့နှစ်ယောက်က သာမန်မှဟုတ်ရဲ့လား။

မေခိုင်က ရန်နိုင်တို့ရောက်နေကြောင်း သွားပြောပုံရ၏။ ခဏနေတော့ သူတို့စားပွဲဆီသို့ ပြုံးပြုံးကလေး လှမ်းလာနေသော ဝတီ့ကိုမြင်ရ၏။ အဲဒီအချိန်မှာ ရန်နိုင်တို့က ဒံပေါက်စားပြီးလို့ အအေးပင်သောက်နေကြပြီဖြစ်သည်။

'ကိုရန်နိုင်တို့ရောက်နေတာ ကြာပြီလား၊ ဒံပေါက်ရော စားပြီးပလား၊ ဝတီလည်း အထဲမှာ ဧည့်ခံနေရလို့'

အာသာဝတီက ရန်နိုင့်အနီးမှာ လာရပ်ရင်းပြောသည်။

'ရပါတယ် ဝတီ၊ ကျွန်တော်တို့လည်း ပြန်တောင် ပြန်တော့မလို့၊ ဝတီ့ကို နှုတ်မဆက်ရသေးတာနဲ့ ဆက်ထိုင်နေကြသေးတာ'

'ဟုတ်ကဲ့… ဒီလိုလေ၊ ဖိတ်ထားတဲ့သူတွေကများတော့ တစ်ယောက်ချင်း သီးသန့်အကြာကြီး ဧည့်ခံစကားပြောဖို့ မလွယ်ဘူးဖြစ်နေတော့…'

'ကျွန်တော် နားလည်ပါတယ် ဝတီ၊ ခုလို အမှတ်တရဖိတ်တာကို ကျေးဇူးတင်ပါတယ်၊ ဒီမှာ ဝတီ့အတွက် တို့ရဲ့မွေးနေ့လက်ဆောင်ပါ'

ရန်နိုင်က တိုက်ပုံအင်္ကျီအိတ်ထဲက စာအိတ်ကလေးကို ရှူရှူကလေး





ဆုတ်ကာ ဝတီ့ထံ ကမ်းပေးလိုက်သည်။ ဝတီက လက်လှမ်းယူလိုက်ကာ ရန်နိုင့်ကို ပြန်ကြည့်သည်။ 'မျက်ဝန်းထဲမှာ အဖြေရှာ'တဲ့။ အဲသလိုများ ဖြစ်နေလေရော့သလား။ ဝတီ့အကြည့်က တစ်မျိုးဖြစ်နေသည်ဟု ရန်နိုင် သိလိုက်သည်။

'တတိယအကြိမ်မြောက် ညာတာပါတေးနဲ့ ညစ်ပြန်ပြီထင်တယ်နော်'

ဝတီ့အသံက တိုးတိုးကလေးပြောသော်လည်း ရန်နိုင့်ရင်ထဲမှာတော့ သိုက်ခနဲဖြစ်သွားသည်။

'ပေါက်ပေါက်ရှာရှာ ဝတီရယ်၊ ချစ်ခြင်းမေတ္တာထက် ပိုတန်ဖိုးကြီးတဲ့လက်ဆောင်ဆိုတာ ဘယ်မှာရှိသေးလို့လဲ၊ တို့လက်ဆောင်က အဲဒါပဲ'

'သြော်… ချစ်ခြင်းမေတ္တာက တန်ဖိုးအကြီးဆုံး လက်ဆောင်ဖြစ်တယ် ဆိုပါတော့လေ၊ အဲဒါ ဘယ်သူပြောတဲ့ စကားလဲ'

'တော်တော့်ကို ဉာဏ်ပညာကြီးကျယ်တဲ့ မဟာပညာရှိကြီး တစ်ယောက်ရဲ့ မှာခြွေစကားဗျ၊ တော်ရုံဉာဏ်ပညာနဲ့ ဒီစကားမျိုးပြောနိုင်ဖို့ လွယ်တာမဟုတ်ဘူး'

အနီးမှာကပ်ထိုင်နေသည့် သိန်းတန်က ဝင်ပြော၏။ အရေးထဲ ဝင်ပန်ယူနေရသေးဟု ရန်နိုင်က မျက်စောင်းလှည့်ထိုးတော့ သိန်းတန်က စပ်ဖြီးဖြီးလုပ်နေ၏။

'ကောင်းပါပြီတဲ့ရှင်၊ ဒီပွဲမှာတော့ အေးအေးဆေးဆေးပဲ ထိုင်သုံးဆောင်လို့ရတယ်နော်၊ ခြံထဲကို ခွေးရူးတွေဘာတွေ ဝင်မလာနိုင်အောင် ကာကွယ်ထားပြီးသား'

ဝတီ၏တုံ့ပြန်စကားကြောင့် ရန်နိုင်တို့ ရယ်လိုက်ကြသည်။ အဲဒီနေ့ကအပြန်လမ်းတွင် ရန်နိုင်က ပြောသည်။

'ငါလည်း ခုမှ အိမ်ကိုရောက်ဖူးတာကွ၊ ဒီတော့မှ ပိုသိလာရတာ … ဝတီ့ဘဝနဲ့ ငါ့ဘဝက မိုးနဲ့မြေပါလားကွာ'

သည်တော့ သိန်းတန်က သက်ပြင်းချ၏။ ပြီးမှ ရန်နိုင့်ပခုံးလက်ဖြင့်ပုတ်ကာ အားပေးစကားဆိုလေသည်။

'မိုးနဲ့မြေဟာ အလှမ်းဝေးတာတော့ မှန်တယ် ရန်နိုင်၊



www.burmeseclassic.com

www.burmeseclassic.com



မိုးနဲ့မြေကို ထိစပ်ဆက်သွယ်နိုင်တဲ့ လျှပ်စီးကြောင်းကလေးတွေလည်း ရှိနေပါသေးတယ်ကွာ၊ ကောင်းကင်ကနေ ဖျန်းခနဲလက်လိုက်တဲ့ လျှပ်စီးကြောင်းဟာ မြေပြင်ကို တိုးဝင်ထိစပ်ရစမြဲပဲကွ၊ ဒါပဲ၊ မင်းနဲ့သူနဲ့ ဘဝချင်း အဆင့်အလွှာချင်း ဘယ်လောက်ဝေးဝေး မင်းတို့နှစ်ယောက်ကြားမှာ အချစ်ဆိုတဲ့ လျှပ်စီးကလေး ဖျန်းခနဲတစ်ချက်ပဲ လင်းလက်လိုက်၊ မိုးနဲ့မြေက တစ်စပ်တည်း ဆက်သွယ်မိသွားမှာပါ၊ အားမငယ်ပါနဲ့သူငယ်ချင်းရာ'

ဟုချေသတည်း။

* * *

# ၇

သိန်းတန်သည် ဝတီ၏ပေးစာကို မျက်မှောင်ကြီးကြုတ်၍ ပြန်ဖတ် ၏။ ပြီးနောက် သက်ပြင်းကြီးချကာ စာရွက်ခေါက်ကလေးကို ရန်နိုင့်လက် သို့ ပြန်ထိုးပေးသည်။

'မင်းနဲ့ သူနဲ့ကြားမှာ အဲဒီစာကလေးတစ်စောင်ပဲ သူက ပြန်ရေး ပေးဖူးတာနော်'

'ဟုတ်တယ်လေ၊ ဘာလို့မေးတာလဲ၊ ငါ သူ့ဆီက အဲဒီစာလေး တစ်စောင်တည်းပဲ ရဖူးတာ'

ရန်နိုင်က ပြန်ဖြေလိုက်တော့ သိန်းတန်က နောက်တစ်ကြိမ် သက်ပြင်းချပြီးပြော၏။

'အင်း… ဝတီက တကယ်ချီးကျူးထိုက်ပါပေတယ်ကွာ၊ ဒီတစ် စောင်ပဲ ပြန်ရေးတာမို့ပဲ၊ နှစ်စောင်လောက်သာ ရေးခဲ့ရင် ခက်ပဲခက်ရချည်'

'ဘာဖြစ်လို့လဲ'

'ဟ… တစ်စောင်ဆို တစ်စောင်တည်းနဲ့ ငါတို့တစ်ဖွဲ့လုံး သွား အောင် ရေးနိုင်စွမ်းရှိနေလို့ဟော့၊ နင့်အဘကလွှားတဲ့မှပဲ၊ ငါနဲ့ ဝင်း ဦးမှာ ဘယ်လောက်အလုပ်များသွားရတယ် ထင်သလဲ'

'ဟုတ်ပါ့ ဆရာရယ်၊ ဒီသူငယ်ကို ရှင်းပြလိုက်စမ်းပါ'

ဝင်းနိုင်ဦးက ထောက်ခံ၏။ သိန်းတန်က သူတို

ကို ပြန်ပြောပြ၏။

www.burmeseclassic.com

www.burmeseclassic.com



'တစ်အချက်- မင်းပြောပြတဲ့ ကိုခင်မောင်ဇော်ကို ငါတို့သိအောင် ကြိုးစားရတယ်၊ မင်းဆီက လိပ်စာရတဲ့ ကိုခင်မောင်ဇော်ရဲ့ မင်္ဂလာဈေးက ဆိုင်ခန်းကို သွားချောင်းရတယ်၊ အဲဒီ ကိုခင်မောင်ဇော်နဲ့ ရင်းနှီးတဲ့ ဘော်ဒါ တစ်ယောက်ကို ထပ်ရင်းနှီးအောင် မိတ်ဖွဲ့ယူရတယ်၊ နှစ်အချက်-ကျွန်တော် တို့မှာ သိပ်အရေးကြီးတဲ့ အကြောင်းကိစ္စကလေးမို့ ကူညီပါဗျာ၊ ကိုခင်မောင် ဇော်ဟာ လာမယ့်လပိုင်းထဲမှာ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်တော့ မယ်ဆိုတာ ဟုတ်လား၊ မဟုတ်ဘူးလားဆိုတာလေး တစ်ချက်လောက် စုံစမ်းပေးစမ်းပါလို့ ရှိုနိုးဦးတင် အပူကပ်ရတယ်၊ သုံးအချက် - ဟိုလူက လည်း စုံစမ်းတီးခေါက်ပေးဖို့ အင်တင်တင်လုပ်နေလေတော့ နောက်ဆုံးမှာ ဖြစ်ကြောင်းကုန်စင်ဇာတ်လမ်းခင်းပြပြီး ခြေသလုံးဖက်မတတ် ပြောယူတော့ မှ လိုချင်တဲ့ပစ်မှတ်ကို ရောက်ခဲ့ရတယ်၊ လွယ်တယ် မှတ်နေသလား'

'အားကိုးပါတယ်ကွာ၊ အဲဒါကြောင့် မင်းတို့ ကြံရည်ဖန်ရည်တွေ ကို အားကိုးပြီး ဒီတာဝန်ကို ပေးခဲ့ရတာမဟုတ်လား၊ သောက်သောက်… သူငယ်ချင်း၊ သေအောင်သောက်၊ အဲလေ… ဝအောင်သောက်၊ ကဲ… မလောက်သေးရင် နောက်ထပ်တစ်ခွက် ထပ်မှာဦး'

ရန်နိုင် လေပြေထိုးရသည်။ ဘာပဲဖြစ်ဖြစ် တစ်ပတ်အတွင်းမှာ သည်ကောင်တွေ့အဖြေရအောင်ရှာနိုင်ခဲ့တာကိုတော့ ချီးကျူးဂုဏ်ပြုရမှာပဲ ဖြစ်သည်။ သိန်းတန်က လက်ဖက်ရည်တစ်ငုံ ကျိုက်ချလိုက်ပြီးပြော၏။

'အေး… ငါတို့ရခဲ့တဲ့အဖြေကို အချိန်မီ အခါမီ မင်းဆီအရောက် ပို့မယ်နော် ရန်နိုင်၊ ကျန်တဲ့အပိုင်းကိုတော့ မင်းဘာသာ စဉ်းစားပေတော့၊ ဒီမှာ ဝတီရေးလိုက်တဲ့စာဟာ ငါတို့ထင်ထားခဲ့သလို လုပ်ဇာတ်ခင်းထားတာ မဟုတ်ဘူး၊ အမှန်အကန်တွေကွ၊ ဘာလို့လဲဆိုတော့ ခင်မောင်ဇော်ဟာ ရှေ့လထဲမှာ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်တော့မယ်ဆိုတာ အမှန် သတင်းဖြစ်နေလို့ပဲ၊ သူ့ဘော်ဒါဆီကနေ ငါတို့ သိခဲ့ရပြီးပြီ'

ရန်နိုင့်ရင်လဲ ဟာခနဲဖြစ်သွားသည်။

'ဒါပေမဲ့ သူလက်ထပ်မှာက ဝတီ ဟုတ် မဟုတ် ဆိုတာကရော'

'ဟကောင်ရ… အဲဒီအထိ လိုက်စုံစမ်းနေဖို့ မလိုတော့ဘူးလေ၊ ဝတီ့ဆီက စာတစ်စောင်လုံး သူဟာ ကိုခင်မောင်ဇော်နဲ့ လက်ထပ်ရပါတော့





မယ်ဆိုတဲ့အကြောင်း ရေးထားတာကြီး၊ မင်းလက်ထဲကိုင်ထားတာပဲဟာ၊ ကဲ… ဝတီ့ဆီက အချက်အလက်ကို ငါးဆယ်ရာနှုန်းထား၊ ဟိုတစ်ဖက်က ကိုခင်မောင်ဇော်ဘက်ကို စုံစမ်းတော့လည်း ရှေ့လထဲမှာ မိန်းကလေးတစ် ယောက်နဲ့ လက်ထပ်တော့မယ်ဆိုတဲ့ သတင်းက အခိုင်အမာရနေပြီ၊ ဒီတော့ အဲဒါက ငါးဆယ်ရာနှုန်းထား၊ နှစ်ဖက်စလုံးကို ပေါင်းကြည့်လိုက်တော့ ဒါဟာ ရာနှုန်းပြည့် မှန်တဲ့သတင်း ဖြစ်သွားပြီပေါ့ကွ၊ ရှင်းပြီပဲ'

ရန်နိုင် ငိုက်ကျသွားသည်။ မွေးနေ့ပွဲမှာတုန်းက သူ့ကဗျာကလေး ပေးလိုက်စဉ်မှာ သူ့ကို ဖျပ်ခနဲကြည့်လိုက်သော ဝတီ၏ ထူးခြားသော အကြည့်ကလေးကို ပြန်လည်မြင်ယောင်လာသည်။

'အဲဒီတော့ မင်းစဉ်းစားပေတော့၊ ဒီလကုန်ဖို့က အချိန်က တစ်ပတ် ပဲ ကျန်တော့တယ်၊ သူချိန်းတဲ့အတိုင်း လကုန်ရက်မှာ မင်း သူ့ကို သွားမခိုးရင် တော့ တစ်သက်လုံးဝေးပြီသာ တွက်ပေတော့၊ ဒါပဲ'

ဝင်းနိုင်ဦးက ဝင်ကောက်ချက်ချသည်။ တစ်သက်လုံး ဝေးရမယ် တဲ့လား။ ဟင့်အင်း ဝတီရယ်၊ 'ဝေးရမယ်'ဆိုတဲ့ အတွေးကလေးတစ်ချက် နဲ့တင် ကိုယ့်ရင်တစ်ပြင်လုံး ငရဲမီးတွေ ဟုန်းဟုန်းတောက်သွားသလိုပဲ။ အဲဒီအခိုက်မှာပဲ စန်းကိုက ဝင်ပြော၏။

'မင်း ဒီလိုမပြောနဲ့ ဝင်းနိုင်'

'ဘာဖြစ်လို့လဲ၊ ငါပြောတာ မဟုတ်လို့လား'

စန်းကိုသည် သက်ပြင်းကြီးတစ်ရှိုက်ကို လေးတွဲ့စွာချရင်း ဝိုင်း သိမ်းစကားကို လေးနက်စွာ ပြောလေသည်။

'ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ မင်း မပြောနဲ့၊ ဒီမယ် ငါ ကြားဖူးတယ်၊ လောကမှာ လူတွေဟာ မိမိမှတစ်ပါး အခြားသူတစ်ဦး တစ်ယောက်ကို ဝင်ရောက်စွက်ဖက် အကြံမပြုကောင်းတဲ့အရာနှစ်ရပ် ရှိတယ်၊ အဲဒါက အိမ်ထောင်ပြုခြင်းရယ်၊ စစ်မှုထမ်းခြင်းရယ်ပဲ၊ အဲဒီနှစ်ခုကိုတော့ ဘေးလူက တိုက်လည်းမတိုက်တွန်းအပ်ဘူး၊ တားလည်း မတားဆီးအပ် ဘူးတဲ့ကွ၊ ကာယကံရှင်ရဲ့ သဘောဆန္ဒအရသာ သူ့ကိုယ်သူ ဆုံးဖြတ်စေတာ အကောင်းဆုံးပဲ၊ ခု ရန်နိုင့်ကိစ္စက သမီးရည်းစားဖြစ်လာမှာ မဟုတ်တော့ဘူး ဖြန့်းခနဲ ဒိုင်းခနဲ သမီးရည်းစားအဆင့်ကို ခုန်ကျော်သွားပြီး အိမ်ထောင်ပြု



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရမယ့် တစ်ဘဝလုံးစာကိစ္စဖြစ်သွားပြီ၊ ဒီတော့ သူငယ်ချင်း ရန်နိုင်၊ ဒီကိစ္စကို မင်းဟာမင်းဆုံးဖြတ်၊ လိုအပ်လို့လာကူပါဆိုရင် ငါတို့ကို အကြောင်းကြားလိုက်၊ ဒါပဲရှိတော့တယ် သူငယ်ချင်း'

* * *

# ၆

'နေပါဦး… မင်းက ဝတီကို တကယ်ချစ်တာ သေချာရဲ့လား'

'သိပ်သေချာတာပေါ့၊ အသက်ကိုတောင် လောင်းကြေးထပ်ပြီး လောင်းရဲသေးရဲ့'

'ဒါနဲ့များ ဘာ တွေဝေနေစရာလိုလဲ၊ ဒီမှာ လောကမှာ ကိုယ့်ချစ်ဦးသူနဲ့ တစ်သက်တာ လက်တွဲပေါင်းသင်းသွားနိုင်ခွင့်ရဖို့ဆိုတာ ဒုလ္လဘတရားတစ်ခုကွ၊ 'ချစ်တိုင်းလည်း မညား၊ ညားတိုင်းလည်း မချစ်'ဆိုတဲ့စကားဟာ အဲဒီ ဒုလ္လဘတရားကို အခြေခံပြီး ပေါ်ပေါက်လာခဲ့တဲ့စကား၊ မင်းက မင်းချစ်ဦးသူ မိန်းကလေးနဲ့ ပေါင်းသင်းလက်တွဲသွားနိုင်ခွင့် ရနေပြီပဲ၊ ဒီအခွင့်အရေးကို ပေးတဲ့သူက ပေးလာပါလျက်နဲ့ ငြင်းပယ်ပစ်မယ်ဆိုရင်တော့ မင်းထက်မိုက်တဲ့ကောင်ကို ဘယ်မှာမှ လိုက်ရှာမနေနဲ့တော့၊ ဒါပဲ'

'ဒါဖြင့် ဒီအခွင့်အရေးကို လက်လွှတ်ခံလို့ မဖြစ်ဘူးပေါ့'

'ဘယ်ဖြစ်ပါ့မလဲ၊ ရအောင်ကို ယူရမှာ၊ ရှေ့အနာဂတ်ကို စဉ်းစားစမ်း၊ မင်း သိပ်ချစ်တဲ့ဝတီက မင်းအနားမှာ အချိန်ပြည့်ရှိနေပြီလေ၊ ဘယ်လောက်ပျော်စရာကောင်းလိုက်မလဲကွာ၊ သူချိန်းထားတဲ့နေ့မှာ ရောက်အောင်သွားပြီး ခိုးလာခဲ့ပေတော့၊ ဒါက မယ်သီတာကို ဒသဂီရိက ခိုးရတာမျိုးမှ မဟုတ်ဘဲ၊ မယ်သီတာကိုယ်တိုင်က သူ့ကိုလာခိုးဖို့ ဒသဂီရိလက်ကနေ လာကယ်ဖို့ မောင်တော်ရာမကို ဆင့်ခေါ်သလိုမျိုးပဲဟာ၊ ဘာမှဉာဏ်စားမနေနဲ့တော့'

* * *

www.burmeseclassic.com

www.burmeseclassic.com

# ၁၀

'ဝတီ့ကို သိပ်ချစ်တာတော့ သေချာတယ်လို့ ပြောရဲသလား'

'သိပ်ပြောရဲတာပေါ့၊ အသက်ချင်းထပ်ပြီး လောင်းလိုက်ချင်သေးရဲ့'

'ဒါဖြင့် သွားခေါ်တော့မယ် ဆိုပါတော့'

'ဒါပေါ့ကွ၊ သွားခေါ်မှာပေါ့'

'ဟား… ဟား… ငြိုး၊ အဲဒီကတည်းက မင်း ဝတီ့ကို တကယ် မချစ်ဘူးဆိုတာ သေချာတယ်ဟေ့၊ ဝတီ့ထက်ပိုပြီး မင်းကိုယ်မင်းပဲ ချစ်တဲ့ကောင်ဆိုတာ သေချာတာပဲကွာ'

'ဘာဖြစ်လို့လဲ'

'ဟကောင်ရ… မင်းက ချစ်လှပါချည်ရဲ့လို့လည်း ဆိုသေးရဲ့၊ အဲဒီချစ်သူကလေးကို မင်းကိုယ်တိုင်ပဲ ဆင်းရဲတွင်းထဲ ဆွဲချတော့မယ်ပေါ့လေ၊ ကျလည်းကျတဲ့ကောင်၊ ဒီမှာ ဝတီရဲ့နေထိုင်ကျင်လည် ရှင်သန်ခဲ့ရတဲ့ အဆင့်အတန်းမျိုး မင်းက ထားနိုင်တဲ့အခြေရှိလို့လား၊ ကိုယ်ပိုင်စီးတော်ယာဉ်နဲ့ ကြော့ကြော့ကလေး သွားလာနေခဲ့တဲ့ ကိုယ့်ချစ်သူကလေးကို မင်း လှူကျပ်ကျပ်ဘတ်(စ်)ကား တိုးစီးခိုင်းဦးမယ်ပေါ့လေ၊

အကြောင်းပြချက်က ချစ်လို့'

'မ… မဟုတ်ပါဘူးကွာ'



www.burmeseclassic.com

www.burmeseclassic.com



'အမဲတမ်း ဆီဦးထောပတ် ကောင်းမွေ့ညွှန့်မွေ့ဆိုတဲ့ အစားအသောက် အာဟာရတွေကိုပဲ မှီဝဲလာခဲ့ရတဲ့ ချစ်သူကလေးကို မင်းက ငါးပိရည်ဖျော်နဲ့ ဟင်းရွက်ပြုတ်အဝှို့နဲ့၊ အသားကလေး မဖြစ်စလောက် ဟန်ပြပါတဲ့ ပင်တိုင်ဟင်းနဲ့ ထူးမခြားနားထမင်းပွဲတွေကို စားစေတော့မယ်ပေါ့လေ၊

အကြောင်းပြချက်က ချစ်လို့'

'ဒီ... ဒီလို မ... မရည်ရွယ်'

'လေအေးစက် ဖွင့်ထားတဲ့ မှန်လုံခန်းထဲက မွေးပျံ့အိစက်နေတဲ့ ဒန်းလော့မွေ့ရာပေါ်မှာ ငွေ့ငွေ့စက်စက် ညက်ညက်ညောညော အိပ်စက်လာခဲ့တဲ့ ချစ်သူကလေးကို ခြောက်ပေပတ်လည် အိပ်ခန်းကျဉ်းပူအိုက်အိုက်ထဲက သင်ဖြူးဖျာတစ်ချပ်ပေါ် ခွေးတလုံးလုံး ယပ်တောင်တဖျပ်ဖျပ်ခတ်ရင်း မှုန်းမှုန်းကျပ်ကျပ် အိပ်စေဖို့ မင်းက လုပ်တော့မယ်ပေါ့လေ၊

အကြောင်းပြချက်က ချစ်လို့'

'အဲ... အဲဒါကျတော့'

'စိန်မရှား မြမရှား အလွန်ပင်များပါရဲ့ဆိုတဲ့ ဦးပုညရဲ့စာထဲကလို တစ်ကိုယ်လုံးစိန်စီ မြမွမ်းရွှေစင်သွန်းခဲ့ပြီး သူ အလိုရှိရာမှန်သမျှ အသပြာအထပ်လိုက်ပစ်ပေး၊ လက်ညှိုးထိုးယူလာနိုင်ခဲ့တဲ့ ချစ်သူကလေးကို မင်းက တစ်လကုန်မှ တစ်ခါ ဗလာစာအုပ်လောက်မှ မထူတဲ့ ငွေစက္ကူထုပ်ကလေး အပ်အပ်ပြီး 'အသုံးအစွဲ ကျစ်လျစ်ပစေနော်၊ ဒါက ငါ့တစ်လလုံးစာကွ' လို့လည်း မထိရဲ မတို့ရဲလောက်အောင် ကွပ်ညှပ်လိုက်ဦးမယ်ပေါ့လေ၊

အကြောင်းပြချက်က ချစ်လို့'

'အဲဒီစိတ်မျိုး မ... မရှိ... မရှိတာ'

'တစ်သက်လုံးက ပြီးပြည့်စုံတဲ့ဘဝနဲ့ မိနဲ့ဖနဲ့ ဆွေနဲ့ မျိုးနဲ့ အပေါင်းအသင်းနဲ့ သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ရွှင်ရွှင်နေလာခဲ့ရတဲ့ ချစ်သူကလေးကို မင်းက 'အမွေပြတ်စွန့်လွှတ်ခြင်း' ဆိုပြီး သတင်းစာကြော်ငြာခံရ၊ မိရှိဖရှိကနေ မိမဲ့ဖမဲ့ဖြစ်အောင်လုပ်၊ 'မွဲချင်တဲ့ခွေး ပြာပုံတိုးတာပဲ' ဆိုပြီး ဆွေတွေမျိုးတွေက ဒေါပွလာရင် ရင်နာတက်ခေါက်ကြနဲ့ ဆွေရှိမျိုးရှိကနေ ဆွေမဲ့မျိုးမဲ့ဖြစ်အောင်လုပ်၊ မျက်နှာငယ်ငယ်နဲ့ ညှိုးညှိုးနွမ်းနွမ်း စိတ်လက်မချမ်းမသာဖြစ်အောင် လုပ်တော့မယ်ပေါ့လေ၊





အကြောင်းပြချက်က ချစ်လို့'

'ဟို... ဟိုလေ... ကျွန်... ကျွန်တော်...'

'တန်ပါကွာ၊ အချစ်သမားလည်း ဆိုသေး၊ စိတ်ကူးကလည်းယဉ်သေး၊ ဒီမယ် သဇင်ပန်းမှန်ရင် ပင်မြင့်စံချည်းပဲကွ၊ မင်းက သဇင်ပန်းကို ချွတ်တီးကုန်း ကွင်းခေါင်ခေါင်မှာပျိုးပြီး အလှကြည့် ကြည်နူးဖို့များ စဉ်းစားနေပေသေးရဲ့၊ ကိုယ့်ချစ်သူတစ်ယောက်လုံး ကိုယ့်မျက်စိအောက်မှာတင် ဆင်းရဲပင်ပန်း ညှိုးနွမ်းနေတာကိုများ အနီးကပ်ထိုင်ကြည့်နေနိုင်ရက်ပြီ ဆိုကတည်းက အဲဒါ အချစ်ဟုကြီးကွ၊ သူ့ကိုချစ်သလိုလိုနဲ့ ကိုယ့်အတွက်ကိုယ်ချစ်တာ၊ မီးခဲပေါ်ရောက်လို့ ပူလွန်းလို့ တွန့်လိမ်နေတဲ့ အမဲခြောက်ကိုထိုင်ကြည့်ရင်း အဲဒီလို အလိမ်အတွန့် ကကွက်ကလေးတွေကမှ ကြည့်လို့ကောင်းဘာလို့ တလွဲဆံပင်ကောင်းတဲ့ အချစ်မျိုး၊ အာသာဝတီကတော့ မင်းလိုကောင်ကိုမှ လာအခိုးခိုင်းမိတာဟာ ချောင်းကိုပစ်လို့ မြစ်ကိုရှာ၊ ရေသာများ၍ ငါးမတွေ့ ဖြစ်ရရှာတော့မှာပဲ၊ တော်တော်ကံဆိုးတဲ့ ကလေးမလေးပါကွာ၊ မင်းကတော့ သူ့ဘယ်လိုဖြစ်နေဖြစ်နေ ကျွန်တော့်ကိစ္စမဟုတ်ဘူး၊ ကျွန်တော်ကတော့ သူ့ကိုရရင် ပြီးပြီပေါ့လေ၊

အကြောင်းပြချက်က ချစ်လို့'

'ဒီ... ဒီလောက်ကြီး... မ... မပြောသင့်'

'ဒါဖြင့် စဉ်းစားလေ၊ သူ့တစ်သက်လုံးအေးဖို့ မင်းက ခဏအပူခံရမှာလောက်မှ မခံဝံ့ဘူးလား၊ လုပ်ရဲတာ သတ္တိမဟုတ်ဘူးကွ၊ ခံရဲတာမှ သတ္တိ၊ အဲလိုပဲ သိမ်းပိုက်ရဲတာအချစ်မဟုတ်ဘူးကွ၊ စွန့်လွှတ်ရဲတာမှ အချစ် သူ့အလိုကို လတ်တစ်လောမှာ မင်းက မလိုက်လို့ မှန်းရင်လည်း ပြုံးပြီး ခံလိုက်ကွ၊ တစ်ချိန်မှာ မင်းကို ကျေးဇူးတင်လာလိမ့်မယ်၊ အဲ... လောလောဆယ် သူ့အလိုကိုလိုက်လို့ သူက အခုပြုံးပေးမယ့် နောင်တာရှည်... ဆင့်လာမယ့်အမုန်းက ပိုအဆိပ်ပြင်းဦးမယ်'

'တော်... တော်ပါတော့ကွာ၊ ဆက်... ဆက်မပြောပါနဲ့တော့'

'အေးလေ...တကယ်ကတော့ မင်းလည်း ဒီလောက် ...

ပါဘူး၊ ခုဟာက မြန်နုံးစားကြီးပေါ်လာတဲ့ ပြဿနာကို ...



www.burmeseclassic.com

www.burmeseclassic.com



မိမှာစိုးလို့ သတိပေးရတာပါ၊ ကဲ… ခေါင်းအေးအေးထား ဇဉ်းစားလိုက်တော့ အဖြေပေါ်ရော မဟုတ်လား၊ ကိုယ်တကယ်ချစ်တဲ့ ချစ်သူအပေါ် မရက်စက်သင့်ဘူးဆိုတာလောက်တော့ မင်းလည်း ကောင်းကောင်းနားလည်နိုင်လောက်ပါတယ်လေ'

* * *

# ၁၁

သည်ရက်ပိုင်းကလေးအတွင်းမှာမှ စက္ကန့်တွေ နာရီတွေ၏ ပြေးသွားနှုန်းက မြန်ဆန်လွန်းသလိုပဲ ခံစားရ၏။

ဟောတစ်ရက် ဟောတစ်ရက်ဆိုသလို ရက်တွေကုန်ကုန်သွားကာ လကုန်ရက်က တဖြည်းဖြည်းနီးကပ်လာသည်။ အတွေးထဲမှာ၊ အိပ်မက်ထဲမှာ ရန်နိုင့်မှာ ရုပ်ရှင်ထဲကလို နှစ်ကိုယ်ခွဲချည်း ဖြစ်ဖြစ်နေသည်။

ရန်နိုင်တစ်ကိုယ်က ဝတီ့ကို ရယူပိုင်ဆိုင်ဖို့ အသည်းအသန် တိုက်တွန်းနေ၏။ နောက် ရန်နိုင်တစ်ကိုယ်ကလည်း ဝတီ့ကို စွန့်လွှတ်လိုက်ဖို့ အပြင်းအထန် ဖိအားပေးနေ၏။ အဲဒီရက်များအတွင်းမှာ ဖြစ်ပေါ်နေသော ရန်နိုင်၏အသွင် သဏ္ဍာန်အားလုံးကို စုပေါင်းပြီးသကာလ ရုံးက ကိုတင်မြင့်က မှတ်ချက်ချ၏။

'ဒီရက်ပိုင်းထဲမှာ မင်း ဘယ်လိုဖြစ်နေသလဲ ရန်နိုင်၊ ငါကြည့်ကြည့်နေတယ်၊ ခုရက်တွေထဲမှာ ငါမြင်ရတာကတော့ ကြက်ဖကြီး လည်လိမ်ထားတာရယ်၊ လင်းတကြီး မှိုင်နေတာရယ်၊ မျောက်အိုကြီး ငါးပိမျိုမိထားတာရယ်၊ ကြွက်စုတ်ကို ရေနှစ်ထားတာရယ်၊ အဲဒါတွေအားလုံး စုပေါင်းထားသလိုကြီးပဲ၊ ဒါတောင် ခွေးအိုကြီးကို ဘိန်းကျွေးထားပုံ ထပ်ဆောင်းထည့်လို့ ရသေးတယ်'

'ဟာဗျာ… ခင်ဗျားဟာကလည်း တိရစ္ဆာန်တွေချည်းပဲ၊ ဘာမှ ကောင်းတာ ပါသေးလဲ'

ရန်နိုင်က စိတ်တိုတိုဖြင့် ဘုတောတော့ ကိုတင်မြင့်က တဟဲဟဲ ရယ်ရင်း ထပ်ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူးကွာ၊ တီရှုအွန်တွေမဟုတ်ဘဲနဲ့ လှုနဲ့ နိုင်းရမယ် ဆိုလည်း လင်ငယ်နောက်ပြေးလိုက်သွားတဲ့ မိန်းမအတွက် မယားပူမိပြီး တင်ညလုံး ရေချိန်လွန်အောင် သောက်လိုက်မိလို့ နောက်တစ်နေ့မနက်မှာ အရက်နာကျနေတုန်း အကြွေးရှင်က ကိုယ့်လာကြွေးတောင်းတာနဲ့ကြုံနေရတဲ့ လူတစ်ယောက်နဲ့လည်း တူပါတယ်ကွာ၊ ကဲ… ကဲ… ရော့… မင်းလစာ ငါ ထုတ်လာခဲ့တယ်'

စကားအဆုံးမှာ ပိုက်ဆံတစ်ထပ်ကို ပေး၏။ ရန်နိုင်က ယောင်နန ဖြင့် ခမေး၏။

'ဟင်… လစာတောင် ထုတ်ပလား'

'ဟကောင်ရ မင်းစိတ်တွေ ဘယ်ရောက်နေသလဲ၊ ဒီနေ့ သောကြာ နေ့လေ၊ မနက်ဖြန် သန်ဘက်ခါက စနေ တနင်္ဂနွေရုံးပိတ်ရက်၊ တနင်္ဂနွေက လကုန်ရက်ဟ၊ ဘာအူကြောင်ကြောင် လုပ်နေတာတုံး'

ရန်နိုင့်ရင်ထဲမှာ ဒိန်းခနဲအမြောက်ပစ်သံကြီး ထွက်လာ၏။ သန် ဘက်ခါသည် လကုန်ရက် တနင်္ဂနွေနေ့တဲ့။ ဝတီနဲ့ချိန်းထားတဲ့ရက်၊ သူမကို မေနိုင်တို့တိုက်ခန်းမှာ လာခိုးဖို့ ဝတီ ကြိုတင်ထည့်ရေးထားသည့် ရက်ပဲ မဟုတ်လား။

အမှတ်မထင်ပင် လက်ထဲမှာကိုင်ထားလက်စ ငွေစက္ကူထပ်ကလေး ကို ငုံ့ကြည့်မိသည်။ ဒီငွေက ဝတီရဲ့ တစ်ရက်သုံးစာတောင် ရှိမှာတဲ့လား။ သို့ပေမည့် ရန်နိုင်တို့မိသားစုအတွက်ကတော့ တစ်ဖက်တစ်လမ်းက တစ် တပ်တစ်အားသော အထောက်အပံ့ကလေးပဲ ဖြစ်သည်။ ထိုလစာငွေကလေး ကို အိမ်ရောက်လျှင် အမေ့လက်သို့ အပ်ရဦးမည်။

ရန်နိုင့်အောက်က ညီငယ်၊ ညီမငယ်တို့၏ ကျောင်းစရိတ်များ၊ တစ်မိသားစုလုံး၏ စားဝတ်နေရေးရပ်တည်မှု လိုအပ်ချက်များထဲမှာ အငွေ့ပျံ ပျောက်ကွယ်သွားမည့် ငွေစကလေးများကိုငေးကြည့်ရင်း ရန်နိုင့်ရင်ထဲမှာ တဆစ်ဆစ်နာကျင် ကိုက်ခဲလာသည်။ တစ်ခါတလေ လူနှစ်ယောက်ကြားမှာ ခြားထားတဲ့ ကိုယ်စီ ပိုင်ဆိုင်ကြွယ်ဝမှု၊ ကိန်းဂဏန်းတွေရဲ့ ကွာဟမှုက နာကြည်းမုန်းတီးဖို့ကောင်းလှချည်သေးရဲ့ ဝတီရယ်။

* * *

## ၁၂

တိုက်ခန်းတံခါးရှေ့ရောက်တော့ သူ့ခြေလှမ်းတွေ အင်အားမဲ့နေ သို့ ပျော့ခွေကျချင်လှလှဖြစ်နေတာကို သတိထားမိ၏။ မတတ်နိုင်။ ဟာ မဖြစ်မနေကို ရင်ဆိုင်ရမယ့်ကိစ္စ'ဟု အားပြန်တင်းလိုက်ကာ လက် ဒီကိုကြည့်သည်။ နံနက် ၉ နာရီထိုးပါပြီ ဝတီ။

မင်းချိန်းထားတဲ့အချိန်မှာ မင်းချိန်းထားတဲ့နေရာကို တို့ ရောက်နေ ပြီ။ တံခါးရွက်နံဘေးက လူခေါ်ခေါင်းလောင်းကလေးကို တီးလိုက်တော့ င်းလောင်းသံကလေးက ငိုနေသလိုပါလားကွယ်။ ဖျပ်ခနဲ တံခါးရွက်ပွင့် းတော့ လာဖွင့်သူက မေနိုင်။

'လာ… ရန်နိုင်၊ ဝတီ ရောက်နေနှင့်ပြီ'

သူ့အထဲသို့ လှမ်းဝင်လိုက်တော့ မေနိုင်က တံခါးရွက်ကို ပြန်ပိတ် က်သည်။

'ဘယ်သူမှ မရှိကြဘူးလားဟင်'

'မရှိကြဘူး၊ ငါ့ဖေဖေနဲ့ မေမေတို့က ဥပုသ်စောင့်ဖို့ ဘုန်းကြီး ဘုင်းကို သီလယူသွားကြပြီး ကျောင်းမှာ အေးအေးဆေးဆေးနေပြီး ဘက်မှ ပြန်လာမှာ၊ ဒီမှာ နင်ရယ်၊ ငါရယ်၊ ဝတီရယ်ပဲ ရှိတယ်'

'သူကရော'



www.burmeseclassic.com

www.burmeseclassic.com



'ဟိုးနောက်ဖေး မီးဖိုခန်းထဲမှာ စောင့်နေတယ်၊ နင်တို့ချင်း အေးအေးဆေးဆေး ဆွေးနွေးတိုင်ပင်လို့ရပါတယ်၊ အချိန့်လည်းရပါတယ်၊ ငါက ဒီအိမ်ရှေ့ခန်းကပဲ စောင့်မယ်၊ တခြားလူတွေ ဧည့်သည်တွေ မတော်တဆ ရောက်လာရင် ဒီကပိတ်ပြီး ထိန်းထားနိုင်အောင်လို့၊ ကဲ… သွား…'

နောက်ဖေးဘက်မီးဖိုခန်းဆီသို့ ရန်နိုင် လျှောက်ဝင်လာခဲ့သည်။ အဲဒီက ကုလားထိုင်တစ်လုံးမှာ ဝတီ ထိုင်နေပါသည်။ အလှပဆုံး ထုဆစ်ထားသည့် ကျောက်ဆစ်ရုပ်ဖြူဖြူကလေးတစ်ရုပ်ကို ထိုင်ခုံပေါ်မှာချထားသည့်အတိုင်း ငြိမ်ငြိမ်သက်သက်ကလေး ထိုင်နေပါသည်။

'ဟော… သူ ရောက်လာပြီ၊ လာလေ၊ ထိုင်'

သူ့ကို မြင်တော့မှ ဝတီက ကျောက်ဆစ်ရုပ်ကလေး အသက်ဝင်လာသလို လှုပ်ရှားလာသည်။ သူက ဝတီနှင့် မျက်နှာချင်းဆိုင်မှ ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။ အထူးတလည် ပြင်ဆင်ထားတာ မဟုတ်ပေမယ့် ဝတီကတော့ လှနေတာပါပဲ။ ဝတီ့ထံမှ ရေမွှေးနံ့နှင့် ရောစပ်ထားသော ကိုယ်သင်းရနံ့ကလေး လွင့်လာနေသည်။

'သူ ဘာတွေစီစဉ်ထားသလဲဟင်၊ ဝတီကတော့ ဒီမှာ လိုက်မည်ရ စီစဉ်လာခဲ့တာလေးတွေရှိတယ်၊ သူ့ကို ပြဦးမယ်'

ဝတီက သူမနောက်ဘက်က ထိုင်ခုံတစ်လုံးပေါ်မှာ တင်ထားသည့် ခရီးဆောင်ဟမ်းဘက်အိတ်ကြီးကို လှမ်းဆွဲယူကာ သူတို့နှစ်ယောက်အကြားမှာ ချလိုက်သည်။ ဇစ်ကို ဆွဲဖွင့်ပြ၏။ သူမ၏ အဝတ်အစားတွေ ထင်ပါရဲ့။ အဝတ်အစားတွေက အိတ်ပြည့်လုနီးနီး။ ဩော်… သူ့နောက်ကို နိုးရာလိုက်ခဲ့တော့ဖို့ ကြိုတင်စီမံထားချက်တွေပေါ့လေဟု တွေးလိုက်မိတော့ သူ့မှာ ရင်နင့်သွားသည်။ ဝတီ့မျက်နှာကို သူ မကြည့်ရဲတော့သလို ခံစားရ၏။

'သူရော ဘယ်လိုစီစဉ်ထားသလဲဟင်၊ ဘယ်တရားရုံးကို အရင်သွားမလဲ၊ ပြီးရင် ဘယ်မြို့ဘယ်နယ်ကို ခဏရှောင်နေမလဲ၊ ဒါမှမဟုတ်…'

'တော်… တော်ပါတော့ ဝတီရယ်'

'ဟင်…'

သူ့မှာ ဆက်နားထောင်နိုင်သည့် အင်အားမရှိတော့သဖြင့် ဝတီ့စကားကိုဖြတ်၍ တားလိုက်မိသည်။ ဝတီက သူ့မျက်နှာကို အံ့အားတသင့်





ကြည့်သည်။ ဝတီ့မျက်လုံးတွေထဲမှာ သူမဖြေနိုင်သည့် မေးခွန်းများ …င်ဟပ်နေသည်။

'သူ ဘာဖြစ်သွားတာလဲဟင်၊ ဘာဖြစ်လို့ ဝတီ့ကို စကားဖြတ် …းတာလဲ'

ဝတီက အလောတကြီးမေးသည်။ သူ စကားမပြန်နိုင်မိ။ ဝတီ့မျက်နှာ …လှကလေးကို ငေးကြည့်ဆွဲ့အနေမိ၏။ အတော်ကြီးကြာတော့မှ ပင့်သက် …ည်ကို ချလိုက်သည်။

'ကိုယ့်ကို ခွင့်မလွှတ်ပါနဲ့ ဝတီ၊ ကိုယ် အဲဒီအကြောင်းပြောဖို့ လာခဲ့ …ာပါ၊ ဝတီ့ကို ကိုယ် ခိုးမပြေးနိုင်ဘူး ဝတီ'

'ရှင်'

'ဟုတ်တယ်၊ ဝတီ ကိုယ့်မိဘအိမ်ကို ကိုယ်ပြန်ပါ'

နှင်းဆီဖူးကလေးလို ငုံနေသည့် ဝတီ့နှုတ်ခမ်းကလေးတွေက ဝလုံး …လေးလို ဝိုင်းစက်နေသည်။ အံ့အားသင့်ခြင်းဖြင့် သူ့ကို စူးစူးကြည့်နေသည့် ဝတီ့မျက်ဝန်းတွေကို သူ ရင်မဆိုင်နိုင်တော့။ ထို့ကြောင့် ဆတ်ခနဲ ခေါင်းငုံ့ပစ်လိုက်သည်။ သို့ပေမည့် တုန်ခါနေသည့် ဝတီ့လေသံကလေးတွေ … သူ့နားစည်မွှေးများကို ကုတ်ခြစ်လာ၏။

'ဒါ… ဒါနဲ့ သူပဲ ဝတီ့ကိုသိပ်ချစ်တယ်ဆို၊ ဝတီ့ရဲ့ အချစ်နဲ့ …ဝကို ပြန်ပေးဆပ်ရယူပိုင်ဆိုင်ချင်လှပါတယ်ဆို၊ ပြော…၊ ပြောပါဦး၊ အခု ဘယ်လိုဖြစ်ရတာလဲ၊ ဝတီ့ကို အရက်မရှိတဲ့ မိန်းကလေး၊ အဖြေမှမပေး …သေးဘူး၊ လာခိုးလှည့်ပါတော့ပြောတဲ့ တန်ဖိုးမဲ့မိန်းကလေးဆိုပြီး အထင် …သေးသွားတာလားဟင်၊ ဝတီ ဘယ်လိုနားလည်ရတော့မှာလဲ၊ ဒါဆို သူ …ဝတီ့ကို သက်သက်လိမ်ခဲ့တာပေါ့၊ ပျော်စေပျက်စေ ရည်ရွယ်ခဲ့ကာပေါ့၊ …ကယ်တမ်းကျတော့ ဝတီ့ကို လက်မခံနိုင်တော့ဘူးဆိုတဲ့ သဘောပေါ့၊ ဟုတ်လား သူ'

ဝတီ့လေသံတွေက တုန်ယင်နေသည်။

'မဟုတ်ပါဘူး ဝတီ၊ ဝတီ့ကို ကိုယ် သိပ်ချစ်ပါတယ်၊ ကိုယ့်ဘဝမှာ ဝတီ လွဲလို့ ဘယ်မိန်းကလေးကိုမှ ချစ်ခွင့်မယ်ခဲ့ဖူးဘူး မချစ်ခဲ့ဖူးဘူး၊ မစွဲလမ်းခဲ့ဖူးဘူး၊ ဒါပေမဲ့ ဝတီရယ်၊ အခု ကိုယ်တို့ကြုံလာရပုံက ဖြုန်းခနဲ



www.burmeseclassic.com

www.burmeseclassic.com



ဒိုင်းခနဲ လှေကားထစ်တွေ ကျော်တက်ရတော့မယ့်အနေအထားမျိုး၊ ကိုယ် ရည်ရွယ်ခဲ့တာက အဲလိုမဟုတ်ဘူး၊ အဲလောက် မမြန်ဘူး'

'သူက ဘယ်လိုတွေ ရည်ရွယ်ခဲ့တာမို့လဲ'

'ကိုယ်ရည်ရွယ်ခဲ့တာက ချစ်သူဘဝပါ၊ ချစ်သူဘဝကို ရောက်ပြီး ပြီဆိုတော့မှ နှစ်ဦးနှစ်ဖက် ရှေ့ရေးအတွက် ကြိုတင်စီမံကိန်းချ၊ တိုင်ပင် ဆွေးနွေးညှိနှိုင်းပြီး နားလည်မှုတွေ ရယူထား၊ ဒီကြားထဲမှာ ကိုယ်ပေးဆပ် စရာ ဘဝတာဝန်တချို့ကို ကျေပွန်အောင်ပေးဆပ်၊ တစ်ဖက်ကလည်း ကိုယ် တို့နှစ်ယောက် ဘဝရှေ့ရေးအတွက် ကြိုတင်ပြင်ဆင်အင်အားမွေး၊ အဘက် ဘက်က ထောင့်စေ့ပြီဆိုတဲ့ ကာလတစ်ခုကျမှ ချစ်သူဘဝကတစ်ဆင့် အိမ်ထောင်ရှင်ဘဝကို တက်လှမ်းကြဖို့ပါ၊ ခုဖြစ်လာရပုံက မဟုတ်ဘူး ဝတီ၊ ဖြုန်းခနဲ ဒိုင်းခနဲ ရောက်သွားရမယ့် အိမ်ထောင်သည်ဘဝကို ရင်ဆိုင် ဖို့၊ ဦးဆောင်ဖို့ ကိုယ် ဘာမှအဆင်သင့်မဖြစ်သေးဘူး၊ ကိုယ် ဘာမှမပြင်ဆင် ရသေးဘူး၊ ခုအချိန်မှာ လက်တွဲလိုက်ရင် ကိုယ် အတ္တကြီးရာပဲကျမယ်၊ ဝတီ့ကို ရွှေဘုံပေါ်ကဆွဲချလိုက်ပြီး ဆင်းရဲတွင်းထဲတွန်းချလိုက်တာနဲ့ အတူတူ ပဲဖြစ်မယ်၊ ကိုယ့်ကြောင့် ဝတီ ပင်ပန်းရ ညှိုးငယ်ရ ဆင်းရဲရမှာကို ကိုယ် မလိုလားဘူး ဝတီ၊ ကိုယ် အဝေးကြီးကို အများကြီး ကြိုတွေးထားခဲ့ပြီးမှ ဒီစကားကို ရင့်အကွဲခံပြောလိုက်တာပါ၊ ကိုယ့်စေတနာမှန်ရင် ခုဘဝ ကိုယ့် အပေါ်ထားမယ့် ဝတီ့ရဲ့အမျက်အမုန်းအားလုံးနဲ့ ညီတူညီမျှအချစ်တွေ ဘဝ အဆက်ဆက် ဝတီ့ဆီက ပြန်ရရပါစေလို့ ဆုတောင်းချင်တယ်၊ အဲဒီဆုဟာ ပြည့်ကို ပြည့်မယ့်ဆုလို့ ကိုယ် ယုံကြည်တယ်၊ ကိုယ့်ကို ခွင့်လွှတ်ပါလို့ ကိုယ်မပြောပါဘူး ဝတီ၊ ခွင့်မလွှတ်ပါနဲ့'

ရန်နိုင့်လေသံတွေကလည်း တုန်ယင်နေသည်။ ဝတီက မျက်လုံး ဝိုင်းကလေးတွေနှင့်ကြည့်ကာ ပြန်မေး၏။

'ပေးဆပ်ရမယ့်ဘဝတာဝန်တွေဆိုတာက ဘာကိုပြောတာလဲ သူ'

'ဟုတ်တယ် ဝတီ၊ ကိုယ့်မှာ ပေးဆပ်ရမယ့် ဘဝတာဝန်တွေ ရှိနေသေးတယ်၊ ကိုယ်က ကိုယ့်မိသားစုထဲမှာ အစ်ကိုအကြီးဆုံးပါ၊ ကိုယ့် အောက်က ညီတွေ ညီမတွေက ပညာရေးတစ်ပိုင်းတစ်စ၊ သူတို့တာဝန်တွေ ကို ကိုယ်ရယ်၊ အိုကြီးအိုမ ကိုယ့်အမေရယ်၊ ဒီနှစ်ယောက်ကပဲ ဦးဆောင်



ထမ်းရွက် ဖြေရှင်းနေကြရတယ်၊ နှစ်ယောက်ညီအောင် ထမ်းနိုင်လွန်းမှ ဘန်ရုံကျတဲ့ ဒီဝန်ထုပ်ကြီးကို ကိုယ်က ကိုယ့်အမေတစ်ယောက်တည်းခေါင်း ပေါ်ပုံချပစ်ခဲ့ပြီး အချစ်နောက် ကောက်ကောက်ပါလိုက်ရင်း ထွက်ပေါက် ရှာသွားလို့ ဟုတ်နိုင်ပါ့မလား၊ သင့်ရောသင့်တော်ပါ့မလား၊ တစ်ခါ ဒီဘက် မှာကျတော့ရော၊ ဝတီ့အပေါ် ကိုယ် ဝတ္တရားကျေပွန်ဖို့ မနည်းကြိုးစား ရဦးမယ်၊ မဖြစ်နိုင်သေးပါဘူး ဝတီရယ်'

'ဒီလိုဆိုရင် ဝတီ သိပြီ၊ သူ သတ္တိနည်းနေတာပဲ၊ တာဝန်တွေကို တွေးကြောက်နေတာပဲ'

ဝတီက တိတိကျကျစွပ်စွဲသောလေသံဖြင့် ပြောလိုက်၏။ ရန်နိုင် ခပ်ငွေ့ငွေ့ပြုံးသည်။

'သတ္တိနည်းတာမဟုတ်ဘူး ဝတီ၊ မိုက်ရူးရဲမဆန်ချင်တာ၊ မနိုင်မှန်း ကြိုသိနေတဲ့ စစ်ပွဲကို ဦးဆောင်မတိုက်ချင်သလို အဲဒီပွဲမှာလည်း သူခိုး သဖော်မညီရက်တာ'

'ဒီအတွက်တော့ မပူပါနဲ့ သူရယ်၊ ခဏလေးနော်'

ဝတီက တစ်စုံတစ်ခုသောအဖြေကို ရှာဖွေတွေ့ရှိလိုက်သလို လက်ခနဲပြုံးလိုက်သည်။ ပြီးနောက် သူမ၏ ဟမ်းဘက်အိတ်ဇစ်ကို ဆွဲဖွင့် သည်။ အဝတ်အစားတွေကြားထဲက တစ်စုံတစ်ရာကို လက်နှိုက်၍ရှာသည်။ လက်ကိုပြန်ဆွဲထုတ်လိုက်တော့ စာအုပ်ကလေးတစ်အုပ် ပါလာသည်။ ထို စာအုပ်ကလေးကို စားပွဲမျက်နှာပြင်ပေါ်သို့ ဝတီက ဖတ်ခနဲပစ်ချပြီး ပြော၏။

'သူပြောတဲ့ အခက်အခဲတွေအားလုံးကို ဖြေရှင်းနိုင်ဖို့အတွက်လေ၊ ဒီအတွက်များ တွေးပူနေစရာလိုသေးလို့လား သူရယ်'

ဒုက္ခပါပဲ ဝတီရယ်။ မင်းက ဒီနေ့ကျမှ ဘာလို့ အဲလောက်အလိုက် သိနေရတာလဲ။ ဘာလို့ အဲလောက်နွဲ့နှောင်းနေရတာလဲ၊ ကိုယ့်ကို တမင်ရှုံး အောင် ရည်ရွယ်လေရော့သလားဟု ရန်နိုင် ကြေကွဲရ၏။

ဝတီက စားပွဲမျက်နှာပြင်ပေါ်သို့ ပစ်တင်လာသော စာအုပ်ကလေး ကို ကြည့်လိုက်မိတော့ ရန်နိုင် မျက်လုံးတွေ ပြာသွားသည်။ ကြည့်စမ်း... ဒါ ဝတီတို့ရဲ့ ကြွယ်ဝမှုမျဉ်းပြ အမှတ်အသား။ **'မြန်မာနိုင်ငံ[illegible]ဘဏ်'** ဟူသော ရေစာရိုက် မျက်နှာဖုံးကိုမြင်၏။ ဘဏ်ငွေထုတ် ချက်လက်မှတ်

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ကလေးက ရန်နိုင့်ကို လှောင်ပြောင်နေသလိုပင်။

'ကဲ… သူပြောတဲ့ အခက်အခဲတွေကို ဒီစာအုပ်ကလေးက ကောင်းကောင်းဖြေရှင်းပေးနိုင်တယ်ဆိုရင်ရော၊ ဒါက ဝတီ့နာမည်နဲ့ သီးသန့်ဘဏ်ထားပေးတဲ့ ဝတီ့ရဲ့ကိုယ်ပိုင်စာအုပ်ပဲ၊ ဒီစာအုပ်ထဲက စာရွက်ကလေးတွေပေါ်မှာ ဝတီ လက်မှတ်ထိုးပိုင်ခွင့်ရှိတယ်၊ ဒီစာအုပ်ကို ဝတီ သုံးစွဲပိုင်ခွင့်ရှိတယ်၊ လိုကာမည်ရ မဟုတ်ဘူး၊ တစ်ချိန်မှာ လိုကိုလိုမယ်ဆိုတာသိလို့ ဝတီ တစ်ခါတည်းထည့်လာခဲ့တာ'

အာသာဝတီက တက်ကြွသောလေသံဖြင့် ပြောလာ၏။ ရန်နိုင် ခေါင်းခါပြလိုက်သည်။

'မဆိုင်လိုက်တာ ပတီရယ်၊ ဝတီက ခွင့်ပြုဘယ်ပဲထား၊ ကိုယ်က အဲဒီစာအုပ်နဲ့ ပတ်သက်ဆက်နွယ်ခံလိမ့်မယ် ထင်လို့လား၊ ကိုယ့်မှာ ဥစ္စာနေ မကြွယ်ဝပေမယ့် စောင့်ထိန်းရမယ့် ဂုဏ်သိက္ခာနဲ့ အရှက်တရားတော့ ကြွယ်ဝပါသေးတယ် ဝတီ၊ ယောက်ျားမာနလို့ ဆိုချင်ဆို၊ ဝတီ့ဆီကနေ ပြန်လက်ဝါးဖြန့်ဖို့ ကိုယ် တစ်စက္ကန့်ကလေးတောင် အတွေးထဲ ထည့်မကြည့်ခဲ့ဖူးဘူး၊ ကိုယ် ဝတီ့ကိုချစ်ခဲ့တဲ့ အချစ်ထဲမှာ ဝတီ့ရဲ့ပိုင်ဆိုင်မှု ကိန်းဂဏန်းတွေ မပါခဲ့ဘူး၊ ကိုယ် ယောက်ျားပိုင်းလုံးမဟုတ်သလို သိုက်တူးသမားတစ်ယောက်လည်း မဟုတ်ပါဘူး ဝတီ၊ ဝတီ့ကိုချစ်တဲ့အချစ်က အစစ်အရာ ဝတီ့လိုအပ်ချက်ဟူသမျှ ကိုယ်ကသာ ဖြည့်ဆည်းပေးဆပ်ချင်တဲ့ အချစ်မျိုးပါ'

'ဝတီ့ရဲ့မွေးနေ့ပွဲကိုရောက်တော့မှ ဝတီတို့ ဘယ်လောက် ကြွယ်ဝချမ်းသာတာပါလားဆိုတာကို ကိုယ် သိခဲ့တာ၊ မွေးနေ့ပွဲကပြန်တော့ ကိုယ်က ပြောမိတယ်၊ တို့နှစ်ယောက်ဘဝက မိုးနဲ့မြေလို အဆင့်အတန်းကွာလှပါလားကွာလို့၊ ဒီတော့ ကိုယ့်သူငယ်ချင်းသိန်းတန်က ပြန်ပြောတယ်၊ မိုးနဲ့မြေဟာ အလှမ်းဝေးတယ်ဆိုပေမယ့် ဖျန်းခနဲ လျှပ်စီးတစ်ချက် လက်လိုက်ရင်တော့ အဲဒီလျှပ်စီးကြောင်းဟာ ကောင်းကင်ကလာပေမယ့် မြေပြင်ကို ထိစပ်ရစမြဲပါ၊ မင်းနဲ့ ဝတီတို့ကြားမှာ အချစ်ဆိုတဲ့ လျှပ်စီးလေးတစ်ချက်ပဲ လင်းလက်လိုက်၊ အဲဒီအချိန်မှာ မိုးနဲ့မြေဟာ တစ်စပ်တည်း ထိတွေ့သွားခဲ့ပြီတဲ့၊ အားမငယ်ပါနဲ့တဲ့၊ မဟုတ်ဘူး၊ ကိုယ်အားမငယ်ဘူး၊ ကိုယ် အသည်း





အသန် တောင်းဆိုချင်တာ၊ အလိုရှိနေတာက အချိန်ကာလတစ်ရပ်ပဲ၊ ထိုသိကြိုးစားခွင့်၊ တည်ဆောက်ခွင့်ရနိုင်ဖို့ လုံလောက်တဲ့ အချိန်ကာလ အတိုင်းအတာတစ်ရပ်ပဲ ကိုယ့်ကိုပေးပါလို့ တောင်းဆိုချင်တာပါ'

'ခုတော့ ဖြစ်လာရပုံက ပြုန်းစားကြီး၊ အဲဒါ မဖြစ်နိုင်တာပဲ ဝတီ၊ ဒီအချိန်မှာ ကိုယ်ဟာ ချစ်သူဘဝ ကလေးကိုပဲ တည်ဆောက်နိုင်ဦးမယ်၊ အဲဒီချစ်သူဘဝကလေးထဲက နားလည်မှုတွေ ချစ်ခြင်းတွေကို အားအင်သတ္တိတွေ စွမ်းရည်တွေအဖြစ် ပြောင်းလဲပြီးတော့မှ ရှေ့လာမယ့် အိမ်ထောင်သည်ဘဝအတွက် ကြိုတင် ပြင်ဆင်ရမှာ၊ အဲဒီအချိန်မှာတော့ ကိုယ့်နောက်မှာ ဝတီဆိုတဲ့ ချစ်သူတစ်ယောက်က အားပေးဖော်အဖြစ်နဲ့ ရှိနေခဲ့ပြီပေါ့လေ၊ ဒါတွေက ကိုယ့်ရဲ့ စိတ်ကူးယဉ်ချက်တွေပေါ့'

'အခုတော့ အဲဒီ စိတ်ကူးတွေကို အကောင်အထည်ဖော်ခွင့်လေးကို ကံကြမ္မာက မပေးလာတော့ဘူး၊ ဒါကို ကိုယ် အကြေကွဲဆုံးပဲ၊ ဘဏ်ချက်လက်မှတ်စာအုပ်တစ်အုပ်လုံး အားကိုးရှိနေတာပဲ၊ လက်မှတ်ထိုးပော့၊ ငွေတွေလိုသလောက် ထုတ်ပော့၊ အဲဒီငွေတွေနဲ့ တို့ပြေးကြစို့ဆိုပြီး ပျော်ပျော်ကြီးခိုးပြေးသွားလိမ့်မယ်ဆိုရင်လည်း ဖြစ်ဘေပါပဲ၊ ဒါပေမဲ့ အဲဒီအတွက် ကိုယ် တစ်သက်လုံး ရှက်နေရလိမ့်မယ် ဝတီ၊ ကိုယ့်ချစ်ခြင်းဟူသမျှလည်း ဆိုက်စာညွှန်းတစ်စောင်အဖြစ် တစ်သက်လုံး တန်ဖိုးမဲ့ရလေတော့မယ်၊ ကိုယ့်မှာ အဲဒီချစ်ခြင်းကလေးတစ်ခုပဲ တန်ဖိုးထားစရာရှိတာပါ၊ ဒါကို တန်ဖိုးမဲ့မဖြစ်ပါရစေနဲ့ ဝတီ'

သူမ ပင့်သက်ကလေးချသည်။ ရန်နိုင့်မျက်နှာကို လှမ်းကြည့်နေသော ဝတီ့မျက်ဝန်းတွေထဲမှာ ကြေကွဲရိပ်တွေ လွှမ်းထလာနေသည်။

'တကယ်လို့ သူလိုချင်တဲ့ ကာလအတိုင်းအတာတစ်ရပ်ကို ဝတီ့ဘက်က ပေးနိုင်ခဲ့ရင်ရော'

'အဲဒါဆိုရင်တော့ ကိုယ့်လောက်ပျော်ရမယ့်လူ ကမ္ဘာမှာ မရှိတော့ဘူးပေါ့ ဝတီရယ်၊ ခုကြုံလာရပုံက အဲလိုမဟုတ်ဘူးလေ၊ ကိုယ် ရှင်းပြခဲ့ပြီးပြီပဲ၊ ရေပေါ်မှာ အရုပ်ရေးလို့ မထင်နိုင်ဘူးဆိုတာကို သိရက်နဲ့ ထင်လာနိုးနိုး အရုပ်ရေးနေတဲ့ အသိမဲ့အားထုတ်မှုမျိုးကို ကိုယ်လည်းမလုပ်ချင်သလို ဝတီ့ကိုလည်း ကိုယ်နဲ့အတူတွဲပြီး လုပ်ခွင့်မပြုပါရစေနဲ့ ဝတီ၊ လုပ်ခွင့်ပြုခဲ့ရင်



www.burmeseclassic.com

www.burmeseclassic.com



ဝတီ့ကို ကိုယ် ချစ်ရာမရောက်ဘူး၊ နှစ်ရာပဲ ရောက်မယ်၊ အို… ကိုယ့်ကို ဘယ်လိုမှ ခွင့်မလွှတ်ပါနဲ့တော့ ဝတီရယ်'

ပြောရင်းကပင် သူ့လေသံတွေ ဖြိုအက်လာသည်။ ယောကျ်ားမာနဖြင့် မျက်ဝန်းသို့တိုင် မျက်ရည်ကို လာခွင့်မပြုပေမည့် သူ့ရင်ထဲမှာ ငိုနေပြီဆိုတာကိုတော့ သူ့လေသံတွေကတစ်ဆင့် ဝတီ ခံစားနိုင်လိမ့်မည်ထင်ပါသည်။

'ဝတီ သိပါပြီ သူရယ်၊ သူက ဝတီ့ကို လုံးဝစွန့်လွှတ်ဖို့ ရည်ရွယ်ချက်တစ်ခုတည်းနဲ့ ဝတီချိန်းတဲ့ဆီကို လာခဲ့တာပဲဆိုတာ၊ အဲ… အဲဒီလို ဟုတ်တယ် မဟုတ်လားဟင်'

'ဟုတ်တယ် ဝတီ၊ ပူမယ်မှန်းသိရက်နဲ့ အဲဒီမီးကျီးခဲကလေးကို သတ္တိရှိရှိ ဆုပ်ကိုင်လိုက်ဖို့လာခဲ့တာကို ဝတီ နားလည်ပေးပါ၊ ခုအချိန်မှာ ဒီမီးကျီးခဲကလေးကို ရှောင်လိုက်ရင် နောင်တစ်ချိန်မှာ မီးတောက်မီးလျှံကြီးတွေကို မပြေးသာ မရုန်းသာ ရင်ဆိုင်ရလိမ့်မယ်ဆိုတာကို ကိုယ်သိနေတယ်၊ သတ္တိမရှိတဲ့ အလကားယောကျ်ားတစ်ယောက်လို့သာ ကိုယ့်ကို စွပ်စွဲမုန်းတီးလိုက်ပါတော့ ဝတီရယ်'

' '*ကြောက်တတ်သူဟာ အခါခါသေရ၏။ ရင်ဆိုင်ရဲသူဟာ တစ်ကြိမ်သာသေရ၏*'ဆိုတဲ့ စကားကို ကြားဖူးတယ် မဟုတ်လား၊ အဲဒီစကားအတိုင်းပြောရရင် ကိုယ်ဟာ ဝတီနဲ့ပတ်သက်ရင် တစ်ကြိမ်ပဲ အမုန်းခံလိုက်ချင်တယ်၊ အခါခါအမုန်းကို မခံယူပါရစေနဲ့၊ '*ပေးကား ပေး၏၊ မရ*'ဆိုတဲ့ စံမမီလူမိုက်ကြီးပဲလို့ ဝတီရန်တွေ့သမျှခံဖို့နဲ့ ကိုယ့်ရင်ထဲမှာ တကယ်ရှိနေတဲ့ စိတ်ကူးတွေ၊ ခံစားချက်တွေ၊ ယူဆယုံကြည်ချက်တွေကို ပြောပြဖို့လာခဲ့တာပါ၊ ချစ်လှချည်ရဲ့၊ အဖြေပေးပါတော့ တဖွဖွ ပြောခဲ့တောင်းဆိုခဲ့ပြီး တကယ်လာနိုးပါတော့ ပြောတဲ့အချိန်ကမှ ပေါ်မလာတော့ဘဲ ရှောင်ထွက်ပြေးတဲ့ လူတစ်ယောက်လို့ ဝတီ့တစ်သက်တာ စွဲထင်သွားမှာကို ကိုယ် အကြောက်ဆုံးပဲ'

ရန်နိုင်က ပြောနေရင်းမှ ဝတီ့မျက်နှာလေးကို မရဲတရဲ လှမ်းကြည့်၏။ ပြီးနောက်…

'နောက်နောင် လမ်းမှာတွေ့ကြရင်တောင်မှ ဝတီ့မျက်နှာကို ကိုယ်



…ကြည့်ရဲလောက်အောင်တော့ အဖြစ်မခံနိုင်ဘူး ဝတီ၊ ဘယ်အချိန်မှာပဲ …တွေ့ ဝတီ့ကို ရဲရဲရင့်ရင့် နှုတ်ဆက်သွားချင်ပါသေးတယ်၊ ချစ်ခဲ့ရဖူးတဲ့ …တို့ကို အရင်းနှီးဆုံးသောသူငယ်ချင်း၊ အခင်မင်ဆုံးသော မိတ်ဆွေတစ်ယောက်အဖြစ်နဲ့တော့ ကိုယ့်တစ်သက်တာမှာ ထိတွေ့ ဆက်ဆံသွားချင်ပါသေးတယ်၊ အဲဒီအခွင့်အရေးကလေးလောက်ကိုတော့ ကိုယ့်ကိုပေးပါလို့ …နူးအညွတ်တောင်းဆိုပါရစေ ဝတီ'

ဝတီ၏ ပင့်သက်ရှိုက်ချသံကလေးကို နောက်ဆုံးကြားလိုက်ရ၏။ ဘယ်လိုနည်းနှင့်မျှ မပြောင်းလဲ မပြုပြင်တော့သည့် သူ၏သံမဏိဆုံးဖြတ်ချက်ကို ဝတီ နားလည်လက်ခံလိုက်ပြီဟု ဖိတ်ဖိတ်လက်လာသော ဝတီ၏ …ကြည့်များက သက်သေခံနေသည်။ 'နိုးရာလိုက်ပါရစေ'ဟု ဆိုနေသည့် …ကား အငြင်းပယ်ခံရလေခြင်းဟူသော နာကြည်းချက်ဖြင့် ဖွဲ့တည်သည့် …မာန၏အရိပ်တွေလား ဝတီရယ်။

'ဒါဆိုရင် အဲဒီမင်္ဂလာပွဲကို ဝတီ ဖိတ်စာပို့မယ်၊ သူ အဲဒီပွဲကို …ကဲ်ရဲသလား၊ တခြားတစ်ပါးသောသူတစ်ယောက်ရဲ့ ရင်ခွင်ထဲကို အပြီးအပိုင်ဝင်ရောက်ရတော့မယ့် ဝတီ့ရဲ့ပုံရိပ်ကို သူ လာကြည့်ရဲသလား၊ ပြော'

ဝတီ့လေသံက ကြောက်မက်ဖွယ် အေးစက်နေ၏။ သူ့ရင်ထဲမှာ …စ်ခနဲ ကျဉ်တက်သွားသည်။

'ဒါဟာ ကိုယ်ရွေးချယ်ခဲ့တဲ့ လမ်းပဲ၊ တစ်လမ်းလုံး မီးကျီးခဲရဲရဲ …တွေ ခင်းထားပစေ၊ ဝတီကမှခေါ်ရင် ကိုယ် လာဖြစ်အောင် လာမယ်၊ မရောက်ရောက်အောင်လာမယ် ဝတီ'

နှုတ်ခမ်းကလေးမှ၍ ပြုံးလိုက်သော ဝတီ၏အပြုံးကို တစ်သက် …ဘာ မမေ့တော့ဟု ယုံကြည်၏။

'သရော်ပြုံးလား၊ လှောင်ပြုံးလား ဝတီရယ်'

သည်အပြုံးကို ဆက်ကြည့်ဖို့စွမ်းရည် ရင်ထဲမှာ မရှိတော့။

ရန်နိုင် ထိုင်ခုံမှ ထရပ်လိုက်သည်။

'ကဲ… ကိုယ်ပြန်တော့မယ် ဝတီ၊ သိပ်ချစ်ခဲ့ဖူးတဲ့ လူတစ်ယော… …ရဲ့ နောက်ဆုံးရူးသွပ်မှုလို့ နားလည်ခွင့်ပေးပါ၊ ခွင့်ပြုပေးပါ ဝတီ၊ …နမ်း …ကလေးကို ကိုယ့်တစ်သက်တာ တမ်းတသိမ်းဆည်းသွားပါရစေ'

www.burmeseclassic.com

www.burmeseclassic.com



ဝတီ၏ ဖွေးလွနေသောလက်ကလေးတစ်ဖက်ကို ညင်သာစွာ ဆွဲယူလိုက်သည်။ ပြီးနောက် ဖူးပြည့်နေသော လက်ခုံဝင်းဝင်းကလေးကို နှုတ်ခမ်းအစုံဖြင့်ကပ်၍ နမ်းလိုက်မိသည်။ တစ်စက္ကန့်ထက်မကြာသော ထိုအနမ်းကလေးကို ဝတီ တားဆီးချိန်မရလိုက်ပါ။ ဒါပေမဲ့ အဲဒီတစ်စက္ကန့်ကလေးဟာ တစ်သက်တာတည်မယ်ဆိုတာ မင်းသိပါရဲ့လား ဝတီရယ်။ ဝတီ့အပါးက ဖယ်ခွာလာခဲ့ချိန်တွင် သူ့ရင်ထဲမှာ နှလုံးသား ပြန်ပါမလာတော့။

*

'ဒီနေ့လာကုန်တဲ့နေ့၊ မင်းနဲ့ ဝတီနဲ့ ချိန်းထားတဲ့နေ့ဆိုတာ ငါတို့ သိတယ်၊ ဒီကြားထဲက ရက်တွေမှာလည်း မင်းဆီက ဘာမှထူးထူးခြားခြား အကြောင်းပြချက်မရဘူး၊ ငါတို့မှာတော့ စိုးရိမ်တကြီးနဲ့ အရေးဟဲ့ဆိုရင် ဒိုင်းဝန်းရအောင်လို့ လူစုပြီး မင်းအိမ်ကို ချီတက်တယ်၊ ဟိုရောက်တော့ မင်းအပြင် ထွက်သွားတယ်လို့ပဲ သိရတယ်၊ ကဲ… ဘယ်လိုလဲ၊ ဘယ်တွေ လျှောက်သွားနေသလဲ၊ ဘာတွေဖြစ်ခဲ့သလဲ၊ ငါတို့ကို ပြောပါဦး'

သိန်းတန်က စိုးရိမ်တကြီး လေသံဖြင့် မေးသည်။ ဝင်းနိုင်ဦးနှင့် ဒန်းကိုကလည်း အဖြေကို မျှော်လင့်နေသည့် အကြည့်မျိုးတွေဖြင့် ကြည့်၏။

'ငါ ဝတီနဲ့သွားတွေ့နေတာ၊ အခု အဲဒီကပြန်ခဲ့တာ'

ရန်နိုင်လေသံတွေ ခြောက်သွေ့တုန့်ယင်နေသည်။

'အဲဒီတော့ '

ဝင်းနိုင်ဦးက မေးသည်။

'ငါ သူ့ကို ခုအချိန်မှာ မခိုးနိုင်သေးဘူး၊ မယူနိုင်သေးဘူးဆိုတာ သွားပြောပြီး ပြန်ခဲ့တယ်'

'ဟာ… ဒါဖြင့်'

သိန်းတန်က လေးပင်သော ပင့်သက်တစ်ရှိုက်ကိုချကာ ခပ်တိုးတိုး မှတ်ချက်ချသည်။

'အင်း… မုန်တိုင်းတစ်ခု စသွားပြီပေါ့ကွာ၊ ကာယကံရှင်ရဲ့ ဆုံးဖြတ်ချက်သည်သာ အတည်ပြုစရာဆိုတော့ ငါတို့ ဘာမှမပြောချင်တော့ သိုဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမဲ့ ငါ့ရင်ထဲက မုန်တိုင်းကတော့ ခုမှစတာ သူငယ်ချင်းတို့ အဲဒီမုန်တိုင်းမှာ လွင့်ပါစုတ်ပြတ်မသွားရအောင် ငါ့ကိုယ်ငါ အတော် သတ္တိကြီးကြီးနဲ့ တောင့်ခံနိုင်ဖို့ ကြိုးစားရတော့မယ်'

ဝင်းနိုင်ဦးက သက်ပြင်းချလိုက်၏။ တုန်ယင်နေသော ရန်နိုင်၏ လေသံတွေကပင် သူ ဘယ်လောက်ခံစားနေရကြောင်း ဖော်ပြနေသလိုရှိပေလိမ့်မည်။ ဒါကို သူငယ်ချင်းတွေလည်း ရိပ်စားမိကြမှာ သေချာပါသည်။

စန်းကိုက ရန်နိုင့်လက်ကို နွေးထွေးစွာအားပေးသလို ဆုပ်ကိုင်လိုက်ရင်း လေးလေးနက်နက် ပြော၏။

'ဒါပေါ့ကွာ… ယောကျ်ားပဲ၊ ကိုယ်စိုက်ပျိုးတာကို ကိုယ် ရဲရဲရိတ်သိမ်းရဲရမှာပေါ့၊ အင်း… လွမ်းစရာတော့ အကောင်းသား၊ ရည်းစားလေးတစ်ယောက်ရယ်လို့မှ ပီပီပြင်ပြင် မရှိလိုက်ရဘဲ အသည်းကွဲဝေဒနာကို ခံစားရတယ်ဆိုတာ လောကမှာ မင်းတစ်ယောက်ပဲရှိမယ်ထင်တယ် သူငယ်ချင်းရယ်'

* * *

# ၁၃

'ရန်နိုင်ရေ… ဖုန်းလာနေတယ်တဲ့'

ကိုတင်မြင့်က ပြောသည်။

'ဟုတ်ကဲ့… ဟုတ်ကဲ့'

ရန်နိုင် အောက်ထပ်သို့ အပြေးဆင်းလာခဲ့သည်။

'ဟုတ်ကဲ့ အမိန့်ရှိပါ ခင်ဗျာ'

'ကိုရန်နိုင် ရှိပါသလားခင်ဗျ'

'ဟုတ်ပါတယ်၊ အခု ဘယ်သူ ပြောနေတာလဲခင်ဗျာ'

'ဟော့လူ ကိုရန်နိုင်၊ ကျွန်တော်ပါ၊ ခင်မောင်ဇော်ပါ၊ မှတ်မိလား၊ သိမ်ကြီးဈေးက လက်ဖက်ရည်ဆိုင်မှာ'

'ဟုတ်ကဲ့ ဝတီ မိတ်ဆက်ပေးထားတာပဲ၊ မှတ်မိပါတယ်၊ ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ'

'အိုကေဗျာ… ကျွန်တော်ကလည်း အကူအညီတောင်းမလို့ပါပဲ'

'ဟုတ်ကဲ့ ပြောပါခင်ဗျ'

'ဒီလိုပါ၊ လာမယ့်တနင်္ဂနွေနေ့မှာ ကျွန်တော့်ဝက်ဒင် ရှိပါတယ်၊ အဲဒီမှာ သတို့သားအရံတစ်နေရာ ဝင်ကူညီပေးစေချင်ပါတယ်'

'ခင်ဗျာ'

'ဟိုလေ ဝတ်စုံတွေ ဘာတွေအတွက်က လုံးဝမပူပါနဲ့၊ ဒီမှာ အားလုံး ပြည့်စုံပြီးသားပါ၊ မင်္ဂလာသတို့သား သတို့သမီးအပြင် လူပျို့ရံ



www.burmeseclassic.com

www.burmeseclassic.com



အပျိုရုံစုံတွဲထည့်ဖို့မှာ သတို့သားအရံ တစ်ယောက်စာ လိုအပ်နေပါတယ်၊ ဝတီက ကိုရန်နိုင့်ကို အကူအညီတောင်းဖို့ အကြံပေးပြီး ကိုရန်နိုင့်ဖုန်းနံပါတ် ပေးလို့ ခုလို ဆက်သွယ်ရတာပါ'

'ဩော်... ဒါ ဝတီကပေးတဲ့ အကြံလား'

'ဟုတ်ကဲ့... အရံသတို့သားတစ်နေရာမှာ ကိုရန်နိုင် ဖြစ်စေချင်တယ်လို့ ဝတီက ပြောပါတယ်ခင်ဗျ'

ရက်စက်လိုက်တာ ဝတီရယ်ဟု မပြောချင်တော့။ ဒါ ဝတီရဲ့ နောက်ဆုံးစိန်ခေါ်ချက်ပေပဲလား။ ကျွန်မကို ခေါ်သွားပါတော့ဆိုတုန်းက ငြင်းပယ်ခဲ့တဲ့လူ၊ ကျွန်မရဲ့မင်္ဂလာပွဲမှာ ရှင် သတို့သားအရံ လာလုပ်ပေးရင်း အပြီးတိုင် ဆုံးရှုံးရတော့မယ့်ပွဲတော်ကြီးမှာ တစ်ချိန်လုံး ခံစားလိုက်စမ်းဆိုတဲ့ သဘောပဲလား။ ရန်နိုင် ပြုံးလိုက်သည်။

'ကောင်းပြီလေ၊ သူက ဖြစ်စေချင်တယ်ဆိုမှတော့ ဖြစ်ရမှာပေါ့ဗျာ၊ စိတ်ချ ခင်ဗျားတောင်းဆိုချက်ကို ကျွန်တော် လက်ခံကူညီမယ်၊ ဝတီကိုလည်း ပြောလိုက်ပါ၊ ဒီကိစ္စကို ကျွန်တော် လက်ခံတယ်ဆိုတဲ့ အကြောင်း'

'ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမဲ့ ဝတီကို ကျွန်တော် ပြန်ပြောနေစရာ မလိုလောက်ပါဘူး၊ ကျွန်တော်တို့မင်္ဂလာဖိတ်စာကို သူ လာပို့သိမ့်မယ်ဗျ၊ ခင်ဗျားကိုတော့ သူကိုယ်တိုင် ဖိတ်စာပို့မယ်တဲ့လေ'

ဩော်... သတ္တိတွေ သိပ်ကောင်းနေတယ်ပေါ့ ဝတီ။ ရင်ထဲမှာ ကျဉ်တက်သွားရပြန်သည်။

'ဟုတ်လား... ကောင်းပြီလေ၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့ကို ကျွန်တော် ကူညီပါ့မယ်၊ ဒါပဲနော်'

ကိုခင်မောင်ဇော်က ကျေးဇူးတင်စကားကို ထပ်ပြောရင်း ဖုန်းချသွားသည်။ စူဠသုဘဒ္ဒါလို အငြိုးတကြီး လက်စားချေတုံ့ပြန်ဖို့ အစီအစဉ်တွေကို နာနာကြည်းကြည်းနဲ့ အကွက်ချစီစဉ်နေပြီလား ဝတီရယ်၊ မင်းကြိုက်သလိုသာ လုပ်လိုက်စမ်းပါ၊ ကိုယ်ဟာ မင်းအတွက် အမြဲပေးဆပ်ဖို့ အသင့်ရှိနေတယ်ဆိုတာ မင်း သိသွားစေရမယ်ဟု ရန်နိုင် ကြုံးဝါးမိလေသည်။

* * *

# ၁၄

'သားရေ... မင်းကောင်မလေးက ဖိတ်စာ လာပို့သွားတယ်၊ မင်္ဂလာဆောင်ဖိတ်စာတဲ့'

'ဘယ်ကောင်မလေးလဲ မေမေ'

'သားခြေထောက်ကို နင်းမိတယ်ဆိုတဲ့ ကောင်မလေးဟာကွယ်၊ သူကိုယ်တိုင်ပဲ လာနေကျကားကလေးနဲ့ လာပို့သွားတာ၊ အဲဒီနေ့ကျ သားက လူပျိုသတို့သားအရံ လုပ်ရဦးမယ်ဆို'

ရန်နိုင် သက်ပြင်းချလိုက်သည်။

'ဟုတ်တယ် အမေ၊ သူတို့ အကူအညီတောင်းထားလို့ ကျွန်တော် လက်ခံလိုက်တယ်'

'အေး... အဲဒီကိစ္စအတွက် အကြောင်းစုံ စာတစ်စောင်ရေးထားတာလည်း ဖိတ်စာ စာအိတ်ထဲမှာပါတယ်တဲ့၊ လူပျိုရံဆိုတော့ မင်္ဂလာပွဲကျင်းပမယ့်အချိန်ထက် တစ်နာရီစောပြီး ဟိုတယ်ကိုရောက်ဖို့လိုတယ်တဲ့၊ ပြင်ရဆင်ရဦးမှာနဲ့ ဘာနဲ့ ကြိုလုပ်ရမယ့်သဘောနဲ့ တူပါတယ်'

'ရပါတယ် အမေ၊ ဖတ်ကြည့်လိုက်သေးတာပေါ့၊ လိုအပ်တဲ့ ညွှန်ကြားချက်တွေ ထည့်ရေးပေးသွားမှာပါ'

အိမ်ပေါ်သို့ တက်လာခဲ့တော့ ဧည့်ခန်းစားပွဲပေါ်မှာရှင် မင်္ဂလာဖိတ်စာ စာ ခံတ်ကို တွေ့ရ၏။ စာအိတ်ကလေးကို ကောက်ယူပြီး ဧည့်ခန်း

www.burmeseclassic.com



ထဲမှ ကုလားထိုင်မှာ ဝင်ထိုင်ရင်း ဖွင့်လိုက်သည်။ ရင်ထဲမှာ နာကျင်နေတာ မှန်ပေမည့် ဘယ်တတ်နိုင်မှာလဲ ဝတီရယ်၊ မင်းပြုသမျှပဲပေါ့ဟု ဖြေသိမ့် တွေး တွေးလိုက်ရသည်။

စာအိတ်ထဲက ဖိတ်စာကတ်ပြားကလေးကို ဆွဲထုတ်လိုက်သည်။ ဖိတ်စာက ခေါက်ချိုးဖြစ်သည်။

နောက်ကျောဘက်ကို အရင်ကြည့်လိုက်တော့ မင်္ဂလာပွဲ အစီအစဉ် တွေကို တွေ့ရသည်။

ပြီးမှ ဖိတ်စာရှေ့ဘက်မှ သတို့သား သတို့သမီး နာမည်တွေကို ကြည့်သည်။

'ဟ… ဘာလဲဟ'

ရန်နိုင့်နှုတ်ဖျားမှ စကားလုံးတချို့ အံ့အားတသင့် ထွက်ခုန်ချသွား၏။ တစ်ဆက်တည်းပင် ကိုယ့်မျက်လုံးတွေကိုယ် မယုံနိုင်သလို ပွတ်ပစ် လိုက်မိ၏။

ပြီးမှ တစ်ဖန် ငုံ့ကြည့်သည်။ ဟုတ်သည်၊ လုံးဝ မမှား။ သူ အမြင်မှားတာ မဟုတ်။

**'မောင်ခင်မောင်စော်နှင့် မကေသီထွန်းတို့၏ မင်္ဂလာဧည့်ခံပွဲ'**

တဲ့။ ဒါဆို အာသာဝတီ၏ ကျောင်းနာမည်ခွဲများ ဖြစ်နေလေရော့ သလား။ 'ကေသီထွန်း' ဆိုတာ ရန်နိုင် ကြားဖူးသိဖူးထားသည့် နာမည် မဟုတ်။ ရန်နိုင် ရင်တွေခုန်လာသည်။

ဖိတ်စာကို ပစ်ချလိုက်ကာ စာအိတ်အတွင်းမှ ကျန်နေသေးသော စာရွက်ခေါက်ကလေးကို အမြန်ဆွဲယူပြီး ဖြန့်လိုက်၏။

ဟုတ်ပြီ။

ဒါကမှ ရန်နိုင် သိကျွမ်းပြီးဖြစ်သော ဝတီ့လက်ရေး။





သူ

အရမ်းခံစားနေရပြီလား ဟင်။ ခံစားခဲ့ရတယ်ဆိုရင်လည်း ဝတီကို ခွင့်လွှတ်ပါ။
ပူးတွဲပါလာတဲ့ မင်္ဂလာဖိတ်စာကလေးထဲက ကိုခင်မောင်စော်ဆိုတာကို သိပြီ[illegible]
သတို့သမီး မကေသီထွန်းကိုတော့ သူ သိဦးမှာမဟုတ်ဘူး။ သိအောင် ပြောပြ[illegible]
အဲဒီ မကေသီထွန်းက ဝတီရဲ့ အမည်ဝှက်ကလေးပါ။
သူနဲ့ ဝေးသွားပြီး သူ့အချစ်နဲ့ ဝတီ အဝေးကြီးသွားတဲ့ မိတ်ဆွေသဘောထားအမှန်ကို သိစေချင်
နိုးရာလိုက်ဖို့ စာတိုလေးကလေး ခင်းလိုက်ရတာကို ခွင့်လွှတ်ပါ။
အဲဒီနေ့တုန်းကသာ သူက လာလာလေ လိုက်ခဲ့တော့ဆိုပြီး တစ်ခါတည်း ခိုးပြေးသွား
မယ်ဆိုရင်လည်း ဝတီ သူ့နောက်ကို လိုက်မှာ မဟုတ်ပါဘူး။ သိပ်ကို မိတ်ကူးယဉ်တတ်တဲ့၊
ဒါမှမဟုတ် ထူးထူးဆန်းဆန်း အချစ်ရေးရဲ့တာနဲ့ လက်မလွှတ်တမ်းယူတတ်တဲ့ သူ
တစ်ယောက်အဖြစ် သတ်မှတ်ပြီး ဖာသက်ယန် မစဉ်းစားပါနဲ့တော့ဆိုတဲ့ အဖြေကိုပေးဖို့
ဆုံးဖြတ်ခဲ့ပြီးသားပါ။
ဒါပေမဲ့ သူဟာ တို့ထင်ထားသလို မဟုတ်ခဲ့ဘူး။ တို့ကို တကယ်ချစ်တဲ့၊ မြတ်နိုးတဲ့
သူတစ်ယောက်ဖြစ်တယ်ဆိုတာကို သိခွင့်ရခဲ့ပါတယ်၊ တို့ဘဝကိုအပြင်းပြီး ချစ်သင့်တဲ့
တကယ့်ဘဝဖော် ချစ်သူမျိုးပဲဆိုတဲ့ အဖြေကို ရခဲ့ပါတယ်။
ဝတီရဲ့ စာမေးပွဲကလေးကို သူ အောင်မြင်တဲ့အပြည့်နဲ့ အောင်သွားခဲ့ပါပြီ။ ဒီတော့ ဝတီရဲ့
ချစ်ခြင်းအဖြေပေးတဲ့စာလို့ သူ ယုံကြည်စိတ်ချ မြှောက်ပါတော့နော်။
သူပြောခဲ့တဲ့အတိုင်း သူ့ဘဝရဲ့ ပေးဆပ်စရာတွေကို ဆက်လက်ပေးဆပ်ပါတော့။
ဝတီက သူ့နောက်က အားပေးဖော်အဖြစ် ရပ်တည်သွားလိုက်ပြီဆိုတာ ယုံ။
ဘယ်လိုလဲ သူ၊ အတော်သနစ်တဲ့ဝတီပဲလို့ ဒေါ်တွေပွနေလား။
သူက သုံးကြိမ်တိတိ သနစ်ထားတာဆိုတော့ တစ်ကြိမ်တစ်ခါလောက် ပြန်သနစ်လိုက်တဲ့ ဝတီကို
ခွင့်လွှတ်နိုင်တန်ကောင်းပါရဲ့နော်။
သူရေးတဲ့ကဗျာလေးထဲမှာ လန်းဆွေချစ်ရှင် ဖွန်းလိုက်ပါ၊ ချစ်လိုက်တာလို့ ဆိုဘူးလားလို့
ရေးထားတယ် မဟုတ်လား။
လန်းဆွေချစ်လို့ ဖွန်းတာကွယ်၊ ချစ်ပါသယ်လို့မှ ဆိုကြေးပေါ့နော်။
မင်္ဂလာပွဲနေ့ကျရင် ဟိုတယ်ကို တစ်နာရီစောရောက်အောင် ကြိုထွက်ခဲ့ပါ။ သူက [illegible]
အရဲ့လူပျိုမှာဆိုတော့ ကြိုတင်ဝတ်စုံဝတ်ရ ပြင်ရဆင်ရမယ်။ အဲဒီနေ့ကကျ[illegible]
ကလည်း သတို့သမီးအရဲ့ လူပျိုမှာလေ။ ဒါ့ကြောင့် ကိုခင်မောင်စော် [illegible]



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သတို့သားအဖြစ်လက်ခံနိုင်ဖို့ ကြိုတင်ဖိတ်ခေါ်လိုက်ရတာ။

ဝတီရဲ့ မိတ်ကျွေးဂျလေးက လှပါတယ်နော်။

မင်္ဂလာရှိတဲ့ မင်္ဂလာပွဲမှာ မင်္ဂလာသတို့သား သတို့သမီးတွေအဖြစ်နဲ့ ဝတီတို့နှစ်သူနှစ်ဦး

ပြုံးလှည့်ဆုံတွေ့ကြရအောင်။

မမျှော်လင့်သော ချစ်ခြင်းခစ်ခစ်တွေနဲ့

မောင်မှဲ့ဝတီ

'ဟာ'...

စာ၏အဆုံးမှာပင် ရန်နိုင့်ထံမှ အာမေဋိတ်သံတစ်သံ ပြုတ်ကျသွားသည်။

ရင်ခုန်သံတွေက ဒိန်းတပ်တပ်။ ရင်ထဲမှာ ကုလားဘုရားပွဲ လှည့်နေသလားတောင် အောက်မေ့ရ၏။ စာရွက်ခေါက်ကလေးကို အင်္ကျီအိတ်ကပ်ထဲသို့ အမြန်ထိုးထည့်လိုက်သည်။

သူ့အတွက် ကြေကွဲပေးနေကြသော သူငယ်ချင်းတွေကို သည်စာတလေး အမြန်ပြေးပြမှ ဖြစ်မည်။

မနက်ဖြန့်ကျလျှင်ဖြင့် သည်သူငယ်ချင်းတွေအားလုံးကို မင်္ဂလာဧည့်ခံပွဲသို့ မပါမဖြစ် ပါအောင်ခေါ်သွားမှဖြစ်မည်။ အားလုံး မလိုက်မနေရ အမိန့်ဖြင့် သူ.ခေါ်သွားရလိမ့်မည်။

ဘယ့်နှယ်... ပြုံးနေမည့် မင်္ဂလာသတို့သားအရံနှင့် သတို့သမီးအရံတို့အဖြစ် သူနှင့်ဝတီကို နောက်တစ်ကြိမ် ထပ်တွေ့ကြရဖို့ အခွင့်အရေးရှိဆိုတာ လွယ်တာ မှတ်လို့လေ။

ဟိုသုံးယောက်ကလည်း သည်စာကလေးကို ဖတ်ရပြီးသည်နှင့် 'အဲဒီမင်္ဂလာပွဲကို ငါတို့လည်းလိုက်မယ်ကွာ၊ မင်းတို့နှစ်ယောက်ရဲ့မျက်နှာတွေ ဝမ်းသာအားရကြည့်ပြီး ကြည်နူးပီတိဖြစ်ချင်လို့ကို လိုက်မယ်'ဟု ပြောကြမှာ မလွဲပါ။

တစ်ခုတော့ ရှိတာပေါ့။

'အောင်မယ်လေးဟဲ့... တကတည်းမှပဲ၊ တကယ် မင်္ဂလာဆောင်





တဲ့ သတို့သားစစ်စစ်နဲ့ သတို့သမီးစစ်စစ်မျက်နှာတွေက ဒီလောက် [illegible] ဘူး၊ ဘေးက လူပျိုရံနဲ့အပျိုရံ မျက်နှာတွေက အပြုံးတွေချိုလွန်းသို့ သူတို့ မျက်နှာတွေပေါ် သကြားခဲ ယင်အုံသလို ယင်တွေ လာအုံကြလေလား တောင် စိုးရိမ်ရသေးသဟ'ဆိုတာမျိုး မပြောမိအောင် ထိန်းထားဖို့တော့ သင်းတို့ကို ကြိုတင် သတိပေးထားရလိမ့်မည်လေ။

ဆက်လက်ကြိုးစားပါဦးမည်...